မြန်မာ စာအုပ်များ



# မြန်မာ့စစ်အုပ်ချုပ်ရေး နှင့် ရှေ့မတိုးနောက်မဆုတ်နိုင်ငံရေး

## Burma Military Rule and The Politics of Stagnation

by Josef Selverstein

ဦးကိုကိုလေး (မြန်မာပြန်)

လွတ်လပ်ပြီးနှစ်ပေါင်းသုံးဆယ်ကာလ မြန်မာ့သမိုင်းမှ လျှို့ဝှက်ချက်များ (၁၉၄၈–၁၉၇၈)

မြန်မာ စာအုပ်များ





- (ဖဆပလ) လက်ထက် နိုင်ငံရေး
- အိမ်စောင့်အစိုးရလက်ထက်
- တော်လှန်ရေးကောင်စီနှင့် မြန်မာပြည်အစိုးရ
- စစ်အုပ်ချုပ်ရေးအောက်မှ လွတ်လပ်ခွင့်
- မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ
- လူထု၏အာဏာဖီဆန်မှု (လူထုအုံကြွမှုများ)
- မြေအောက်တော်လှန်ပုန်ကန်မှုများ
- စည်းမျဉ်းခံ အာဏာရှင်အုပ်ချုပ်ရေး
- တော်လှန်ရေးကောင်စီမတက်မီ မြန်မာ့စီးပွားရေးနှင့် တော်လှန်ရေးကောင်စီတက်လာပြီး နိုင်ငံရေးနှင့် စီပွားရေးပေါင်းစပ်ရာမှ ကြုံတွေ့ရသောအခြေအနေများ
- တပ်မတော်မှ အာဏာမသိမ်းမီနှင့် အာဏာသိမ်းပြီးနောက် ဖြစ်ပေါ်ခဲ့သော စီးပွားရေးအခြေအနေများ
- ဖွဲ့စည်းပုံအခြေခံဥပဒေဖြင့် အုပ်ချုပ်သော အချိန်ကာလနှင့် မြန်မာနိုင်ငံ စစ်အုပ်ချုပ်ရေး
- နိုင်ငံတော် ဖွဲ့စည်းအုပ်ချုပ်ပုံဥပဒေအရ နိုင်ငံတကာမှ အသိအမှတ်ပြုသော တရားဝင်အစိုးရ

# မြန်မာ့စစ်အုပ်ချုပ်ရေး နှင့် ရှေ့မတိုးနောက်မဆုတ်နိုင်ငံရေး

ဦးကိုကိုလေး (မြန်မာပြန်)

မြန်မာ စာအုပ်များ

ဟန်သာဆုစာစဉ်-၂၀

ဟန်သာဆု စာအုပ်တိုက်
အမှတ် -၃၂၊ ပထမထပ်၊ အဆောင်(၄)
ရွှေတိဂုံဘုရားလမ်း၊ သိမ်ကြီးဈေး (C)ရုံ
☎ ၀၉-၄၂၁၀၇၂၅၉၉၉၊ ၀၉-၄၂၀၁၈၅၅၀၃

မြန်မာ စာအုပ်များ

# မြန်မာ့စစ်အုပ်ချုပ်ရေး

နှင့်

# ရှေ့မတိုးနောက်မဆုတ်နိုင်ငံရေး

:xxxxxxxxxxxxxxxxxxxxxxxx:

# Burma Military rule and

# The Politics of Stagnation

ဦးကိုကိုလေး (မြန်မာပြန်)

## ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| ထုတ်ဝေသည့်ကာလ | - | ၂၀၁၃ခုနှစ်၊ ဒီဇင်ဘာလ |
| ပုံနှိပ်ခြင်း | - | ပထမအကြိမ် |
| အုပ်ရေ | - | ၅၀၀ |
| ထုတ်ဝေသူ | - | သင်းစာပေ၊ (ဒေါ်သင်းသင်းမွန် )<br>အမှတ်(၁၀)၊ရတနာမြိုင်လမ်း၊လှည်းတန်း<br>ကမာရွတ်မြို့နယ်။ |
| ပုံနှိပ်သူ | - | နန်းသဝင်ပုံနှိပ်တိုက်၊ (ကိုဝင့်ဖိုးလ်ဖိုးလ်)<br>အမှတ်(၂၉၄/၂၉၆)၊ဘုရားလမ်း<br>ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ |
| ပင်ရင်းဖြန့်ချိရေး | - | ဟန်သာဆု စာအုပ်တိုက်<br>အမှတ် ၃၂၊ ပထမထပ်၊ အဆောင်(၄)<br>သိမ်ကြီးဈေး C ရုံ<br>ဖုန်း-၀၉ ၄၂၀၇၂၅၉၉၊ ၀၉-၄၂၀၁၈၅၅၀၃ |
| အထက်မြန်မာပြည်ဖြန့်ချိရေး | - | ထွန်းဦး၊ နဂါး၊ ညီ၊ ရာပြည့်(မန္တလေး) |
| တန်ဖိုး | - | ၂၅၀၀ ကျပ် |

(ဦးကိုကိုလေး) ၉၇၃

မြန်မာ့စစ်အုပ်ချုပ်ရေးနှင့်ရှေ့မတိုးနောက်မဆုတ်နိုင်ငံရေး

(ဦးကိုကိုလေး)၊ ရန်ကုန်

ဟိန်းစာပေ၊ ၂၀၁၃

စာ - ၂၂၈ ၊ အလျား၁၂.၉ စင်တီ X အနံ -၂၁ စင်တီ၊

၁၊ မြန်မာ့စစ်အုပ်ချုပ်ရေးနှင့်ရှေ့မတိုးနောက်မဆုတ်နိုင်ငံရေး

မြန်မာ စာအုပ်များ



# မာတိကာ

ပြန်ဆိုသူ၏အမှာစာ

နိဒါန်း

၁။ အခန်း (၁) ဖွဲ့စည်းပုံအခြေခံဥပဒေဖြင့် အုပ်ချုပ်သော အချိန်ကာလ ၁

– ဖြန်မာစစ်အုပ်ချုပ်ရေး ၁၉

၂။ အခန်း (၂) နိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံဥပဒေအရ နိုင်ငံတကာ ၃၃

အသိအမှတ်ပြုသော တရားဝင် အစိုးရ (၁၉၄၈–၁၉၆၂)

– နိုင်ငံရေးပါတီများ ၃၉

– အထွေထွေရွေးကောက်ပွဲများ ၅၃

– ဖ–ဆ–ပ–လ ထိထိန်နိုင်ငံရေး ၆၃

– အိမ်စောင့်အစိုးရလက်ထက် ၆၇

– မြန်မာပြည်စစ်အုပ်ချုပ်ရေး (ဝထဝိုင်း) ၇၀

– တော်လှန်ရေးအတွေးအခေါ် ၇၂

– လွတ်လပ်ပြီးနှစ်ဝေါင်းသုံးဆယ်ကာလ ၈၉

မြန်မာနိုင်ငံရေး၊ စစ်အုပ်ချုပ်ရေးကာလ နိုင်ငံတော် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေများ

– တော်လှန်ရေးကောင်စီနှင့်မြန်မာပြည်အစိုးရ ၉၀

– လုံခြုံရေး စီမံခန့်ခွဲမှုနှင့် စီမံခန့်ခွဲပုံလုပ်ငန်းစဉ်များ ၉၆

| စဉ် | | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|---|
| | | - စစ်အုပ်ချုပ်ရေးအောက်မှလွတ်လပ်ခွင့် | ၁၁၃ |
| | | - မြန်မာဆိုရှယ်လစ် လမ်းစဉ်ပါတီ | ၁၁[illegible] |
| | | - လူထု၏ အာဏာဖီဆန်မှု (လူထုအုံကြွမှု)များ | ၁၂၄ |
| | | - မြေအောက်တော်လှန်ပုန်ကန်မှုများ | ၁၃၁ |
| ၃။ | အခန်း(၃) | စည်းမျဉ်းခံအာဏာရှင်အုပ်ချုပ်ရေး စစ်အုပ်ချုပ်အသွင်တစ်မျိုး | ၁၄၇ |
| | | - ပြည်ထောင်စု မြန်မာနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေ | ၁၅၅ |
| | | - နိုင်ငံသားများ၏ အခွင့်အရေးများနှင့် တာဝန်များ | ၁၅၇ |
| | | - ဖွဲ့စည်းအုပ်ချုပ်ပုံရှိသော စည်းမျဉ်းခံအာဏာရှင်စနစ်အောက်မှ နိုင်ငံရေး | ၁၅၈ |
| ၄။ | အခန်း(၄) | တော်လှန်ရေးကောင်စီခေတ်မှမြန်မာစီးပွားရေးနှင့်တော်လှန်ရေးကောင်စီတက်လာပြီး နိုင်ငံရေးနှင့်စီးပွားရေးပေါင်းစပ်ရာမှ ကြုံတွေ့ရသောအခြေအနေများ | ၁၉၁ |
| ၅။ | အခန်း(၅) | တပ်မတော်၏ အာဏာသိမ်းမှုနှင့် အာဏာသိမ်းပြီးနောက် ဖြစ်ပေါ်ခဲ့သော နိုင်ငံရေး အခြေအနေများ | ၂၀၁ |
| | | - [illegible]ပေါ်လစီ | ၂၀၅ |
| | | - န-ဘင်အုပ်စု အနိုင်ရခြင်း | ၂၁၄ |
| | | - ပဋိပက္ခများပြင်းထန်လာခြင်း | ၂၁၆ |

# ပြန်ဆိုပြုစုသူ၏ အမှာစာ

ကျွန်တော်သည် ဤစာအုပ်ကိုဘာသာပြန်ရာတွင် ပုဂ္ဂိုလ်ရေး ထိခိုက်မှုကို ရှောင်ရှားပြီး သမိုင်းဖြစ်ရပ်မှန်များပေါ်ပေါက် ရေးကိုသာ အဓိကထားပါသည်၊အမှန်အတိုင်း ဆိုရသော် ကျွန်တော်တို့ ငယ်စဉ်ကာလတွင် ဗီယက်နမ်စစ်ပွဲအကြောင်း အသေးစိတ်သိခွင့်ရသည်။ အရှေ့ပါကစ္စတန်နှင့် အနောက်ပါကစ္စတန်စစ်ပွဲများအကြောင်း အသေးစိတ် သိခွင့်ရသည်၊ ကျောင်းနေချိန်တွင် ဥရောပမှ ပြင်သစ်တော်လှန်ရေး ရုရှားတော်လှန်ရေးများကို အတော်လေး အတွင်းကျကျ သိခွင့်ရသည်။

သို့သော် စတာလင် အာဏာရပြီးနောက် ပြည်သူပိုင် သိမ်းပြီး နိုင်ငံသားများစွာ တို့၏ စီးပွားရေးဘဝများပျက်ဆီးပုံကို သင်ပေးခြင်းမရှိပါ။ချန်ကေရှိတ်နှင့် ကွန်မြူနစ်မော်စီတုန်းတို့ အကြောင်းသင်ပေးခြင်းမရှိပါ။မြန်မာ့သမိုင်းကိုပုဂံခေတ်မှစပြီး (၁၉၆၂)တွင် နိုင်ငံတော်ကို ချောက်ထဲ ကျမည့်အရေး တပ်မတော်မှကာကွယ်တားဆီးပုံနှင့် အဆုံးသတ်လိုက်သည်။နောက်ပိုင်း ဘာတွေ ဆက်ပြီးဖြစ်သည်ကို သင်ပေးခြင်းမပြုတော့။ (၁၉၆၂) မှ(၁၉၇၄)အတွင်း အဖြစ်အပျက်များကို ပြည်သူတို့ အားမြန်မာ့သမိုင်းအဖြစ် သင်ပြပေးဖို့ သင့်တော်သော်လည်း သင်ပြပေး ခြင်းမရှိခဲ့ပါ။

ယခုအခါနှင့် (၂၀၁၃) တွင် (၁၉၆၂-၁၉၈၈) ကြားကာလသမိုင်းကို သင်ပြသင့်ပါသည်၊ သို့မှသာ သင်ခန်းစာယူသင့်သော အချက်များ၊ ဆောင်ရန်၊ ရှောင်ရန်အချက်များကို နောင်လာနောင် သားမြေးဆက်များ သင်ခန်းစာယူနိုင်မည်ဖြစ်ပါသည်၊ တစ်ခုတော့ သေချာသည်၊နိုင်ငံတော် လွတ်လပ်ရေး အတွက် သက်စွန့်ကြိုးပမ်းတိုက်ပွဲဝင်ခဲ့သော တပ်မတော် ခေါင်းဆောင်ကြီး များပြည်တွင်းရန်၊ ပြည်ပရန်မှ ကာကွယ်ပေးခဲ့သော တပ်မတော်ခေါင်းဆောင်များ နိုင်ငံတော် အာဏာသိမ်းပြီး ဆိုရှယ်လစ်စနစ် ထူထောင်ခဲ့ခြင်းမှာ လုံးဝမှားခဲ့သည် ဆိုသောအချက်ကိုဝန်ခံရမည်။ ဆင်ခြေပေးသူများက ဆင်ခြေ ပေးပါမည်။ တစ်ခုတော့ရှင်းပြလိုပါသည်။

"အလုပ်ဆိုသည်မှာ ဘယ်လိုပင်ပမ်းနွမ်းနယ် ဘယ်လောက်ပင် ချွေးထွက် ပါစေ။ရွေ့လျားမှု တကယ်မရှိရင် အလုပ်လို့မည်ပါ။ အလုပ်လုပ်သော်လည်း အကျိုးမရှိ အလုပ်မဖြစ်ရင် အလုပ်လုပ်တယ် လို့ဆိုနိုင်မလား"

ယခုလည်း တပ်မတော် ခေါင်းဆောင်များက နိုင်ငံတော်ကို ကြီးပွားတိုးတက်ဖို့ကြိုးပမ်းရာ တွင် နိုင်ငံတော်သည် အာဏာသိမ်းစ(၁၉၆၂) အခြေအနေတွင်အာရှ၌ အဆင့်အတန်းရှိသော နိုင်ငံဖြစ် ခဲ့သည်။ (၁၉၈၈) လူထုအုံကြွတော်လှန်မှုကြောင့် ကျဆုံးခဲ့ချိန်တွင် နိုင်ငံတော်သည်

အာရုံမဆိုထားနှင့် အရေးတောင်အာရုံပင် အနိမ့်ကျဆုံးဖွံ့ဖြိုးမှုအနည်းဆုံးဖြစ်ခဲ့သည်။ ထို့ကြောင့် လူကြီးများသည် စေတနာထားသော်လည်း လုပ်ရပ်မှားခဲ့ကြောင်းဝန်ခံရပေမည်။ လူကြီးများဝန်မခံသော်လည်း ဖြတ်သန်းခဲ့သောသမိုင်းက သက်သေခံနေသည်။ နောက်ဆုံးရလဒ်အဖြေက "သုည" ဖြစ်နေသည်။

ယခုစာအုပ်သည် အပျော်ဖတ်ဝတ္ထုစာအုပ်မဟုတ်ပေ။ တပ်မတော်ခေါင်းဆောင်ကြီးများ သိက္ခာကျစေဖို့အတွက် ပေါက်ကရ လယ်ဗွေးစကား ဝန်းခကားအရပ်စကားဖြင့် သွားပုပ်လေလွင့် အပြစ်ရှာရေး သားသောစာအုပ်မျိုး မဟုတ်ပေ။

အင်္ဂလိပ်နှင့်အင်္ဂလိပ် ဘက္ကသိုလ်ကြီးများတွင် သင်ကြား နေသော သင်ရိုးညွှန်းတမ်း စာအုပ် [illegible] စာအုပ်ဖြစ်သည်။ [illegible] လူကြီးများသည် [illegible] လုံး၀-လက်မခံဘဲ [illegible] အကြောင်းအရာ [illegible] တာဝန်ယူ နိုင်သောအချည်အချင်းနှင့် ပြည့်စုံပါရဲ့လား။ (၁၉၄၇)လွတ်လပ်ရေး ရရှိနိုင်ခဲ့ပြီး ယခုသမ္မတကြီးအထိ နိုင်ငံကောင်းကျိုးအတွက် တတ်စွမ်းသမျှ ကောင်းနိုးရာရာ ဆောင်ရွက်ခဲ့ကြသည်။ ဘယ်သူကောင်းသည် ဘယ်သူ ဆိုးသည်ကို မြန်မာ့သမိုင်းက မှတ်တမ်းတင်ခဲ့ပြီးပြီ ဖြစ်ပါသည်။ ရှေ့ဆက်နိုင်ငံရေး တာ၀န်ယူမည့် ပါတီအသီးသီးမှ ကိုယ်စားလှယ်လောင်းများ မိမိကိုယ်ကို သေသေချာချာမေးပါ။ [illegible] ကမ္ဘာ့အလယ်မှာ ထည်ဝါသော နိုင်ငံတော်ကြီးအဖြစ် ထူထောင်ပေးနိုင်စွမ်းရည်ရှိသူကို [illegible] ယှဉ်ပြိုင်နေရသော ခေတ်ကာလကြီးမှာ အရည်အချင်းမရှိသူ [illegible] အရည်အချင်း[illegible] [illegible] နိုင်ငံပါသည်။

[illegible] အမိ[illegible] လူမှန် နေရာမှန် မ[illegible]သည်။ [illegible] ပေါ်ရောက် နိုင်ငံတကာမှလေး [illegible] နိုင်ငံတကာမှ မှန်ဘူတွေ၀င်ပေါ် ရောက်နေခဲ့သည်။

မြန်မာ စာအုပ်များ

# နိဒါန်း

၁၉၆၂ ခုနှစ်မတ်(၂)ရက်နေ့တွင် စစ်အာဏာပိုင်အဖွဲ့က နိုင်ငံတော်ကို အာဏာသိမ်းလိုက်သောကြောင့် မြန်မာ့ဖွဲ့စည်းပုံ နိုင်ငံရေးစနစ် (Burma's constitutional political system)နိဂုံးချုပ်ခဲ့သည်။ စစ်အာဏာပိုင်များသည် အုပ်ချုပ်မှုအာဏာ အလုံးစုံကို ရယူခဲ့သည်။ စစ်အာဏာသိမ်းအဖွဲ့သည် မြန်မာနိုင်ငံတွင် အုပ်ချုပ်မှုကိုထိန်းပြီး အေးချမ်းချိန်တွင် အာဏာပြန်အပ်မည်ဟု ရည်ရွယ်ပြီး ခေတ္တစောင့်ရှောက်ခြင်း မဟုတ်ဘဲ နိုင်ငံတော်အာဏာကို ရေရှည်ဆုပ်ကိုင်ထားရန် ရည်ရွယ်ချက်ရှိသောကြောင့် နိုင်ငံတကာမှ သတင်းထောက်များ နိုင်ငံရေးအကဲခတ်များ၏ စောင့်ကြည့်လေ့လာပြီး လိုအပ်သလို ထောက်ပြမှုများကို ရှောင်ရှားလိုသောကြောင့် (နိုင်ငံတကာမှ သတင်းထောက်များ နိုင်ငံရေးအကဲခတ်များကိုမောင်းထုတ်ပြီး တံခါးပိတ်ဝါဒကို ကျင့်သုံးပြီး နိုင်ငံတကာနှင့် အဆက်အသွယ်များကို ဖြတ်တောက် လိုက်လေတော့သည်။ သူတို့သည် နိုင်ငံသားများ၏လူနေမှုဘဝ (သို့မဟုတ်) လူနေမှုစတိုင် (Life style of people )ကို လုံးဝပြောင်းလဲပြီး ကွန်မြူနစ်နိုင်ငံများကဲ့သို့ လူထု လူတန်းစား ပုံစံပြောင်းရန်ရည်ရွယ်ကြသည်။နိုင်ငံ၏ စီးပွားရေးကိုလည်း လွတ်လပ်စွာလည်ပတ် လှုပ်ရှားနိုင်သော စီးပွားရေးပုံစံမှပြောင်းလဲပြီး ဗဟိုမှအလုံးစုံ ချုပ်ကိုင်ထားသောပုံစံသို့ ပြောင်းလဲပစ်ဖို့ဇွတ်အတင်း စီစဉ်ကြလေတော့သည်။

နိုင်ငံခြားသတင်းထောက်များကို ပြည်ဝင်ခွင့် မပေးတော့ပေ။မူလရှိနေသော သတင်းထောက်များကိုလည်း တင်းကျပ်စွာ ထိန်းချုပ်ထားလိုက်သည်။ ပြည်တွင်းကို နိုင်ငံခြားမှစာများ စာအုပ်များ ပေးပို့သောအခါ တင်းကျပ်သောစည်းကမ်းအဆင့်ဆင့်ကိုဖြတ်ကျော်ဖို့ လိုသည်။အဟန့်အတား အလွန်များသည်။ မသင်္ကာသောစာများကို ဖေါက်ဖတ်သည်။ မသင်္ကာသော စာအုပ်များ နိုင်ငံရေးလှုံ့ဆော်သည်ဟု သံသယရှိသော စာအုပ်များကို အားလုံးသိမ်းဆည်းခဲ့သည်။ ထိုကဲ့သို့ နိုင်ငံတော်တကာ စံချိန်စံညွှန်းနှင့် မကိုက်ညီသောလုပ်ရပ်များကို ထိုအချိန်က ကမ္ဘာ့အသိုင်းအဝိုင်းတွင် အမှုမဲ့အမှတ်မဲ့ ဖြစ်ခဲ့သည်။ အဘယ်ကြောင့်ဆိုသော် ထိုအချိန်က ဗီယက်နမ်စစ်ပွဲဖြစ်နေသည်။ ကမ္ဘာ့လူသားအားလုံးသည် ဗီယက်နမ်စစ်ကို အာရုံစိုက်နေကြသည်။အင်ဒိုနီးရှားတွင် နိုင်ငံရေးပြဿနာကြီးမားစွာဖြစ်နေသည်။ အလွန် ဆူပူသောကြောင့် ကမ္ဘာက အာရုံစိုက်နေကြသည်။ မလေးရှားတွင်လည်း နိုင်ငံရေးပြဿနာများအကြီးအကျယ်ဖြစ်နေသည်။ စင်္ကာပူတွင် စီးပွားရေးအကျပ်အတည်း ဆိုက်နေသည်။ ဖိလစ်ပိုင်တွင်ပြည် တွင်းစစ်အကြီး အကျယ် ဖြစ်နေသည်။ ကမ္ဘောဒီးယားနှင့်လာအိုတွင် ကွန်မြူနစ်သူပုန်များဆူနေသည်။ မြန်မာနိုင်ငံသည် ထိုအချိန်က အေးချမ်းနေပြီဖြစ်သည်။

မြန်မာနိုင်ငံတွင် ထိုအချိန်ကပြည်တွင်းဆူပူသောင်းကျန်းမှုပြဿနာ သိပ်မရှိတော့ပေ။ လူမျိုးစု သူပုန်များသည် နယ်နိမိတ် အစွန်အဖျားများသို့ ရောက်နေသည်။ တပ်မတော်မှ အာဏာသိမ်းချိန်တွင်

အရပ်သားအစိုးရအဖွဲ့၌ ခါးပိုက်ဆောင်တပ်များ မရှိပါ။ထို့ကြောင့် သိုသိုသိပ်သိပ်နှင့် အာဏာ သိမ်းခြင်းကို လျင်မြန်စွာဆောင်ရွက်ခဲ့သည်။ထို့ကြောင့် နိုင်ငံတကာအမြင်တွင် ပြည်သူလူထုက ဆိုရှယ်လစ်စနစ်ကို ထောက်ခံကြသည်ဟု ထင်မှတ်စရာဖြစ်ခဲ့သည်။ အမှန်စစ်စစ်လူထုသည် လက်နက်ကိုင် တပ်များကို ကြောက်သောကြောင့် ဘာလုပ်လုပ် ငြိမ်ခံနေခြင်းမျှသာဖြစ်သည်။ထိုအကြောင်း အသေးစိတ်သိလို သောကြောင့် ကျွန်တော်မြန်မာနိုင်ငံသို့ ဝင်ရောက်ခွင့်တောင်းခဲ့သောအခါ (၁၉၆ဂ)တွင် တစ်ကြိမ်၊ (၁၉၇၀)တွင် တစ်ကြိမ်နှင့်(၁၉၇၂)တစ်ကြိမ် စုစုပေါင်း သုံးကြိမ်တိတိသွားခွင့်ရခဲ့သည်။တွေ့သမျှလူတိုင်းကို မေးမြန်းကြည့်ရာ လူတန်းစား အလွှာအားလုံးသည် အာဏာသိမ်းပြီး စီးပွားရေးကို နိုင်ငံတော်က ဗဟိုချုပ်ကိုင်မှု စံနစ်ဖြင့် လုပ်ဆောင်ရာတွင် အရည်အချင်း ညံ့ဖျင်းမှုကြောင့် ဆင်းရဲတွင်းနက်သည် ထက်နက်လာပြီး ပြည်သူလူထု၏ဘဝတွင် မျှော်လင့်ချက် ရောင်ခြည်များ ကင်းမဲ့ကြောင်း ကိုယ်တိုင် မေးမြန်ပြီး သိခွင့်ရခဲ့သည်။ သို့သော် အများစုသည် ဘာမေးမေးမဖြေရဲပေ။ ဆောက်လုပ်ရေး သတင်းပေးများဟုဆင်ပြီး လူနံ့ရှာကြောက်ရွံ့နေကြသည်၊ ပြည်သူလူထုသည် စက်ရုပ်များလို လုပ်ရှားနေကြသည်၊ ကုန်သည်ပွဲစား လူလယ်၊ လူရှုပ်၊ လူနပ်၊ ချမ်းသာများသာ အသက်ဝင် လှုပ်ရှားနေပြီးသာမန်သက် လုပ်လက်စား ပြည်သူများနှင့် အစိုးရ ဝန်ထမ်းများသည် မည်သူ့ကိုမျှ ယုံကြည်မှုမရှိကြပေ။ စကားလေးပြော မှားဆိုမှား ရှိရုံမျှဖြင့် ရက်စက်စွာအရေးယူ အပြစ်ပေးတတ်ကြောင်း သိထားကြသောကြောင့် လွန်စွာထိတ်လန့် နေကြသည်။ ပြည်သူပြည်သားများ၏ အကျဉ်းစံဘဝကို ကျွန်တော်သနားမိသော်လည်း ဒုက္ခခံပြီး လာခဲ့ရသောကြောင့် ဖြေဆိုရဲသူများ ဖြေဆိုသမျှကို မှတ်သားမျက်မြင် တွေ့ရသမျှကို မှတ်တမ်းတင် ပြီးပြန်ခဲ့ရတယ်။

ဤစာအုပ်ကို လက်လွတ်စပယ် ရေးသားခြင်းမပြုပါ။အရပ်စကား၊ ဝန်းစကားများကို အခြေခံခြင်း မပြုခဲ့ပါဘူး။ တိကျသောစာအုပ်၊ စာစောင်၊ ဂျာနယ်များ၊ သတင်းစာများ၊ အစီရင်ခံစာများကို သေချာစွာလေ့လာပြီးမှ ပုဂ္ဂိုလ်ရေး ထိခိုက်မှုများကို ရှောင်ရှားပြီး အချက်အလက် ခိုင်လုံသည် များကိုသာ ရေးသားခဲ့ပါသည်။ အမှောင်ချထားသော သမိုင်းတစ်ခုကို ကျွန်တော်တတ်နိုင်သောဖက်မှ ကူညီပြီး ဖွင့်လှစ်ပေါ်ပြခြင်း ဖြစ်ပါသည် ဟု စာရေးဆရာ ( Josef Silverstein )က ဝန်ခံထားပါသည်။

***George Mc TKAGON.***

***Itha,new york.***

မြန်ဆိုပြုစုသူ

ဦးကိုကိုလေး

# အခန်း(၁)

## ဖွဲ့စည်းပုံအခြေခံဥပဒေဖြင့်အုပ်ချုပ်သောအချိန်ကာလ

## The Constitutional Period (1948-1962 )

လွတ်လပ်ရေးရပြီး အစောပိုင်းကာလများဖြစ်သော (၁၉၄၈) မှ (၁၉၆၂)ကြားကာလကို မြန်မာနိုင်ငံ၏ဖွဲ့စည်းပုံအခြေခံဥပဒေဖြင့် အုပ်ချုပ်သောအချိန်ကာလ အဖြစ်နိုင်ငံတကာမှ အသိအမှတ် ပြုကြသည်။ထိုကာလတွင် မြန်မာအစိုးရသည် နိုင်ငံတကာနှင့် တရားဝင်သံတမန် အဆက်အသွယ် အပြည့်အဝရှိခဲ့သည်။ ထိုကာလသည် ဗြိတိသျှတို့ အုတ်မြစ်ချပေးခဲ့သော ပါလီမန်ဒီမိုကရေစီစနစ်ထွန်းကားလာသော အချိန်ကာလဖြစ်သည်။ အကယ်၍ ပါလီမန်ဒီမိုကရေစီစနစ်ကို မနှစ်သက်ပါက ပြည်သူ့ဒီမိုကရေစီစနစ်သို့ ငြင်သာစွာကူးပြောင်းသွားနိုင်ပါသည်။

ဒီမိုကရေစီစနစ်တစ်ခုမှ တစ်ခုသို့ပြောင်းရာတွင် ငြင်သာမှုရှိနိုင်ပါသည်။ ပါလီမန်ဒီမိုကရေစီစနစ်တွင် အားနည်းချက်များ ရှိပါသည်။သို့သော် မြန်မာနိုင်ငံနှင့် ကိုက်ညီမှုမရှိခြင်းသည် မြန်မာပြည်သူများ အနေဖြင့် သက်ဦးဆံပိုင် ဘုရင်ခေတ်မှ ကိုလိုနီခေတ်သို့ ရောက်သည်။ ကိုလိုနီနစ်ခါပြန်ဖြစ်ပြီးမှ လွတ်လပ်ရေးရသောကြောင့် အဖိနှိပ်ခံလူတန်းစား၊ အုပ်ချုပ်ခံ လူတန်းစားများသည် အရေအတွက် အလွန်များခဲ့သည်။ ထိုလူများစုသည် ဆင်းရဲတွင်းနက်လွန်းခြင်း၊စာပေတတ်မြောက်မှုမရှိခြင်းစသောအားနည်းချက် များရှိလေရာ အဟောကောင်း အပြောကောင်း ကွန်မြူနစ်များ ကြိုက်နှစ် သက်သောအနေအထားနှင့် အံဝင်ခွင်ကျ



[illegible]

ပြင်ဆင်ခြင်းကြောင့် ပန်းအလှ အဆင်အပြင် အလွန်အေးချမ်းသော ဗုဒ္ဓ ဘာသာဝင် များဖြစ်ကြသော်လည်း ဘဝဆိုးများကို အကြိမ်ကြိမ်ဖြတ်သန်း ရခြင်း ကမ္ဘာစစ်ကြီး၏ အဆိုးဝါးဆုံး ဒဏ်များကို ခံရခြင်းကြောင့် လူတို့သည် ဖက်  ဆုံးလွှန်းကြသည်။

ဘာသာရေး အဆုံးအမများကို လိုက်နာနိုင်ခြင်း မရှိဘဲ စိတ်အလို မပြည့်တိုင်း ပုန်ကန်ထကြွလိုသော စိတ်များရှိနေခဲ့သည်။ ထိုအခြေအနေကို မှီးဆောင်ရာ လေပင့်သောအချက်မှာ ဖက်ဆစ်တော်လှန်ရေးကာလ အတွင်း မြန်မာမျိုးချစ် တော်လှန်ရေးသမားများကို ဒေသအသီးသီးတွင် လက်နက် ခဲယမ်းများ လုံလောက်စွာ ထောက်ပံ့ ပေးခဲ့ခြင်းမှာ အဓိကအ ကြောင်းဖြစ် သည်။ အချို့သော ဒေသများတွင်သာ ထိန်းချုပ်မှုရှိပြီး အများစုမှာ အထိန်း အချုပ်မဲ့နေသည်။ထို့အပြင် တိုက်ပွဲများတွင် ကျဆုံးခဲ့သော ဂျပန်စစ်သား များနှင့် အင်္ဂလိပ်စစ်သားများထံမှ လက်နက်ခဲယမ်းများကို ဒေသခံတို့က ရရှိကြသည်။ ထိုလက်နက်များကို စစ်အုပ်ချုပ်ရေးကာလအတွင်း ပြန်လည်ရရှိရန် သိမ်းဆည်းခဲ့သော်လည်း အပြည့်အဝ ပြန်သိမ်း နိုင်ခြင်း မရှိပေ။ ထို့ကြောင့် သူပုန်ထလပ်ရေးကာလ ရောင်စုံသူပုန်ထသော ခေတ်ကြီး အကြမ်းဖက်မှုများ ပေါ်ခဲ့ခြင်းဖြစ်သည်။

ဘုန်းသာဆုတာဝေ

ပြည်တွင်းစစ်ပွဲများ၏ အစသည်ကွန်မြူနစ်များမှ စသည်ဟု ဆိုရမည်။ ကွန်မြူနစ်တို့သည် (၁၉၄၈)ခုနှစ် မတ်လတွင်စပြီး တော်လှန်ပုန်ကန် ခဲ့သည်။ အားလုံးတောခိုသွားကြသည်။ တောခိုသူများကို တာဝန်ရှိသူများက ဖမ်းဆီးဖို့ကြိုးစားရာတွင် တပ်မတော် အတွင်းရှိ ကွန်မြူနစ်များက သတင်းကြိုတင်ပေးထားသောကြောင့် ထွက်ပြေးနိုင်ခဲ့သည်။ ထိုအချိန်က တပ်မတော်အတွင်း ကွန်မြူနစ်များနှင့် ဆိုရှယ်လစ်များသည် အတော်များများရှိနေပြီး အမျိုးသားရေးဝါဒီ အရေအတွက်မှာ နည်းပါးနေသည်။ နောင်တွင် ဆိုရှယ်လစ်အပ်စုက လွှမ်းမိုးပြီး ကွန်မြူနစ် အုပ်စုသည် အလျှိုလျှိုတောခိုကြရလေတော့သည်။ နောက်ဆုံးတွင် ကွန်မြူနစ်ဗိုလ်ကျော်ဇော တစ်ဦးတည်းသာကျန်ခဲ့သည်။နောက်ပိုင်းတွင် ကွန်မြူနစ်နှိမ်နင်းရေး ပြုလုပ်ရာတွင်လျှို့ဝှက် သတင်းပေါက်ကြားမှု ကြောင့်ဗိုလ်ကျော်ဇောလည်း တပ်မတော်မှ အငြိမ်းစားယူခဲ့သည်။အငြိမ်းစား ဘဝဖြင့်ဆယ်နှစ်ခန့်နေပြီးမှ တောခိုခဲ့လေသည်။ ဗိုလ်ကျော်ဇောကို (၂၀၁၂) ခုနှစ်တွင် သမ္မတကြီး ဦးသိန်းစိန်က ရန်ကုန်သို့လာရောက်ခွင့်ပြုခဲ့သော် လည်းတရုတ်ပြည်၌ ကွယ်လွန်ခဲ့သည်။

(၁၉၄၈)ခုနှစ်တွင် မြန်မာနိုင်ငံလွတ်လပ်ရေး ရချိန်၌မြန်မာနိုင်ငံတွင်လက်နက်ကိုင်အုပ်စုကြီး သုံးခုရှိနေခဲ့သည်။ ၎င်းတို့မှာ တောခိုသွားခဲ့သောကွန်မြူနစ်အုပ်စု ဗိုလ်ချုပ်အောင်ဆန်း၏ပြည်သူ့ရဲဘော်တပ်ဖွဲ့ (The People's Volunteer Organization Puo)နှင့်အစိုးရစစ်တပ်တို့ ဖြစ်ကြသည်။ အစိုးရစစ်တပ်သည်လည်း ဗိုလ်ချုပ်အောင်ဆန်း ဖွဲ့စည်းခဲ့သော ဖဆပလ အဖွဲ့ချုပ်မှ ပေါက်ဖွားလာသော စစ်တပ်ဖြစ်သည်။ ကိုလိုနီဘဝတွင် ဗြိတိသျှနယ်ချဲ့ကို တော်လှန်ရန်အတွက် ထိုင်းနိုင်ငံ ဘန်ကောက်မြို့တွင် ပထမဆုံး ဖွဲ့စည်းခဲ့သော ဗမာ့လွတ်လပ်ရေး တပ်မတော်(BIA)ကိုလည်း ဗိုလ်ချုပ်အောင်ဆန်းက ဦးဆောင်ပြီး စတင်ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။ထိုအဖွဲ့သည် ဖက်ဆစ်တော်လှန်ရေး ကာလအတွင်း တပ်မတော်သည် များစွာအင်အားကြီးမားလာသောကြောင့် (၁၉၄၆)ခု စက်တင်ဘာလ (၇)ရက်နေ့သောကြာနေ့ နေ့လည် (၁၂) နာရီအတွင်း အရှေ့တောင် အာရှမဟာမိတ်

မြန်မာ စာအုပ်များ



စစ်သေနာပတိချုပ် လူဝီမောင့်ဘက်တန်၏ အစည်းအဝေးခန်း၌ပြုလုပ်ခဲ့သောလွတ်လပ်သည့် မြန်မာ့နိုင်ငံအတွက် တပ်မတော် ဖွဲ့စည်းသောအခါ မူဗမာ့ တပ်မတော်သား (၅၂၀၀)နှင့် အရန်တပ်သား သုံးရာမျှသာထားရန် သဘောတူခဲ့သည်။ အရာရှိ (၂၀၀)နှင့် အရန်အရာရှိ (၂၀၀)တို့ကို လက်ခံရန် သဘောတူရသည်။ ထိုကဲ့သို့ စစ်သည်အင်အားကို လျှော့ခြင်းအတွက် ထိုအချိန်က မြန်မာပြည်သူအများစုက မကျေနပ်ကြချေ။ ထို့ကြောင့် ဗြိတိသျှ ထံမှ လွတ်လပ်ရေးကို အနုနည်းဖြင့် တောင်းယူရန် မဖြစ်နိုင်ပါ။ အကြမ်း ဖက်ပြီး တော်လှန်ပုန်ကန်ကြဦးမည် ဟုရည်ရွယ်ပြီး ဗိုလ်ချုပ်အောင်ဆန်း သည် ပြည်သူ့ရဲဘော်တပ်ကို ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။ ထိုမှုမှာ ကွန်မြူနစ် တို့ကို စစ်အုပ်ချုပ်ရေးကာလ၌ လက်နက်ကိုင်ခွင့်မရှိသော်လည်း အရပ်ဖက် အုပ်ချုပ်ရေးပေးချိန်တွင် လက်နက်ကိုင်ခွင့် ပြုထားခြင်းသည် လိုအပ်ပါက မြေအောက်တော်လှန်ရေးဖြင့်ဗြိတိသျှကို တိုက်ရန်ဖြစ်သည်။ အချင်းချင်း ပြည်တွင်းစစ်ဆင်နွှဲဖို့ ဗိုလ်ချုပ်အနေဖြင့် မိုက်မဲစွာ စီစဉ်ပေးမည်မဟုတ်ပါ။သို့သော် ထိုခေတ်ကာလတွင် ဗိုလ်ချုပ် တစ်ဦးတည်းသာရှိသွားသည်။ သစ္စာရှိသည်။ ဘာသာခြား ဘာသာခြား လူမျိုးများအပေါ် နားလည်မှုရှိသည်။ နိုင်ငံသားနှင့် တိုင်းရင်းသားအားလုံးကို လေးစားတန်ဖိုးထားသည်။ အားလုံး၏ အင်အားဖြင့် နိုင်ငံတော်ကို တည်ဆောက်ဖို့ ရည်ရွယ်သည်။ ကျန်သော ခေါင်းဆောင်များတွင် ဘီလပ်ပြန်ပုဂ္ဂိုလ်ကြီးများက ပညာတော်သည် အတွေးအခေါ်ရှိသည်။ သို့သော် ကိုယ်ကျိုးရှာသည်။ ရိုးသားမှုမရှိ။

ပြည်တွင်းဘွဲ့ရနှင့် ဘွဲ့မရဘဲ ပညာရေး တပိုင်းတစဖြင့် တော်လှန်ရေးထဲဝင်ခဲ့ရသူများသည် စာပေလေ့လာ လိုက်စားမှုလုံးဝ မရှိသောကြောင့် တမတတ်၊ ယမတတ်။ ပညာမဲ့နှင့်မခြား အသိတရား ခေါင်းပါးသည်။ ကွက်ကျော်မြင်ခြင်းမရှိ။

တမတတ်ယမတတ် အမိနိုင်ငံကို ချစ်တဲ့စိတ် တစ်ခုတည်းဖြင့် တပ်မတော်သို့ ဝင်လာသူများသည် တပ်မတော်ထဲသို့ ရောက်သောအခါ တတတ်သော်လည်း မဟုတ်ကဟုတ်က မာ(က်)လီနင်စာအုပ်တွေဖတ်ပြီး အုန္တကြောင်ကြောင် အတွေးအခေါ်နှင့် လက်နက်ကိုင် ကွန်မြူနစ် သူပုန်

မြန်မာ စာအုပ်များ



များဖြစ်သွားကြသည်။ နောက်ပိုင်းတွင် တိုင်းပြည်လွတ်လပ်ရေး ရချိန်တွင် နိုင်ငံတော် ထူထောင်ရေးကို အင်တိုက်အားတိုက် လုပ်ဆောင်ရမည့်အစား နိုင်ငံတော်ကို အညွန့်တက်စအချိန်တွင် အညွန့်ချိုးရန်အတွက် တောခိုခဲ့ကြသည်။တောခိုပြီး ခေတ်အဆက်ဆက် ဆင်းရဲမွဲတေမှုတ် ဘိုးအေ ကျေးလက်တောင်သူများထံ ဆက်ကြေးတောင်းပြီး အသက်ဆက် ခဲ့ကြသည်။ မိုက်မဲလွန်းလှသည်။

အချို့က စာပေတော့တတ်သည်။ သို့သော် အထက်တန်းပညာအောင်ပြီး တက္ကသိုလ်မှဘွဲ့ရသည်အထိ မတတ်ပေ။ ပညာတတ်ခဲ့ရင် အတွေးအခေါ်ရှိသည်။ အမှန်နှင့်အမှားကို ခွဲခြားနိုင်သည်။ မဖြစ်စလောက် ပညာလေး ခြောက်ပြားတစ်ပဲနှင့် လူလည်လူတတ်ကြီးလုပ်ပြီး ဆိုရှယ်လစ်ဟု ကြွေးကြော်ကြသည်။ ကွန်မြူနစ်က နီနီရဲရဲသည်။ တစ်ယူသန်သည်။ တစ်ဇောက်ကန်း သေရဲသည်။ သတ်ရဲသည်။ ဆိုရှယ်လစ်က အချောင်သမားသတ်ရဲသည်။ မသေရဲ။ အနီရောင် မဟုတ်အဝါရောင် အပြာရောင်လည်းပါသည် ဖြစ်သည်။

ပြည်သူ့ရဲဘော်တပ်ဖွဲ့တွင် ဗိုလ်ချုပ်အသက်ထင်ရှားရှိစဉ် ကောင်းမွန်သော စေတနာဖြင့် ဖွဲ့စည်းခဲ့သော်လည်း ဗိုလ်ချုပ်ကျဆုံး၍ ခေါင်းဆောင်မဲ့ချိန်တွင် တပ်ကိုဖျက်သင့်သော်လည်း အင်အားကြီးသထက် ကြီးအောင်ချဲ့ကြသည်။ တပ်မတော်ကို တိုးချဲ့ဖို့အတွက် ဥပဒေဘောင် အတွင်းမှ တိုးချဲ့ရသည်။ နိုင်ငံတော်၏ အရေးပေါ် အခြေအနေကို အကြောင်း ပြုပြီးတိုးချဲ့မှုရသည်။ ရဲဘော်ဖြူများက တရားဥပဒေအရ ဖွဲ့ထားခြင်း မဟုတ်လေရာ ချဲ့ချင်သလိုချဲ့၊ ကွဲချင်သလောက် ကွဲနိုင်သည်။ နိုင်ငံတော်မှ လစာနှင့် ရိက္ခာမရသောကြောင့် ရတဲ့နည်းနဲ့ ရှာကြံလုပ်စားရာမှ အချို့လည်း သူခိုးဓါးပြဖြစ်ကုန်သည်။ထို့ကြောင့် တရားမဝင် လက်နက်ကိုင် အဖွဲ့အစည်းဟူသည် လူမျိုးခြား၊ နိုင်ငံခြားသားကို တော်လှန်ချိန်မှအပ ကျန်သော အချိန်များတွင် ရှိသင့်သော အဖွဲ့အစည်းမဟုတ်ပေ။ လွတ်လပ်သော နိုင်ငံတော်ကို တည်ဆောက်ကြရာတွင်၊ ပြန်လည်ထူထောင်ရာတွင်လက်နက်တွေကိုယ်စီကိုင်ဆွဲထားပြီး ထူထောင်၍ မရနိုင်ပါ။ အားလုံး သွေးချောင်းစီး

မြန်မာ စာအုပ်များ



တိုက်ပွဲများသာ ဖြစ်သွားနိုင်သည်။ အာဏာသည် လူကိုဖျက်သလို၊ လူ့သတ်လက်နက်များသည်လည်း ရိုးသားဖြူစင်သော သူများကို ရိုင်းစိုင်း ယုတ်မာသူများ ဖြစ်သွားနိုင်သောကြောင့် စည်းကမ်းဥပဒေများအရ ကိုင်တွယ်ခြင်းမျိုးသာဖြစ်သည်။

လူနေမှုအဆင့်အတန်း မြင့်မားသော နိုင်ငံကြီးများတွင် ကြမ်းတမ်းသော လူ့သတ်လက်နက် ဖြစ်သည့်ဓါးရှည်များ၊ ဓါးမကြီးများကို အိမ်များတွင် ဆောင်ထားလေ့မရှိတော့ပါ။ မီးဖိုချောင်သုံး ဓါးငယ်လေးများသာ ဆောင် ထားကြသည်။

ဗြိတိသျှတို့သည် မြန်မာပြည်ကာကွယ်ရေး တပ်ဖွဲ့စည်းရာတွင် မြန်မာလူမျိုးတို့အား တပ်မတော်၌ တာဝန်ပေးပါက တပ်အတွင်း ပုန်ကန်မှု ဖြစ်မည်ကို စိုးရိမ်သောကြောင့် တိုင်းရင်းသား မျိုးနွယ်စုများဖြစ်သော ကရင်လူမျိုး၊ ကချင်လူမျိုး၊ ကယားလူမျိုးနှင့် ချင်းလူမျိုးကိုသာ စစ်တပ်သို့ ဝင်ခွင့်ပြုခဲ့သည်။ ဘားမား ရိုင်ဖယ်တပ်တွင် မြန်မာစစ်သားများ ရှိသော် လည်း အများစုမှာ အိန္ဒိယစပ်သော ကပြားပထန်များ ကပြားဘင်္ဂါလီများသာ ဖြစ်သည်။ကရင် အမျိုးသားကာကွယ်ရေးအဖွဲ့ (The Karen National Defence Organisation KNDO) သည် လွပ်လပ်သော မြန်မာနိုင်ငံ [illegible] ဘောဘဦးမှ [illegible] ဆိုရာတွင် ဝန်ကြီး [illegible] ဆောင်ရွက်ပေး နိုင်စွမ်းမရှိဘဲ၊ [illegible] အင်အား [illegible] စတင်ပုန်ကန်ကြသည်။

[illegible] သည် ဗြိတိသျှတို့လွတ်လပ်ရေးပေးစဉ်က [illegible] အစိုးရဖွဲ့စည်းပုံကို ပြုပြင်ပြီးကရင်ခေါင်းဆောင် [illegible] သစ်ဝါဒရှိသော တပ်မတော်မြန်မာအရာရှိကြီးများနှင့် အစားထိုး လဲလှယ်လိုက်လေသည်။

၁၉၅၂ ခုတွင် လွတ်လပ်ရေးနှင့်အတူ ပေါက်ဖွားခဲ့သော ပြည်တွင်း ဆူပူသောင်းကျန်းမှုများ ချုပ်ငြိမ်းစပြုလေသည်။ သို့သော် နိုင်ငံကို

ထူထောင်ခွင့် စိတ်ကြိုက်လုပ်ဆောင်ခွင့် မရသေးပေ။ ထိုအချိန်တွင် မော်စီတုန်း၏ ကွန်မြူနစ်များသည် တရုတ်နယ်စပ် အစွန်အဖျားများ၌ နိုအောင်းနေသော ချန်ကေရှိတ်၏ တရုတ်အမျိုးသား တပ်မတော်ကို ကျူပင်ခုတ်၊ ကျူငုတ်မကျန် လိုက်လံ ရှင်းပစ်သောအခါ လက်ကျန် တရုတ်တပ်ပြေးများသည် မြန်မာပြည်၏ ရှမ်းပြည်မြောက်ပိုင်းတွင်လာပြီး ခြေကုပ်စခန်းဖွင့်သည်။ ထိုအချိန်က ရှမ်းပြည်မြောက်ပိုင်းတွင် လူမျိုးရေးအစွန်းရောက် ရှမ်းပြည်ပုန်ကန်သူများရှိလေရာ ချန်ကေရှိတ်၏ တရုတ်တပ် များနှင့်ပေါင်းပြီး အင်အားကြီးမားလာပြီး ပြည်ထောင်စုကို ထိပါးလာသည်။

၁၉၅၃ ခုနှစ်မတ်လ (၂၄)ရက်တွင် မြန်မာအစိုးရသည် ကုလသမဂ္ဂကို တိုင်ကြားသောကြောင့် မြန်မာ့ပိုင်နက်မှ ကျူးကျော်သူ တရုတ်တပ်များ ဖယ်ရှားပေးရန် ထိုင်ဝမ်အစိုးရကို ကုလသမဂ္ဂမှ အမိန့်ပေးသည်။ ထို့နောက်မြန်မာ့မြေပေါ်မှ ချန်ကေရှိတ်တပ်များ စနစ်တကျဆုတ်ခွာရေးအတွက် လမ်းကြောင်းစီစဉ်ပေးရန် ကုလသမဂ္ဂသည် ထိုင်းနိုင်ငံ၊ မြန်မာနိုင်ငံနှင့်ထိုင်ဝမ်တရုတ်အမျိုးသား အစိုးရတာဝန်ရှိသူများကို စုပေါင်းဆွေးနွေးပြီး စီစဉ်ပေးခဲ့ကြသည်။ ထိုအခါ စုစုပေါင်းတရုတ်စစ်သား ငါးထောင့်ခြောက်ရာ (၅၅၀၀)ထိုင်ဝမ်သို့ ထွက်ခွာခဲ့ကြလေသည်။ သို့သော် အတော်များများသည် ကျေးရွာများ၊ တောအုပ်များထဲဝင်ရောက် ပုန်းခိုနေခဲ့ ကြသေးသည်။ တပ်ပြေးအဖြစ် ပုန်းရှောင်နေသော ထိုင်ဝမ်၊ တရုတ်တပ်သားများကို အမေရိကန် ပြည်ထောင်စုမှ စားနပ်ရိက္ခာ၊ ဆေးဝါးနှင့် လက်နက်ခဲယမ်းများကို လေကြောင်းမှကူညီထောက်ပံ့ပေးနေသည်။ ထိုအချက်ကြောင့် မြန်မာအစိုးရနှင့် အမေရိကန် အစိုးရတို့ ဆက်ဆံရေး မပြေမလည် ဖြစ်ခဲ့ရသည်။

အစောပိုင်းတွင် မြန်မာအစိုးရသည် အမေရိကန်အစိုးရအား တရုတ်တပ်ပြေးတို့ကို ထောက်ပံ့ခြင်းမပြုရန်အတွက် နိုင်ငံရေးနည်းများဖြင့် တောင်းဆိုပြီး ပိတ်ပင်ဟန့်တားခဲ့သည်။ အမေရိကန်အစိုးရ၏ ထောက်ပံ့ရေး လေယာဉ်များကိုလည်း ပစ်ချနိုင်ခဲ့သည်။နောက်ဆုံးတွင် အမေရိကန်တို့ဖက်မှ အကူအညီထောက်ပံ့မှု ရပ်ဆိုင်းသွားသည်နှင့်(၁၉၅၈)တွင် နောက်ဆုံးထိုးစစ်ဖြင့်အမြစ်ပြတ် ချေမှုန်းရာ တရုတ်တပ်ပြေးအတော်များများ သေဆုံးသည်။

အချို့က အစိုးရထံ လက်နက်ချသည်။အချို့ကတောတွင် ထွက်ပြေးကြသည်။ အချို့က နယ်စပ်ရှိရှမ်းတရုတ်ကျေးရွာများတွင် ခိုလှုံနေခဲ့ကြသည်။ထိုအချိန် မှစ၍ တရုတ်တပ်ပြေးများ၏နောင့်ယှက်မှု ချုပ်ငြိမ်းခဲ့သည်။

တရုတ်တပ်ပြေးရန်များ ချုပ်ငြိမ်းချိန်တွင် ပြည်ထောင်စုအစိုးရကို အန္တရာယ်သစ်က စိန်ခေါ်လေသည်။ (၁၉၅၉)ခုနှစ်ဦးပိုင်တွင်အုပ်ချုပ်မှု အကြီးအကဲရာထူးများမှ ဖယ်ရှားခံခဲ့ရသော ရှမ်းစော်ဘွားများသည် ဘာမျှ မသိ နားမလည်ရှာသော ရှမ်းလူငယ်များကို စုစည်းပြီး ရှမ်းသူပုန် တပ်ဖွဲ့များ ဖွဲ့စည်းပေးပြီး လက်နက်ရိက္ခာ ထောက်ပံ့ပေးပြီး ရှမ်းလွတ်မြောက်ရေး အတွက် တိုက်ပွဲဝင်စေသည်။ အချို့သော စော်ဘွားများက လက်နက်စွဲ ကိုင်ပြီး တော်လှန်ပုန်ကန်ခြင်း မပြုဘဲ မြေပေါ်မှ နိုင်ငံရေး ဆူပူလှုပ်ရှားမှုဖြင့် ဆန့်ကျင်သည်။ တရားဥပဒေ ဘောင်အတွင်းမှ ရပိုင်ခွင့်တောင်းဆိုသည်။ ထို့ကြောင့် ပြည်ထောင်စုအတွက် အန္တရာယ်ကြီးမားလာသည်။

၁၉၅၂တွင် ကိုရီးယားစစ်ပွဲအတွက် နိုင်ငံရေး ထောက်ခံမှု ပြုလုပ် ရာတွင်အာဏာရ ဖ-ဆ-ပ-လ (AFPFL) အစိုးရသည် အမေရိကန် ဦးဆောင်သော ကုလသမဂ္ဂကို အပြည့်အဝ ထောက်ခံခဲ့သည်။ ထိုအခါ ဖ-ဆ-ပ-လ အတွင်းရှိ ဆိုဗီယက်ထောက်ခံသော အုပ်စုက မကျေနပ်ပေ။ ထိုအုပ်စုသည် ဖ-ဆ-ပ-လအစိုးရ၏ နိုင်ငံခြားဆက်ဆံရေးကို ချုပ်ကိုင်နိုင်ဖို့ ကြိုးစားကြသောကြောင့် (၁၉၅၂)နောက်ဆုံး ပါလီမန်လွှတ်တော်အပြီးတွင် ဆိုဗီယက်ထောက်ခံသော အုပ်စုကို (ဖ-ဆ-ပ-လ)အဖွဲ့မှ ထုတ်ပစ်လိုက် သည်။ထိုအခါ ဆိုဗီယက်ကို ထောက်ခံသော အုပ်စုသည် (BWPP) ပါတီကို တည်ထောင်ပြီး အာဏာရ (ဖ-ဆ-ပ-လ) အစိုးရကို ဆန့်ကျင်သော အင်အားကြီး အတိုက်အခံအုပ်စုအဖြစ် ရပ်တည်လာခဲ့သည်။

၁၉၅၁-၁၉၅၂ တွင်ကျင်းပသော ပထမအကြိမ် နိုင်ငံနှင့် အဝှမ်းပြုလုပ်သော ရွေးကောက်ပွဲများတွင် ဖ-ဆ-ပ-လ သည် ပါလီမန်ကို ရာနှုန်းပြည့် ထိန်းချုပ်ထားခဲ့သည်။

၁၉၅၆-ခုနှစ်တွင် ကျင်းပသော ဒုတိယအကြိမ် နိုင်ငံနှင့်အဝှမ်း ပြုလုပ်သော ရွေးကောက်ပွဲကြီးတွင် ဖ-ဆ-ပ-လ သည်အနိုင်ရခဲ့သော်လည်း အပြတ်အသတ်အနိုင်ရခြင်း မဟုတ်ပေ။ အလွန်အင်အားကြီးမားသော

မြန်မာ စာအုပ်များ



အတိုက်အခံအုပ်စုကြီး လွှတ်တော်ထဲသို့ ဝင်ရောက်လာပြီဖြစ်သည်။ ကြီးမားသော အတိုက်အခံအုပ်စုတွင် အင်အားကြီးမားဆုံး ပါတီသည် အမျိုးသားစည်းလုံးညီညွတ်မှုတပ်ဦး (National Unity Front,NUF ) ဖြစ်သည်။ (NUF) တွင်အများစုသည် ဖ-ဆ-ပ-လမှ ခွဲထုတ်ခြင်းခံခဲ့ရသော ဆိုဗီယက်ထောက်ခံသော အုပ်စု၏ (BWPP) ပါတီဖြစ်သည်။ ထိုအတိုက်အခံအင်အားအများစုသည် ဦးနုကို အဓိကပစ်မှတ်ထား ပြီး အကြောင်းရှာ ဆန့်ကျင် နေကြသောကြောင့် အတိုက်အခံများ၏ ထိုးနှက်မှုကို ကာကွယ်ရန်အတွက် ဝန်ကြီးချုပ် ဦးနုသည် အစိုးရအဖွဲ့. တာဝန်အဖြစ် ဖ-ဆ-ပ-လ မှ ခေါင်းဆောင်တစ်ဦးဖြစ်သော ဦးဘဆွေကို တာဝန်လွှဲပေးပြီး ကိုးလတိတိ အတိုက်အခံတို့၏တိုက်ခိုက်မှုများကို လှည့်ပတ်ရှောင်နေခဲ့သည်။ ဦးဘဆွေသည် ဆိုရှယ်လစ် ဖြစ်သောကြောင့် အတိုက်အခံတို့နှင့် ပြဿနာသိပ်မဖြစ်ပေ။ ဦးနုသည်လည်း ဆိုရှယ်လစ်ဖြစ်သော်လည်း ဦးနုသည် ဗုဒ္ဓဆိုရှယ်လစ်ဖြစ်သည်။ သူသည် ဗုဒ္ဓဘာသာကို ဆိုရှယ်လစ်နှင့်တွဲဖို့ ကြိုးပမ်းခဲ့သည်။ ဦးနုသည် ပါတီအတွင်းရှိ အကျင့်ပျက်ခြစားမှုများ၊ အဂတိလိုက်စားမှုများ၊ လာဘ်ပေးလာဘ်ယူမှုများ ပပျောက်ရေးအတွက် ကြိုးပမ်းခဲ့သည်။ ပြီးနောက် ပါတီအတွင်းမှ မတော်တရော်များ ပြုလုပ်ခဲ့သူ များကိုဖယ်ထုတ်ပြီးနောက် ပါတီအတွင်း စည်းလုံးညီညွတ်မှု ပြန်လည် ရရှိစေရန်အတွက် (၁၉၅၈) ဇန်နဝါရီလတွင် တတိယအကြိမ်ဗမာ နိုင်ငံလုံးဆိုင်ရာ ဖ-ဆ-ပ-လ ကွန်ဂရက် (The third All-Burma Congress of the AFPFL)ကို ကျင်းပခဲ့သည်။ သို့သော် ထင်မှတ်ထားသလို ပါတီအတွင်းကျစ်လစ်စွာ စည်းလုံးညီညွတ်မှု မရတော့ပေ။ အားလုံးသည် ဖက်ဆစ်တော်လှန်ရေးကာလကို ဖြတ်သန်းလာကြသူများ၊ ပြည်တွင်း ရောင်စုံသူပုန်များ နှိမ်နင်းရာတွင် သက်ဆိုင်ရာ အခန်းကဏ္ဍအလိုက် ပါဝင်ခဲ့ကြသူများဖြစ်လေရာ အရာရာကို သီးခံဖို့မလို၊အလျှော့ပေးဖို့မလို၊ မိမိလက်ခံ ယုံကြည်ချက်အတွက် တစ်လောကလုံး မီးဟုန်းဟုန်းတောက်လောင်သွားပါစေ မမှုဘူးဟု သဘောထားကြသော တစ်ယူသန် တစ်ဇောက် ကန်းများဖြစ်ကြလေရာ ဦးနု၏ ရှေ့ပြည်အေးတရားများ အရာမဝင်တော့ပေ။ ထိုအပြင်

မြန်မာ စာအုပ်များ



ဦးနုသည် ဗိုလ်ချုပ်အောင်ဆန်းကဲ့သို့ ရိုးသားပွင့်လင်းပြီး ဟောဟော ဒိုင်းဒိုင်း ရင်ထဲရှိသမျှ ဖွင့်ပြောတတ်သူ မဟုတ်ပေ။ အရှိုင်းဆုံးပြောရလျှင် မကောင်းသည့် မိန်းမမူယာ ပရိယာယ် ကြွယ်ဝလွန်းသူ ဖြစ်လေရာ ဘာမျှမသိနားမလည်သော ရိုးသားသည့် ပြည်သူများကိုသာ ရပ်ပြုပြီးလှည့်စားလို့ ရမည်ဖြစ်သော်လည်း လုပ်ဖော်ကိုင်ဖော်များသည် ပုဂ္ဂိုလ်ရေးအရဦးနုကို လေးစားမှုမရှိကြပေ။ မြန်မာ့သမိုင်းတွင် လူတိုင်း၏ ယုံကြည်လေးစားမှုကို လက်ခံရရှိခဲ့သော ပုဂ္ဂိုလ်မှာ ဗိုလ်ချုပ်အောင်ဆန်းတစ်ဦးတည်းသာ ဖြစ်သည်။ သူ၏ရိုးသားမှုကြောင့် အရှေ့တောင်အာရှ စစ်သေနာပတိချုပ် မောင့်ဘက်တန် မြန်မာပြည်သိမ်းပွဲကို ဦးဆောင်ပါဝင်ခဲ့သော ဆာဝီလီယံ စလင်းတို့လို စစ်သား သာမက ဗြိတိသျှနန်းရင်းဝန် မစ္စတာအက်တလီ ကပင် ဗိုလ်ချုပ်အောင်ဆန်းကို လေးစားချစ်ခင်ကြသည်။ နု-အက်တလီ စာချုပ်ဖြင့် လွတ်လပ်ရေးရခြင်းသည် အောင်ဆန်း-အက်တလီစာချုပ်အရ လွတ်လပ်ရေးပေးမည်ဟု အားလုံးကတိပေးပြီး စီစဉ်ပြီးဖြစ်လေရာ ဗိုလ်ချုပ်အောင်ဆန်း ကျဆုံးသွားသောကြောင့် ဦးနုနှင့်ဆက်ပြီး အလုပ်လုပ်ခဲ့ ခြင်းမျှသာဖြစ်သည်။ သို့သော် ဗြိတိသျှအစော်များများသည် မာယာပရိ ယာယ်ကြွယ်ဝပြီး နူးညံ့သိမ်မွေ့စွာပြောဆိုတတ်သော ခေတ်ပညာတတ်ဝန်ကြီး ချုပ်ဦးနုကို နှစ်သက်သူများသည် ဦးနုသည်အမျိုးမျိုး အလျှော့ပေးပြီး စေ့စပ်ခဲ့သော်လည်းသူ့ကို ယုံကြည်သူ၊ ထောက်ခံသူ မရှိသောကြောင့် ဧပြီလတွင် ပါတီအတွင်း အာဏာလွန်ဆွဲပွဲ၏ နောက်ဆုံးအဆင့်၌ သူ့အားထောက်ခံသော သခင်တင်အုပ်စုနှင့် ကျော်ငြိမ်းအုပ်စုကို ပူးပေါင်းခဲ့သည်။ ထိုအခါ အခွင့်ကောင်းစောင့်နေသော ဦးကျော်ငြိမ်းနှင့် ဦးဘဆွေတို့က သူတို့၏ရန်သူနှင့် ပူးပေါင်းခြင်း မပြုနိုင်ဟု ဆိုကာပါတီကို နှစ်ခြမ်းခွဲ လိုက်လေတော့သည်။

ထို့နောက်တစ်လကြာသည်အထိ လာဘ်ပေးလာဘ်ယူမှုများ၊ အဂတိလိုက်စားမှုများ အကျင့်ပျက်ခြစားမှုများကို ဖော်ထုတ် အရေးယူပြီးနောက် အငြင်းပွားမှုများအားလုံး အဆုံးသတ်ရန်အတွက် အရေးပေါ် ပါလီမန် အစည်းအဝေးခေါ်လိုက်သည်။ ပြီးနောက်ဒီမိုကရေစီနည်းဖြင့် မဲခွဲပြီးဆုံး ဖြတ်စေသည်။ ထိုအခါ ဦးနုသည် ထောက်ခံမဲခုနှစ်မဲရခဲ့သည်။ ထိုကဲ့သို့ မဲအပြတ်နိုင်ပြီး အောင်မြင်မှုရဖို့အတွက် (၁၉၅၂) တွင်

မြန်မာ စာအုပ်များ





*အိန္ဒိယနိုင်ငံ ရမ်းဂါးညီလာခံသို့သွားရောက်ခဲ့စဉ်က သခင်သန်းထွန်း (ယာအစွန်)အား သခင်အောင်ဆန်းနှင့်အတူတွေ့ရစဉ်*

(ဖ-ဆ-ပ-လ)မှ ထုတ်ပစ်ခဲ့သော ဆိုဗီယက် ထောက်ခံအုပ်စုဖြစ်သော (NUF) ၏ ထောက်ခံမှုကို ယူခဲ့ရသည်။ (NUF) သည်ဦးနုအုပ်စုနှင့် ဦးဘဆွေ၊ ဦးကျော်ငြိမ်းအုပ်စုကို မပေးရသောအခါ သဘောထားပျော့သည့် ဦးနုကိုသာ ထောက်ခံမည်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ဦးနုကိုထင်သလို ချယ်လှယ်နိုင်သောကြောင့်ဖြစ်သည်။ဦးဘဆွေ၊ဦးကျော်ငြိမ်း အုပ်စုကို ဦးနုကဲ့သို့ အနိုင်ကျင့်ရန်မဖြစ်နိုင်ပေ။ ဦးနုသည် အစိုးရအဖွဲ့ကို ဆက်ပြီး ဦးဆောင်ခွင့်ရခဲ့သော်လည်း အတိုက်အခံများက အလွန်အင်အားကြီးမားပြီး ဘာတစ်ခု မျှညှိနှိုင်းရန်မဖြစ်နိုင်ခြင်း၊ ထောက်ခံသော အုပ်စုသည်လည်း လူနည်းစု လူစုံသဘောထားစုံဖြစ်လေရာ ထိန်းချုပ်ဖို့အလွန်ခက်ခြင်း စသော အခက်အခဲများစွာကြုံတွေ့နေရသည်။


နိုင်ငံရေး မတည်ငြိမ်တော့ခြင်း၊ နေရာတကာ ဆူပူထကြွလာခြင်းကြောင့် အခက်ကြုံရသလို ပါလီမန်အစည်းဝေးများပုံမှန်ကျင်းပနိုင်မှု မရှိတော့ပေ။ရသုံးငွေစာရင်း ဘတ်ဂျက်ပြုစုရန် လွန်စွာ အခက်အခဲ ကြုံနေတော့သည်။

ထို့ကြောင့် ဦးနုသည် ကာကွယ်ရေးဦးစီးချုပ် ရာထူးအထိ ရာထူးအဆင့်ဆင့် တိုးပေးခြင်းကို ပုဂ္ဂိုလ်ရေးအရပြုလုပ်ခဲ့သော ဗိုလ်ချုပ် နေဝင်းကို အကူအညီတောင်းခဲ့ရသည်။ ဦးနုကြုံတွေ့နေရသော အခက်အခဲ အားလုံးကို တာဝန်ယူပြီး ကြိုးစားဖြေရှင်းပေးမည်ဟု ဂတိပေးလိုက်သောအခါ ဦးနုသည် နိုင်ငံတော်၏ စည်းမဲ့ကမ်းမဲ့ အခြေအနေကြောင့် ဆိုးဆိုးဝါးဝါးမဖြစ်မီ တပ်မတော်ကို အစိုးရအာဏာလွှဲပေးပြီး အခြေအနေကို ပုံမှန်အနေအထား ရောက်ဖို့ ကြိုးစားရမည်။ အခြေအနေပုံမှန် အနေအထား ပြန်ရောက်သောအခါ လွတ်လပ်ပြီးတရားမျှတသော ရွေးကောက်ပွဲကြီး ပြန်လည်ကျင်းပရမည်ဟု သဘောတူညီချက်ဖြင့် ဗိုလ်ချုပ်နေဝင်းထံ အာဏာလွှဲပေးသည်။ ထိုအချိန်က အာဏာလွှဲပေးခြင်းသည် (၁၉၄၇) ခုနှစ်ဖွဲ့စည်းပုံ ဥပဒေနှင့်အညီ (Law and order ) ဖြင့်ပါလီမန်မှသဘောတူပြီး အာဏာလွှဲပေးခြင်းမှုသာဖြစ်သည်။ အချို့သော နိုင်ငံရေးသမားများ ပုတ်ခတ်သကဲ့သို့ ဦးနုသည် အခက်အခဲကြုံသောအခါ ဗိုလ်ချုပ်နေဝင်းထံ အလွယ်တကူ အာဏာလွှဲခဲ့သည်ဆိုသောအချက်မှာ မှားယွင်းပေသည်။ ထိုခေတ်ထိုကာလက နိုင်ငံရေးသမား အားလုံးသည် ယခုခေတ်ကဲ့သို့ လာဘ်ပေးလာဘ်ယူမှုကို ဆိုးဆိုးဝါးဝါး ကျူးလွန်သူများ မဟုတ်သော်လည်း သူ့ခေတ်၊ သူ့ကာလတွင် ဂုဏ်သရေရှိစွာ နေထိုင်ကြသောနိုင်ငံရေးသမားများအားလုံး "ငါးခုံးမတစ်ကောင်ကြောင့်၊ တစ်လှေလုံး ပုတ်ဆော်နံ့အောင်" ဒုက္ခပေးခဲ့သူလည်းအတော်များသည်။ အမှန်စင်စစ် ထိုစရိုက်ဆိုးသည် သက်ဦးဆံပိုင် ခေတ်ထဲကအရိုးစွဲခဲ့သော မြန်မာတို့၏ အကျင့်ဆိုး စရိုက်ဆိုး ဖြစ်သည်။အများအားဖြင့် ပညာမတတ်၊ လူဗာလများ ပညာဟိုမရောက်၊ ဒီမရောက်၊ မတောက်တခေါက်အောက်ကလိမ်များသည် နိုင်ငံတော်ကိုခေတ်တိုင်း၊ စနစ်တိုင်းတွင် ဒုက္ခပေးကြသည်။ ယနေ့ခေတ် ကုန်သည်၊ ပွဲစား၊ မှုးယစ် ရာဇာ၊ အရက်၊ ဘီယာဆိုင်ရှင်၊ကာရာအိုကေခန်းမပိုင်ရှင် စိတ်ကြွဆေးဖြန့်သောဒိုင်များ၊ ဘောလုံးဒိုင်၊ ချဲထီဒိုင်များအားလုံးသည် ပညာမဲ့နဲ့ဟိုမ ရောက်ဒီမရောက်လူဗာလများဖြစ်သည်။ အဆိုးဆုံးမှာ ခရိုနီများဖြစ်သည်။

အိမ်စောင့်အစိုးရသည် အုပ်ချုပ်ခွင့်ရသော (၁၈)လအချိန်အတွင်း ဦးနုအစိုးရအနေဖြင့် အကြွမ်းဖက်ပြီး လုပ်ဆောင်ရန်မဖြစ် နိုင်သော အရာအားလုံးကို အကြမ်းဖက်လုပ်ဆောင်ခဲ့သည်။ ဥပမာ-ရန်ကုန်မြို့တွင်းရှိ ရပ်ကွက်အသီးသီးတွင်ရှိသော ကျူးကျော်အိမ်များအားလုံးကို ဖျက်နိုင်းပြီး သာကေတမြို့သစ်၊ တောင်ဥက္ကလာပ၊ မြောက်ဥက္ကလာပမြို့သစ်များသို့ နေရာ ချပေးလိုက်သည်။ ထိုသူများသည် ပြည်တွင်းစစ်ဒဏ်ကြောင့် တောမှ မြို့တက်ပြီး ကြုံရာတဲထိုးပြီး နေရာမှတဆင့် ဆယ်နှစ်တာကာလအတွင်း အိမ်ကြီးအိမ်ကောင်းများ အထိဖြစ်လာကြသည်။ ထိုသူများကို ဒီမိုကရေစီ အစိုးရအနေဖြင့် ဖယ်ရှားရန်မှာဆွာ အခက်အခဲကြုံနေရသည်။ငဲ့ညှာထောက် ထားရမည့် အကြောင်းများစွာ ရှိနေသောကြောင့်ဖြစ်သည်။ ထိုမျှမက အခိုးအစား မပြေသောနေရာအားလုံး အာဏာစက်ဖြင့် ဖိနှိပ်ပြီး အကြမ်းဖက် လုပ်ဆောင်ခဲ့သည်။ ဘာဘဲပြောပြော အားလုံးစည်း ကမ်းတကျ ရှိလာကြ သည်။ အခြေအနေသည် ပုံမှန်အနေအထားသို့ပြန်ရောက်ရှိလာပြီ ဖြစ်သည် ဟုဆုံးဖြတ်ပြီး(၁၈)လအကြာတွင် တရားမျှတသော ရွေးကောက်ပွဲ ကျင်းပ နိုင်ခဲ့သည်။

အဓိက ပြိုင်ဖက်ပါတီကြီးနှစ်ခုမှာ ဦးနုဦးဆောင်သော သန့်ရှင်း ဖ-ဆ-ပ-လ(Clean AFPFL)နှင့် ဦးဘဆွေ၊ဦးကျော်ငြိမ်းတို့ ဦးဆောင်သည့် တည်မြဲ ဖ-ဆ-ပ-လ (Stable AFPFL) တို့သည် အဓိကပြိုင်ဖက် ပါတီကြီး များဖြစ်ခဲ့သည်။ အခြားပါတီများ၏ အခန်းကဏ္ဍမှာ ထင်ရှားမှုမရှိပေ။

ဦးနေဝင်း၏ အိမ်စောင့်အစိုးရသည် စစ်သားများပီပီ စိတ်ဓါတ် တက်ကြွသောကြောင့် တက်တက်ကြွကြွ လုပ်ဆောင်နိုင်သော ဘဆွေ၊ ကျော်ငြိမ်းအုပ်စုကို သဘောကျသည်။ ထို့ကြောင့် အိမ်စောင့်အစိုးရ (The Caretaker government)က မျက်နှာသာပေးပြီး နယ်ဖက်တွင် အထူး ကြီးပမ်းပေးခဲ့သည်ဆိုသော် နိုင်ငံရေးလုပ်ဖေါ်ကိုင်ဖက်များကြားတွင် လူပျော၊ လူညံ့ဟု ထင်မှတ်ဖွယ်ရှိသော ဦးနုကို ပြည်သူပြည်သားများက သိပ်ချစ်ကြ သည်။ ရပ်ချောချော၊ အပြောကောင်း၊ အဟောကောင်း၊ ကိုယ်ကျင့်သိက္ခာ တည်ကြည်သည်။ မိန်းမပျက်လိုက်စားသော နာမည်ပျက် လုံးဝမရှိ လာဘ်



*ဝင်းဗိုလ်ယာရှိ နိုင်ငံတော်ဝန်ကြီးချုပ်နေအိမ်တွင် ပထမအဖွဲ့ ခေါင်းဆောင်များနှင့် ထေရဝါဒခေါင်းဆောင်များတိုင်ပင်နေပုံသည်ကာ အနဲ့အလျှံတွင် ဓမ္မဝိတ်ခိုက်ရိုက်ဘုရားတိုး ရွှေတန်း (ဝံ့ယာ) တတိယ ဦးဝေသွ ဦးနုနှင့် ဦးကျော်ငြိမ်းတို့ကို အတူတကွတွေ့ရစဉ်*

တ-ခြင်း တိုင်းပြည်တလွှာနိုးခြင်း တိုင်းပြည်တလွှာကိုမိမိ ပိုင်ပစ္စည်းလုပ်ခြင်း မျိုးလုံးဝကင်းသည်၊ ဗုဒ္ဓဘာသာဝင် ပီသစွာ ဘာသာရေး ကိုင်းရှိုင်း သော်လည်း အစ္စလာမ်သာသနာကို မင်းတုန်းမင်းတရားကြီးကဲ့သို့ စောင့်ရှောက်ခဲ့သူဖြစ်သည်။ အတွင်းသဘောအမှန်မှာ ဆိုရှယ်လစ် ဖြစ်သော် လည်း နိုင်ငံတော်ကို အုပ်ချုပ်ရာတွင် ဒီမိုကရေစီကျင့်စဉ်ကို တစ်ပြားမိုးမျှ အထိခံသူမဟုတ် ဆန္ဒနှင့်ဘဝကို ခွဲခြားနိုင်သော သူတော်ကောင်း ဝန်ကြီး ချုပ်ယောင်းဖြစ်လေရာ အသိပညာ အတတ်ပညာမရှိသော တောသူတောင် သားများသည် ဦးဘဆွေနှင့် ဦးကျော်ငြိမ်းကိုပင် သိသူရှား လေရာ အခြား သောအတိုက်အခံများမှာ များ-ဘွာရင်လေးဖွယ် ကောင်းလှသည်။ ထိုခေတ်က ရုပ်မြင်သံကြား မပေါ်သေးသောကြောင့် ပြည်သူလူထုသည် မဲထည့် ပါဟုဆိုလျှင် သန့်ရှင်းတည်ငြိမ် ကွဲပြားစွာ သိရှိမဟုတ်။ဦးနု ပါသောဖက်ဆိုပြီး မဲထည့်ကြလေရာ ပြည်သူ့ အချစ်တော် ဦးနုနိုင်လေသည်။ ကျွန်တော်တို့ အဖွားတွေသိထားတာက ဗိုလ်ချုပ်အောင်ဆန်း သခင်နုနှင့် ဗိုလ်နေဝင်းဒါဘဲ သိသည်။ စာမတတ်တော့ ဘာမှုနားမလည်။ အဖိုးကစာလေးဘာလေးတတ် တော့ ဦးဗဆွေကောင်းသည်။ ဦးကျော်ငြိမ်းတော်သည်ဟုပြင်းသည်။ သို့သော် အဖွားအပါအဝင် တစ်မြို့လုံးရှိ ပညာမဲ့အများစု ဦးနုမှဦးနုပါဘဲ။ ဦးနုကို

မြန်မာ စာအုပ်များ



သိပ်ချစ်ကြသည်။ ဦးနုကြီးအရမ်းချော၊အရမ်း အပြောကောင်းသည်။ ဗိုလ်ချုပ်ကိုချစ်ပေမဲ့ ဗိုလ်ချုပ်ကဆဲတတ်တော့ ကြောက်သည်။ ဗိုလ်နေဝင်းသည် ပြည်သူချစ်သော ဦးနုကို ကြက်ကလေး၊ ငှက်ကလေးလို ဖမ်းပြီး ထောင်ချလိုက်သောကြောင့် ဗိုလ်နေဝင်းကို မုန်းတီး ကြသည်။ ကြောက်ရွံ့ ကြသည်။ ရွံ့ကြီးဟု ဆိုရပေမည်။ ဗိုလ်နေဝင်း အာဏာသိမ်းပြီး မိန့်ခွန်းတွေမကြာခဏပြောသည်။ ပြောလိုက် စာရွက်ငုံ့ ဖတ်လိုက်နဲ့ ရယ်မောပြီးတော့ ပြောပါသည်။ သို့သော် သူ့မျက်လုံး တွေက ဦးနုကြီးရဲ့ မျက်လုံးတွေမျိုး ချစ်စရာမကောင်းဘူး။ ကြောက်စရာကောင်းတယ်လို့ အဖွားနဲ့လူကြီးသူမတွေပြောဆို တာမကြာခဏကြားရပါတယ်။ ကျွန်တော်တို့ အရွယ်ရောက်တော့လည်း ဗိုလ်နေဝင်းကိုကြောက်တာဘဲ။ ကလေးဘဝမှာ ကြားဘူးသမျှရန်ကုန်တက္ကသိုလ် သမဂ္ဂအဆောက် အအုံကြီးဗုံးခွဲတာ။ ဦးသန့်အရေးအခင်းမှာကျောင်းသား တွေကို ပစ်သတ်တာ။ အလုပ်သမားအရေးအခင်းမှာ အလုပ်သမားတွေကို ပစ်သတ်တာကြားရတော့ သူ့ပုန်တွေသို့ပဲကြောက်မိပါတယ်။

၁၉၆၀ ပေဖော်ဝါရီလရွေးကောက်ပွဲတွင်သန့်ရှင်း ဖ-ဆ-ပ-လ အနိုင်ရသောအခါ တပ်မတော်သည်အခြေခံဥပဒေကို လိုက်နာပြီး စစ်တန်းလျားသို့ပြန်ခဲ့သည်။စစ်သားသည် နိုင်ငံတော်နှင့်ဖွဲ့စည်းပုံ ဥပဒေကို ကာကွယ်ရန် တာဝန်ရှိသောကြောင့်ဖြစ် သည်။၁၉၆၀-ခုနှစ်ဧပြီလတွင် ပါလီမန်လွှတ်တော်ကို ချက်ချင်းကျင်းပသည်။ဦးနုဝန်ကြီး ချုပ်ပြန်ဖြစ်လာသည်။ ဝန်ကြီးချုပ်ဦးနုက ပေးခဲ့သောကတိအတိုင်း မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်ကို ပေးခဲ့သည်။ ဗုဒ္ဓဘာသာကို နိုင်ငံတော် ဘာသာအဖြစ်သတ်မှတ်ခဲ့သည်။ နိုင်ငံသားတို့၏ စီးပွားရေးနှင့် လူမှုရေး တိုးတက်စေဖို့အစွမ်းကုန် ကြိုးပမ်းခဲ့သည်။ သို့သော် ဗုဒ္ဓဘာသာကို နိုင်ငံတော်ဘာသာအဖြစ် ပြဋ္ဌာန်းခြင်းသည် ဗမာလူမျိုးကြီးဝါဒနှင့် ဘာသာရေးအရ စိုးမိုးလိုသောအချက်များဖြစ်သည်ဟု ဘာသာကွဲ တိုင်းရင်းသား လူမျိုးစုများက ယုံကြည်လာသောကြောင့် ပြည်ထောင်စု အစိုးရကို အယုံအကြည် ကင်းမဲ့ခဲ့လေသည်။

မြန်မာ စာအုပ်များ



ဘာသာကွဲ လူမျိုးအများစုကို ဆုပ္ပအုံကြွမှု စော်ဘွားရာထူး အရိုက်အရာကို စွန့်လွှတ်ခဲ့ရသော ရှမ်းစော်ဘွားများ၏ ခွဲထွက်ရေး တောင်းဆိုမှုများ ဆူညံလာသည်။ဦးနုသည် စိတ်ရင်းစေတနာကောင်း သော်လည်း ဗိုလ်ချုပ်အောင်ဆန်းကဲ့သို့ အရည်တွေးတတ်သူ မဟုတ်ချေ။ ဘာလုပ်ရင် ဘာဖြစ်လာမည်ဟု ကွက်ကျော်တွေးခေါ် မျှော်မြင်တတ်သူ လည်း မဟုတ်ချေ။ ထိုခေတ် ထိုကာလတွင်နိုင်ငံတော်၌ ခေါင်းဆောင်ပေါ်များ သော်လည်း အတွေးအခေါ်ကောင်းကောင်း စိတ်ထားသဘောထား ဖြူစင် ရှိးသားသူ တစ်ယောက်မျှမရှိ။ ထိုမျှအတွေးအခေါ် ဆင်ခြင်တုံတရား နည်းပါးသော် ဗိုလ်ချုပ်အောင်ဆန်းကဲ့သို့ တိုင်းသူပြည်သား အားလုံးအပေါ် ကျော့သားရင်သားမခွဲခြားဘဲ ကရင်တစ်ကျပ်၊ ဗမာတစ်ကျပ်၊ ရှမ်းတစ်ကျပ် စသည်ဖြင့် တန်းတူအခွင့်အရေးပေးနိုင်ရမည်။ပြည်နယ်များကို ကိုယ်ပိုင် စီမံဆောင်ရွက်ချက်များ ပေးသင့်သည်။ခုတော့ အာဏာ အားလုံးကို ဝန်ကြီးချုပ် က ဆုပ်ကိုင်ထားသည်။ ဝန်ကြီးချုပ်ကိုယ်တိုင်က လည်းအတွေး အခေါ် အမြော်အမြင်ရှိသူမဟုတ် ကိုယ်ကျင့်သိက္ခာလေး ကောင်းရုံမျှ သာဖြစ်သည်။ ထိုကြောင့် အကျပ်အတည်း ကြုံသောအခါ လိမ္မာပါးနပ်စွာ ကိုင်တွယ်ဖြေရှင်းနိုင်စွမ်းမရှိ ဟိုရွှေ့ဒီရွှေ့ အချိန်ဆွဲပြီး သူ့အလိုလိုပြေလည် သွားမည့် နည်းကိုသာ အသုံးပြုသည်။ ယခုအခါ အကြပ်အတည်းသည် လှည့်ပတ်ဖြေရှင်း၍ မရနိုင်သော အကြပ်အတည်း ဖြစ်လေရာ အင်အားကြီး မားသော မျိုးနွယ်စုများဖြစ်သည်။ရှမ်းတိုင်းရင်းသား ခေါင်းဆောင်များ၊ ကချင်တိုင်းရင်းသားခေါင်းဆောင်များကို ရန်ကုန်သို့ဖိတ်ခေါ် ပြီးငြိမ်းချမ်းစွာဖြင့် စားပွဲဝိုင်းထိုင်ပြီး စေ့စပ်ဆွေးနွေးမှုကို စတင်ခဲ့သည်။အင်အားကြီးမားသော အုပ်စုကြီးများနှင့် စေ့စပ်နွေးမှု အောင်မြင်သောအခါ (၁၉၆၂)ခု ဖေဖော်ဝါရီ လနှင့် မတ်လတွင် တိုင်းနှင့်ပြည်နယ်အသီးသီးမှ လူမျိုးစုခေါင်းဆောင်များ အားလုံးစုပေါင်းပြီး မျက်နှာချင်းဆိုင် ဆွေးနွေးကြမည်။စစ်မှန်သော ဖက်ဒရယ်မှုကိုရှိးသားပွင့်လင်းစွာပေးမည်။ နောင်တွင် ဆူပူမှုအချင်းချင်း တိုက်ခိုက်မှုများမပြုဘဲ တိုင်းနှင့်ပြည်နယ် အားလုံးသည် ပြည်ထောင်စု

မြန်မာ စာအုပ်များ



အစိုးရနှင့် လက်တွဲပြီး နိုင်ငံတော် တိုးတက်စည်ပင်သာယာ ရေးအတွက် ကြိုးစားပါဟု ဦးနုက တိုက်တွန်းသည်။

ပထမအဆင့် ဆွေးနွေးပွဲတွင် အမိကမျိုးနွယ်စုကြီးများနှင့် ပြေလည်မှုရသောကြောင့် ရန်ကုန်တွင် ပါလီမန်အစည်းအဝေးပုံ မှန်ပြုလုပ်နေချိန်တွင် စစ်မှန်သော ဖက်ဒရယ်မှုအတွက် ဦးနုသည် တိုင်းရင်းသားခေါင်းဆောင်အားလုံးနှင့် ဆွေးနွေးနေခဲ့သည်။ သို့သော် ဖက်ဒရယ်မှုပေးလိုက်ပါက နိုင်ငံတော်ကြီး အစိတ်စိတ်အမွှာမွှာ ပြိုကွဲသွားမည်ဟု ယူဆသောကြောင့် (၁၉၆၂)ခုနှစ် မတ်လ(၂)ရက်နေ့ တွင် ဗိုလ်ချုပ်နေဝင်း ဦးဆောင်သော စစ်တပ်ခေါင်းဆောင်များသည် အခြေခံဥပဒေအရ တက်လာ သော အစိုးရအဖွဲ့ဝင်အားလုံးနှင့် ဝန်ကြီးချုပ် ဦးနုတို့ကို ဖမ်းဆီးလိုက်လေသည်။ ထိုမှုမက ရန်ကုန်တွင် အစည်းအဝေး တက်ရောက်နေကြသော တိုင်းရင်းသား ကိုယ်စားလှယ် အားလုံးကိုလည်း ဖမ်းဆီးထိန်းသိမ်းထားလိုက်သည်။ မတ်လ(၂)ရက်နေ့တွင် တပ်မတော် သည်နိုင်ငံတော်ခေါင်းဆောင်များကို အားလုံးထိန်းသိမ်းနိုင်သောကြောင့် မတ်လ(၃) ရက်တွင် ထင်မှန်သော ဖက်ဒရယ်မှုအတွက် တွေ့ဆုံ ဆွေးနွေးပွဲ လုံးဝပျက်ဆီးသွားလေသည်။

စစ်တပ်မှ အာဏာသိမ်းပြီးသောအခါ နိုင်ငံတော်၏ အချုပ်အခြာအာဏာအလုံးအစုံကို အဖွဲ့ဝင်(၁၇)ဦး ပါဝင်သောတော်လှန်ရေးကောင်စီ (Revolutionary Council,R.C) က ပိုင်နိုင်စွာ ချုပ်ကိုင်ထားလိုက် လေတော့သည်။တိုင်းပြည်၏ ကံကြမ္မာအကောင်းအဆိုး အားလုံးကို တော်လှန်ရေးကောင်စီက တာဝန်ယူလိုက်သည်။ (၁၉၆၂)ခုနှစ် မတ်လ(၈)ရက်ဂါးဒီးယန်း (နေ့စဉ်)သတင်းစာကို အကိုးအကားပြုပြီးဖော်ပြခြင်းဖြစ်သည်။

နိုင်ငံတော်အာဏာ သိမ်းရခြင်းမှာပြဿနာ ဖြစ်ပွားသော ပြည်နယ်တစ်ခုစီကို အဆင့်ဆင့် စစ်အုပ်ချုပ်ရေးဖြင့် ထိန်းချုပ်ပါက ရနိုင်မည်ဖြစ်သော်လည်း ပြည်နယ်တစ်ပြီးတစ်ခု ကူးစက်နေပါက မီးနိုးကြွက်လျှောက်လိုက်ပြီး လုပ်နေရမည်ဖြစ်သောကြောင့် နိုင်ငံတော် အာဏာ

မြန်မာ စာအုပ်များ



သိမ်းပိုက်ခြင်းဖြင့် အာဏာသိမ်းရခြင်းဖြစ်သည်ဟု ဗိုလ်ချုပ်အောင်ကြီးက ရှင်းပြခဲ့သည်။ ဗိုလ်ချုပ်အောင်ကြီး၏ ရှင်းပြချက်မှာ သန့်ရှင်းဖ-ဆ-ပ-လ ဥက္ကဋ္ဌဦးနုသည် ပါတီအနိုင်ရဖို့အတွက် မဲဆွယ်ရာတွင် နိုင်ငံရေးကျင့်ဝတ်နှင့်မညီခဲ့ပါ။ ဘာသာရေးနှင့် နိုင်ငံရေးသည် လောကုတ္တရာ နှင့်လောကီ ဘယ်လိုမှ မတူညီသောအရာကို ရောနှောပြီး လူပြိန်းကြိုက် မဲဆွယ်ခဲ့သည်။ သန့်ရှင်း ဖ-ဆ-ပ-လ အနိုင်ရပါကနိုင်ငံတော်ကို ဗုဒ္ဓ ဘာသာနိုင်ငံအဖြစ် တရားဝင်ကြေငြာပေးမည်ဟုကတိပေးခဲ့သော ဘာသာကွဲများ၏ ဆူပူအုံကြွမှုကြုံရသည်။ထိုအချိန်က တပ်မတော်ထဲတွင် ဘာသာကွဲများစွာ ရှိနေသေးသည်။ထိုဘာသာကွဲ စစ်သည်တော်များ မကျေမနပ်ဖြစ်ပြီး နောက်ပိုင်းတွင် ဘာသာကွဲများကိုဖယ်ရှားခဲ့သည်။ တပ် တွင်းပုန်ကန်မှုလည်းဖြစ်ပွားနိုင်သည်။ အလွန် အန္တရာယ်ကြီးပြီး မလုပ်သင့်သော အလုပ်ကို ဦးနုကျူးလွန်ခဲ့သည်ဟု ဗိုလ်ချုပ်အောင်ကြီးက ရှင်းပြခဲ့သည်။

ဦးနု၏များယွင်းမှုကြောင့် စုစည်းညီညွတ်သော ပြည်ထောင်စု စနစ်ပျက်စီးခဲ့ရသည်။ စုစည်းသော ပြည်ထောင်စုကြီးနှင့် စုစည်းသော တပ်မတော်ရှိမှသာ နိုင်ငံတော်ကြီးပွား တိုးတက်မည်။ ယခုကဲ့သို့ ပြည်နယ်များသည်သူတို့ ပြည်နယ်အရေးအတွက် တောင်းဆိုစရာရှိတာ တွေအားလုံး တောင်းဆိုရယူသွားပြီး ပြန်လည်ပေးဆပ် လုပ်ဆောင်ရာတွင် စိတ်ကောင်း စေတနာကောင်းမထားပါက ပြည်ထောင်စုကြီး အတွက်များစွာ အထိနာနိုင်သောအနေအထားဖြစ်သည်။ အတော်လေးဘောင်ကြပ်နံကြပ် ဖြစ်အောင် လုပ်ကြသော မြန်မာ့နိုင်ငံရေးသမားများအပေါ် အယုံအကြည် ကင်းမဲ့သောကြောင့် တပ်မတော်မှ အာဏာသိမ်းခြင်းဖြစ်သည်။ ပြီးနောက် နိုင်ငံရေးပုံစံ အသစ်စီးပွားရေး ပုံစံအသစ်များပြုလုပ်မည်ဟု ရှင်းပြခဲ့သည်။

ယခုအချိန်တွင် ဆင်းရဲမွဲတေပြီး အသိဉာဏ်ပညာ နိမ့်ကျလျက် ရှိနေသောဆင်းရဲသားတောင်သူလယ်သမားများအလုပ်သမားများနှင့် ပြည်သူများအတွက် ဒီမိုကရေစီထက်ပိုပြီး အရေးကြီးသော အရာမှာ ရဲရင့်ပြတ်သားစွာ ဦးဆောင်နိုင်သောခေါင်းဆောင်မှုဖြစ်သည်ဟုအောင်ကြီးကဆက်ပြီးရှင်းပြခဲ့သည်။

တန်ထာဆုစာဝေ

ပါလီမန်ဒီမိုကရေစီအစိုးရ၏ အမှားအယွင်းများ ပျော့ညံ့ပြီး ကိုင်တွယ်ဖြေရှင်းပုံလည်း ညံ့သောပါလီမန် ဒီမိုကရေစီအစိုးရသည် ဆူပူသောင်းကျန်းမှု၊ သူပုန်ထမှု၊ ခါးပြမှုများကိုလည်း ထိရောက်စွာ ကိုင်တွယ်ဖြေရှင်းနိုင်စွမ်းမရှိပေ။ အစိုးရညံ့ဖျင်းသမျှ ပြည်သူတွေ ခံရဖို့ဖြစ်သည်။ ဦးနုအစိုးရသာ ညံ့ဖျင်းသည်မဟုတ်၊ အဆင့်ဆင့် ညံ့ဖျင်းလာသည်မှာ အောက်ခြေဝန်ထမ်း စာရေးဆရာများအထိ ညံ့ဖျင်းလေရာ တောင်သူလယ်သမားများအတွက် အားကိုးရာမဲ့ခဲ့ရသည်။

နုတိယအခေါက်အနေနဲ့ ရှင်းပြရမည်။ နိုင်ငံ့ခေါင်းဆောင်နေရာယူထားပြီး သာမန်အသေးအမွှား ပြဿနာလေးများကိုပင် ဦးနုအနေဖြင့် ဖြေရှင်းရန် အရည်အချင်းမရှိဖြစ်နေသည်။

နိဂုံးချုပ်ပြောရရင်တော့(၁၄)နှစ်ကာလ ဒီမိုကရေစီ သက်တမ်းဟာ ပြည်သူလူထုကို ဘာမှအကျိုးမပြုပါဘူး။ ဘယ်လို အာမခံချက်မှ မပေးနိုင်ပါဘူး အုပ်စိုးသူဟာ အာဏာရှင်ဘဝ မင်းတရားကြီးဖြစ်လာခဲ့သော်လည်း ပြည်သူလူထုအတွက် ဘာကိုမျှ လုပ်ပေးနိုင်စွမ်းမရှိပါဟု အောင်ကြီးက ရှင်းပြခဲ့သည်။ နောင်တွင် နိုင်ငံတော်၏ဒုက္ခဆင်းရဲအားလုံးကြုံတွေ့လေရာ အောင်ကြီးတို့က ပို၍ညံ့ဖျင်းသောကြောင့် သမိုင်းကသက်သေပြခဲ့သည်။

## မြန်မာနိုင်ငံ စစ်အုပ်ချုပ်ရေး

### (Military Rule in Burma)

အာဏာသိမ်းခေါင်းဆောင်များသည် မြန်မာ့ပြည်ထောင်စု အစိုးရအဖွဲ့မှ တာဝန်ရှိသူအားလုံးနှင့် ဖက်ဒရယ်မှုအတွက် ဆွေးနွေးရန် ရန်ကုန်မြို့သို့ ရောက်ရှိနေကြသော တိုင်းရင်းသားခေါင်းဆောင်အားလုံးကို ဖမ်းဆီးထိန်းသိမ်းထားပြီးဖြစ်လေရာ အာဏာဖီဆန်ဝံ့သူ မရှိတော့ပေ။အင်းအား မရှိလှသော အတိုက်အခံနိုင်ငံရေးပါတီများကိုမူ ဖမ်းဆီးခြင်း၊ ဖျက်သိမ်းခြင်း မပြုသေးဘဲ ကြိုးရှည်ရှည်နှင့် လှန်ထားခဲ့သည်။ပြည်ထောင်စု ရဲအဖွဲ့ကို ဖျက်သိမ်းလိုက်ပြီး တပ်မတော်၏ အုပ်ချုပ်မှုအောက်တွင် ရဲအဖွဲ့ကိုထားလိုက်သည်။ လုံခြုံရေး

ကောင်စီဖွဲ့စည်းပြီး တပ်မတော် အရာရှိများနှင့် လက်တွဲဆောင်ရွက်ရန် အရပ်ဖက်မှစည်းရုံး၍ ရသူများနှင့်ရဲတပ်ဖွဲ့မှအရာရှိ အချို့ကိုခေါ်ယူပြီး ဖွဲ့စည်းထားလိုက်သည်။ အကြံပေး ကောင်စီများအားလုံး ဖျက်သိမ်းပြီး ဝန်ကြီးဌာနများနှင့် အစိုးရဌာနများကိုအုပ်ချုပ်မှု လွယ်ကူ သောပုံစံများ သင့်တော်သလို ပြောင်းပြီး တပ်မတော် ခေါင်းဆောင်များက တင်းကျပ်သော စည်းကမ်းများဖြင့်စတင်အုပ်ချုပ်သည်။

တစ်နိုင်ငံလုံး အတိုင်းအတာအထိ အုပ်ချုပ်ရေး ယန္တယားတစ်ခုလုံးကို ထိန်းချုပ်ပြီးသောအခါ တပ်မတော်သည် အာဏာမသိမ်းမီ ကတည်းက ကြိုတင်ကြံစည်းထားသော ဆိုရှယ်လစ်စနစ်သို့ လျှောက်လှမ်း ရန်အတွက် လမ်းစဉ်သဘောထား ကြေညာချက်ကို တရားဝင်ထုတ် ပြန်ခဲ့လေသည်။ ထိုလမ်းစဉ်မှာ-မြန်မာ့နည်း မြန်မာ့ဟန်ဖြင့် ဆိုရှယ်လစ် လမ်းစဉ်တည်ဆောက်ရန် (The Burmese Way to Socialiam ) ဖြစ်သည်။ဆိုရှယ်လစ်ပန်းတိုင် သို့ချီတက်ရမည်။ စီမံချက် လမ်းကြောင်းများကိုလည်း အကျယ်ရှင်းလင်းဖေါ်ပြခဲ့သည်။

အာဏာသိမ်းအဖွဲ့သည် အာဏာသိမ်းခြင်းကို စနစ်ကျစေရန်အတွက်အချိန်များစွာယူပြီး အကွက်ကျကျစီစဉ်ခဲ့ဟန်တူသည်။တိုင်းဒေသအသီးသီးမှ ခေါင်းဆောင်အားလုံး ပါဝင်ဟန်တူသည်။ အဘယ်ကြောင့်ဆိုသော် အာဏာသိမ်းအဖွဲ့ကို ဆန့်ကျင်ပုန်ကန်သော အဖွဲ့များနှင့် တန်ပြန်အာဏာသိမ်းမှုများ ဖြစ်မလာခဲ့ခြင်းကြောင့်ဖြစ်သည်။ထိုအချိန်က တပ်မတော်၏ အာဏာသိမ်းမှုကို မြန်မာ့အတိုက်အခံ နိုင်ငံရေးသမားများ အခြားသောအုပ်စုများနှင့်ပြည်သူလူထု အားလုံးဆန့်ကျင် ကန့်ကွက်ရဲသူမရှိပေ။ ထူးခြားချက်မှာ ရန်ကုန်တက္ကသိုလ်မှ ကျောင်းသား များကသာ ဆန့်ကျင် ကန့်ကွက်ခဲ့သောကြောင့် ကျောင်းသားများကိုနှိမ်နင်းပြီး ရန်ကုန် တက္ကသိုလ်ကျောင်းသားသမဂ္ဂ အဆောက်အဦးကိုလည်း ဖေါက်ခွဲ ဖျက်ဆီးခဲ့ရသည်။

စစ်တပ်သည် (၁၉၇၄)အထိ အာဏာကိုမိမိရရ ဆုပ်ကိုင်ထားနိုင်ခဲ့သည်။ (၁၉၇၄)ခုတွင် စစ်တပ်ကို အခြေခံသော မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီဟူ၍ တရားဝင်ပေါ်ပေါက် လာသောအခါ ပါတီအတွင်းမှ

တက်လာ သော အရပ်သားများနှင့် အာဏာကို ခွဲဝေပြီးအသုံးပြုခဲ့ကြသည်။ ထို့နောက် တပ်မတော်ခေါင်းဆောင်များ အရပ်ဝတ်လဲပြီး အုပ်ချုပ်မှု အာဏာကို အရပ်သားပုံစံဖြင့် ကိုင်တွယ်ကျင့်သုံးကြသောအခါ တပ်မတော်သည် (မ-ဆ-လ)ပါတီနှင့် နိုင်ငံတော်ကိုကာကွယ်ရန်အတွက် တပ်စခန်းအသီးသီးကို ပြန်ရလေတော့သည်။

မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ The Burma Socialist Program Party (B.S.P.P)သည် တစ်ပါတီအုပ်စိုးသည့် စနစ်ဖြင့်သွားနေရသော ကြောင့်ပြိုင်ဖက်မရှိပေ။ စာပေ လွတ်လပ်ခွင့်ကိုလည်း ပိတ်ပင်ထားခဲ့သည်။ ထုတ်ထုတ်ဝေရေးသားခွင့် လွတ်လပ်စွာ စည်းရုံးခွင့် အားလုံးပိတ်ပင်ခဲ့သည်။

(၁၉၆၂)ခုနှစ် ပုံနှိပ်သူနှင့် ထုတ်ဝေသူများအတွက်ထုတ်ဝေခဲ့သော ဥပဒေအရ လွတ်လပ်စွာ ထုတ်ဝေခွင့်မရှိ။ လက်ရှိအစိုးရ၏ ဆောင်ရွက်မှုများကို ထောက်ပြဝေဖန်ပါက ရက်စက်သောအပြစ်ဒဏ်များပေးခဲ့သည်။ (မ-ဆ-လ)ခေတ်ဥပဒေများသည် ကိုလိုနီခေတ်ဥပဒေများထက်ပို၍ တင်းကျပ်ချုပ်ချယ်လွန်းသည်ဟု ကမ္ဘာက လက်ခံထားကြသည်။ သို့သော် မြန်မာနိုင်ငံသားများ သည်ကောင်းစွာ သဘောမပေါက်ကြပေ။ စီးပွားချွတ်ခြုံကျသောအခါမှ ဆူပူကြတော့သည်။

တပ်မတော်မှ အာဏာသိမ်းစဉ်ကာလကတည်းက ပြည်သူလူထုကို နိုင်ငံရေးနှင့် ပတ်သက်ပြီး အမှောင်ချထားလိုက်သည်။ နိုင်ငံရေးဆိုသည်မှာ တပ်မတော်သားများနှင့် သက်ဆိုင်ရာ ရပ်ကွက်၊ကျေးရွာမြို့နယ်၊ ပြည်နယ်လူမျိုးစု ခေါင်းဆောင်များသာ စုပေါင်းပြီး လုပ်ရမည့် အရေးကိစ္စဖြစ်သည်။ သာမန်ပြည်သူများနှင့် နိုင်ငံရေးသည် ဘာမျှမဆိုင်ဟု သတ်မှတ်ပေးခဲ့သည်။ ပြည်သူလူထုသည် နိုင်ငံရေးဆိုသော စကားလုံးကိုပင် မပြောရဲတော့ပေ။ သို့သော် ထိုအချိန်က နိုင်ငံရေးဆိုတာက စား၊ဝတ်၊နေရေးမှာ နေရေးထိုင်ရေး ကြပ်တည်းမှု အဆင့်မျှသာ ဖြစ်စေတဲ့အတွက် နိုင်ငံရေးစနစ်မကောင်းလို့ လွတ်လပ်စွာရေးခွင့်မရရင် မရေးရဲပါဘဲ။ လွတ်လပ်စွာ ဟောပြောခွင့်မရတော့လဲ မဟောရဲပါပဲ။ လွတ်လပ်စွာစိတန်း လှည့်လည်ခွင့်

မြန်မာ စာအုပ်များ





ဦးနေဝင်း

မရတော့လည်း မလှည့်ရှုံပဲပေါ့။ အစိုးရအမိန့်နဲ့ လှည့်နိုင်းတဲ့ အခါကျတော့ မလှည့်မနေရ ကြီးစွာဒုက္ခရောက်ခဲ့ကြပါတယ်။

နိုင်ငံရေးကိုပါတီကသာ လုပ်မယ်ဆိုတော့ လုပ်ပေါ့။ အဲဒီအထိ ဘာမှုပြဿနာမရှိ။ တပ်မတော်မှ အာဏာသိမ်းခြင်းသည် ရာနှုန်းပြည့် အောင်မြင်ပါသည်။ သို့သော် ၁၉၈၈ ကလူထုအုံကြွမှု ဖြစ်လာခြင်းသည် အမှန်စင်စစ် တစ်ပါတီ အာဏာရှင်စနစ်ဆိုးကို တိုက်ခိုက်ခြင်းမဟုတ်။ ငွေစက္ကူများကို တရားမဝင်ကြေညာပြီး လက်လွတ်စပယ် ဖျက်သိမ်းလိုက်သောအခါ နိုင်ငံတော်မှ ရည်ရွယ်သည်မှာ တဖက်နိုင်ငံနယ်စပ်ရှိ ငွေထုပ်ပိုက်ပြီး ငွေကစားသူတွေ ဈေးကစားသူတွေကို အလဲထိုးခြင်း ဖြစ်သော်လည်း "သူ့ငွေသဘော်မှောက်လို့ ထမင်းမငတ်ဘူး။ သူတောင်းစား ခွက်ပျောက်တော့ ထမင်းငတ်ကိန်းဆိုက်လာပြီ။ ဒီတော့ ခေါင်းငုံ့ခံလဲ ငတ်ပြီးသေရမယ့် အတူတူ သေမထူးနေမထူးဆိုပြီး အုံကြွလာခြင်း ဖြစ်ပါတယ်။" အဲဒီခေတ်ကာလတုန်းက (GSM) ဖုန်းတွေ မပေါ်သေးပါဘူး။ ကြိုးဖုန်းတွေကို နိုင်ငံတော်က အချိန်မရွေးဖြတ်တောက်ထားလို့ရပါတယ်။ ဒီတော့ခေတ်ကာလမှ ခါတော်မှီလူထုခေါင်းဆောင် တွေဟာ ရန်ကုန်မြို့မှာ လောက်ဘဲဦးဆောင်နိုင်ခဲ့တာပါ။ ကျန်တဲ့မြို့တွေ၊ ရွာတွေ အားလုံးထပြီး ဆူကြပူကြပုံဟာ တစ်ရွာတစ်ပုဒ်ဆန်း သူတစ်လူငါတစ်မင်းနဲ့ ဝရုန်းသုန်း ကား၊ အထိန်းအကွပ်မဲ့

မြန်မာ စာအုပ်များ



ဆုမှုမှုတွေကိုဘယ်သူမှ ဦးဆောင်တာမဟုတ်ဘူး။ (BBC) ကဘဲဦးဆောင်ပြီး မြှောက်ပင့်ပြီး စီစဉ်သွားတာပဲ။ အဓိကမင်းသားဟာ ခရစ်စတိုဖာဂဲနစ် ဖြစ်ပါတယ်။

အဓိကအချက်ကတော့ ဘယ်စနစ်နဲ့ သွားသွားပြည်သူလူထုဟာ ကြွယ်ဝချမ်းသာနေရင် စားဝတ်နေရေး ဖူလုံနေရင်အဲ့ကြွမှာ မဟုတ်ဘူး။ အမှန်စင်စစ် နိုင်ငံရေးစနစ်ဟာ အများနည်းတူ ဒီမိုကရေစီလောက်ဆို လုံလောက်ပါတယ်။ နောက်လာမယ့် အစိုးရအဆက်ဆက် စီးပွားရေးကို ထုံး အမှားခံသင့်ပါ။ တော်လှန်ရေးကောင်စီသည် အာဏာသိမ်းခြင်းကို ရာနှုန်းပြည့် ဆုံးရှုံးပါသည်။

ဖ-ဆ-ပ-လအစိုးရသည် အာဏာရစဉ်အခါက ဆိုရှယ်လစ်စနစ်ကို ထူထောင်ရန်အတွက် အကြီးစားစက်မှုလုပ်ငန်းကြီး အချို့ကို ပြည်သူပိုင် သိမ်းခဲ့သည်။ လယ်ပိုင်ရှင်ကြီးများ ချစ်တီးများပိုင်ဆိုင်သော အလွန်ကြီးမား ကျယ်ပြန့်သည့်လယ်များကို နိုင်ငံပိုင် သိမ်းယူပြီး ထိုလယ်များတွင် အမှန် တကယ် လယ်လုပ်နေသူများကို လယ်ပိုင်ခွင့်ပေးခဲ့သည်။ လယ်ယာ ကဏ္ဍ တွင်သိမ်းပြီး အခက်မကြုံသော်လည်း စက်မှုလုပ်ငန်း၊ ကုန်ထုတ်လုပ်ငန်းများ တွင်အကြီးအကျယ် အခက်ကြုံသည်။ ဖ-ဆ-ပ-လ အဖွဲ့တွင် ဆိုရှယ်လစ်များ ဝိဇ္ဇာပညာရှင်များသာရှိသည်။စက်ရုံများ ကုန်ထုန်လုပ်ငန်းကြီးများကို နိုင်ငံပိုင် သိမ်းယူပြီးနောက် ကုန်ထုတ်လုပ်ငန်းများ၏ ထုတ်လုပ်မှု စွမ်းအားသည် ထိုးကျသွားသည်။ အဘယ်ကြောင့် ကျဆင်းရသည်ကို အဖြေရှာမရ။ ပညာရှင်ချို့တဲ့သောကြောင့် ဖြစ်သည်။ကုမ္ပဏီပိုင်ရှင် သူဌေးကြီးများတွင် ထူးချွန်ထက်မြက်ပြီး သစ္စာရှိသော မန်နေဂျာ လူယုံများစွာရှိသည်။ ကုန်ထုတ်လုပ်မှု ကျွမ်းကျင်သော စက်မှုအင်ဂျင်နီယာ ဓါတု အင်ဂျင်နီယာ များရှိသည်။ စက်ရုံများ သိမ်းဆည်းခံရသောအခါ နိုင်ငံခြားသားသူဌေးသည် သူ့နိုင်ငံသို့ ပြန်သောအခါ တန်ဖိုးမဖြတ်နိုင်သော ပညာရှင်များကို ခေါ်သွား လိုက်သည်။ ထို့ကြောင့် ဖ-ဆ-ပ-လ အစိုးရသည် စက်ရုံများသာ ရရှိသည်။ သစ္စာရှိသော ပညာရှင်များ သိမ်းယူထားသော စက်များအတွက် အပိုပစ္စည်း များကို မှုရင်းစက်ထုတ်လုပ်သောနိုင်ငံသို့ မှာယူရာ၌ အခက်အခဲရှိ လာသည်။

မြန်မာ စာအုပ်များ



သူ့အလှည့်၊ ကိုယ့်အလှည့် ပြန်လုပ်ခြင်းဖြစ်သည်။ ထိုအခြေ အနေဆိုးကို ကြုံရသည်နှင့် ပါလီမန်ဒီမိုကရေစီစနစ် ဖြစ်လေရာပါတီ အတွင်းမှ ရဲဝံ့ပြတ်သားစွာ အကြံပေးပြီးစုပေါင်း အဖြေရှာနိုင်ခြင်း အတိုက်အခံပါတီမှ အမတ်များကလည်း လွှတ်တော်အတွင်း ရဲဝံ့ပြတ်သားစွာ တိုက်ခိုက်ဝေဖန်ခွင့်ရှိသောကြောင့် စက်ရုံကြီးများပြည်သူပိုင် သိမ်းခြင်းကို ရပ်ပြီး ဆိုရှယ်လစ် (ရှစ်ဆယ်လို)ဝါဒကို ကျောခိုင်းလိုက်သည်။ သို့သော် ဦးနု ဦးဘဆွေ၊ ဦးကျော်ငြိမ်း တို့အားလုံးသည် ဆိုရှယ်လစ်များသာဖြစ်သည်။ ပါလီမန်ဒီမိုကရေစီစနစ်ကြောင့် ခြေတစ်လှမ်းအမှားကို နောက်ပြန်ဆုတ်ပြီး စီးပွားရေးကို လွတ်လပ်စွာ ခွင့်ပေးခဲ့သော်လည်း စက်ရုံများကို နိုင်ငံပိုင် သိမ်းလိုသော စိတ်ဓါတ်တော့ ရှိနေကြဆဲဖြစ်သည်။

ဤတွင်ပြင်ပလောကအကြောင်း ဘာမျှမသိသော အာဏာသိမ်းစစ်ခေါင်းဆောင်ကြီးများ မိုက်မိုက်ကမ်းကမ်းဖြင့် စက်ရုံကြီးငယ်အားလုံးကို နိုင်ငံပိုင်သိမ်းယူလိုက်သည်။

ဦးနုသည် (၁၉၅၀)ပြည်သူပိုင် သိမ်းခြင်းကို အကန့်အသတ်ဖြင့်သာ ဆောင်ရွက်ခဲ့သည်။ လယ်ယာမြေသိမ်း ကိစ္စအောင်မြင်သောကြောင့် ဆန်စပါး ရောင်းရငွေကို အခြေခံပြီး စက်မှုနိုင်ငံ အဖြစ်ထူထောင်ဖို့ ရည်မှန်းခဲ့သည်။ သို့သော် ကိုရီးယားစစ်ပွဲပြီးဆုံး၍ နိုင်ငံခြားတပ်များ ဌာနေပြန်ကြသောအခါ ဆန်စပါးဝယ်လိုအား ကျဆင်းပြီး စပါးဈေးထိုးကျ သွားသည်။ ထိုအခါ ဆန်စပါးများမရောင်းရဘဲ အလဟဿဖြစ်သွားသည်။ ထိုခေတ်က ဒီမိုကရေစီခေတ် ဖြစ်လေရာ အမှားပြင်ခွင့်ရှိသည်။

(၁၉၅၇) ခုနှစ်ဇွန်လတွင် ဦးနုသည်စီးပွားရေးပေါ်လစီ (a new economic policy) ကိုထုတ်ပြန်ခဲ့သည်။ ထိုစနစ်အရ ဆိုရှယ်လစ်ဖက်ကို ဦးတည်တော့မည်မဟုတ်။ ပုဂ္ဂလိကနှင့်ဖက်စပ်များ၊ နိုင်ငံခြားလုပ်ငန်းများကို အစွမ်းကုန်အားပေးသွားမည်ဟု ကြေငြာခဲ့သည်။ ဦးနုနှင့် ဖ-ဆ-ပ-လခေါင်းဆောင်များသည် ဆိုရှယ်လစ်ပန်းတိုင်သို့ မဆင်မခြင် တစ်ဇောက်ကန်းချိတက်ပါကပန်းတိုင်သို့ မရောက်ဘဲ တိုင်းပြည်ချောက်ကမ်းပါး ထဲကျသွားမည်ဖြစ်ကြောင်း သဘောပေါက်ကြသည်။ ထို့ကြောင့် အခြေအနေ

ပေးလာသောအခါကို စောင့်ရမည်။ အခြေအနေကို ဒွတ်ဖန်တီး၍မရ ယခုလောလောဆယ်တွင် ရောနှော စီးပွားရေးပုံစံ (the stage of mixed economy) ဖြင့်သွားခြင်းသာ အကောင်းဆုံး ဖြစ်သည်ဟုလူထုကို အကြိမ်ကြိမ်ရှင်းပြခဲ့သည်။ နောက်နောင် နိုင်ငံတော် တည်ငြိမ်အေးချမ်းတိုးတက်လာချိန်တွင်ဆိုရှယ်လစ်ပန်းတိုင် သို့ပြန်၍ ချီတက်မည်ဟု ဦးနုသည် ကြိတ်ပြီး အားခဲထားလျက်ရှိသည်။

အာဏာသိမ်း စစ်အစိုးရအဖွဲ့သည် ဦးနုကဲ့သို့ အလျှော့အတင်း မလုပ်ဘဲ တစ်ယူသန်၊ တစ်ဇောက်ကန်း လုပ်ဆောင်ခဲ့သည်။ ဉာဏ်ပညာ အရည်အချင်းများစွာ ကွာသည်။ သူတို့အားလုံးပေါင်းသည့် ဉာဏ်ပညာသည် **ဦးနုကိုမမှီပေ။**

အိမ်စောင့်အစိုးရ (The caretaker government) လက်ထက်တွင် ဦးနေဝင်း၏ လုပ်ရပ်များသည် နိုင်ငံရေးစီးပွားရေးအားလုံးကောင်းပါသည်။ ကမ္ဘာကလေးစားခဲ့ရပါတယ်။ အိမ်စောင့်အစိုးရအဖြစ် တာဝန်ယူရသော အချိန်ကာလသည် အလွန်တိုတောင်းသော(၁၈)လမျှသာ ဖြစ်သော်လည်း မြန်မာအစိုးရ၏ကာကွယ်ရေးဆားဗစ်အင်စတီကျု (The Defense Servises Institute) ကိုနိုင်ငံခြားစီးပွားရေး ကုမ္ပဏီကြီးများနှင့်လက်တွဲ၍ စီးပွားရေး နယ်ပယ် အတော်များများတွင် အကျိုးတူပူးပေါင်း ဆောင်ရွက်စေခဲ့ရာ များစွာ အောင်မြင်မှု ရခဲ့လေသည်။(၁၉၆၀)တွင်ဝန်ကြီးချုပ် ဦးနု၏ အရပ်သား အစိုးရတက်လာသောအခါ အောင်မြင်နေသော ဖက်စပ်လုပ်ငန်းများ နိုင်ငံခြားသား ကပြားများနှင့် တိုင်းရင်းသား လုပ်ငန်းပိုင်ရှင်များ ပိုင်ဆိုင်သော လုပ်ငန်း များကိုဘာတစ်ခုမျှ သိမ်းယူခြင်းမလုပ်ခဲ့ပေ။ ဦးနုအစိုးရသည် စီးပွားရေး ပေါ်လစီမှန်ကန်ခဲ့သည်။ နိုင်ငံရေးလမ်းစဉ် လွဲမှားသောကြောင့် ပြုတ်ချခံခဲ့ရခြင်းဖြစ်သည်။

သို့သော် အာဏာသိမ်းစစ်အစိုးရသည် နိုင်ငံရေးအရ အတိုက်အခံ မရှိသောကြောင့်အောင်မြင်သည် ဟုဆိုရပေမည်။သို့သော် နိုင်ငံတော် အာဏာကို ရေရှည်ဆုပ်ကိုင်မထားဘဲ အခြေခံဥပဒေကို လိုက်နာပြီး ၊ နိုင်ငံတော်အေးချမ်းလုံခြုံမှုရသည်နှင့် အရပ်ဖက်သို့အာဏာလွှဲ သင့်သော်

လည်း၊ အာဏာကို ထာဝရချုပ်ကိုင်ထားနိုင်ရန်အတွက် အခြေခံ ဥပဒေကို ဖျက်သိမ်းခဲ့သည်။ ထို့နောက် မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်သို့ ဦးတည်သွားသည်။ နိုင်ငံအတွင်းရှိ နိုင်ငံခြားသားပိုင် လုပ်ငန်းအားလုံး အရင်းအနှီးအားလုံး သိမ်းသည်။ နိုင်ငံသားများ၏ လုပ်ငန်းများလည်း ကြီးကြီးသေးသေး အားလုံးကိုသိမ်းသည်။ ထိုအခါစီးပွားရေး ထိုးကျသွားခဲ့သည်။ တိုင်းသူပြည် သားများ ကောင်းဖို့ကြိုးစားသော်လည်း၊ တိုင်းသူ ပြည်သားများ အငတ်ဘေးဒုက္ခကြုံတော့သည်။ နိုင်ငံ့ခေါင်းဆောင်ကြီး များ၏စေတနာသည် ပြည်သူလူထုအတွက်ဝေဒနာဖြစ်ခဲ့သည်။ (၁၉၆၃) ခုနှစ်တွင် တော်လှန်ရေးကော်စီသည် ဘဏ်များအားလုံးကို ပြည်သူပိုင် သိမ်းလိုက်သည်။ ရည်ရွယ်သည်မှာ ဘဏ်များမှ ငွေများအားလုံး ရနိုင်ဖို့ဖြစ်သည်။ သို့သော် ဘဏ်များသည် နိုင်ငံတကာနှင့် ချိတ်ဆက်ထားခြင်း ဖြစ်လေရာ၊ဘဏ်ထဲရှိသော ငွေများသာ သိမ်းယူနိုင်ပြီး နိုင်ငံခြားဘဏ်များတွင် အပ်နှံထားသော ငွေများကို ထုတ်ယူနိုင်ခြင်းမရှိပေ။ သွင်းကုန်၊ ထုတ်ကုန် လုပ်ငန်းနှင့် ကုန်စည်ဖြန့်ဖြူးခြင်း လုပ်ငန်းများကို ထိုအချိန်က ဘဏ်များနှင့် ချိတ်ဆက်ပြီး လုပ်ဆောင်ကြခြင်း ဖြစ်လေရာ၊ ဘဏ်များအသိမ်းခံရသည်နှင့် နိုင်ငံခြားဘဏ်များသည် နိုင်ငံတော်ပိုင် ငွေများကိုလည်း ပေးအပ်ခြင်း မပြုတော့ဘဲ ငွေချေးထားသော ကုန်ပစ္စည်းများကိုလည်း တင်သွင်းပေးခြင်း မပြုတော့ပေ။ ဘဏ်များ အသိမ်းခံရသောကြောင့်၊ ထိခိုက်နစ်နာခဲ့သော ကုန်သည်ကြီးများသည် ပြည်ပသို့ရောက်သောအခါ မြန်မာ့ငွေကြေးစနစ်ကို- တန်ပြန်လက်စားချေပြီး သူတို့အသိုင်းအဝိုင်း အင်အားဖြင့် ပိတ်ဆို့ကြသည် မြန်မာနိုင်ငံမှ တင်ပို့မည့် ဆန်စပါးနှင့်တွင်းထွက်ပစ္စည်း အားလုံးကို၊ ဆန့်ကျင်ကန့်ကွက် သပိတ်မှောက်ကြသည်။ လုပ်ငန်းရှင်ကြီးများသည်၊ နိုင်ငံတကာ၊ စီးပွားရေး အသိုင်းအဝိုင်းမှလာကြသူများဖြစ်လေရာ သူတို့ကို၊ အကြမ်းဖက်သောအခါ၊ သူတို့က ပြည်သူပြည်သားများကဲ့သို့ သီးခံနေခြင်း ခေါင်းငုံ့ခံခြင်း မလုပ်ကြပါ။ ပါးကိုက်ရင်၊ နားကိုက်မည်။ "An eye, for an eye" ဟုသဘောထားကြသည်။

မြန်မာ စာအုပ်များ



နိုင်ငံတကာမှ စီးပွားရေးသမားများကို အကြမ်းဖက်၍မရပါ။ အကျိုးဆက်မှာ၊ ပြည်သူပိုင် သိမ်းထားသော စက်ရုံကြီးများမှ ကုန်ထုတ်လုပ်မှုအတွက်လိုအပ်သောကုန်ကြမ်းများ ဝယ်ယူခွင့်မရတော့ပါ။ စက်ပစ္စည်း အပိုအစိတ်အပိုင်းများ မရနိုင်တော့ပါ ကြားပွဲစားထံမှ ဈေးကြီးကြီး ပေးဝယ်ရန် နိုင်ငံခြားငွေလည်း လုံလောက်စွာမရှိပါ။

နိုင်ငံပိုင်သိမ်းထားသော စက်ရုံကြီးများကို၊ စွမ်းအားပြည့်ရန် ထုတ်ရန် အလေ့အကျင့်နည်းစေရန်အတွက် စီမံခန့်ခွဲအုပ်ချုပ်တတ်သော ပညာရှင်များမရှိပါ။ စက်ကြီးများကို ကျွမ်းကျင်စွာမောင်းနှင်ခြင်း၊ ပြစ်ချက် [illegible] ရှာဖွေစစ်ဆေးပြုပြင်ခြင်းများ ပြုလုပ်နိုင်သော စက်မှုကျွမ်းကျင် ပညာရှင်များ လုံလောက်စွာ မရှိပါ။ ထို့ကြောင့် စက်ရုံများမှ ထွက်ကုန်များ လွန်စွာလျော့နည်းကုန်သည်။ ထိုအကျိုးဆက်မှာ နိုင်ငံတော်၏ လိုအပ်ချက်ကိုပင် ဖြည့်ပေးနိုင်စွမ်းမရှိတော့ပေ။

ပြည်သူလူထုစားသုံးသူဖက်မှ လိုအပ်ချက်မြင့်မားပြီးနိုင်ငံပိုင် စက်ရုံမှ ထုတ်လုပ်ပေးနိုင်သော အတိုင်းအတာမှာ လျော့နည်းပြီး၊ ဆင်ပါးစပ်၊ နှမ်းပက်သလို၊ မလောက်မဖြစ်လာသောအခါ၊ ဝိသမကိုယ်ကျိုးရှာသမားတို့က လူထုထံကုန်ပစ္စည်းများ ရောင်းချပေးခြင်းမပြုတော့ဘဲ။ မှောင်ခိုသမားများလက်ထဲသို့ ငွေမျက်နှာ တစ်ခုတည်း ကြည့်ပြီးပေးလိုက်ကြသည်။ ထို့ကြောင့်(၁၉၆၇) မှောင်ခိုဈေးသည် ပါးစပ်မှ ထွက်သောဈေးသည်ပေါက်ဈေးဖြစ်သည်။

ကုန်ပစ္စည်းတွေရှားလေ၊ လူတွေလုပြီး ဝယ်လေ၊ ကုန်ဈေးနှုန်းတက်လေ၊ နိုင်ငံသားများ ဆင်းရဲတွင်းနက်လေဖြစ်သည်။ ထိုခေတ်တွင် အခွင့်ထူးခံလူတန်းစား (VIP)တွေဘဲ ကောင်းစားသည်။ ပြည်သူလူထုမှာ လွန်စွာဒုက္ခရောက်ခဲ့သည်။

၁၉၆၇ ခုတွင် ယခင်မြန်မာ့ဆန် ဝယ်ယူကြသော ဖောက်သည်များက စီးပွားရေးသပိတ် မှောက်ထားသောကြောင့် ဆန်များကို၊ နိုင်ငံခြားသို့ တင်ပို့ရောင်းချခွင့်မရှိသော်လည်း ဆန်ရှားခဲ့သည်။ ပြည်သူလူထု ဒုက္ခအကြီးအကျယ်တွေ့ရသည်။ ထို့ကြောင့်(၁၉၆၈)တွင်၊ အစိုးရသည်တင်းကြပ်မှု

မြန်မာ စာအုပ်များ



အတော်များများကို လျှော့ပေးခဲ့သည် ပုဂ္ဂလိက လုပ်ငန်းငယ်လေးများ၊ ကုန်သည် ငယ်လေးများကို ခွင့်ပြုပေးခဲ့သည်။

၁၉၇၂ ခုနှစ်တွင် မှောင်ခိုကုန်သွယ်ရေး (Black market trading) လွန်စွာကြီးမားခဲ့သည်။ ထိုအချိန်အထိအစိုးရဂိုဒေါင်များ၌သာ မှောင်ခို ကုန်သွယ်ရေး ရှိခဲ့သည်။(၁၉၇၃) တွင် ထိုင်းနိုင်ငံဖက်မှ အကောက်ခွန်မဲ့ ပစ္စည်းများ မြန်မာနိုင်ငံသို့ စတင်ဝင်ရောက်သည်။ မြဝတီ-မဲဆောက်လမ်းနှင့် ကော့သောင်း-ရနောင်းလမ်းကြောင်းမှ အများဆုံးဝင်သည်။ ဗိုနံဖက်မှ စက်လှေများဖြင့်ဝင်သည်။ ထိုအချိန်မှစပြီး ဆင်းရဲတွင်း နက်မှုများ စတင်ဖြစ် ပေါ်ခဲ့သည်။ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ အောင်မြင်မှု မရခြင်းသည် အောက်ပါအချက်များကြောင့်ဖြစ်သည်။

ယနေ့လူငယ်၊ နောင်ဝယ်လူကြီးဖြစ်လာမည့် အနာဂတ် ကျောင်းသားများကို အရည်အသွေးပြည့်ဝသော နိုင်ငံတကာ အဆင့်မှီစက်မှု အတတ်ပညာ၊ နည်းပညာများကို ကလေးဘဝကတည်းက သင်ကြား လေ့ကျင့်ပေးထားမည်။ အထက်တန်းပညာအဆင့်တွင် ကမ္ဘာ့အဆင့်မှီ ဖြစ်ရမည်။ အထက်တန်းအောင်ပြီးပါက အင်ဂျင်နီယာများအဖြစ် မွေးထုတ် ပေးပြီး နိုင်ငံပိုင်စက်မှုလုပ်ငန်းများအတွက် ကျွမ်းကျင်ပညာရှင်များ ဖြစ်ဖို့ လေ့ကျင့်သင်ကြားပေးရမည်။ ကုန်ထုတ်စွမ်းအား ကြီးမားသောနိုင်ငံဖြစ်မှ မိမိနှစ်သက်သော နိုင်ငံရေးစနစ်ကို စိတ်တိုင်းကျ တည်ဆောက်နိုင်မည်။ အင်ဂျင်နီယာဝါသနာပါသူများ ဆရာဝန်၊စာရေးဆရာ၊ ကျောင်းဆရာ၊ ရှေ့နေ စသည်ဖြင့် သင်ကြားပေးရမည်။

ကျောင်းပြီးသောအခါ ဝန်ထမ်းဘဝတွင် အားလုံးပါတီဝင် ကြရ သည်မှာ ဆိုရှယ်လစ်စနစ်တိုင်း၌တွေ့ရသော ပုံစံဖြစ်သည်။ ဌာနဆိုင်ရာမှ ရာထူးကြီးလေ၊ ပါတီ၌ရာထူးကြီးလေ ဖြစ်လာရမည်။ အသက်အရွယ်၊ အတွေ့အကြုံ၊ အတွေးအခေါ် ကောင်းလာသူတိုင်း ပါတီထိပ်ပိုင်း ခေါင်းဆောင်နေရာအထိ ပေးရမည်။ပါတီအသက်ဝင်စေရန်လူကြီး လူအိုများ နေရာတွင်လူငယ်၊ လူတော်များနှင့် အစဉ်မပြတ် အစားထိုးသွားရမည်။

ယခု(မ-ဆ-လ) စနစ်တွင်(၁၉၆၂) အာဏာသိမ်းချိန်မှစပြီး ကျွန်ုပ်ဒီစာအုပ်ရေးသားပြုစုသော(၁၉၇၇-၇၈) အထိနံပါတ်(၁) နေရာကို၊ ဗိုလ်ချုပ် နေဝင်းကယူထားသည်။ နံပါတ်(၂) ဗိုလ်ချုပ်စန်းယု စသည်ဖြင့် အချိန်ကာလနှင့် အခြေအနေများ ပြောင်းလဲနေသော်လည်း၊ ပါတီ ခေါင်းဆောင်နေရာမှာမူပြောင်းလဲခြင်းမရှိ။ အလွန်တိုးတက် အောင်မြင်နေ သောကြောင့်၊ အောင်မြင်မှု အရှိန်အဟုန် ရပ်တန့်မည့် အရေးကို စိုးရိမ်ပြီး၊ လူအသစ်မလဲဘဲ၊ ကြိုးစားပြီး တာဝန်ယူနေခြင်းကို လက်ခံပါသည်။ ယခု အနေအထားအရ၊ နိုင်ငံရေးမှာ တည်ငြိမ်သည်ဟု ဆိုနိုင်သော်လည်း၊ စီးပွားရေးမှာ အခွံမျှသာရှိတော့သည်။ အတွင်းပိုင်း ဂလိုင်ဖြစ်နေပြီး မကြာမီ ကျွံကျပြီး၊ ပျက်စီးသွားနိုင်သော အနေအထားဖြစ်သည်။

ကျွန်ုပ်ဆိုခဲ့ပြီးပြီ၊ ပါတီ၏ မျိုးဆက်သစ်များအဖြစ် တက္ကသိုလ် ကျောင်းသားများကို၊ အားကိုးအားထားပြုလုပ်ရမည် ဖြစ်လေရာ တပ်မတော် နှင့်ကျောင်းသားများ ချစ်ကြည်ရင်းနှီးမှု အထူးလိုအပ်သည်။ သို့သော် ၁၉၆၂-အာဏာသိမ်းစဉ်ပစ်ခတ်သတ်ဖြတ်မှု၊ ၁၉၇၄-ဦးသန့်အရေးအခင်း၌ ပစ်ခတ်သတ်ဖြတ်မှုများကြောင့်၊ စစ်တပ်နှင့် တက္ကသိုလ် ကျောင်းသားများ ချစ်ကြည်ရင်းနှီးမှုရဖို့ မလွယ်သည်ကိုတွေ့ရသည်။ ထိုအခါ ကျောင်းသား များသည် (မ-ဆ-လ) ပါတီနှင့် တပ်မတော်ကို အထင်လွဲနေသည်၊ နောင်ကာလကြာသော်၊ နက်ရှိုင်းလာပြီး တစ်ချိန်ချိန်တွင် ပြင်းထန်သော ပေါက်ကွဲမှုဖြစ်လာနိုင်သည်။

ပါတီအရံ အင်အားအဖြစ် အလုပ်သမားနှင့် လယ်သမားလူတန်းစား တို့မှ အားဖြည့်ပေးရမည်ဖြစ်သည်။ဤတွင် ဆင်းရဲတွင်းနက်သော် လည်း လယ်သမားများသည် မိမိတို့လယ်မှရသော ဝမ်းစာစပါးကို၊ တစ်နှစ်စာ အတွက် လုံလောက်စွာ စုဆောင်းထားနိုင်သည်။ ဆန်ဖွလုံပါက ငါးပိတို့ စရာနှင့်ထမင်းစားလို့ဖြစ်သည်။ မြို့နေစက်ရုံလုပ်သားများမှာ လုပ်ခ လစာ နည်းချိန်တွင်၊ ကုန်ဈေးနှုန်း မြင့်တက်လာသောအခါ တစ်လစာ စားသောက် ဖို့အတွက် စိစဉ်ရန် ဘယ်လိုမှမဖြစ်နိုင် တော့ပေ။ ထို့ကြောင့်၊ အဆင်မပြေမှု၊

အငတ်ဘေးများကြောင့်-ဆူပူဆန္ဒပြကြသည်။ ထိုအခါ အကြမ်းဖက်နှိမ်နင်းခံရသောကြောင့် ပါတီအပေါ် ယုံကြည်မှု ထောက်ခံမှု ကင်းမဲ့လာသည်။ နောင်တွင် မလုပ်၊ မရှုပ်၊ မပြုတ်-ဟူ၍မ-သုံးလုံးကျင့်စဉ်၊ ကျင့်လာအခါ၊ အလုပ်သမများများသည် ဆူပူဆန့်ကျင်မှုမရှိသော်လည်း၊ ကုန်ထုတ်လုပ်မှုမရှိတော့ပေ။ ကုန်ထုတ်စွမ်းအားကျဆင်းခဲ့သည်။

တောင်သူလယ်သမားနှင့် အလုပ်သမားကောင်စီများ ဖွဲ့စည်းပေးခဲ့သော်လည်း၊ အလိုရှိရာတောင်း ဆိုနိုင်သော အခွင့်အာဏာ ရှိသောအဖွဲ့အစည်းများမဟုတ်ပေ။

တော်လှန်ရေးအစိုးရသည်(၁၉၆၃) ခုနှစ်တွင် တောတွင်းလက်နက်ကိုင် အဖွဲ့အစည်းအားလုံးကို၊ ငြိမ်းချမ်းရေးအတွက်စုပေါင်းဆွေးနွေးအဖြေရှာ ကြဖို့ဖိတ်ခေါ်ခဲ့သည်။ သို့သော်ဆွေးနွေးပွဲများတွင် တစ်ဦးအပေါ်တစ်ဦး၊ ယုံကြည်မှုမရှိသောအကြောင့် ဆွေးနွေးပွဲများ ပျက်သွားလေသည်။ ထိုအခါတိုက်ပွဲများပြန်၍ ဖြစ်ပွားခဲ့သည်။သို့သော် (၁၉၆၇) ခုနောက်ပိုင်းတွင်၊ သောင်းကျန်းသူများ ချုပ်ငြိမ်းစပြုလေသည်။ (၁၉၆၇) တွင် ဗမာပြည်ကွန်မြူနစ်ပါတီ (အဖြူ) (Burma communist Party) အရေးနိမ့်ပြီး ရှမ်းပြည်ဖက်ဆုတ်ခွာသွားကြတော့သည်။

(၁၉၇၀)တွင်သခင်စိုးကို အတင်းဝင် ဖမ်းမိသောကြောင်းသူ၏ ဗမာပြည် ကွန်မြူနစ်ပါတီ (အနီ)(The Communist Party of Burma (CPB) ပါတီ နိဂုံးချုပ်ခဲ့သည်။ ၁၉၆၉ ခုနှစ်တွင်းဦးနုသည်၊ ဘုရားဖူးသွားမည်ဟု ဦးနေဝင်းထံ ခွင့်တောင်းသည်။ အခါဦးနုသည်၊ ပထမဦးစွာ ထိုင်းနိုင်ငံသို့ သွားခဲ့သည်။ ထိုအခါ ထိုင်းနိုင်ငံတွင် ခိုလှုံနေကြသော မြန်မာပြည် ပြေးအုပ်စုသည် ဦးနုကိုခေါင်းဆောင်တင်ပြီး မြန်မာစစ် အစိုးရကိုတော်လှန်ရန် စီစဉ်ကြသည်။ အချိန်တိုတိုအတွင်း တက်သုတ်ရိုက်ပြီးစီစဉ်ကြသော်လည်း၊ အောင်ပွဲ အတော်လေးရခဲ့သည်။ တော်လှန် ပုန်ကန်မှုသည် (၁၉၇၃)အထိ အောင်မြင် ခဲ့သည်။ သို့သော် ဝန်ကြီးချုပ် ဟောင်းဦးနုသည်၊ တော်လှန်ရေးလုပ်ရသည်ကို စိတ်ကုန်သောကြောင့်၊ ထိုင်းသို့ ပြန်လာပြီး၊ ထိုမှတဆင့် အိန္ဒိယသို့သွားပြီး နိုင်ငံရေးခိုလှုံနေခဲ့သည်။

တော်လှန်ရေးကောင်စီသည်၊ နိုင်ငံအတွင်း ဖိနှိပ်မှုများ လွန်လွန်ကျူးကျူး ပြုလုပ်ခဲ့သော်လည်း၊ မည်သည့် နိုင်ငံကိုမျှရန်စ ကျူးကျော်ခြင်း မပြုလုပ်ခဲ့ပေ။ ထို့မှုမက ဒေသတွင်း နိုင်ငံများဖွဲ့ကြသည့် စီးပွားရေးအုပ်စုများ၊ နိုင်ငံရေးအုပ်စုများနှင့် လွတ်ကင်းစွာ နေခဲ့သည်။ အရှေ့တောင်အာရှနိုင်ငံများ အသင်းသို့ဝင်ရန် ဖိတ်ခေါ်မှုကိုလည်း အစဉ်အမြဲ ငြင်းဆန်ခဲ့သည်။

နိုင်ငံရေးပေါ်လစီချမှတ်ရန် အတွက်လည်း၊ ပါးနပ်စွာ စဉ်းစားခဲ့သည်။ထိုအချိန် ကာလသည်၊ လက်ဝဲအုပ်စုနှင့် လက်ယာအုပ်စုတို့ အားပြိုင်မှုအလွန် ပြင်းထန်သော စစ်အေး တိုက်ပွဲကာလဖြစ်သည်။ အမေရိကန်အုပ်စုနှင့် ပေါင်းပါက၊ အမေရိကန်၏ အကူအညီကိုရမည် ဖြစ်သည်။ သို့သော်မိမိတို့သည်၊ လက်ဝဲ အယူရှိသော စစ်ခေါင်းဆောင် များဖြစ်လေရာ၊ အမေရိကန်သည်၊ နိုင်ငံရေးသမားဟောင်းများနှင့် ချိတ်ဆက်မိပါက၊ မိမိတို့ရထားသော နေရာလေးပျောက်ဆုံးမည်ဟု စိုးရိမ်မိသည်။

အကယ်၍ လက်ဝဲဖက်ယိမ်းပါက ရုရှားဖက်သို့ယိမ်းသင့်သလား?၊ တရုတ်ဖက်သို့ ယိမ်းသင့်သလား? ဒါကိုစဉ်းစားတော့၊ ရုရှားကဝေးသည်၊ တရုတ်က နယ်နိမိတ်ချင်း ဆက်စပ်နေသည်။ ထို့ကြောင့်တရုတ်ဖက် ယိမ်းဖို့စဉ်းစားသည်။ ထိုအခါတရုတ်ဖြူ အရေးအခင်းဖြစ်ခဲ့ဘူးသောကြောင့်၊ တရုတ်တို့ အညှိုးထားမည်ကို စိုးရိမ်ရသည်။ အကောင်းဆုံးမှာ လက်ဝဲ၊ လက်ယာမယိမ်းတော့ဘဲ၊ မြန်မာ့နည်း၊ မြန်မာ့ဟန်၊ မြန်မာ့ဆိုရှယ် လစ်လမ်း စဉ်သည်အကောင်းဆုံးဖြစ်သည်ဟုယူဆပြီး ရွေးချယ်ခဲ့လေသည်။

(၁၉၇၁) တွင်တော်လှန်ရေးကောင်စီမှ ခေါင်းဆောင်များသည် စစ်တပ်အုပ်ချုပ်မှုပုံစံဖြင့်၊ ဆက်နှစ်ကျော်ကာလ အုပ်ချုပ်ပါက မသင့်တော်သည့်အတွက်၊ ကမ္ဘာ့အမြင်တင့်တယ်စေရန်(BSPP) ပါတီကို၊ ဖွဲ့စည်းပုံနှင့်အုပ်ချုပ်သော အစိုးရပုံစံ (a constitutional from of goverment) အဖြစ်ပြောင်းရန်၊ အတွက်၊ ဒုတိယတာဝန် အရှိဆုံးပုဂ္ဂိုလ်ဖြစ်သော ဗိုလ်ချုပ်စန်းယု (General Sounya) ကိုဦးဆောင်စေပြီး ဥပဒေပညာရှင် များဖြင့်၊ အခြေခံဥပဒေကို စိတ်ကြိုက်ရေးဆွဲစေသည်။

၁၉၇၄ နှစ်ဆန်းပိုင်းတွင် ရွေးကောက်ပွဲများပြုလုပ်ပြီး ကောင်စီ

မြန်မာ စာအုပ်များ





ဝန်ကြီးချုပ်ဦးနုနှင့်ငနီး

အသစ် ဖွဲ့စည်းခဲ့သည်။ (၁၉၇၄) ခုနှစ်မတ်လ(၂) ရက်နေ့တွင် ကောင်စီအသစ်ကို စတင် တာဝန်ပေးအပ်ခဲ့သည်။ (၁၉၇၄) ဥပဒေကို၊ နိုင်ငံတကာမှ (Constitutional Dictatorship) အာရုံပြုခေါ်သည်။ ထုံးစံအတိုင်း၊ အုပ်ချုပ်မှု၊ စီမံခန့်ခွဲမှုအာဏာအားလုံးကို၊ ပါတီဥက္ကဋ္ဌကြီးက ယူထားသည်။ မည်သို့ဆိုစေကာမူ၊ နိုင်ငံတကာတွင် အမြင်အားဖြင့်ဖွဲ့စည်းပုံ နှင့်အုပ်ချုပ်သော အစိုးရဖြစ်သည်။

☆ ☆ ☆

မြန်မာ စာအုပ်များ



# အခန်း (၂)

# နိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံဥပဒေအရ နိုင်ငံတကာ အသိအမှတ် ပြုသော တရားဝင် အစိုးရ (၁၉၄၈–၁၉၆၂)

## Constitutional Government} (1948-1962)

### (၁) အခြေခံဥပဒေနှင့် ပထမဆုံးမြန်မာအစိုးရ ဖွဲ့စည်းတည်ဆောက်ပုံ (The Constitution and the Formal Structure of Government)

ဗြိတိသျှတို့သည် မြန်မာနိုင်ငံကို ကျွန်ပြုသိမ်းပိုက်စဉ်က (၁၉)ရာစုတွင်ရှိသော အခြေအနေ၊ အချိန်အခါ၊ နိုင်ငံတကာမှ လက်ခံနိုင် သောစံချိန်စံညွှန်းဖြင့်၊ စနစ်တကျအကွက်ဆင်ပြီး၊ ရန်စသည်၊ အပြန်အလှန် စစ်တိုက်သောပုံစံဖြင့် အဆင့်ဆင့်သိမ်းပိုက်ခဲ့သည်။ လွတ်လပ်ရေး ပေးရသောအခါတွင်လည်း၊ လက်လွှတ်စပယ်၊ ဖြစ်သလိုပေးခဲ့ခြင်းမဟုတ်၊ ဒီမိုကရေစီကျင့်စဉ်အတိုင်း စနစ်တကျ လျှောက်လှမ်းတတ်ရန် အခြေခံဥပဒေကို စနစ်တကျရေးဆွဲစေသည်။ ဗြိတိသျှတို့သည် ဖယ်ဒရယ်မှ တည့်သွင်းခြင်းသည် ပြည်ထောင်စုအစိုးရအား အခက်ကြုံစေရန် ပြဿနာ ရှာခဲ့ခြင်းမဟုတ်ပေ။ နှစ်ပေါင်း တစ်ရာခန့် သူတို့အုပ်စိုးစဉ် ကာလကတည်းက အတွေ့အကြုံအရ၊ ဖက်ဒရယ်မှုမထားခဲ့သော် တနေ့နေ့ တချိန်ချိန်တွင် သဘာဝမတူ၊ ဘာသာစကားကွဲပြား၊ ကိုးကွယ်မှုမတူသောမျိုးနွယ်စုများ တစ်ခုအပေါ်တစ်ခု လွှမ်းမိုးသည်ဟု အထင်အမြင်လွဲမှားရာမှ ပြည်တွင်း စစ်များဖြစ်လာမည်ဟု အတတ် သိကြသည်။ မြန်မာပြည်ကို လွတ်လပ်ရေး ပေးရမည့်အချိန်သည် အရှေ့တိုင်းသားများကို ဒုတိယကမ္ဘာစစ်ပြီးကာလတွင် ဒုက္ခပေးမည့် ကွန်မြူနစ်များ၏ ရန်စွယ်ကို ချိုးနှိမ်ဖျက်ဆီးခြင်း မပြုရသေးသော အချိန်ကာလဖြစ်သည်။ လွတ်လပ်ရေးမရမီကတည်းက ကွန်မြူနစ်များတောခိုပြီး



ပုန်ကုန်နေကြပြီးဖြစ်သည်။ ထို့ကြောင့် ပြည်ထောင်စု စစ်စစ်ပုံစံ ရေးဆွဲပေးခဲ့သည်။ ပြည်နယ်များသည် သီးခြား အုပ်ချုပ်ခွင့်ရှိမည် ဟုသာဖော်ပြပြီး သီးခြားနိုင်ငံငယ်လေးများအဖြစ် ခွဲထွက်ရပ်တည်ခွင့်ရှိသည်ဟုဖော်ပြခြင်း မဟုတ်ပေ။

နိုင်ငံတော်၏အုပ်ချုပ်မှုအာဏာသည် ဗဟိုအာဏာပိုင်အဖွဲ့အစည်းမှ ဆင်းသက်လာသော၊ အာဏာရှင်များ၊ စစ်အစိုးရများ၊ လက်ဝဲစွန်း ကွန်မြူနစ်များ၏ ပုံစံမဟုတ်ပေ။ နိုင်ငံတော်၏ အုပ်ချုပ်မှုအာဏာသည် နိုင်ငံသားအသီးသီးထံမှ နိုင်ငံကို တာဝန်ခံအုပ်ချုပ်မည့် အစိုးရထံသို့ဦးတည်သွားသည်။ ထို့ကြောင့် နိုင်ငံတော်ကို အုပ်ချုပ်ခွင့် အာဏာရဖို့အတွက် ပြည်သူ့ကို အမှန်တကယ် အကျိုးပြုဖို့လိုသည်။ အကျိုးမပြုပါက ပြည်သူလူထုထံမှ ထောက်ခံမဲ ရနိုင်မည်မဟုတ်ပေ။ ပြည်သူ့ကို အုပ်ချုပ်ခွင့်ရမည် မဟုတ်ပေ။

ပြည်သူ့ဆန္ဒဖြင့်တက်လာသော အစိုးရတိုင်းသည် ပြည်သူ့တာဝန်ကို နားလည်ကြသည်။ ပြည်သူ့အတွက် ကြိုးစားကြသည်။ လွတ်လပ်ရေးရကာစအချိန် ကာလသည် ကမ္ဘာ့စစ်ကြီး၏ ဒဏ်ကို ခံစားခဲ့ရသောကြောင့် ပြန်လည်ထူထောင်မှု စတင်ရသော အချိန်ကာလဖြစ်သည်။ ဒီမိုကရေစီသက်တမ်းရှည်ကြာသည်နှင့်အမျှပြည်သူလူထု၏ လူနေမှု အဆင့်အတန်း

တိုးတက်မြင့်မားလာမည့်အချက်ကို ယုံမှားသံသယရှိဖို့မလိုပေ။ သို့သော် ဒီမိုကရေစီသက်တမ်း နှစ်ချိန်တွင် လွန်စွာရိုင်းစိုင်း ရက်စက်သော ပြည်တွင်းစစ်ကြီးဖြစ်ခဲ့သည့် စစ်ပွဲအနိုင်ရရေးအတွက် စစ်လက်နက်များစွာ ဝယ်ယူခဲ့ရသည်။ အလွန်ကြီးမားသော စစ်တပ်ကြီး ဖွဲ့စည်းရသည်။ ထိုအခါအရာရှိစစ်သည်များအတွက်၊ နိုင်ငံတော်မှ လစာနှင့်အထွေထွေခံစားခွင့်ကို နှစ်စဉ်သန်းပေါင်းများစွာ အကုန်အကျခံနေရသည်။ ထိုအင်အားကို ကုန်ထုတ်လုပ်ငန်းများတွင် အသုံးပြုခွင့်ရသော် နိုင်ငံတော်သည် များစွာတိုးတက်လာမည် ဖြစ်သည်။ မြန်မာခေါင်းဆောင်အချို့ အလိုရှိသော ဆိုရှယ်လစ်ဒီမိုကရေစီပုံစံပြောင်းလိုပါက၊ ဖွဲ့စည်းပုံကို မပြောင်းဘဲ၊ မိမိတို့ အာဏာရချိန်လေး မိမိတို့လုပ်ချင်တာလုပ်ကြည့်၊ အောင်မြင်ရင်ပြည်သူက ထောက်ခံမယ်၊ ဆက်လုပ်မအောင်မြင်ရင် ပြည်သူက ကန့်ကွက်မှာဘဲ၊ ဗြိတိသျှတို့၏ကြီးကြပ်ကွပ်ကဲမှုဖြင့်မိုလ်ချုပ်အောင်ဆန်း အပါအဝင် ထိုခေတ်ထိုအခါကမြန်မာနိုင်ငံမှာ အတော်ဆုံး ပုဂ္ဂိုလ်ကြီးများ ရေးဆွဲခဲ့သော အခြေခံဥပဒေသည် ဘာတစ်ခုမျှ ချွတ်ယွင်းချက်၊ အားနည်းချက်မရှိ အားလုံးပြီး ပြည့်စုံသည်။

ခက်တာက အင်္ဂလိပ်ဘာသာဖြင့် ရေးသားထားသော ဥပဒေကို တပ်မတော်ခေါင်းဆောင်များကောင်းစွာ သဘောမပေါက်ပေ။ ပညာတတ်ပေါများသော ရှမ်းပဒေသရာဇ် စော်ဘွားများသည် ဥပဒေကပေးသော အခွင့်အရေးထက်ပိုပြီးရဖို့ မဟုတ်မဟတ်လီဆယ် ချဲ့ကားယူကြသည်။ ဖက်ဒရယ်မှုအရပေးမည့် အခွင့်အာဏာသည် ကိုယ်ပိုင်ပြဌာန်းခွင့်ထက်မပိုပေ။ ကိုယ့်စစ်တပ်လည်း ထားခွင့်ရမည်မဟုတ်၊ စစ်တပ်သည် ပြည်ထောင်စုအစိုးရ၏ စစ်တပ်တစ်ခုတည်းသာ ရှိမည်ဖြစ်သည်။

ဗြိတိသျှတို့၏ ပါလီမန်ဒီမိုကရေစီဥပဒေအရ၊ နိုင်ငံသားနှင့် တိုင်းရင်းသား ဟူ၍ခွဲခြားမှုမရှိ၊ အစစအရာရာ အခွင့်အရေးအားလုံး တူညီကြသည်။တိုင်းရင်းသားများအတွက် သီးခြားတိုင်း (သို့မဟုတ်) ပြည်နယ်သတ်မှတ်ပေးထားသည်။ လူနည်းစုအတွက် သီးခြားတိုင်းနှင့်ပြည်နယ် သတ်မှတ်ပေးထားခြင်း မရှိသော်လည်း ပြည်ထောင်စုကြီးအတွင်း လွတ်လပ်စွာသွားလာခွင့် နေထိုင်ခွင့် စီးပွားရှာခွင့်ရှိသည်။

အမျိုးသမီးများသည် အမျိုးသားများနှင့်တန်းတူအခွင့်အရေးရှိသည်။ လုပ်ခတန်းတူရမည်ဖြစ်သည်။

ဘာသာရေးလွတ်လပ်ခွင့် (Religious Freedom)ပေးထားသည်။ (All were guaranted religious freedom, and no minority could be denied an education at state schools or farced to accept religious instruction) ဟုဖော် ပြထားပါသည်။

ဆိုရှယ်လစ်အခြေခံများ၊ လူတစ်ဦးချင်းစီ၏ တရားဝင်သည် ပြည်ထောင်စုဖွဲ့စည်းပုံအရ နိုင်ငံတော်၏ အထွပ်အထိပ်သည် ပြည်ထောင်စု သမ္မတ(Union President)ဖြစ်သည်။ ပြည်ထောင်စု သမ္မတ အောက်တွင် ဝန်ကြီးချုပ် (Prime Minister) ရှိသည်။ သမ္မတ အုပ်ချုပ်သောနိုင်ငံတွင် သမ္မတသည် အာဏာပိုင်ဖြစ်သည်။ ဝန်ကြီးချုပ် အုပ်ချုပ်သောနိုင်ငံတွင် ဝန်ကြီးချုပ်သည် အာဏာအာလုံးကို ကိုင်ထားသည်။ ကက်ဘိနက်အဖွဲ့ (Cabinet)နှင့် ပြည်ထောင်စုအစုအစိုးရ ဝန်ကြီးအားလုံးပေါ်တွင် ဝန်ကြီးချုပ် ကအာဏာရှိသည်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၂၅၀)ရှိသည်။အမျိုးသားလွှတ် တော်ကိုယ်စားလှယ် (၁၂၅)ဦးရှိသည်။ စတင်ဖွဲ့စည်းစဉ်အခါက၊ ပြည်နယ် ဝန်ကြီး ငါးဦးသာရှိသည်။၎င်းတို့မှာ ချင်းပြည်နယ်ဝန်ကြီး၊ ကချင် ပြည်နယ် ဝန်ကြီး၊ ကယားပြည်နယ်ဝန်ကြီး၊ ကရင်ပြည်နယ် ဝန်ကြီးနှင့် ရှမ်းပြည်နယ် ဝန်ကြီးတို့ဖြစ်ကြသည်။ (၁၉၆၀) ရောက်မှ မွန် နှင့် ရခိုင်ကို ပြည်နယ်ပေးခဲ့ သည်။ ဝန်ကြီး (၂၀) မှ (၃၀) အတွင်းခန့်ထားနိုင်သည်။ ထိုအထဲတွင် ပြည်နယ်ဝန်ကြီးများ ပါဝင်သည်။

ပြည်ထောင်စု၏ အမြင့်ဆုံးရာထူးသည် ပြည်ထောင်စု သမ္မတ ဖြစ်သော်လည်း၊ အုပ်ချုပ်မှုအာဏာအားလုံးကို ဝန်ကြီးချုပ် နှင့် ကက်ဘိနက် အဖွဲ့ကချုပ်ကိုင်ထားသည် ပြည်ထောင်စုအစိုးရဆိုသည်မှာ ဝန်ကြီးချုပ်နှင့် ကက်ဘိနက်အဖွဲ့ဖြစ်သည်။ ကျန်လူများသည် ပါလီမန်အမတ်များသာ ဖြစ် သည်။ သို့သော်ပါလီမန်အမတ်များသည် ခြောက်လတစ်ကြိမ် ကက်ဘိနက် တာဝန်ကို အလှည့်ကျထမ်းဆောင်ရသည်။ ပြည်တွင်းရေးနှင့် နိုင်ငံတကာ ရေးရာများကို ဝန်ကြီးချုပ်က သမ္မတထံ တင်ပြရသည်။

ဖွဲ့စည်းပုံဥပဒေအရ လွတ်လပ်စွာ တရားစီရင်နိုင်သောအဖွဲ့ရှိသည်။ တစ်နိုင်ငံလုံးတွင် တရားရုံးများစွာရှိသည် ထိုမှတဆင့်(High Court) ကိုတက်နိုင်သည်။ ထိုမှတဆင့် (Supreme Court)ရှိသည်။

(Supreme Court) မှနောက်ဆုံးအဆင့်စီရင်ချက်ချပြီး အယူခံဝင်ခွင့်မရှိတော့ပေ။ တရားရုံးများက သမ္မတကဖွဲ့စည်းပေးပြီး ပါလီမန်၏ ထောက်ခံမှုယူရသည်။

လွတ်လပ်ရေးရပြီးစတွင် ဘိလပ်ပြန် ဝတ်လုံတော်ရများစွာ ရှိနေသေးသောကြောင့် တရားရေးမဏ္ဍိုင်နှင့် ပတ်သက်ပြီး၊ အဂတိလိုက်စားပြီး၊ မဟုတ်မမှန် လုပ်ကြံသောပြစ်ချက်များ မတွေ့ရပေ။ အလွန်သိက္ခာ၊ သမာဓိကြီးမားခဲ့သည်။

သို့သော် အသက်အရွယ်ကြီးလှပြီးဖြစ်သော ဂုဏ်သိက္ခာရှိ ဝတ်လုံတော်ရကြီးများ ကွယ်လွန်ပြီးနောက်ပိုင်း အာဏာနိုင်ငံရေး မှန်တိုင်းပြင်းထန်စွာ တိုက်ခတ်ချိန်၊ အရည်အချင်းမရှိသော ပုဂ္ဂိုလ်များသည် ငွေမက်လွန်းသည် ဂုဏ်ကိုမမက် ငွေသာမက်သည် ငွေရလျှင်ဘနဖူးသိုက်တူးမည့် လူတန်းစားများကြီးစိုးခဲ့ကြသည်။" သို့သော်ထိုလူများကို ဝန်ကြီးချုပ်ဦးနုသည် အမှန်းခံပြီး ဖယ်ရှားပစ်ခဲ့သည်။

ထိုအချိန်က ဖွဲ့စည်းပုံ အခြေခံဥပဒေအပေါ် တိကျစွာ လိုက်နာမှု အားနည်းခဲ့သောကြောင့်၊ ပြည်နယ်အစိုးရများက၊ သူတို့အနေဖြင့် တန်းတူအခွင့်အရေးမရဘူးဟု ဆိုကြသည်။

ရှေးဦးစွာ ကချင်နှင့် ကရင်တို့က သူတို့၏ရပိုင်ခွင့်များကို တရားဥပဒေ ဘောင်အတွင်းမှ တောင်းခံကြသည်။ ရှမ်းနှင့်ကယားတို့က (၁၉၅၇) ခုနှစ်ဇန်နဝါရီ (၄)ရက်နေ့၊ လွတ်လပ်ရေးနေ့ကို စောင့်ပြီးမှ သူတို့၏ အခွင့်အရေးများကို အပြည့်အဝပေးဖို့တောင်းဆိုကြသည်။ ထိုအထဲတွင် ချင်းအထူးပြည်နယ် (The Chin Special Division) မှ အစိုးရအဖွဲ့များ ပါဝင်ခြင်းမရှိပေ။

ပြည်နယ်အစိုးရများက၊ မိမိတို့ပြည်နယ်သားများသည် ကျသင့်သော အခွန်ဘဏ္ဍာငွေများကို၊ ပြည်မနှင့်တန်းတူ ပေးဆောင်ကြရသည်။ သို့သော် ဘတ်ဂျက်အသုံးစရိတ် ခွဲဝေပေးသောအခါ၊ တန်းတူရည်တူမဖြစ်ဘဲ

မြန်မာ စာအုပ်များ



ပြည်နယ်များ၏ ထူထောင်ရေး အတွက်လုံလောက်သော ဘတ်ဂျက်ငွေ မရကြောင်း၊ ထို့အပြင်အခြား အခြားသော ခွဲခြားခွဲခြားလုပ်ဆောင်မှုများကို၊ ဥပဒေဘောင်အတွင်းမှ တရားဝင်ရှင်းလင်းတောင်းဆိုကြသည်။ ထိုအခါ မူလကတည်းက ပြည်မကိုသာ ဦးစားပေးခဲ့ပြီး ပြည်နယ်များအပေါ် ညီမျှမှုမရှိခဲ့သော ဝန်ကြီးချုပ်ဦးနုသည် အကြီးအကျယ်အကျပ်ရိုက်လေသည်။ သို့သော် နိုင်ငံရေးပရိယာယ် ကြွယ်ဝလှသော၊ ဦးနုသည် သဘောထား တင်းမာသူများ၏ မေးခွန်းများကို အမြဲ အမည်း သဲကွဲစွာ မဖြေရှင်းဘဲ လှည့်၍ပတ်နေခဲ့သည်။ ထို့နောက် သူ့အားပုဂ္ဂိုလ်ရေးအရလွန် စွာလေးစားကြသော၊ တိုင်းရင်းသား လူနည်းစု ကိုယ်စားလှယ်များကို အခြေခံပြီး အစိုးရအဖွဲ့ မဟုတ်သော ကချင်၊ ကရင်၊ ရှမ်းနှင့်ကယား ကိုယ်စားလှယ်အချို့ကို သီးခြား ခေါ်ယူပြီး အလွတ်သဘော ဆွေးနွေးတိုင်ပင် ပြီး တိုင်းရင်းသားတို့၏ ထောက်ခံမှုရသည်ဟု လှည့်ပတ်သည်။ ထိုအခါ (Supreme Corut)က ဦးနု၏ ရှင်းလင်းချက်များလုံးဝ တရားမဝင်ဟု ပယ်ချလိုက်သည်။

ထိုအခါဦးနုက မလျှော့ဘဲ၊ ကက်ဘိနက်အဖွဲ့၏ အင်အားကို ယူဖို့ကြိုးစားသည်။ ထိုအခါ ကက်ဘိနက်တွင် ဦးနုအားထောက်ခံသော အဖွဲ့နှင့် ဆန့်ကျင်ကန့်ကွက်သောအဖွဲ့ဟူ၍ အဖွဲ့နှစ်ဖွဲ့ကွဲလေသည်။ ဦးနုအား ထောက်ခံသောအဖွဲ့ကို (The inner Cabinet) ဟုခေါ်သည်။ ဦးနုအား ဆန့်ကျင်သောအဖွဲ့ကို (The outer cabinet) ဟုခေါ်သည်။ ထိုကဲ့သို့ အဖွဲ့နှစ်ဖွဲ့ကွဲကြသော်လည်း လုံးဝ မခေါ် မပြောတော့ မဟုတ်ပေ။ အလုပ်တာဝန်အရ အရေးကြီးသောအကြောင်း အရာများကိုစုပေါင်း တိုင်ပင်ဆွေးနွေးကြပါသည်။ ဖွဲ့စည်းပုံဥပဒေ၏ ဖော်ပြချက်မှာ အောက်ပါ အတိုင်းဖြစ်သည်။

" Local government technically was under state authority. The States, other than Burma Proper, were empowered to legislated and taxaccording to the lists incorporated in Schedules III and IV. They were free to write their own laws and create their own institutions as long as there was no conflict with Union laws. In reality, the instutions and pravtices in the several states were almost identical with those in existence prior to independence.

ထိုအပိုဒ်ကို(၁၉၆၁)ခုနှစ်တွင် လက်ရှိဖြစ်ပေါ်နေသော အခြေအနေအရ သင့်တော်သလိုပြင်ကြမည်။ ထိုကဲ့သို့ပြင်ဆင်ခြင်းကို တိုင်းရင်းသား လွှတ်တော်ကိုယ်စားလှယ်များ စိတ်ကြိုက်တင်ပြကြပါ။ အားလုံးစိတ်ကြိုက်၊ အားလုံးသဘောတူ (သို့မဟုတ်) ဒီမိုကရေစီ နည်းအရတော့ အများသဘောတူတဲ့ အချက်ကို ပြင်ပေးမည်ဟု ဦးနုကခွင့်ပြုလိုက်သည်။ တိုင်းရင်းသားကိုယ်စားလှယ် အသီးသီး ကလည်း၊ အနိုင်အထက် ကျင့်ကြခြင်းမဟုတ်ဘဲ၊ တောင်းသင့်သော အခွင့်အရေးကို တရားမျှတမှု တောင်းခြင်းမျှသာဖြစ်သည်။ ထိုကဲ့သို့တောင်းဆိုရာတွင်၊ ငါ့စကားနွားရဆိုပြီး တောင်းချင်သလို တောင်းလို့တော့မရ အားလုံးက လက်ခံရမည်။

ထို့နောက် အားလုံးလက်ခံသဘောတူသောအချက်ဖြင့်အစားထိုး ပြုပြင်ရေးဆွဲပြီး၊ ပါလီမန်သို့တင်ပြချိန် တပ်မတော်ခေါင်းဆောင်များသည်-ပြည်ထောင်စုကြီး အစိတ်စိတ်၊ အမွှာမွှာပြိုကွဲသွားနိုင်သည်ဟု ယူဆပြီး အာဏာသိမ်းခဲ့ရုံမျှသာမက၊ (၁၉၄၇) အခြေခံဥပဒေကိုလည်း ဖျက်သိမ်းခဲ့သည်။ စစ်အုပ်ချုပ်ရေးကို၊ အကန့်အသက်မရှိ ထုတ်ပြန်လိုက်သည်။ ရည်ရွယ်ချက်မှာ အရပ်သား အစိုးရထံ၊ အာဏာလွှဲပေးတော့မည်မဟုတ်ဟု ရည်ရွယ်ပြီး၊ အပြီးတိုင် အာဏာသိမ်းယူခြင်းဖြစ်သည်။

## (၂) နိုင်ငံရေးပါတီများ (Political Parties)


မြန်မာနိုင်ငံသည် (၁၉၄၈) မှ (၁၉၆၂) တပ်မတော်မှ အာဏာမသိမ်းမီအချိန်ကာလအထိ ပါတီစုံ ဒီမိုကရေစီစနစ်ကိုသာကျင့်သုံးခဲ့သည်။ (၁၉၅၈) အိမ်စောင့်အစိုးရ လက်ထက်၌ ပါတီများစွာ မြေပေါ်၌ ဥပဒေနှင့် အညီစည်းရုံး လုပ်ဆောင်ခွင့်ရခဲ့သည်။ သို့သော်ပါတီကြီးအနေဖြင့် နိုင်ငံတကာ အဆင့်အတန်းမှီပါတီဟူ၍ ထိုအချိန်က (ဖ-ဆ-ပ-လ) ပါတီကြီး တစ်ခု တည်းသာရှိခဲ့သည်။ အခြားသောပါတီများသည် ပါတီဖွဲ့စည်းပုံ စည်းမျဉ်းများ အတိအကျမရှိပေ။ပါတီ၏ ဦးတည်ချက်လည်းမရှိပေ။ ပြည်သူ့အကျိုး သယ်ပိုးမည့် အစီအစဉ်လည်းမရှိပေ။ ပါတီအနေဖြင့်

မြန်မာ စာအုပ်များ



အာဏာမရလည်း အတိုက်အခံပါတီအဖြစ် လည်သလို လုပ်စားရန် ရပ်တည်နေကြသော ပါတီငယ်လေးများသာရှိသည်။ (၁၉၅၃) တွင်အာဏာရ ဖ-ဆ-ပ-လ မှထုတ်လိုက်သော ဆိုရှယ်လစ် အစွန်းရောက်များကို အခြေခံပြီး ဖွဲ့စည်း ထားသော အမျိုးသား ယူနိတီတပ်ဦး (သို့မဟုတ်) အမျိုးသား ညီညွတ် ရေးတပ်ဦး (The National Unity Front (NUF)သည်နောက်ပိုင်းတွင်၊ အင်အားကြီးသော ပါတီကြီးဖြစ်လာခဲ့သည်။ (NUF) သည်၊ (၁၉၅၆) ၌ကျင်းပသော ရွေးကောက်ပွဲတွင် အာဏာရ (ဖ-ဆ-ပ-လ)ကို ယှဉ်ပြိုင် သော ပါတီကြီးဖြစ်လာခဲ့သည်။ (NUF)သည် အင်အားကြီး ပါတီဖြစ်လာ သော်လည်း၊ (ဖ-ဆ-ပ-လ)ပါတီမှ ကွဲထွက်လာသော အစိတ်အပိုင်းမျှသာ ဖြစ်သော ကြောင့်၊ နိုင်ငံရေးဦးတည်ချက် လုံးဝမရှိ၊ ပြည်သူလူထုအတွက် နိုင်ငံတော် အတွက် ရည်ရွယ်ချက်မရှိ၊ သူတို့သည် အတိုက်အခံများ သာဖြစ်သောကြောင့် အာဏာရဖို့သာ အဓိကထားကြသည်။ အာဏာရ သောအခါမှ နိုင်ငံနှင့် လူမျိုးအတွက် ဘာလုပ်သင့်သည်ကို စဉ်းစားမည်ဟု ရည်ရွယ်ကြလေသည်။ ဖ-ဆ-ပ-လ သည် ဂျပန် တော်လှန်ရေးအတွက် စတင်ဖွဲ့စည်းချိန် ကာလကတည်းက၊ ဖက်ဆစ်တော်လှန်ရေး၌ ဦးဆောင်ခဲ့ သူများ၊ စစ်အုပ် ချုပ်ရေးကို ဆန့်ကျင် ကန့်ကွက်ရာ၌ ဦးဆောင်ခဲ့သူများ၊ ဘုရင်ခံဆာ ဒေါ်မန်စမစ်၏ စက္ကူဖြူစာတန်း ကိုဆန့်ကျင်တိုက်ဖျက်ရန် လူထုအစည်းအဝေးကြီးများခေါ်ပြီး၊ တစ်နိုင်ငံလုံး အတိုင်းအတာအထိ၊ ကိုင်လှုပ်နိုင်သော သပိတ်တိုက်ပွဲများကို ဦးဆောင် ခဲ့သူများပါရှိလေရာ၊ နိုင်ငံရေးအတွေ့အကြုံကောင်းနှင့်ဦးတည်ချက်ရှိသည် မှာထင်ရှားသည်။ သို့သော် အားနည်းချက်မှာ ပုဂ္ဂိုလ်ရေး ဂုဏ်တု၊ ဂုဏ်ပြိုင် အကြောင်းမခံ၊ အသာမခံ စိတ်ဓါတ်မျိုးရှိလေရာ၊ စည်းလုံးညီညွတ်မှုမရှိ၊ စည်းလုံးညီညွတ်မှု မရှိသောပါတီတစ်ခုသည် နိုင်ငံတော်ကို၊ မည်သည့် အခါမှ ဦးဆောင်နိုင်စွမ်း ရှိမည်မဟုတ်။

(ဖ-ဆ-ပ-လ)၏ ထိပ်တန်းခေါင်းဆောင်များ အားလုံး ဆိုရှယ်လစ် များသာဖြစ်သည်။ ဆိုရှယ်လစ်အင်အားသည် ပထမတွင် ဖ-ဆ-ပ-လ



မှလာသည်။ နောက်ပိုင်းတွင်၊ လွတ်လပ်ရေးအတွက် သပိတ်တိုက်ပွဲဝင်ကြသော လူထုမှ ပါဝင်လာကြခြင်း ဖြစ်သည်။ လူများပြီးပွဲ မစည်သောပါတီ၊ လူ့အမျိုးမျိုးစရိုက်အမျိုးမျိုးနဲ့ ထိန်းမနိုင်၊ သိမ်းမရ၊ ပါတီဖြစ်လာသည်။ ထိပ်တန်းခေါင်းဆောင်များသည် "ငါ့လှေ၊ ငါထိုး၊ ပဲခူးရောက်ရောက်" ဆိုပြီးထင်ရာစိုင်းနေရာ နောက်လိုက်များကလည်း "ငါ့မြင်း၊ ငါစိုင်း စစ်ကိုင်းရောက်ရောက်" ဖြစ်ချင်ရာ ဖြစ်နေသည်။ ခေါင်က မိုးမလုံတော့၊ မိုးဒဏ်ကို အားလုံးခံစားကြရသည်။

(ဖ-ဆ-ပ-လ ) ထိပ်တန်းခေါင်းဆောင်အားလုံးလိုလို ဆိုရှယ်လစ်များသာဖြစ်ကြသည်။ သို့သော် ဆိုရှယ်လစ် အပျော့စားများသာလျှင် ဦးနုနှင့် ထပ်တန်းခေါင်းဆောင်များကိုလက်ခံကြပြီး၊ အပြင်းစား ဆိုရှယ်လစ်များသည် (၁၉၄၉)ခုရောင်စုံ သူပုန်ထသောခေတ်တွင်၊ တောထဲရောက်သွားသူများ၊ တပ်မတော်ထဲရောက်သွားသူများနှင့်၊ အလုပ်သမား၊ လယ်သမားလူထု လူတန်းစား အလွှာအသီးသီးသို့ ရောက်သွားကြပြီးကနဦးတွင် အုပ်စုငယ်လေးများ အဖြစ်ရှိနေကြသည် နောက်ပိုင်းတွင် ကြီးမားသောအစုအဝေးများဖြစ်လာကြသည်။

ထို့ကြောင့် ဖ-ဆ-ပ-လတွင်ဆိုရှယ်လစ်များ လျော့နည်း နေသည်။ လူထုလူတန်းစားတိုက်ပွဲများမှ ဝင်ရောက်လာသော ဆိုရှယ်လစ်အများစု သည် စာတတ်ပေတတ်များမဟုတ်ကြ။ သူများဟောင်လို့ လိုက်ပြီးဟောင် အမောင်၊ တောင်-မြောက်မသိသူများသည်။ ထိုခေတ်က လူထုသည် ကွန်မြူနစ်ကို ရင်ထဲအသည်းထဲက မုန်းတီးကြသောကြောင့် ကွန်မြူနစ်များ အနေဖြင့် တရားဝင်ပါတီထောင်ပြီး ဝင်ရောက်ယှဉ်ပြိုင် ခွင့်ရသည့်တိုင် ဆိုရှယ်လစ်အုပ်စုကို အနိုင်ရဖို့တော့မရှိပေ။

(NUF) နှင့်အင်အားတူသော အဖွဲ့အစည်းများမှ လစ်ဘရယ် ဒီမိုကရက်တစ် တရားမျှတမှုပါတီ (The Liberal- democratic Justic Party) မာ့(စ်)ဝါဒီအလုပ်သမားနှင့် လယ်သမားပါတီ (The Marxist Burma Workers and Peasant's Party) တို့ဖြစ်ကြသည်။

(၁၉၅၆)မှ(၁၉၅၈) အတွင်းပါလီမန်၌ (the NUF) သည် ရခိုင် အမျိုးသား စည်းလုံးညီညွတ်ရေးအဖွဲ့ (Arakanese National United Orgarization (ANUO)ရှေးရိုးစွဲအုပ်စု (Conserva tity) လယ်ယာပါတီ (Right-wing Party) တို့နှင့် ပူးပေါင်းလိုက်သောကြောင့် အင်အားကြီးသော အတိုက်အခံ အုပ်စုကြီး ဖြစ်လာသည်။ ထိုအုပ်စုကြီးသည်၊ ဝါဒသဘောထား မတူညီသောအုပ်စု အသီးသီးဖြစ်စေကာမူ သူတို့အားလုံး၏ ဘုံရည်မှန်း ချက်သည်၊ အာဏာရ (ဖ-ဆ-ပ-လ)ပါတီကို တိုက်ခိုက် ရန်မှုသာ ဦးတည် ချက်ထားပြီး လှုပ်ရှားကြ သောကြောင့်၊ တူညီသော ဘုံရည်မှန်းချက်သည်၊ အာဏာရ (ဖ-ဆ-ပ-လ ) ပါတီကို တိုက်ခိုက် ရန်မှုသာ ဦးတည်ချက်တစ်ခု တည်းအောက်တွင် ကျစ်ကျစ်လစ်လစ် စည်းလုံးလုံး ရှိနေခဲ့သည်။ ၁၉၅၈ ခုနှစ်တွင် (ဖ-ဆ-ပ-လ) ပြိုကွဲချိန်တွင် အတိုက်အခံအင်အားစုသည် စုစည်း ညီညွတ်စွာ ရှိနေခဲ့သည်။သို့သော် (၁၉၆၀) ရွေးကောက်ပွဲတွင်၊ တည်မြဲ (ဖ-ဆ-ပ-လ) အရေးနိမ့် ပြီးနောက်ပိုင်းတွင်၊ လွှတ်တော်ထဲ၌ အဓိက အတိုက်အခံ အင်အားစုနေရာကို၊ ကျော်ငြိမ်း-ဘဆွေ၏တည်မြဲ (ဖ-ဆ-ပ-လ)က ယူလိုက်သောကြောင့် (NUF)သည် အတိုက်အခံ ပါတီငယ်အဆင့်လျော့ကျခဲ့သည်။

တန်ထာဆုစာဝေ

ဦးနု၏ ဖ-ဆ-ပ-လ အမတ်များသည် (The Executive Committee of the Supre me Council) ကိုလွှမ်းမိုးထားနိုင်ခဲ့ပြီးဖြစ်သည်။ (Supreme Council) ကို -အမျိုးသားကွန်ဂရက်မှ ရွေးချယ်ရခြင်းဖြစ်သည်။

အာဏာရ ဖ-ဆ-ပ-လ တွင် အဖွဲ့ဝင်နှစ်မျိုးရှိသည်။ တစ်မျိုးသည် တိုက်ရိုက်ပါဝင်သော အဖွဲ့ဝင်များ (Direct Members) ဖြစ်ကြပြီး နောက်တစ်မျိုးသည် တဆင့်ခံအဖွဲ့ဝင်များ (Indirect Members) တို့ဖြစ်ကြသည်။ မည်သည့်အဖွဲ့ဝင်ဖြစ်ပါစေ အခွင့်အရေး တန်းတူရသည်။အဆင့်ခံအဖွဲ့ဝင်များမှာ အောက်ပါအဖွဲ့အစည်းများမှ တဆင့်ဝင်ရောက် လာကြသူများဖြစ်သည်။ ဖ-ဆ-ပ-လ ၏ မိတ်ဆွေအဖွဲ့အစည်းများမှာ - ဗမာပြည်တောင်သူလယ်သမား အဖွဲ့အစည်း (သို့မဟုတ်) တစ်နိုင်ငံလုံး ဆိုင်ရာ တောင်သူလယ်သမားအစည်းအရုံး(All -Burma Peasant's organization)

- ကုန်သွယ်ရေး ကွန်ဂရက်(စ်) (Trade Union Congress)
- အမျိုးသမီးများ လွတ်လပ်ခွင့် အဖွဲ့ချုပ် (Women's Freedom League)
- ဖက်ဒရေးရှင်း/ ကုန်သွယ်အဖွဲ့အစည်းများ (သို့မဟုတ်) ကုန်သွယ်အဖွဲ့အစည်းများ ဖယ်ဒရေးရှင်း (Federation of Trade Organizations) နှင့်
- ကရင်လူငယ် အဖွဲ့ချုပ် (Karen Youth Lerguae) တို့ဖြစ်ကြသည်။

ဦးနုနှင့် ထိုအဖွဲ့အစည်း အသီးသီးမှ ခေါင်းဆောင်များသည် မိတ်ဆွေရင်းချာများ ဖြစ်ကြလေရာ သူတို့အဖွဲ့ဝင်များ တိုက်ရိုက်ပါဝင်သည်ဖြစ်စေ၊ တဆင့်ခံပါဝင်သည်ဖြစ်စေ ရွေးကောက်ပွဲတွင် ဦးနုဖက်က၊ ထောက်ခံကြမည်သာဖြစ်သည်။ ထိုအဖွဲ့အစည်းအသီးသီးမှ ထိပ်တန်းခေါင်းဆောင်များသည် သူတို့၏ လက်အောက်ငယ်သား အဖွဲ့ဝင်များ ကိုထိရောက်စွာ ထိန်းချုပ်ကိုင်တွယ် ထားနိုင်ကြသည်။ ဒီမိုကရေစီ အဖွဲ့အစည်းဖြစ်သောကြောင့်၊ အောက်ခြေမှ အဖွဲ့ဝင်သည်၊ ရိုးသားကြိုးစား ပြီး ကြီးကြီးမားမား အောင်မြင်မှုများရှိပါက ထိပ်ပိုင်းကို တက်ခွင့်တော့ရှိသည်။ဥပမာ ဆိုရသော် မိုလ်ချုပ်အောင်ဆန်း၏ မိတ်ဆွေရင်းချာကြီး ဦးနုသည် ပါတီကို

စတင်ဝင်ရောက်စဉ်အခါ၌ အဖွဲ့ဝင်အဖြစ် အောက်ခြေမှ ဝင်ရောက်ခဲ့ခြင်း မဟုတ်ပေ။ ဗိုလ်ချုပ်အောင်ဆန်း၏ ငယ်ပေါင်း မိတ်ဆွေ ဖြစ်သည်ဟူသော အချက်ဖြင့်၊ ထိပ်ပိုင်းနေရာကို၊ ကျော်ဖြတ်ဝင်ရောက် လာခဲ့သူဖြစ်သည်။ သို့သော် ထိုခေတ်ကာလသည် မတည်ငြိမ်၊ မအေးချမ်း သေးသော ကိုလိုနီ ကာလဖြစ်သည်။ယခုအချိန်သည် လွတ်လပ်ပြီး၊ ဆယ်နှစ် တာကာလဖြစ်သည်။ နိုင်ငံတစ်ခုကို ထူထောင်ရန် အတွက်လုံလောက်သော အချိန်ကာလ တစ်ခုဖြစ်သည်။ စွမ်းအားရှိသမျှဖွံ့ ဖြိုးတိုးတက်မှုမရှိခြင်းသည် ထိုခေတ် ကာလ မြန်မာခေါင်းဆောင်အားလုံး အရည်အချင်း နိမ့်ကျသည်ဟု ယူဆသည်။ ထစ်ကနဲရှိ- ဆူဆူပူပူ ထပြီးလုပ်ကြသောအခါ ထူထောင်မှုကို အာရုံစိုက်ဖို့ခက်သည်။ နောက်ပြီး အာဏာရ (ဖ-ဆ-ပ-လ)သည် ခေတ်ကာလ အခြေအနေအရ စစ်အေးတိုက်ပွဲ ကာလဖြစ်သောကြောင့် လက်ဝဲ-လက်ယာ အယူအဆများမှ တစ်ခုခုဖက် ကို လိုက်ဖို့လိုသည်။ နိုင်ငံငယ်လေးမျှသာ ဖြစ်သောကြောင့်၊ မိမိခြေထောက်ပေါ် မိမိရပ်တည်ဖို့ ဆိုသည်မှာ လုံးဝ မဖြစ်နိုင်၊ မိမိခြေထောက်ဖြင့် မိမိရပ်တည်မည်။ အမှီအခို လုံးဝမယူ အပေါင်းအသင်း အဆက်အဆံ လုံးဝမလုပ်ဟု ယူဆပါက၊ ယခု လောလောဆယ် အချိန်ကာလအတွက် မှန်ကန်သည်ဟု ဆိုစေကာမူ နောင်အနာဂတ်ကာလတွင်၊ အမှားကြီး မှားခဲ့ပြီးဟုသိလာ ရမည်ဖြစ်သည်။ စစ်အေးတိုက်ပွဲကာလတွင် တိုက်ခိုက်မှု ပုံစံများလွန်စွာ ရှုပ်ထွေးသည်။ စစ်တပ်အင်အားဖြင့် အဝမ္မဝင်ရောက် ကျူးကျော်မည်မဟုတ်၊ စီးပွားရေး လမ်းကြောင်းများကို ဖြတ်တောက်ပြီး အမှည့်ခွေ ခွေနိုင်သည်။ အုပ်စုကြီး နှစ်ခုခွဲပြီး ဗြောင်ကျကျ- ဗိုလ်ကျစိုးမိုး နေသောခေတ်ကာလတွင်၊ အုပ်စု တစ်ခုခုဖက်ကို ဝင်ခြင်းဖြင့် မိမိနိုင်ငံ ထူထောင်ရေးအတွက် အကျိုးဖြစ်ထွန်း စေမည်ဖြစ်သည်။ ဥပမာ အရှေ့ အုပ်စုကို ဝင်သော် အရှေ့ အုပ်စုမှ နိုင်ငံရေး စီးပွားရေး စစ်ရေး အကူအညီများ ရမည်ဖြစ်သည်။ ထို့အတူ အနောက်အုပ်စုနှင့် ပေါင်းပါက၊ အမေရိကန်၏ အကူအညီဖြင့် စက်မှု လက်ယာ ထူထောင်ရေး၊ မြို့ ပြအခြေစိုက် စက်မှုလုပ်ငန်း ထူထောင် ရေး၊မြို့ ပြနှင့် လမ်းပမ်းဆက်သွယ် ရေးစနစ်များကို အကူအညီ ပေးမည်ဖြစ်

သည်။ ထို့အပြင် စက်မှုလက်ယာမှ ထွက်ကုန်များ၊ စက်မှုကုန်ထုတ်လုပ်ငန်းများမှ ထွက်ကုန်များကို ကမ္ဘာ့စီးပွားရေးဈေးကွက်ကြီးထဲသို့ အတားအဆီးမရှိ တိုက်ရိုက် ကုန်သွယ်နိုင်မည်ဖြစ်သည့် နိုင်ငံ့ခေါင်းဆောင်များအနေဖြင့် ဂုဏ်သိက္ခာ ကျဆင်းမှုရှိမည် ဖြစ်သော်လည်း။ နိုင်ငံကောင်းစားမည်နိုင်ငံသားများ အလုပ်အကိုင် ပေါများပြီး ကြွယ်ဝချမ်းသာလာမည်။ သို့သော် ဖ-ဆ-ပ-လ ခေါင်းဆောင်များသည် အနောက်တိုင်းသား ကိုလိုနီများကို တော်လှန်ပြီး လွတ်လပ်ရေးယူလာခဲ့ကြသူများဖြစ်လေရာ၊ အနောက်တိုင်းသားတို့ကို၊ အမြဲထာဝရမုန်းတီးမှု၊ နာကျည်း မှုရှိခဲ့သည်။ထို့ကြောင့် ယုံကြည်စွာဖြင့်ပူးပေါင်းမှုမပြုနိုင်ခြင်းဖြစ်သည်။

ဦးနုသည် စတင်ဝင်ရောက်စဉ်အခါကတည်းကပါတီ၏ ထိပ်ပိုင်းခေါင်းဆောင်နေရာမှစပြီး ဝင်ရောက်ခဲ့သည်။ ခေါင်ဆောင်ပိုင်း သင့်မြတ်မှုမရှိသောကြောင့် (၁၉၅၈) ခုတွင် ပါတီနှစ်ခြမ်းကွဲသောအခါ သူ၏ ပါတီတွင် ဦးနုသည် ဥက္ကဋ္ဌနေရာဆက်ပြီး ယူထားသည်။ ပါတီနှစ်ခြမ်းကွဲခြင်းဖြစ်ပေါ်ပုံမှာ အောက်ပါအတိုင်းဖြစ်သည်။ (၁၉၅၈) ခုဇန်နဝါရီလအတွင်း၌၊ ဗမာတပြည်လုံး ဆိုင်ရာ ဖ-ဆ-ပ-လ ၏ တတိယအကြိမ်မြောက် ကွန်ဂရက်ကို ကျင်းပပြီး၊ ခေါင်းဆောင်သစ်နေရာကို၊ ဒီမိုကရေစီ နည်းကျစွာဖြင့်၊ အဖွဲ့ဝင်များ၏ဆန္ဒမဲဖြင့် မဲခွဲသောအခါ ဦးနုအားထောက်ခံကြသောပါတီဝင် အရေအတွက်သည် တစ်သန်းသုံးသိန်း ခြောက်သောင်းရှစ်ထောင် ဆယ်လေးမဲ (1,3 68,014) ရရှိလေသည်။ အတိုက်အခံပါတီဝင်တို့၏ မဲအရေအတွက်မှာ လေးသိန်း ရှစ်သောင်းရှစ်ထောင် တဆယ့်လေးမဲ (488,014) ဖြစ်သည်။ ထို့ကြောင့် ဤဂရက်က ဦးနုကို ပါတီက ခေါင်းဆောင်ဥက္ကဋ္ဌအဖြစ် ခန့်အပ်လိုက်လေသည်။ ထိုအချိန်အထိပြဿနာမရှိသေးပေ။ ထို့နောက် ပါတီတွင် ဩဇာအာဏာရှိသော အတွင်းရေးမှူးနေရာလုသောအခါ ဆိုရှယ်လစ်ခေါင်းဆောင်ဦးကျော်ငြိမ်းနှင့် ဦးဘဆွေတို့က သခင်သာခင်ကို ရွေးချယ်ပေးကြသည်။ ဦးနုက သခင်ကျော်ထွန်းကို ရွေးချယ်ပေးသည်။ ထိုအခါ ထိုနှစ်ဦးမှ တစ်ဦးကို ရွေးချယ်ရမည်ဖြစ်သော်လည်း သခင်ကျော်ထွန်းကို၊ အတွင်းရေးမှူးခန့်ပြီး သခင်သာခင်ကို အတွင်းရေးမှူး၏ လက်ထောက်နေရာ

ခန့်ထားပေးလိုက်သည်။ ထိုအခါ အကွဲအပြဲဇာတ်လမ်း စဖို့ဖြစ်လာသည် နောက်ပြီး ပါတီ၏ ယခင်က လက်ခံခဲ့သော မာ့(စ်) ဝါဒများကို ဖယ်ရှားပြီး ဆိုရှယ်လစ်လမ်းစဉ်မျှသာ ထားမည် ပျော့ပျောင်း သော အတွေး အခေါ်များကိုသာ ပြောင်းလဲထုတ်ပြန်ခဲ့သည်။ ဦးနုသည် နိုင်ငံရေး သဘော တရားများကို သိပ်ပြီးသဘော မတွေ့တော့ပေ။ ဆယ်နှစ် ကာလလုံးပါတီ၏ သဘောတရားများကြောင့် နိုင်ငံတော်သည် ဖွံ့ ဖြိုးတိုးတက် ခြင်းမရှိခဲ့ပေ။ ထို့ကြောင့် တင်းကျပ်သော မူဝါဒသဘောထား အားလုံးကို ဖြေလျှော့ချ လိုက်သည်။ စီးပွားရေး အခြေခိုင်ပြီး ပြည်သူလူထု၏ လူနေမှု အဆင့်အတန်း များမြင့်မားစေရန် ဦးတည်၍ ဆောင်ရွက်ရမည်ဟု ယုံကြည်သည်။ ယုံကြည် သည့်အတိုင်းတစိုက်တမတ်မတ် ကျင့်သုံးသွားမည်။ ဘာသာရေး လွတ်လပ်ခွင့် အပြည့်အဝရှိရမည်။ ရိုးရာယဉ်ကျေးမှု အမွေအနှစ်များ ကိုလည်း ထိန်းသိမ်းရမည်ဆိုသည် (ဖ-ဆ-ပ-လ )တွင် အခါအား လျော်စွာ ခေါင်းဆောင် သစ်ရွေးချယ်ပွဲကျင်းပပေးသောကြောင့် ဦးနုသည် ပါတီ ခေါင်းဆောင်နေရာကို ဆုပ်ကိုင်ထားလိုသော်လည်း ဒီမိုကရေစီကျင့်စဉ် အရ၊ ယှဉ်ပြိုင်အရွေးခံပြီးမှ ရယူခြင်းဖြစ်သည်၊ အာဏာရှင် ပုံစံဖြင့် အာဏာသိမ်းပြီးပြန်မပေးဘဲ၊ ရယူခြင်းမျိုးတော့မဟုတ်ပေ။

(NUF) ပါတီနှင့် အခြားသော အတိုက်အခံပါတီ အားလုံးတွင် ခေါင်းဆောင်အသစ်များ စဉ်ဆက်မပြတ်မွေးထုတ်သော ပုံစံမျိုးလုံးဝမရှိပေ။ သို့သော်(NUF)ကို မြေအောက် တော်လှန်ရေးသမားများ၊ တက္ကသိုလ် ကျောင်းသားများနှင့် အခြားသောအတိုက်အခံ ပါတီကိုက ထောက်ခံကြ လေသည်။ ၁၉၅၈ ခုနှစ်တွင်၊ နှစ်ဦးပိုင်းကတည်းက စတင်ခဲ့သော ဖ-ဆ-ပ-လ ခေါင်းဆောင်များ၏ မပြေလည်မှုများသည် နောက်ပိုင်းတွင် ပုဂ္ဂိုလ်ရေးအရ ပြောဆိုဆက်ဆံရေး အဆင်မပြေမှုများမှ တဆင့်၊ မချေမငံ ပြောဆိုမှုများ ဖြစ်လာခဲ့သည်။ အကောင်းဆုံးမှာ လူကြီး လူကောင်းပီသစွာဖြင့် တစ်ယောက်အပေါ်တစ်ယောက် ထားရှိခဲ့ကြသော အညှိုးအာဃာတ တရားများကို ဖြေဖျောက်သင့်သည်။ အဘယ်ကြောင့် ဆိုသော် မိမိတို့သည် သာမန်လူသားများမဟုတ်၊ နိုင်ငံတော်ကြီးတစ်ခုကို ဦးဆောင်နေကြသော

မြန်မာ စာအုပ်များ



ခေါင်းဆောင်များဖြစ်ကြသည်။ ထို့ကြောင့် ဘာဘဲ လုပ်လုပ်၊ ဘာဘဲ ပြောပြော၊ မိမိတို့နောက်တွင် သန်းပေါင်းများစွာသော နိုင်ငံသားများ ၏ အသက်စည်းစိမ်၊ဥစ္စာများ ရှိနေသည်ဟု သိထားသင့်သည်။ထိုအချိန်က ဦးနုနှင့် ဦးကျော်ငြိမ်း ဦးဘဆွေတို့သည်၊ ပုဂ္ဂိုလ်ရေး မုန်းတီးမှု၊ အညှိုးအတေး လေးများကို လူကြီးလူကောင်း ပီသစွာဖြင့် ဖြေရှင်းနိုင်ခဲ့သော်လည်း (၁၉၅၈) တပ်မတော်မှ အိမ်စောင့်အစိုးရ တာဝန်ယူဖို့ မလိုအပ်တော့ပေ။ ထိုအခါ နိုင်ငံရေးလောကထဲသို့ တပ်မတော် ဝင်ရောက်လုပ်ကိုင်သော အစဉ်အလာ များပေါ်ပေါက်လာမည်မဟုတ်၊ ဘီးလူးစည်း လူစည်းရှိလာမည်ဖြစ်သည်။ ယခုဦးနုနှင့် ဦးကျော်ငြိမ်း ဦးဘဆွေတို့၊ လူကြီးလူကောင်းမပီသဘဲ၊ သာမန် လမ်းဘေး၊ လမ်းဇောင်းမှ ကလေကချေများလို၊ စိတ်သဘောထား ကြောင့်၊ နိုင်ငံတော်ကို တပ်မတော်မှ အာဏာသိမ်းခဲ့ရသည်။ယခု အခါနှစ်ပေါင်း ငါးဆယ်ကျော်ကျော် ပျောက်ဆုံးခဲ့သော ဒီမိုကရေစီကို ပြန်၍ရပါပြီဟု ဆိုရလျှင်ရမည်ထင်ပါသည်။ သို့သော်ဒီမိုကရေစီထက်ပိုပြီး အရေးကြီးတာက ဆင်းရဲမွဲတေမှု ပပျောက်ရေးဖြစ်ပါတယ်။ ခုတော့ ဒီမိုကရေစီရပြီလို့ပြော ပါတယ်။ (၂၀၁၀၊ ၂၀၁၁၊ ၂၀၁၂၊ ၂၀၁၃) စသည် ဖြင့်နှစ်တွေသာကြာလာ တယ်၊ ဘယ်မှာဘဲ ဘွဲ့ရပညာတတ် အလုပ်လက်မဲ့ တွေအတွက် အလုပ် အကိုင်၊ အခွင့်အလမ်းတွေ၊ ဘယ်မှာလဲအခြေခံ လူတန်းစား၊ လယ်သမား၊ အလုပ်သမားနဲ့ မြို့ကြီးသားပျံကျ ဈေးသည် လမ်းဘေးဈေးသည်တွေ ရဲ့ ဒုက္ခတွေ၊ ဘယ်သူဖြေရှင်းပေးမှာလဲ။ ဘယ်သူကယ်မှာလဲ၊ ဘိုးဘိုးအောင်- မ-မှာလား၊ အိမ်ထောင်တစ်ခုမှာ လင်နဲ့မယား၊ လျှာနဲ့သွား၊ သဘောထား မတိုက်ဆိုင်တဲ့အခါ၊ ဆင်းရဲ ဒုက္ခတွေ့တဲ့အခါ၊ ပြဿနာဖြစ်တာဘဲ၊ ပြဿနာ ဖြစ်တိုင်း၊ လင်မယား ကွဲကြစတမ်းဆိုရင်၊ ဒီနေ့မြန်မာနိုင်ငံမှာ၊ မြို့နေလက် လုပ်လက်စား၊ လမ်းဘေးဈေးသည်တွေ၊လခနည်းဝန်ထမ်း တွေအား လုံး၊အိမ်ထောင်ရေး ပြိုကွဲကုန်ပြီပေါ့။ ဒီလိုဘဲ-ခွင့်လွှတ်သီးခံပြီး ပေါင်းကြရတာဘဲ။ ဘာကြောင့်လဲ သားသမီးတွေမျက်နှာ ကိုထောက် ရတယ်။ မိသားစုတစ်ခုမှာ ရှိတဲ့သားသမီး နှစ်ယောက်၊သုံးယောက်အတွက် မိဘတွေငဲ့ညာကြရင် သန်းပေါင်း လေးဆယ်ကျော်ကျော်၊ကိုယ့်ကို မှီခိုနေရတဲ့

မြန်မာ စာအုပ်များ





*၁၉၈၀ ခုနှစ် ဩဂုတ်လ ၁၂ ရက်နေ့က နိုင်ငံတော်သမ္မတကြီးဦးနေဝင်းက လွတ်လပ်ရေးတော်လှန်ရေး လုပ်ဖော်ကိုင်ဖက်များအား အလုံလမ်းရှိသမ္မတအိမ်တော်၌ ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်စဉ် ယာအစွန်တွင် ရပ်နေသော အလံနီကွန်မြူနစ်ပါတီခေါင်းဆောင် သခင်စိုးကို တွေ့ရစဉ်*

---

တိုင်းပြည်ဟာ ကိုလိုနီကျွန် ဘဝမှာ နှစ်ပေါင်းတစ်ရာကျော်နေခဲ့ရတယ်၊ လွတ်လပ်ရေးရတော့၊ ရောင်စုံသူပုန်တွေရဲ့ဒဏ်ကို ပြည်သူတွေ ခံစားရတယ် ဆိုတာ နားလည်ညာတာ သင့်တယ်။ အဲဒီ ဖ-ဆ-ပ-လ ခေါင်းဆောင်တွေ၊ ထမင်းတစ်နပ်ဝတ်ဖူးတာမဟုတ်ဘူး၊ သူတို့ကိုယ်ထဲ ကျည်ဆံတစ်တောင့် ဝင်ဖူးတာမဟုတ်ဘူး။ ပြည်သူတွေဟာ ပြည်တွင်းစစ်ရဲ့ဒဏ်ကြောင့် လင်သေ သားဆုံး၊ မယားသေ သမီးဆုံး၊ တစ်သက်လုံးရှာထားသမျှ၊ သူခိုးခိုး၊ စားပြတိုက်၊ လူသတ်၊ ဒီလိုဒုက္ခတောထဲ ရောက်သွားမှာကို ဖ-ဆ-ပ-လ ခေါင်းဆောင်ကြီးတွေ တွေးတောကြဖို့သင့်ပါတယ်။(ဖ-ဆ-ပ-လ)၏ တတိယ အကြိမ်ကွန်ဂရက်တွင် အတွင်းရေးမှူး နေရာအတွက် သဘောထားကွဲလွဲမှု ပြင်းထန်စွာ ဖြစ်ပေါ်ပြီးနောက်၊ ဦးကျော်ငြိမ်းက၊ လူငယ်ထုကိုစွမ်းအား ထက်သောအင်အားစုအဖြစ် လေ့ကျင့်ပျိုးထောင်ရန် အကြံပေးသည်။ ဦးနုက- မလိုအပ်ဟုငြင်းပယ်သည်။ ထိုအခါဦးနု၏ လူများနှင့် ဦးကျော်ငြိမ်း ထောက်ခံသူများကြားတွင်၊ စကားဖြင့် အခြေ အတင်းငြင်းခုံပြောဆို ကြသော အဆင့်မှ၊ အချင်းချင်းခိုက်ရန်ဖြစ်ကြ သည့် အထိဖြစ်လာသည်။

ဒီအခြေ အနေအထိရောက်လာမှတော့ ဘယ်လိုမှလည်း စေ့စပ်လို့ရမှာ မဟုတ်တော့၊ အချင်းချင်း ရိုက်ကြပုတ်ကြ၊ တိုက်ခိုက်ကြ၊ ဆဲဆိုကြပြီးမှ အတူတူပြန်ပြီးစုပေါင်းနေပါက ဒီလိုဘဲ တကျက်ကျက် ဖြစ် နေပြန်တော့ ပါတီကြီးတစ်ခုလုံး၊ ရေတိမ်နစ်မည့်အစား၊ ပါတီတစ်ခြမ်းလောက် ဘဲပျက်စီး နစ်နာတာကပိုကောင်းမည်ဟု ဆုံးဖြတ်လိုက် လေတော့သည်။
(Ministry of Information, Burma weekly Bulletin, n.s 6, no.41. (February 6,1958), 376.
* Sein Win, The Split Story (Rangoon, Guardian, 1959) far an in Formed Burmese Journalist's account of the break up of the A.F.P.F.L).

ဦးနုသည်၊ ပြဿနာကိုကြီးထွားခြင်း မဖြစ်မီ၊ လမ်းခွဲကြဖို့ပြောသောအခါ၊ ဦးကျော်ငြိမ်းသည်၊ မိမိတို့၏အမှားများအတွက် ဝန်ချတောင်းပန်ပြီးညှိနှိုင်း ရမည့်အစား၊ သူတို့ကလည်း- ခွဲကြဖို့ဆုံးဖြတ်ပြီး၊ ပြဿနာကိုမိုက်မိုက် ကမ်းကမ်းဖြေရှင်းကြဖို့ဆုံးဖြတ်ထားပြီး ဖြစ်လေရာ၊ ဦးနု၏ကမ်းလှမ်းချက်ကို လက်ခံပြီး၊ ဖ-ဆ-ပ-လ ပါတီကို၊ နှစ်ခြမ်းခွဲလိုက်ကြသည်။ သူတို့အားလုံး သည် ဗိုလ်ချုပ်အောင်ဆန်းစတင် ထူထောင်ခဲ့သော ဖ-ဆ-ပ-လ ပါတီကို သံယောဇဉ်ကြီးမား ကြသည်။ ပါတီ၏မူလဖွဲ့စည်းပုံ သဘောတရား ကိုလည်း လက်ခံကြသည်။ ပါတီ၏မူဝါဒများ လုပ်ထုံးလုပ်နည်းအားလုံး ကိုလက်ခံ ကြသည်။ ထို့ကြောင့် အခြားနာမည်အသစ်များ မပြောင်းလိုကြပေ။ ထို့ကြောင့် ထို့ကြောင့်ဦးနုက သူ့ပါတီကို၊ သန့်ရှင်းဖ-ဆ-ပ-လ(The Clean AFPFL) ဟုခေါ်ဆိုပြီး၊ ဦးကျော် ငြိမ်းတို့က တည်မြဲ ဖ-ဆ-ပ-လ (Stable AFPFL) ဟုအမည်းပေးခဲ့ကြသည်။

အိမ်စောင့်အစိုးရ လက်ထက်တွင်၊ တပ်မတော်အရာရှိ အတော် များများသည်၊ ဆိုရှယ်လစ်ဝါဒီများဖြစ်ကြသည်။ ထို့ကြောင့်၊ ဘက်လိုက်ပြီး တည်မြဲ ဖ-ဆ-ပ-လ အလေးသာဖို့ကြိုးစားပေးခဲ့ကြပါသေး သည်။ သို့သော် (၁၉၆၀) ဖေဖော်ဝါရီ နှင့် မတ်လတွင်ကျင်းပသော ရွေးကောက်ပွဲတွင်ဦးနု၏ သန့်ရှင်း ဖ-ဆ-ပ-လ သည် တည်မြဲ ဖ-ဆ-ပ-လ နှင့် (the NUF) တို့ကို အပြတ်အသတ်အနိုင်ရလေသည်။

၁၉၆၀ ခုနှစ် ဧပြီလတွင် ဦးနုသည် ၊ နိုင်ငံတော်အာဏာကို ရသည်နှင့် သူ၏ပါတီကို ပြည်ထောင်စုပါတီ (The Pyidaungsu party or Union Party) ဟုအမည်ပြောင်းလိုက်သည်။ ဦးနုသည်၊ အစဉ်အမြဲ သံယောဇဉ်တွယ်ခဲ့သောဆိုရှယ်လစ်(ရှစ်ဆယ်လို၊ အတွေးအခေါ်များ) ရပ်ဆိုင်းထားပြီး မြန်မာနိုင်ငံအတွင်း လူမျိုးစုအရေးအတွက် အရေးကြီးတာက၊ ဆိုရှယ်လစ်မဟုတ်၊ ဒီမိုကရေစီသာဖြစ်သည်။ ဒီမိုကရေစီရမှ၊ ဓလေ့ စရိုက် ကွဲပြားသော၊ ကိုးကွယ်သည့် ဘာသာတရားကွဲပြားသော လူမျိုးစုများ နှင့်မျိုးနွယ်စုများနှင့် အပေးအယူပြုလုပ်ခြင်းကိုမှ တစ္စာပြုလုပ်နိုင်မည်ဟု ယုံကြည်ချက်ပြောင်းလဲလာသည်။ တိုင်းရင်းသားများ အတွက်ပေးဖို့သင့် သောအခွင့်အရေးများပေးလိုက်တော့မည်ဟု ဆုံးဖြတ်လိုက်သည်။ ထို့နောက် ပြည်ထောင်စုသမ္မတ၊ ဒေါက်တာဘဦး (Union presient Dr.Bau) ကို အားလုံးသောနိုင်ငံရေးပါတီများနှင့်တွေ့ဆုံစေပြီး နောင်အနာဂတ်ကာလ ရွေးကောက်ပွဲများတွင် ယခုထက်ပိုပြီး ဒီမိုကရေစီနည်းကျစွာဖြင့်မျှမျှတတ၊ သန့်ရှင်းစွာ ဆောင်ရွက်သွားမည့်အကြောင်းအသိပေးသည်။ ပါတီများတွင် အနာဂတ်ကာလအတွက်ခေါင်းဆောင်အသစ်များပေါ်ထွက်လာစေရန်၊ မျိုးဆက်သစ်လူငယ်များကို ပြုစုပျိုးထောင်ကြဖို့တိုက်တွန်းခဲ့သည်။

ထိုအခါအနာဂတ်ကာလပါတီခေါင်းဆောင် အသစ်ရွေးချယ်ပြီး ပြုစုပျိုးထောင်ရမည့်ကိစ္စပေါ်တွင် ပြဿနာများပေါ်ပေါက်လာသည်။ အခြား ပါတီများမှ ပေါ်ပေါက်ခြင်းမဟုတ်ပေ။ ဦးနု၏ အာဏာရပြည်ထောင်စုပါတီမှ ပြဿနာတက်ခြင်းဖြစ်သည်။ ဖြစ်ပုံကနိုင်ငံရေးလောကမှ ဦးနုအနား ယူသွား သောအခါ ဦးနု၏ခေါင်းဆောင်နေရာကို ရွေးချယ်ဖို့ပြဿနာတက်လေသည်။ ဦးနုသည် ဦးကျော်ငြိမ်းမှ အုပ်စုနှင့် လမ်းခွဲချိန်တွင်၊ တော်လှန်ရေးကာလ၊ လွတ်လပ်ရေးအတွက် ဆန္ဒပြသပိတ်မှောက်သောကာလများ၊ ပြည်တွင်း ဆူပူသောင်းကျန်းမှုကာလများ စသောအချိန်ကာလများတွင်၊ သူ့ဖက်မှ မားမားရပ်ပြီး ထောက်ပံ့ကူညီခဲ့ကြသူများသည် ယခုအခါ ဦးကျော်ငြိမ်း၊ ဦးဘဆွေအုပ်စုထံအတော်များများရောက်သွားသောကြောင့် ဦးနုသည်၊ လူသစ်များနှင့် ပူးပေါင်းရသည်။ လူသစ်များကလည်း ဦးနုနှင့်ပေါင်းပါက

မြန်မာ စာအုပ်များ



အရှုံးမရှိ၊ အမြတ်သာရှိမည်ဟု ကိုယ်ကျိုးတွက်ပြီးနိုင်ငံရေးလုပ်ကြသူများ ဖြစ်လေရာသူတို့၏လက်ယာ ကွန်ဆာဗေးတစ်အယူအဆလွှမ်းမိုး ရေးကိုသာ၊ ဦးစားပေးကြသည်။ သူတို့အဖွဲ့ကို ဦးဗိုလ်အဖွဲ့ (The U-Bos) ဟုခေါ်သည်။ ဦးကျော်ငြိမ်း၊ ဦးဘဆွေတို့၏ လူများလည်း၊ တည်မြဲ သန့်ရှင်း၊ ကွဲချိန်တွင်၊ သန့်ရှင်းဖက်မှလိုက်လာပြီး ဦးနုကို ထောက်ခံပေးခဲ့သော သခင်သာခင် အပါအဝင် လူဟောင်းများက သခင်အုပ်စုဟူ၍ အားပြိုင်ကြသည်။ ဦးဗိုလ်သခင်လူပ်ရှား၊ အားပြိုင်မှုကို ပြည်သူများသိသွားပါ၊ ပြည်ထောင်စုပါတီကြီးသည် ဖ-ဆ-ပ-လ ကဲ့သို့ အကွဲကွဲ၊ အပြဲပြဲတွေဖြစ်ဦးမည်ဟု အထင်သေးသွားကျမည်။ ယခုအချိန်တွင် မြန်မာပြည်သူ လူထု၏ စိတ်တွင်၊ ဗိုလ်ချုပ်အောင်ဆန်း ကျဆုံးပြီး ကတည်းက ခေါင်းဆောင်ကောင်း ကင်းမဲ့ပြီး စိတ်ဓါတ်ကျနေရာ၊ ပိုပြီးစိတ်ဓါတ် ကျစရာဖြစ်လာနိုင်သောကြောင့် စိတ်ပျက်အားငယ်နေချိန်ဖြစ်ရာ၊ မိမိတို့၏ ပါတီတွင်း ပဋိပက္ခကို၊ ပြင်ပ၊ သတင်းစာနဲ့ စာနယ်ဇင်းလောက အထိပြန့်နှံ့ မှုမဖြစ်စေဘဲ၊ ပါတီအတွင်း၌ တစ်ဦးအပေါ်တစ်ဦး မကျေနပ်တာရှိရင် ပွင့်ပွင့်လင်းလင်း ဝေဖန်တိုင်ပင်ကြပါ။ ဖြေရှင်းကြပါဟု ဦးနုကကြားဝင် တောင်းပန်နေခဲ့သည်။ ဘာဘဲဖြစ်ဖြစ် သေချာတဲ့အချက်ကတော့ပါတီ၏ စည်းလုံးညီညွတ်မှုပျက်ပြားပြီး၊ ပြည်သူလူထုက အားကိုးမှုလျော့နည်း လာလေတော့သည်။ ထိုအချိန်တွင် ဦးကျော်ငြိမ်းတို့၏ ဖ-ဆ-ပ-လ ပါတီသည် ယခင်ကြုံတွေ့ ခဲ့သောအမှားအယွင်းများကို သင်ခန်းစာယူ ပြီးပြုပြင်ကြသည်။ တော်လှန်ရေး ရဲဘော်ဟောင်းများဖြစ်သောကြောင့်ပြီးခဲ့တဲ့အချိန်က အမှားတွေကို အကြွေး ဆပ်ဖို့ လူထုအနေဖြင့် အားကိုး အားထားပြုနိုင်လောက်သောအနေ အထားရောက်ဖို့ ပြင်းထန်စွာကြိုးစားခဲ့ကြသည်။ ထို့ကြောင့်ဖ-ဆ-ပ-လ ပါတီသည်၊ နောင်လာမည့် ရွေးကောက်ပွဲအတွက် အသင့်အနေအထားရှိနေပြီး ဖြစ်သည်။ (၁၉၆၄) တွင်ကျင်းပမည့် ရွေးကောက်ပွဲသည် ဦးကျော်ငြိမ်း၏ ဖ-ဆ-ပ-လ အတွက်ဖြစ်လာသည်။

တန်ထာဆုစာဝေ

မြန်မာ စာအုပ်များ



သို့သော်တပ်မတော်မှ အာဏာမသိမ်းမီ၊ လေးလအလိုတွင် ပြဿနာများစလာသည်မှာ ရခိုင်ပြည်နယ် နှင့် မွန်ပြည်နယ် တောင်းဆိုကြသော ကိစ္စများဖြစ်သည်။ ဦးနုသည် ရွေးကောက်ပွဲဝင်စဉ်အခါက၊ သူ့ပါတီအနိုင်ရပါက၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်ပေးမည်ဟု ဂတိပေးခဲ့သည်။ ယခုနှစ်နှစ်ကြာသည်အထိ လုပ်မပေးခြင်းကို ရခိုင်နှင့်မွန် လွှတ်တော်ကိုယ်စားလှယ်များက ဦးနုအား ဖိအားပေးကြသည်။ ထိုအခါအရေးကြီးတော့ သွေးနီးဆိုသကဲ့သို့၊ ပြည်ထောင်စုအရေးတွင် မမှားသင့်တာပေးတွေ့မများရအောင်၊ ဦးကျော်ငြိမ်းက ဦးနုအားသတိပေးသည်။ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်ပေးမည် ဆိုပါက ချက်ချင်းပေး၍မရ၊ အုပ်ချုပ် မှုအလေ့အကျင့်ရစေအောင်စီစဉ်ရမည် ပြီးမှနောက်တစ်ကြိမ် ရွေးကောက်ပွဲ ပြီးနောက်ပိုင်းကာလတွင် ပြည်နယ်ပေးသင့်သည်ဟု ထောက်ခံတွေ့ရှိပါက နိုင်ငံတော်မှ လိုက်လျောမည်ဟု လည့်ပတ်ပြီးအချိန်ဆွဲရသည်။ ထိုကဲ့သို့ လည့်ပတ်အချိန်ဆွဲခြင်းသည်၊ နိုင်ငံရေးပရိယာယ်ဖြစ်သည်။ ပေးသင့်တာ ကိုပေးရမည်၊ မပေးသင့်တာကို မပေးဟုငြင်းဆန်၍မရ၊ ဒီမိုကရေစီသဘော အရအားလုံးကိုပေးရမည်။ ပေးရန်အတွက်လက်ခံဖို့ အဆင်သင့် မဖြစ်သေးပါက၊ လက်ခံနိုင်သော အဆင့်အထိရောက်အောင်မြှင့် တင်ပေးရမည်ဖြစ်သည်။ ဤသဘောတရားကိုနားမလည်၊ နိုင်ငံရေးပရိယာယ်မရှိဘဲ၊ ဦးနုကို၊ အပြစ်တင်ကြသည်။ ရခိုင်နှင့် မွန်ကိုယ်စားလှယ်များ၊ ခေါင်းဆောင်များ၏ သွေးထိုးမှုကိုနားယောင်ပြီး ပြည်ထောင်စု ပါတီထိပ်ပိုင်းမှ အောက်ပိုင်းအထိ၊ ဦးမိုလ်အုပ်စုက ဦးနုကို အပြစ်တင်ကြသည်။ အခြေအတင်ငြင်းကြ၊ ခုံကြသည်။ ဦးနုက အများအယွင်းအဖြစ်မခံနိုင်၊ ဒီအခြေ အနေကို၊ လှည့်ပတ်နေခြင်းဖြင့် နောက်တစ်ကြိမ်ရွေးကောက်ပွဲ အချိန်ကာလ ရောက်သွားမည်။ ထိုအချိန်ကာလအတွင်း သူတို့အတွက် အသင့်အနေအထားဖြစ်အောင်တော့၊ စီစဉ်သင့်တာလေးတွေ၊ စီစဉ်ပေးပြီး ပြည်နယ်ပေးဖို့ မဖြစ်မနေဆိုရင်တော့ပေးရမည်။ ထိုကဲ့သို့ရှုပ်ထွေးလှသော အခြေအနေတွင်၊ မိမိအပေါ်

ဦးကျော်ငြိမ်း၊ ဦးဘဆွေတို့လို ဝါရင့် ရဲဘော်ဟောင်းကြီးများက နားလည်မှု ရှိကြောင်းတွေ့ရသောကြောင့်၊ ပြည်ထောင်စုပါတီကိုထားခဲ့ပြီးဖ-ဆ-ပ-လ သို့ပြန်သွားရန် အကြိမ်ကြိမ် ဆုံးဖြတ်နေမိသည်။

(NUF)သည်၊ (၁၉၆၀)တွင် ပြည်သူ့ထောက်ခံမှုမရသောကြောင့်၊ လက်ဝဲနိုင်ငံရေးသမားများနှင့် ပေါင်းပြီး လက်ဝဲဗမာပြည် အလုပ်သမား ပါတီ (the leftist Burma worker's Party) အဖြစ် ပြန်လည်အားဖြည့်ထားသည်။ သို့သော် သူတို့ပါတီသည် ဖ.ဆ.ပ လ ပါတီနှင့် ပြည်ထောင်စုပါတီ တို့ကို၊ ယှဉ်ပြိုင်နိုင်သောအနေအထားတော့မရှိသေးပေ။

## အထွေထွေရွေးကောက်ပွဲများ (Elections)

(၁၉၄၇) ခုနှစ်ဖွဲ့စည်းအုပ်ချုပ်ပုံဖြင့် မြန်မာနိုင်ငံတွင် ရွေးကောက်ပွဲ သုံးကြိမ်ပြုလုပ်ခွင့်ရခဲ့သည် အဓိကပြိုင်ဖက်ပါတီကြီးများစွာ (၁)(ဖ-ဆ-ပ-လ) (AFPFL)(၂)ဗမာပြည်တောင်သူလယ်သမားနှင့် အလုပ်သမားပါတီ (BWPP)(၃)လွတ်လပ်သော ရခိုင်ပါလီမန်အုပ်စု (the Independent Arakeanes Parliamentary Group (IAPG) နှင့်အချို့ သောပါတီငယ်လေးများပါရှိကြသည် (၁၉၅၁-၁၉၅၂) ရွေးကောက်ပွဲတွင်၊ လွှတ်တော်အမတ် (၂၃၉) နေရာအတွက်ယှဉ်ပြိုင်သောအခါဖ-ဆ-ပ-လ သည် (၁၄၇) ရသည်။ ဖ-ဆ-ပ-လ ၏မိတ်ဖက်များနှင့် ပေါင်းလိုက်သောအခါ (၂၀၀)ပြည့်သွားသည် အတိုက်အခံတို့က (၃၀)သာရ သည်။ ထို့ကြောင့် လွှတ်တော်ကို၊ ဖ-ဆ-ပ-လ စိတ်ကြိုက် လွှမ်းမိုးထား နိုင်သော အနေအထားဖြစ်သည်။ ရွေးကောက်ပွဲသည် တရား မျှတမှုမရှိဟု အတိုက်အခံ (BWPP)ပါတီက စွပ်စွဲပုတ်ခတ်သည်။ သို့သော် ဥပဒေကြောင်း အရ၊ အထောက်အထားပြစရာတော့မရှိပေ။

(Foreign observers reported that election was as fair as possible unders existing circumstonces. See Economist, February 9, 1952, pp 349-351, For an example of such reports)

ဗြိတိသျှသတင်းထောက်တစ်ဦးကဆိုသည်။မြန်မာနိုင်ငံသား တွေမဲပေးကြတာ ဗြိတိန်နဲ့တူနေတယ်။ ပါတီနဲ့လုပ်ကိုင်မယ့် နိုင်ငံရေးနည်းစနစ်တွေကို မကြည့်ဘဲ၊ လူကိုကြည့်ပြီးမဲပေးကြသည် ဟုဆိုသည်။ ထို့ကြောင့် ဖ⋅ဆ⋅ပ⋅လကို မဲပေးခြင်းသည် အမှန်စင်စစ်အားဖြင့် ဦးနုကို မဲပေးခြင်းဖြစ်သည်။

အချို့သောနေရာများတွင် မဲပေးရာ၌ မှားယွင်းမှုကြောင့် နှစ်ကြိမ်သုံးကြိမ်ပြန်ပြီး ပြုလုပ်ရထားသည်း တွေ့ရသည် ဟုဆိုသည်။

လန်ဒန်မှ ထုတ်ဝေသော (Asian Annual, 1954, P.15.) တွင် ဤသို့ဖော်ပြထားသည်။

No two public account agree on the distribution of seats because some local elections were disputed, some elected members of parliament shifted alliances, and some died before taking office. According to the parliamentary secretary of the chamber of Deputies, U Nan Nwe, the true composition of the parliament between 1954 and 1956 was as follows.

Pro AFPFL; AFPFL, 143,
United Hill People's League, 39,
United Karen League, 13.
Arakanese Muslims, 3;
Total 198.
Anti-AFPFL: BWPP, 9.
Arakan Parliamentary Group 9.
Parliamentary Independent Group,8.
People's United Party, 2.
Karen National Congress, 2:
Pa- O Organization,3.
total -33
Independents, 5
Grand total, 236.

(၁၉၅၆) ခုနှစ်တွင် ဒုတိယအကြိမ်မြောက်၊ အထွေထွေ ရွေးကောက်ပွဲပြုလုပ်သောအခါ၊ အခြေအနေသည်ပို၍ ရှုပ်ထွေးလာသည်။ သို့သော် (ဖ-ဆ-ပ-လ)ကဆက်ပြီးအောင်ပွဲခံသည်။ သို့သော် အတိုက် အခံအင်အားစုသည် လွှတ်တော်အတွင်းသို့လုံလောက်သော အတိုင်းအတာ အထိဝင်ရောက်နိုင်ပြီး ဖြစ်သောကြောင့်၊ လွှတ်တော်သည်၊ လက်ညှိုးထောင်၊ ခေါင်းငြိမ့်လွှတ်တော်မဟုတ်တော့ဘဲ၊ တစ်ဖက်နှင့် တစ်ဖက် အတိုက်အခံ၊ အငြင်းအခုံပြုရသော လွှတ်တော် ဖြစ်လာသည်။ လွှတ်တော်အသက်ဝင်လာ သည်။ ဆိုလိုသည်မှာ ၊ လူတိုင်းလူတိုင်း၊ အပြစ်လုပ်သလား? ဟုမေးပါက၊ မည်သူမျှ အပြစ်လုပ်သည် ဟုဝန်ခံမည် မဟုတ်။ သို့သော်အစိုးရရုံး၊ ဌါနတိုင်းတွင် ခေတ်အဆက်ဆက်အကျင့် ပျက်သည်မှာ ဓမ္မတာဖြစ်သည်။ ဖ-ဆ-ပ-လ ခေတ်တွင် ကုန်ဈေးနှုန်း အလွန်ပေါသည့်စားသောက်စရာပေါ သည်။ အဝတ်အထည်၊ လူသုံးအိမ်သုံး အားလုံး ပေါများသည်။ မောင်နို မပေါ်သေးပါ။ မောင်နိုခေတ်သည် ဦးနေဝင်း အာဏာသိမ်းပြီး စီးပွားရေး လုပ်ငန်းလုပ်ဆောင်ရန် အရည်အချင်း မရှိသောကြောင့် နိုင်ငံ၏စီးပွားရေး ယနေ့အထိ ယိုယွင်းပျက်ဆီးမှုကြောင့် ပေါ်ပေါက်လာခြင်းဖြစ်သည်။ ဥက္ကဋ္ဌကြီးပေးခဲ့သော - ဆိုးမွေဖြစ်သည်။ သို့သော်လူ့သဘောကရလေ၊ လိုလေ၊ အိုတဏှာ၊ နိုင်ငံတော်က ဝန်ထမ်းများကို၊ လောက်ငပြီး၊ လူတန်းစေ့ နေထိုင်နိုင်သော အဆင့်အတန်းအတွက် လစာပေးထားသော်လည်း၊ အကျင့်ပျက် ခြစားကြသည်။ ယခုလွှတ်တော်ပေါ်လာသောအခါ တစ်ဖက်နှင့် တစ်ဖက်လွှတ်တော်ထဲ၌ အပြတ်အသတ်ဆော်ကြသည်။ ထိုအခါ အဂတိလိုက်စားမှုများသည် ဘူးပေါ်သလိုပေါ်လာသည်။ ရာထူးအာဏာ အလွဲသုံးစားပြုလုပ်သူများကို၊ ဦးနုသည် (၁၉၅၆) မှ (၁၉၅၇) အထိအပြတ် ရှင်းသည်။ ဦးနု၊ ဦးကျော်ငြိမ်း၊ ဦးဘဆွေတို့က မာနကြီးသည် ဘယ်တော့မှ တိုင်းပြည်ဘဏ္ဍာငွေကို ခိုးစား၊ ဝှက်စား မလုပ်တတ်ဘူး။ ဒီတော့ချစရာရှိ၊ ဘယ်သူ့မျက်နှာမှ မထောက်ဘဲအပြတ်ချရာ၊ ဦးကျော်ငြိမ်း မခိုးသော်လည်း၊ ဦးကျော်ငြိမ်းနှင့်ပတ်သက်သူများထိသွားသည်။ ထိုအခါဦးနုနှင့် ဦးကျော်ငြိမ်းတို့ ပြဿနာတက်လာသည်။

၁၉၅၆ ခုရွေးကောက်ပွဲရလာဒ်ကို အောက်ပါဇယား၌ ဖော်ပြထားပါသည်၊

| 1956 | Votes Cast | Percentage (of total vote cast) | Seats won |
|---|---|---|---|
| Burma Proper AFPFL | 1,844,614 | 47.7 | 147 |
| NUF | 1,170,073 | 30.4 | 48 |
| BDP | 113,091 | 2.9 | 0 |
| BNB | 77,364 | 2.0 | 1 |
| ANUO | 38,939 | 1.0 | 5 |
| Independents | 119,148 | 3.1 | 4 |
| Minor Parties | 35,943 | 0.8 | 0 |

**Table (1) Elections in Burma (Chamber of Deputies)**

ဖ-ဆ-ပ-လ မှ ရသောမဲစုစုပေါင်းည် (၁၄၇) ဖြစ်သည် မဟာမိတ်များနှင့်ပေါင်းလိုက်သောအခါ (၁၇၃) ဖြစ်လာသည် ထိုအခါ စုစုပေါင်းမဲ၏ (၅၅%)ရ လာသောကြောင့် အစိုးရဖွဲ့နိုင်သည် (NUF) သည်၊ အမတ်နေရာ (၄၈) နေရာရရှိသောကြောင့် အင်အားကြီးမားသော အတိုက်အခံဖြစ်လာခဲ့သည်။ အနောက်အုပ်စုကို လိုလားသော၊ ဘားမား ဒီမိုကရက်တာပါတီ (The Bnrma Democratic Party BDP)သည် လူထုထောက်ခံမှုသိပ်မရဘဲ စုစုပေါင်းမဲအရေအတွက် (၁၁၃၀၉၁) မျှသာရလေသည်။

(Nation, May 15, 1956)

(Far Eastern Survey, 25) December, 1956(Paciffic Affairs, 30(Decenberm 1957)

(၁၉၅၆) ရွေးကောက်ပွဲအနိုင်ရသော်လည်း ဖ-ဆ-ပ-လ သည် ပထမအကြိမ်ကဲ့သို့ လွှတ်တော်ကို လွှမ်းမိုး နိုင်စွမ်းမရှိတော့ပေ။ ထို့ကြောင့် အတိုက်အခံတို့၏ တင်ပြချက်များကို၊ အတိအကျဖော်ထုတ် အရေးယူခဲ့ သည်။ ဦးနုသည်၊ သူ၏တာဝန်များအား ဦးဘဆွေကို လွှဲပေးပြီး ကိုယ်တိုင် ကွင်းဆင်းလေ့လာပြီး အကျင့်ပျက် ခြစားမှု၊ အဂတိလိုက်စားမှုနှင့် လာဘ်

မြန်မာ စာအုပ်များ



ပေးလာဘ်ယူမှုများကို ချေမှုန်းခဲ့လေသည်။ ထိုနောက် ဖ-ဆ-ပ-လ နစ်ခြမ်းကွဲသောကြောင့်၊ ဗိုလ်ချုပ်နေဝင်းကို၊ အိမ်စောင့်အစိုးရ တာဝန်ဖွဲ့စည်းပြီး၊ (၁၉၆၀) ရွေးကောက်ပွဲဝင်ဖို့ပြင်ဆင်လေသည်။ ထိုအချိန်တွင် ဦးနေဝင်းနှင့် ဦးနုတို့ ပြဿနာတက်ကြသည်။ ဗိုလ်ချုပ်နေဝင်း၏ တပ်မှူးများသည် တည်မြဲ ဖ-ဆ-ပ-လ အတွက်ထောက်ခံမဲရဖို့ ဝိုင်းကူပြီး မဲဆွယ်ကြသည်ကို ဦးနုက သက်သေအထောက်အထားခိုင်လုံစွာဖြင့်တင်ပြ သောကြောင့်၊ ပထမဆုံးပြဿနာတက်ရသည်။

ဒုတိယပြဿနာ ဦးနေဝင်းသည်၊ သူ့အာဏာယူ ထားသောအချိန်ကာလသည် ဒီမိုကရေစီအုပ်ချုပ်မှုအာဏာစက် ဖြင့်အုပ်ချုပ်ရသောအချိန်ကာလမဟုတ်ပေ။ စစ်အုပ်ချုပ်ရေးဖြစ်သောကြောင့်၊ စစ်အာဏာဖြင့်၊ နိုင်ငံခြားသားပိုင်များ၊ ကပြားများပိုင်ဆိုင်သော ပစ္စည်းများကို ဗမာပိုင်ပြုလုပ်မည့်ပေါ်လစီ (Policy of Burmanization) ကိုတင်ပြခဲ့သည်။

## (၁၉၅၆)ရွေးကောက်ပွဲ - ဗေယာ်းမှုအဆက်

| other state (အခြားပြည်နယ်များ) | | | |
|---|---|---|---|
| UHPC | 163,283 | 4.2 | 14 |
| PECDO | 49,203 | 1.3 | 4 |
| ASSO | 41,940 | 1.1 | 4 |
| SSPO | 31,112 | 0.8 | 2 |
| KNC | 30,837 | 0.8 | 2 |
| UNPO | 22,185 | 3.2 | 9 |
| Indepen dents | 120,018 | 3.2 | 9 |
| Minor Parties | 4,462 | 0.1 | 0 |
| Contest not held | X | X | 9 |
| Total | 3,868,242 | 100.0 | 250 |

လုပ်ရှားနိုင်ခြင်းသည် အနောက်တိုင်းသား အရင်းရှင်များ အိန္ဒိယသား အရင်းရှင်များနှင့် ကပြားတို့၏ စက်မှုကုန်ထုတ်လုပ်ငန်းများ လည်ပတ်နေသောကြောင့် မြန်မာ့စီးပွားရေး ရှင်သန်နေခြင်းဖြစ်သည်။ လွတ်လပ်ရေး ရပြီးကာစတွင် ပြည်သူပိုင်သိမ်းကြည့်သေးသည်။ အနည်းအကျဉ်းမျှ သိမ်းလိုက်သည်နှင့် စီးပွားရေးလည်ပတ်လှုပ်ရှား လုပ်ဆောင်မှုတွင် အတော်လေးထိခိုက် သွားသောကြောင့် မသိမသာ နောက်ဆုတ်ပြီး ကြည့်နေခဲ့ခြင်း ဖြစ်ကြောင်းလက်ပိုက်ပြီး ကြည့်နေခြင်းမဟုတ်ကြောင်း၊ မျက်လုံးဒေါက်ထောက်ပြီး ကြည့်နေခြင်းဖြစ်သည်။

ကိုယ့်လူမျိုးများတွင် ဒီလိုစက်မှုလုပ်ငန်းများ စက်မှုကုန်ထုတ်လုပ်ငန်းများကို မောင်းနှင်နိုင်စွမ်းရှိသော ပညာရှင်များ ပေါ်လာသည့်အထိ အချိန်ကာလ အတိုင်းအတာတစ်ခု အထိစောင့်ရမည်။ ကိုယ့်လူမျိုးထဲက ဖြစ်စေ၊ကပြားများမှ ဖြစ်စေ၊ ဒီလိုလုပ်ငန်းကြီးတွေ ထူထောင်နိုင်စွမ်း ရှိလာတဲ့အခါမှ သူတို့ကို တဖြည်းဖြည်း ပထုတ်လို့ရမယ်။ အခုချိန်မှာ အလုပ်ရှင် အလုပ်သမားပြဿနာဖြစ်ရင် ကိုယ့်ဗမာအလုပ်သမားတွေ နစ်နာရင်၊ နစ်နာကြေး ကိုကောင်းကောင်းမွန်မွန်တောင်းရမယ်။

တိုင်းတစ်ပါးသား စက်ရုံတွေ၊ဘဏ်တွေကို ဗမာပိုင်သိမ်းရင် နိုင်ငံတကာကပိုင်းပြီး ဝိုင်းဆိုတာတွေခံရမယ်။ အကြီးအကျယ် ဒုက္ခရောက်နိုင်တယ်။ လုံးဝမကြိုးစားပါနဲ့. ကိုယ့်အလုပ်ပဲ ကိုယ်လုပ်ပါ။ ကိုယ်နှင့်မဆိုင်တာ မလုပ်ပါနဲ့ဟု သတိပေးခဲ့သည်။ သို့သော် မိုလ်နေဝင်းသည် အလွန်ဒေါသကြီးသည်။ အတ္တမာနကြီးသည် အလိုရမ္မက်ကြီးသည်။ လုပ်ချင်တာကိုဇွတ်လုပ်တတ်သော အကျင့်စရိုက်ဆိုးဖြစ်သည်။ ထိုအကျင့်စရိုက်ဆိုးကြောင့် နိုင်ငံတော်ကို နှစ်ပေါင်းသုံးဆယ်မျှ အုပ်ချုပ်နိုင်ခဲ့သော်လည်း ပြည်သူ့အချစ်တော် အမျိုးသားခေါင်းဆောင်ကြီးဖြစ်မလာပေ။ ပြည်သူတို့မုန်းတီးကြသော အာဏာရှင်ကြီးအဖြစ် ဇာတ်သိမ်းခဲ့ရသည်။ စေတနာမှန်လျှင်မှန်မည်၊ လုပ်ရပ်မှားခဲ့တာကတော့ သမိုင်းသက်သေရှိခဲ့သည်။

နောက်တစ်ချက်ကလည်း ဒီလိုနိုင်ငံသား အရင်းရှင်တွေ တိုင်းရင်း

သားနဲ့ ကပြားအရင်းရှင်တွေဟာ နိုင်ငံတော်အတွက် အကူအညီပေးကြတယ်။ အားလုံးက မိတ်ဖက်အသွင်နှင့် လုပ်ဆောင်နေကြတာမို့ မိတ်ပျက်မဲ့လုပ်ရပ် တွေကို ရှောင်ပါဟု အသိဥာဏ်ဆင်ခြင်တုံတရားကြီးမားလှသော ဦးနုသည်စစ်သားစရိုက်ကြမ်းရှိသော ဦးနေဝင်းကို နားဝင်အောင်ရှင်းပြခဲ့သည်။ သတိပေးခဲ့သည်။

ထို့ကြောင့် ၁၉၆၂-ခုနှစ်တွင် အာဏာသိမ်းခြင်း ၁၉၆၃-ခုနှစ်တွင် နိုင်ငံခြားသားပိုင် ဘဏ်များပြည်သူပိုင်သိမ်းခြင်း ၁၉၆၄- ခုနှစ်တွင် နိုင်ငံခြားသား၊ ကပြားနှင့် နိုင်ငံသားပိုင် စက်ရုံအလုပ်ရုံများ ပြည်သူပိုင်သိမ်းခြင်းသည် နိုင်ငံ၏ လိုအပ်ချက်အရ လုပ်ဆောင်ခြင်း မဟုတ်ဘဲ၊ ဆယ်နှစ်ဆယ့်ငါးနှစ် ကြိုတင် ပြင်ဆင်ခြင်းမျှသာ ဖြစ်သည်။ အိမ်စောင့်အစိုးရလက်ထက်က မအောင်မြင်ခဲ့သောကြောင့် မိုက်မဲစွာဖြင့် ထပ်မံကြိုးစားရမ်းကားခြင်းဖြစ်သည့် အကျိုးဆက်မှာ ယနေ့အထိ တိုင်းပြည်ဆင်းရဲစုတ်ပြတ်ခဲ့ရသည်။

၁၉၆၀ ရွေးကောက်ပွဲတွင် ဦးနုသည် ပြိုင်ဖက်တည်မြဲ ဖဆပလကို တပ်မတော် အရာရှိများက ဦးဆောင်ပြီး မဲဆွယ်ခြင်းဘက်လိုက်ခြင်းများ ပြုလုပ်မည်ကို ကြိုတင်သိထားသောကြောင့် မိမိအနိုင်ရရေးအတွက် ယှဉ်ပြိုင်ကြိုးစားရာတွင် အမှားနှစ်ခုကို ကျူးလွန်မိခဲ့သည်။ ပထမအမှားသည် ဒီမိုကရေစီနိုင်ငံအတွက် မသင့်တော်သည့်အခွင့်အရေး ဖြစ်သည်။ ဒီမိုကရေစီ နိုင်ငံတော်တွင် ဘာသာရေး လွတ်လပ်ခွင့် ရှိဖို့လိုသည်။ ဦးနု သည် ဗုဒ္ဓဘာသာကို နိုင်ငံတော်ဘာသာ အဖြစ် ပြဌာန်းပေးမည်ဟု နိုင်ငံရေးတွင် ဘာသာရေးကို ရောထွေးပြီး မဲဆွယ်ခဲ့သည်။

ဒုတိယအမှားသည် မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်ပေးမည်ဟု ဂတိပေးခဲ့ခြင်း ဖြစ်သည်။ ပေးသင့်သည် မှန်သော်လည်း ကိုယ်ပိုင်ပြည်နယ်အဆင့် တိုးပေးခြင်း မပြုမီ အဆင့်ပေါင်းများစွာ ပြင်ဆင်ရသည်။ ထိုအဆင့်များ အဆင်သင့် ပြင်ဆင်မှုမရှိဘဲ ပေးခဲ့သည့် အမှားဖြစ်သည်။

၁၉၆၀ ရွေးကောက်ပွဲမှ အနိုင်အရှုံးစာရင်းကို အောက်ပါဇယား၌ ဖော်ပြထားပါသည်။

| 1960 | Votes Cast | Percentage of total Votes Cast | Seats Won |
|---|---|---|---|
| Burma Proper (jynfr) | | | |
| Clean AFPFL | 3480588 | 52.7 | 157 |
| Slablc AFPEL | 1974469 | 29.8 | 42 |
| NUF | 362495 | 5.4 | 4 |
| BDP | 7,788 | 0.1 | 0 |
| ANUO | 51,61 | 0.7 | 9 |
| Indepen dents | 281,127 | 4.2 | 6 |
| Minor Parties | 59,214 | 0.8 | 0 |
| Other States | | | |
| PECDO | 51,060 | 0.7 | 2 |
| ASSO | 17,904 | 0.3 | 0 |
| KNC | 46,950 | 0.7 | 3 |
| UNPO | 49,131 | 0.7 | 3 |
| SSYOUO | 78090 | 1.1 | 9 |
| SSUP | 30,781 | 0.4 | 2 |
| IPUO | 13,583 | 0.2 | 1 |
| Independents | 172,1892 | 2.5 | 12 |
| Minor Parties | 33,425 | 0.5 | 0 |
| 1960 | Votes Cast | | |
| Totals | 6633802 | 100.0 | 250 |

တန်ထားသူစာဝ

# Shan State Parties.

| | | |
|---|---|---|
| UHPC | - | United Hill peoples Congress. |
| Asso | - | All Shan State Organization. |
| SSPO | - | Shan State peasant Organization. |
| SSUP | - | Shan State Uinty Party. |
| UNPO | - | United National Pa -O. |
| SSHPUO | - | Shan State Hill peoples Organization. |
| IPUO | - | Independent Party Uity Organization. Kachin State Parties. |
| PECDO | - | Peoples Economic Chltural Development Organization. |
| KNC | - | Kachin National Congress. |

ရွေးကောက်ပွဲတွင် သန်ရှင်းဖဆပလသည် အပြတ်အသတ် အနိုင်ရလိုက်သည်။ ယခင်ရွေးကောက်ပွဲတွင် အနိုင်ရလိုက်သော်လည်း အင်အားကြီးမားသော အတိုက်အခံနှင့် ရင်ဆိုင်ယှဉ်ပြိုင်ခဲ့ရသည်။ ယခု ၁၉၆၀-ရွေးကောက်ပွဲတွင် အတိုက်အခံတို့ ဘယ်လိုမှ မယှဉ်သာသော အင်အားကြီးပါတီကြီး ဖြစ်သွားသည်။ ပါတီစုံဟုဆိုသော်လည်း လွတ်လပ်ရေး ရချိန်မှ ယခုအချိန်အထိ ဦးနု၏ ပါတီကသာ အနိုင်ရသည်မှာ မြန်မာ့ဒီမိုကရေစီသမိုင်း၏ ထူးခြားချက်ဖြစ်သည်။

တည်မြဲဖဆပလ သည် အင်အားအကြီးမားဆုံး အတိုက်အခံပါတီ ဖြစ်လာသည်။ ယခုရွေးကောက်ပွဲတွင်(UNF) သည်အင်အားကြီးအတိုက် အခံအဖြစ် ရပ်တည်နိုင်စွမ်း မရှိတော့ပေ။ ထောက်ခံမဲသိပ်မရပေ။ အမတ် (၄)နေရာသာရသည်။ အတိုက်အခံ အင်အားကြီးပါတီဖြစ်သောတည်မြဲ (ဖ-ဆ-ပ-လ)သည် အမတ်နေရာ(၄၂)နေရာရရှိ သော်လည်း ပြည်မ (Burma Prpoer) ၏ နေရာအနှံ့အပြားတွင် ပျံ့နှံ့နေသောကြောင့် ခြေကုပ်ယူနိုင် သော အမာခံနယ်မြေမရှိပေ။အမတ်နေရာ (၉)နေရာရသော (ANUO) ရခိုင်အဖွဲ့သည်လည်း ဦးနု၏မဟာမိတ်များဖြစ်သည်။

မြန်မာ စာအုပ်များ



ဦးနုသည် ရန်ကုန်နှင့် မန္တလေးတွင် အကြီးအကျယ်အောင်ပွဲရသောကြောင့် ဝမ်းမြောက်ဝမ်းသာ ဖြစ်နေချိန်တွင် တိုင်းနှင့်ပြည်နယ် အသီးသီးမှရသော မဲရလာဒ်များအရ အပြတ်အသတ် အနိုင်ရပြီး အစိုးရဖွဲ့ခွင့်ရှိသွားပြီဟု သိခွင့်ရသည်။ ဦးနု၏အောင်ပွဲသည် မြန်မာနိုင်ငံ၌ ပြည်သူလူထုသည် ပါတီစုံ ဒီမိုကရေစီ၏ သဘောတရားကို ကောင်းစွာနားမလည်သေးကြောင်း ဖော်ပြနေသည်။ ပြည်သူပြည်သား အများစုသည် ကောင်းစွာစာမတတ်ကြပေ။ ရေးတတ်ဖတ်တတ်ရုံမျှ အသုံးလုံးအောင်ရုံမျှကို စာတတ်သည်ဟုမဆိုနိုင်ပါ။ စာဖတ်မှုစွမ်းရည် မြင့်မားဖို့လိုသည်။ စာပေလေ့လာလိုက်စားမှု များမှသာ အမှားနှင့်အမှန် အကောင်းနှင့်အဆိုး တရားမျှတမှု၊ ဖိနှိပ်မှု၊ မတော်မတရား အတင်းအကြပ် နိုင်းစေမှုများကို ခွဲခြားသိမည်ဖြစ်သည်။ အူကြောင်ကြားဖြစ်နေပါက နိုင်းဖတ်ဖြစ်မည်။ ဓါးစာခံဖြစ်သွားမည်။ ဝံသာနု စိတ်ဓါတ်ဖြင့် နိုင်ငံ၏အကျိုးထမ်းရွက်နေသယောင်ယောင် အုပ်ချုပ်သူ၏ အာဏာတည်မြဲ ရေးအတွက် စွန့်ပေးရသည်။

ဤသို့တိုင်းပြည်နှင့်လူမျိုးအတွက် အသက်စွန့်ရသည် မှန်မြတ်သည်ဟု တလွဲထင်မှတ်ခြင်းများသည် စာပေဗဟုသုတ လေ့လာ လိုက်စားမှု နည်းခြင်းကြောင့် တစ်ပါးသူ၏ လွှမ်းမိုးခြင်းကို ခံနေရသော်လည်း ခံနေရမှန်းမသိ၊ မိမိ၏လုပ်အားခေါင်းပုံဖြတ်ခံရသော်လည်း ခေါင်းပုံဖြတ်ခံရ သည်ဟု မထင်တာမျိုး မြန်မာနိုင်ငံတွင် ခေတ်အဆက်ဆက် အမြစ်တွယ်ခဲ့သည်။

အတိုက်အခံအင်အားစု အားကောင်းမှ အာဏာရအစိုးရ၏ မတော်မတရားလုပ်မှုများ၊ ဖောက်ပြန်မှုများကို ထိန်းနိုင်မည်ဖြစ်သည်။ ထို့ကြောင့် အတိုက်အခံမရှိသော တစ်ပါတီ အာဏာရှင်စနစ်ကို ထူထောင်ခြင်းဖြင့် ဘာလဲလုပ်လုပ် ဘယ်သူမှ ဝေဖန်ပြောဖို့မလို၊ ဝေဖန်ပြောဆိုရင် အဖမ်းခံရမည်။ ထောင်ကျမည်။ အသတ်ခံရမယ်။

အတိုက်အခံအင်အား ကောင်းပါက အာဏာရအစိုးရ၏ ပြဿနာတက်နိုင်သော ဆုံးဖြတ်ချက်များကို အတိုက်အခံတို့က လွှတ်တော်အတွင်း၌ ထိန်းချုပ်နိုင်မည်။ ထိုအခါ ဖွဲ့စည်းအုပ်ချုပ်ပုံ ဥပဒေဖျက်ဆီးခံရသည့် အထိဆိုးဝါးလွန်းလှသော ၁၉၆၂ ခုနှစ် အာဏာသိမ်းမှုမျိုး ပေါ်ပေါက်နိုင်တော့မည် မဟုတ်ပေ။ ယခုမူ နွားကွဲသောကြောင့်၊ ကျားကိုက်ခံရခြင်းဖြစ်သည်။

တန်ထာဆုစာဝေ

မြန်မာ စာအုပ်များ



ရွေးကောက်ပွဲ အတွေ့အကြုံ သုံးကြိမ်ရှိခဲ့ပြီဖြစ်သောကြောင့် ဦးနုသည် အနာဂတ်ကာလ ရွေးကောက်ပွဲများတွင် မသမာမှုများကို ကာကွယ်တားဆီးရန်အတွက် ၁၉၆၁- ခုနှစ်တွင် ဂုဏ်သရေရှိ လူကြီးမင်းများပါသော လွတ်လပ်သည့် ရွေးကောက်ပွဲကော်မရှင်ကို ဖွဲ့စည်းပေး နိုင်ခဲ့သည်။ သို့သော် ထိုကော်မရှင်သည် မည်သည့်ရွေးကောက်ပွဲကိုမျှ ကြီးကြပ်ခွင့်မရခဲ့ပေ။ တပ်မတော်ခေါင်းဆောင်များသည် အာဏာသိမ်းပြီး နောက်ထိုအဖွဲ့ကို ဖျက်သိမ်းလိုက်သောကြောင့်ဖြစ်သည်။

## ဖ . ဆ . ပ. လ လက်ထက်နိုင်ငံရေး
## Politics under the AFPFL

ဖ-ဆ-ပ-လတွင် အာဏာအားလုံးကို ဝန်ကြီးချုပ် ဦးနုကချုပ်ကိုင်ထားခဲ့သည်။ သူတစ်ဦးတည်းသဘောနှင့်ဖြစ်စေ၊(The party's executive committe) နှင့်ဖြစ်စေ အစိုးရအဖွဲ့ နှင့်ဖြစ်စေ နှစ်သက်သော အမိန့်များ ဆုံးဖြတ်ချက်များ ချပေးနိုင်သည်။

ဆုံးဖြတ်ချက်ချခြင်းကို အဆင့်သုံးဆင့်ခွဲခြားပြီး ပြုလုပ်လေ့ရှိသည်။ ပထမအဆင့်တွင် အစိုးရအဆင့်(Government level)ဖြစ်သောကြောင့် ကက်ဘိနက်အဖွဲ့ စုပေါင်းဆွေးနွေးတိုင်ပင်ပြီး ဆုံးဖြတ်ချက်ချရသည်၊ ဒုတိယအဆင့်တွင် သာမန်သဘောတူညီချက် အဆင့်မျှသာ ဖြစ်ပါက စုပေါင်းအဖြေရှာပြီး အများသဘောတူ ဆုံးဖြတ်ကြသည်။

တတိယအဆင့်တွင်(Highest level)ဖြစ်သောကြောင့် ဝန်ကြီးချုပ်က ဆုံးဖြတ်ချက်ပေးသည်။

၁၉၅၅- ခုနှစ်တွင် ဘတ်ဂျက်ကိစ္စတာဝန်ခံပြီး ဆုံးဖြတ်ချက်မပေး နိုင်သောကြောင့် နောက်ဆုံးတွင် ပါလီမန်သို့ တင်သွင်းရသည်။

စီးပွားရေးနှင့် အခြားသော အရေးအရာကိစ္စများအတွက် ၁၉၅၂- ခုနှစ် နောက်ပိုင်းတွင် အထူးဘုတ်အဖွဲ့ ( Special Board ) ဖွဲ့ပြီး အမျိုးသားစီမံကိန်းနှင့် ဘာသာရေးယဉ်ကျေးမှု ဝန်ကြီးက အပေါ်မှထိန်းချုပ်ပေးသည်။

၁၉၅၃ ခုနှစ်တွင် ဝန်ကြီးချုပ်ရုံးက တာဝန်ကို လွှဲပြောင်းယူလိုက်သည်။ စူပါကက်ဘိနက် (Supercabinet)တွင် ဝန်ကြီးချုပ်အခြားသော ဝန်ကြီးများ၊ ပြည်ထောင်စု မြန်မာနိုင်ငံဘဏ်ဥက္ကဋ္ဌစီးပွားရေးနှင့် လူမှုရေး အကြံပေးကောင်စီမှ ကိုယ်စားလှယ်များ စုပေါင်းပါဝင်ကြလေသည်။

ဝန်ကြီးချုပ်သည်အားလုံးတွင် အာဏာအရှိဆုံးဖြစ်သည်။ထို့ကြောင့် အရာရာသည် ဝန်ကြီးချုပ်၏ အလိုသဘောအတိုင်းဖြစ်ပေါ်လေသည်။ နိုင်ငံတော်အတွင်း ကြုံတွေ့ရမည့် ကိစ္စများပြောင်းအတွက် အဆုံးအဖြတ်ပေးရန် ဖ-ဆ-ပ-လ ၏ အထူးကော်မတီကို အဖွဲ့ဝင် (၁၅)ဦးနှင့် ဖွဲ့စည်းထားသည်။ ၎င်းတို့တွင် ဝန်ကြီးချုပ် ကက်ဘိနက်အရာရှိကြီးများနှင့် အဖွဲ့ဝင်များပါဝင်ကြသည်။

အဓိက တာဝန်အရှိဆုံးမှာ ဦးနုနှင့် ဦးကျော်ငြိမ်းတို့ ဖြစ်သည်။ ထိုအခါ ဝန်ကြီးများအားလုံး တာဝန်ကိုယ်စီမယူကြဘဲ အစစအရာရာ ဖြေရှင်းရသော ကိစ္စများ ခေါင်းရှုပ်သော ကိစ္စများအားလုံး ဦးနုနှင့် ဦးကျော်ငြိမ်းထံ လွှဲချသောကြောင့် ဦးကျော်ငြိမ်းက ဒီဝန်ကြီးတွေရဲ့ ဦးနှောက်ဟာ သာမန် စာရေးတွေရဲ့ ဦးနှောက်လောက်ဘဲရှိတယ်ဟု အပြစ်တင်ဖူးလေသည်။

ဒီတော့ဦးနုက သူတို့ကို အပြစ်မတင်နဲ့လေ။ သူတို့ဦးနှောက်မရှိလို့ ငါကဝန်ကြီးချုပ်လုပ်နေရတယ်။ ကိုကျော်ငြိမ်းလဲ ငါနဲ့အတူတူ အလုပ်လုပ်ရတာပေါ့။ သူတို့လုပ်နိုင်ရင် ငါတို့ကို ဘယ်မှာလူရာသွင်းပါ့မလဲ သူတို့ဆီ ရောက်လာတဲ့ အလုပ်တွေပဲ သူတို့အားလုံး အပြတ်ရှင်းလုပ်ထားကြမှာပေါ့ ဟု ရှင်းပြရသည်။(ထိုအချိန်က သူတို့နှစ်ဦး သင့်မြတ်နေချိန်ဖြစ်သည်။)

၁၉၅၅- ခုနှစ်တွင် ဦးနုသည် ဆိုဗီယက် ရုရှားသို့ ချစ်ကြည်ရေး ခရီးသွားခဲ့သည်။ အပြန်တွင် အစိုးရအဖွဲ့ ၌ တာဝန်ထမ်းဆောင်နေသူများကို ပါတီဌာနချုပ်သို့ ပြန်ခေါ်ပြီး ပါတီဌာနချုပ်မှ ကျွမ်းကျင်အဆင့်ရှိသူများကို အစိုးရအဖွဲ့ထံသို့ စေလွှတ်ပေးရန်ဖြစ်သည်။ကိုယ့်အသိနှင့်ကိုယ် တာဝန်ယူရဲသူ မရှိသောကြောင့် ဦးနုကိုယ်တိုင် အတင်းအကြပ်တာဝန်ပေး အပ်စီစဉ်ခဲ့ရလေသည်။



တတိယအဆင့် ဖြေရှင်းရမည့် ပြဿနာများသည် နိုင်ငံတော်အဆင့်မဟုတ်ပေ။ သီးခြားဖြစ်ရပ်လေးများကို သီးခြားဖြေရှင်းရခြင်းမျိုး ဖြစ်သည်။ ထိုအခါမျိုးတွင်လည်း ဦးနုသည် ဆုံးဖြတ်ချက်ချရာတွင် အလွန်မြန်သောကြောင့် ပြဿနာများတက်လေ့မရှိပေ။

၁၉၅၆-ခုနှစ်အထက်တန်းကျောင်းသားများ အတန်းတင်စာမေးပွဲ ဖြေဆိုနေစဉ်ကာလ ဖြစ်သည်။ ဆူပူဆန္ဒပြပွဲတစ်ခုကို ရဲအဖွဲ့က လူစုခွဲရာ တွင်သေနတ်ဖြင့် လူအုပ်ထဲခြောက်လှန့်ပစ်ခတ်ရာတွင် ကျောင်းသားတစ်ဦး ထိမှန်သေဆုံးသွားပြီး အခြေအနေမှာ ရုတ်ရုတ်သဲသဲ ဖြစ်ကာတင်းမာလာသည်။ ဦးနုသည် ချက်ချင်းရောက်သွားပြီး ထိုကျောင်းကို ခေတ္တပိတ်ထားလိုက်သည်။ ထိုကျောင်းတွင် ဖြေဆိုနေကြသော ကျောင်းသူကျောင်းသားအားလုံး ဆက်လက်ဖြေဆိုဖို့ မလိုအအောင်ပေးလိုက်သည်။

ထိုအခါ နစ်နာသောလူငယ်လေးများက ကျေနပ်သွားကြသော်လည်း အတိုက်အခံ နိုင်ငံရေးသမားများက ဒီလိုသာအောင်ပေးရင် အရည်အချင်းမရှိတဲ့ ကျောင်းသားတွေ ဘွဲ့ရကုန်မယ်ဟု ကန့်ကွက်ကြသော်လည်း ကျောင်းသားဘဝမှလာသော ဦးနုသည် ကျောင်းသားဘဝကို စာနာသည်။ ကျောင်းတွင်သင်သောစာသည် လူ့ဘဝအတွက်ဘာမှ အရေး

မကြီးပါ။ စာပေကို သဘောပေါက်စေရန် စည်းကမ်းရှိရန် စာဖတ်ကျင့် ရှိရန်မှုသာဖြစ်သည်။ အမှန်တကယ်တော်သည့် ကျောင်းသားသည် ကျောင်းပြီးသော်လည်း အစဉ်အမြဲ စာပေလေ့လာနေသူများသာ ဖြစ်သည်။ ကျောင်းပိတ်ရက် စာအုပ်ပိတ်ထားမည့် ကျောင်းသားများအတွက် ဘယ်လိုပဲ အောင်အောင်တန်းဖိုးသိပ်မရှိ။ ယနေ့ မြန်မာတွေ မတိုးတက်ခြင်းသည် စာဖတ်ပျင်းသည်။ တစ်ချိန်က စာဖတ်ကြပါသည်။ သို့သော် အရေမရ အဖတ်မရ သိုင်းဝတ္ထုကွန်ဖူးဝတ္ထုတစ္ဆေသရဲ နှင့် ဂမ္ဘီရတွေ ချစ်လွမ်းဆွေး အပေါ့စား ဝတ္ထုတွေ ဒါတွေဖတ်လို့ မျက်လုံး ညောင်းပြီး အချိန်ကုန်တာ ဘဲရှိမယ် ဘာမှတိုးတက်ဖို့မရှိ။နိုင်ငံတော်ကို တိုးတက်စေလိုလျှင် သိပ္ပံနည်း ပညာ၊ အင်ဂျင်နီယာ နည်းပညာနဲ့ အိုင်တီနည်း ပညာတွေကို လေ့လာရ မည်။ ပေါက်ကရ စာဖတ်တိုင်း တိုးတက်ထွန်းကားမည်မဟုတ်။

နောက်ပိုင်းတပ်မတော် ခေါင်းဆောင်များ အုပ်ချုပ်သည့် ကာလ ၁၉၆၂-၁၉၇၀-၁၉၇၄-၁၉၈၈ နဲ့ နောက်ပိုင်းကျောင်းသားတွေ လက်ထက် မှာလည်း ကျောင်းသားနဲ့ တပ်မတော်ထိပ်တိုက် တွေ့ ကြတယ်ဆိုတာ မဖြစ်သင့်ပါ။ ကျောင်းသားများသည် ကလေးများဖြစ်သည်။နောက်ပြီး နိုင်ငံတော်ရဲ့ အနာဂတ်ရတနာတွေ ဘယ်လိုပဲ ကြည့်ကြည့် မလုပ်သင့်တာ ကိုလုပ်ခဲ့ကြတယ်။ **"သမိုင်းမှာ စွန်းခဲ့တဲ့သွေးကို ရေနဲ့ဆေးကြောလို့ မရပါဘူး။"**

ဦးနုသည် ၁၉၄၈- ခုနှစ်တွင် ပြဌာန်းသော ဖွဲ့စည်းပုံအရ လယ် ယာမြေ ပြည်သူပိုင်သိမ်းခြင်း ဥပဒေ (the land Nationalization Act) အရလယ်လုပ်သူများကို လယ်မြေများ အညီအမျှ ဝေငှပေးခဲ့သည်။ မြေပုံ အများစုသည် စစ်ပွဲကာလအတွင်း ဖျက်ဆီးခံရသောကြောင့် များစွာ အခက် ကြုံရလေသည်။သို့သော် မြေလွတ်မြေရိုင်းများကိုလည်း စိုက်ပျိုးမြေ များအဖြစ်တစ်ဆက်တစပ်တည်း ရှိပါက ပြုပြင်ပေးပြီး ဝေငှခဲ့သည်။ ၁၉၅၃ မှ ၁၉၅၈ အတွင်း လယ်သမား အိမ်ထောင်စုပေါင်း တစ်သိန်း ခုနစ်သောင်း ရှစ်ထောင့်ငါးရာလေးဆယ် (178540)ကို စနစ်တကျ ဝေငှပေး နိုင်ခဲ့သည်။

## အိမ်စောင့်အစိုးရလက်ထက်

### တန်ထားဆုစာဝေ

## The Caretaker Goverment

ဗိုလ်ချုပ်ကြီးနေဝင်းသည် အိမ်စောင့်အစိုးရအဖြစ် တာဝန်ယူခဲ့ရသော (၁၈)လအချိန်ကာလအတွင်း အခြေခံဥပဒေဘောင်အတွင်းမှ ဒီမိုကရေစီအစိုးရအနေဖြင့် အကြမ်းဖက်လုပ်ဆောင်ဖို့ ခက်ခဲသော အလုပ်များကို ဦးနေဝင်းသည် ကြမ်းကြမ်းရမ်းရမ်း ဆောင်ရွက်နိုင်ခဲ့သည်၊ ထို့ကြောင့် ဦးနေဝင်းကို မြန်မာနိုင်ငံတစ်ဝှမ်းအားလုံးက ရွံ့ကြောက်ကြောက်ကြသည်။

၁၉၅၈ ဇွန်လ (၉)ရက်နေ့တွင် ဖ-ဆ-ပ-လ မှဦးနု၏ လုပ်ဖော်ကိုင်ဖက်များက အတိုက်အခံ (NUF) နှင့် ပူးပေါင်းပြီး ဩဂုတ်လတွင် ဘတ်ဂျက်တင်ရမည့် ဦးနုကို ဒုက္ခပေးကြသည်။ ဦးနုသည် ဩဂုတ်လတွင် တင်ရမည့် ဘတ်ဂျက်နှင့် ပတ်သက်ပြီး အကြီးအကျယ်အခက် ကြုံနေသည်။ ထောက်ခံမည့်သူမရှိ ဖြစ်နေသည်။ ထို့ကြောင့် ပြည်ထောင်စုသမ္မတ ထံ အကူအညီတောင်းရာ သမ္မတသည် လွှတ်တော်ကို လွှမ်းမိုးမရဘဲ ဖြစ်နေသည်။ နိုင်ငံရေး တင်းမာမှုများကိုကောလာဟာလများက မီးလောင်ရာ လေပင့်လုပ်နေကြသည်။ ဦးနုသည် ဝန်ကြီးချုပ်တာဝန်များ ဆက်လက်ထမ်းဆောင်ရန် မဖြစ်နိုင်တော့သည့် အခြေအနေအရပ်ရပ်ကြောင့် အခြေအနေအားလုံးပုံမှန် အနေအထားသို့ ပြန်ရောက်သည့်အထိ အိမ်စောင့်အစိုးရအဖြစ်တာဝန်ယူပေးရန် တောင်းဆိုပြီး၊ ရွေးကောက်ပွဲအသစ်ကို ၁၉၅၉ ခုနှစ် ဧပြီလ၌ ကျင်းပပေးရန် စိစဉ်ညွှန်ကြားပြီး အုပ်ချုပ်မှုအာဏာ ကိုယာယီလွှဲအပ်ပေးသည်။ ထိုကဲ့သို့ ယာယီလွှဲအပ်ခြင်းကိုသာ ၁၉၄၇ ခုနှစ်ဖွဲ့စည်းပုံအခြေခံဥပဒေက ပြဋ္ဌာန်းခဲ့ခြင်းဖြစ်သည်။ ၁၉၄၇ ဖွဲ့စည်းပုံဥပဒေသည် ကမ္ဘာပေါ်တွင် ဥပဒေပညာအတော်ဆုံးဖြစ်သော ဗြိတိသျှတို့၏ ဥပဒေဖြစ်သည်။ ရေးဆွဲကြသော ပညာရှင်များသည် ယနေ့လက်ရှိ ဥပဒေပညာရှင်များနှင့် နှိုင်းယှဉ်ပါကအရည်အသွေး အရည်အချင်း မယှဉ်သာအောင်သာလွန်ပေသည်။ နောက်ပိုင်း အခြေခံဥပဒေရေးသားသူများသည် (၁၉၄၇)ဥပဒေရေးဆွဲခဲ့သော ပညာရှင်ကြီးများနှင့် အရည်အချင်းအရ၊ နှိုင်းယှဉ်ပါက၊ မိုးနဲ့မြေလောက်ကွာခြားသည်ကို ကာယကံရှင်များဝန်ခံသင့်သည်။ ထိုဥပဒေကို မည်သည့်နည်းနှင့်မျှ ဖျက်ဆီးခြင်းမပြုသင့်။ ခေတ်ကာလနှင့်

မညီမညွတ်သည်များကို လိုအပ်သလို အစားထိုးခြင်းမျှသာ ပြုလုပ်သင့်သည်။ တပ်မတော်သည် ၁၉၄၇ ဖွဲ့စည်းပုံ အခြေခံကို ဖျက်သိမ်းပြီး အရည်အချင်းသိပ်မရှိသော မြန်မာဥပဒေပညာရှင်များဖြင့် ရေးဆွဲသော ၁၉၇၀ ဥပဒေသည် နိုင်ငံတော်ကို မည်မျှအခြေအနေ ယိမ်းယိုင်စေခဲ့သည်ကို အားလုံးသိကြပြီးဖြစ်သည်။ အမှန်နှင့်အမှားကို အချိန်ကာလက သက်သေပြသည်။ သမိုင်းတွင် မှတ်ကျောက်တင်သည်။

အိမ်စောင့်အစိုးရသည် ယာယီမျှသာဖြစ်သည်။ ထို့ကြောင့် ဝန်ကြီးချုပ်ဦးနု၏ အမိန့်ကို နာခံရသည်။ ၁၉၅၉ ဧပြီလတွင် သန့်ရှင်းပြီး တရားမျှတသော ရွေးကောက်ပွဲကို ကျင်းပပေးမည်ဟု နိုင်ငံတဝှမ်း အသိပေးကြေညာပြီးမှ အာဏာကို လက်ခံခဲ့ခြင်းဖြစ်သည်။

စစ်အုပ်ချုပ်ရေးကာလအတွင်း ဦးနုသည် ခြေလှမ်းမှန်မှန်လှမ်းခဲ့သည်။သို့သော် အတိုက်အခံအုပ်စုမှ နိုင်ငံရေးပုဂ္ဂိုလ်များသည် တပ်မတော်အတွင်းမှ နီးစပ်သော အရာရှိများနှင့် ပူးပေါင်းပြီး လာမည့်ရွေးကောက်ပွဲတွင် ညစ်ဖို့ကြံစည်ကြသည်။ အခြေအနေအရပ်ရပ်ကို သိသောအခါ ဗိုလ်ချုပ်ကြီး နေဝင်းသည်နိုင်ငံရေးပါတီများ ပုဂ္ဂိုလ်များကိုဖိတ်ခေါ်ပြီး ရှင်းလင်းပွဲပြုလုပ်သည်။ မိမိတို့တပ်မတော်သည် အခြေခံဥပဒေကို လေးစားလိုက်နာသည်။ အခြေခံဥပဒေအရ ပေးအပ်လာသော တာဝန်ဝတ္တရားအတိုင်း ဆောင်ရွက်သွားမည်။ မိမိတို့ တပ်မတော်ကို အစိတ်စိတ်အမွှာမွှာ ကွဲအောင် မခွဲကြပါ နဲ့၊ ရှုပ်ထွေးလှသော နိုင်ငံရေးလောကထဲ ဆွဲမသွင်းကြပါနဲ့ သတိပေးခဲ့ဘူးသည်။

အိမ်စောင့်အစိုးရသည် ကုန်ထုတ်လုပ်ငန်းများ တိုးတက်ဖို့ကြိုးစားခဲ့သည်။ နိုင်ငံခြားပို့ကုန်တန်ဖိုး တိုးတက်ကြိုးစားခဲ့သည်။မြန်မာကုန်သည်များ အိန္ဒိယ ကပြားကုန်သည်ကြီးများသာမက နိုင်ငံခြားသာ ကုန်သည်ကြီးများနှင့်သင့်မြတ်စွာပေါင်းသင်းဆက်ဆံသည်။ စီးပွားရေး အတူတူလုပ်ကြသည်။ အောင်မြင်မှုလည်းရသည်။

၁၉၅၁ ခုနှစ်ကတည်းက စတင်တည်ထောင်ခဲ့သော ကာကွယ်ရေးဌာနအင်စတီကျု၊ The Defense Service Institute လက်အောက်ရှိ

စစ်အသုံး အဆောင်ပစ္စည်းများ ထုပ်လုပ်သော စက်ရုံရှိ စက်များဖြင့် အရပ် ဖက်သုံး လူသုံးအိမ်သုံး ကုန်ပစ္စည်းမျိုးစုံကို ကျယ်ပြန့်စွာ ထုတ်လုပ်ပြီး ဖြန့်ဖြူး ရောင်းချရာတွင်လည်း များစွာအောင်မြင်မှုရခဲ့သည်။ ထို့ကြောင့် စစ်တပ် အရာရှိများသည် စစ်ရေးအမြင်သာမကဘဲ အိမ်စောင့်အစိုးရလက်ထက်တွင် နိုင်ငံရေးအုပ်ချုပ်ရေးနှင့် စီးပွားရေး လုပ်ငန်းများအားလုံး အထိုက်အလျောက် ကျွမ်းကျင်လာတော့သည်။

ထိုကဲ့သို့ စစ်ဖက်မှအရည်အချင်းနှင့် အတွေးအခေါ်များ တိုးတက်လာချိန်တွင် ပြည်သူလူထုကို ကိုယ်စားပြုရသော နိုင်ငံရေးသမားများသည် အန္တရာယ်ကို ရိပ်စားမိခြင်းမရှိဘဲ၊ အချင်းချင်းနိုင်ငံရေး တိုက်ကွက်များဖြင့် ချောက်ချဖို့သာ စိတ်ကူးနေရာ နိုင်ငံတော်၏ ရှေ့ရေးသည်ထိုအချိန်ကာလကတည်းက ရှေ့အလားအလာ မကောင်းတော့ပေ။ နေရာတိုင်းကို တပ်မတော်က လွှမ်းမိုးထားပြီးဖြစ်လေရာ စစ်အုပ်ချုပ်ရေးနှင့်သာ ထိုက်တန်သောနိုင်ငံအဖြစ် မသိမသာ အသွင်ကူးပြောင်းနေပြီဟု မြန်မာ့အရေး မျက်ချည်မပြတ် လေ့လာနေကြ သော အနောက်တိုင်းသားနှင့် အမေရိကန် သမိုင်းပါရဂူများက ရိပ်မိ သင့်သလောက် ရိပ်မိနေကြပြီဖြစ်သည်။ DSI ၏အနေအထားသည် နိုင်ငံတော်၏ စီးပွားရေးကို များစွာအထောက်အကူပြုနိုင်သော အနေအထားရှိနေပြီ ဖြစ်သည်။ သို့သော် အရပ်ဖက် နိုင်ငံရေးသမားများနိုင်ငံရေးစီးပွားရေး အချင်းချင်း စည်းလုံးညီညွတ်ရေးတို့ဖြင့် နိုင်ငံသားများ၏ ဒီမိုကရေစီကို ကာကွယ်ပေးဖို့ စိတ်ကူး မရှိကြပေ။ ထိုအချိန်က အိမ်စောင့်အစိုးရသည် ဗဟိုဦးစီးစနစ်ဖြင့် စီးပွားရေး လုပ်ဆောင်ရာတွင် ဒီမိုကရက်တစ်နည်းထက် ပိုပြီး အောင်မြင်ခဲ့သည်။ စစ်အစိုးရခေါင်းဆောင်များသည် ရဲရင့်ပြတ်သားကြသည်။ ထို့ကြောင့် စစ်အစိုးရနှင့်နီးစပ်သော တည်မြဲ ဖ-ဆ-ပ-လ အနိုင်ရဖို့ သေချာနေပြီဟု ပညာတတ်လူတန်းစားများက တွက်ထားကြသည်။ သို့သော် လက်တွေ့ရွေး ကောက်ပွဲတွင် ပြည်သူလူထုသည် ဦးနုမှဦးနုသာဖြစ်သည်။ ဗိုလ်ချုပ်အောင် ဆန်းသည် ထာဝရပထမ၊ ထိုအချိန်က ဦးနုသည် ပြည်သူ့ အချစ်တော် ဒုတိယဖြစ်ခဲ့သည်။ ယခုအခါ ပြည်သူ့အချစ်တော် သည်အမျိုးသား ဖခင်ကြီး ဗိသုကာကြီး ဗိုလ်ချုပ်အောင်ဆန်း၏ သမီးဒေါ်အောင်ဆန်းစုကြည် ဖြစ်သည်။

ဦးနုသည် စေတနာမှန်သော်လည်း လုပ်ရပ်များ ချွတ်ချော် တိမ်းစောင်းခဲ့သည်။ တစ်ကွက်မှားသော ကျားဖြစ်ခဲ့သည်။ မှဆိုးဘဝမှ သားကောင်ဘဝရောက် ခဲ့ရသည်။

## Gevernment of Burmar, Is Trust Vindicated

## (PP 223-250)

## မြန်မာပြည် စစ်အုပ်ချုပ်ရေး (ပထမပိုင်း)

## Military Rule in Burma First Phase, (1962-1974)

၁၉၆၂ ခုနှစ် မတ်လ (၂)ရက်နေ့တွင် တပ်မတော်မှ နိုင်ငံတော်အာဏာသိမ်းလိုက်သည်။ နိုင်ငံတကာမှ ထင်ခဲ့ကြသည်။ အချိန်တိုတိုအတွင်း ရွေးကောက်ပွဲအသစ် ပြုလုပ်ပေးမည်ဟု ထင်ခဲ့ကြသည်။ သို့သော်အထင်နှင့်အမြင် လွဲခဲ့သည်။ ထာဝရအုပ်ချုပ်ရန် စီစဉ်ပြီးမှ အာဏာသိမ်းခြင်း မျှသာဖြစ်သည်။ ထိုအချိန်တွင် အရှေ့တောင်အာရှ နိုင်ငံတိုင်းတွင် မီးများ လောင်ကျွမ်းပြီး နိုင်ငံရေးအခြေအနေများ အဆိုးဝါးဆုံး အချိန်ကာလဖြစ်သည်၊ထို့ကြောင့် မြန်မာ့အရေးကို ကမ္ဘာကအာရုံမစိုက်မိကြပေ။ ထို့ကြောင့် နိုင်ငံတကာမှ စီးပွားရေး ဒဏ်ခတ်ပိတ်ဆို့ခြင်း သံတမန်အဆက်အသွယ် ဖြတ်တောက်ခြင်းများ မလုပ်ခဲ့ကြပေ။

အာဏာသိမ်းအဖွဲ့သည် တော်လှန်ရေးကောင်စီ (The Revolutionary Council)ကို ဖွဲ့စည်းခဲ့ကြသည်။နိုင်ငံတော်ကို လက်ရှိ အကြပ်အတည်းမှ ကာကွယ်ရန်အတွက် အရေးပေါ် အာဏာသိမ်းရသည်ဟု ကြေညာခဲ့သော်လည်း အပြောနှင့်အလုပ် မညီပေ။ သူတို့တွင် နိုင်ငံတော် အာဏာကို ထာဝရချုပ်ကိုင်ရန်အတွက် နှစ်ရှည်စီမံကိန်းကြီးများဖြင့် ရည်မှန်းချက်ကို အကောင်အထည်ဖော်ရန် အချိန်များစွာယူပြီး ကြိုတင်စီစဉ်လာ ခဲ့ခြင်းမျှသာ ဖြစ်သည်။

ဗိုလ်ကြီးစိန်ဝင်း (Brigadier Sein Win)သည် စစ်အာဏာသိမ်းပြီး တစ်လအကြာတွင် အတိအလင်း ကြေညာသည်မှာ " The mililary's

seizure of power as the second half of a revolution that began with the fight for independence. Now the army's task was to (trans form) the society to socialism."

သူ၏ပြောစကားအရ မတော်တာဆ အာဏာသိမ်းခြင်း(သို့မဟုတ်) ဖက်ဒရယ်မှု တောင်းခြင်းကြောင့် အာဏာသိမ်းခြင်းမဟုတ် တော်လှန်ရေး၏ ပထမအဆင့်တွင် ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်ကြီးများ၏ သွေးဖြင့်လမ်းခင်းပြီး ဗြိတိသျှထံမှ လွတ်လပ်ရေး ရခဲ့သည်။ ထိုနောက် ဗြိတိသျှတို့ ဦးဆောင်မှုဖြင့် ရေးဆွဲပေးသော ပါလီမန်ဒီမိုကရေစီဖြင့်သွားခဲ့သည်။ ဒုတိယ တော်လှန်ရေးအတွက် တပ်မတော်တွင် တိုက်ပွဲဝင်အတွေ့အကြုံ ကောင်းစွာရရှိပြီးဖြစ်သည်။ ဒုတိယတော်လှန်ရေးသည် ဆိုရှယ်လစ်နိုင်ငံတော် ထူထောင်ရန်အတွက်၊ အာဏာသိမ်းဖို့လိုအပ်သောကြောင့် အာဏာသိမ်းခြင်းဖြစ်သည်ဟု ရှင်းပြသည်။

မြဝတီလုပ်ငန်း၊ ကြယ်ငါးပွင့် လုပ်ငန်းများ၊ DSI လုပ်ငန်းများသည် ဝင်ငွေကောင်းစွာ ရှာဖွေနိုင်သော လုပ်ငန်းများဖြစ်သည်။ အိမ်စောင့်အစိုးရလက်ထက်တွင် နိုင်ငံခြားကုန်သည်များ ကပြားကုန်သည်ကြီးများနှင့် မြန်မာ့ကုန်သည်ကြီးများနှင့် လက်တွဲဆောင်ရွက်ဖူးသော အတွေ့အကြုံကောင်းများရှိသည်။ အိမ်စောင့် အစိုးရခေတ်ကာလသည် အချိန်ကာလအားဖြင့် လပေါင်း (၁၈)လမျှသာ ကြာသော်လည်း နိုင်ငံတော်ကို ငြိမ်ဝပ်ပိပြားစေရန် မည်ကဲ့သို့ ဖိနှိပ်ချုပ်ချယ်ထားလိုက်ပါက ဝပ်သွားမည်ဟု သိထားပြီဖြစ်သည်။ ထို့ကြောင့် တပ်မတော်၏ အဓိကပန်းတိုင်ဖြစ်သော ဆိုရှယ်လစ်ပန်းတိုင်ကို ချီတက်တော့မည်ဖြစ်ရာ အတားအဆီးဖြစ်နေသော ၁၉၄၇ ဖွဲ့စည်း ပုံဥပဒေကို ဖျက်ဆီးရမည်။ ပြီးနောက် ဆိုရှယ်လစ်များ စိတ်ကြိုက်ရေးဆွဲသောဥပဒေဖြင့် အစားထိုးရမည် ဖြစ်သည်။

ဤသို့သော တစ်ယူသန်၊ တစ်ဇောက်ကန်းလုပ်ရပ်နှင့် ပတ်သက်ပြီး အာဏာသိမ်း စစ်ခေါင်းဆောင်များ The Coup Leaders က သူတို့မှန်သည်ဟု အောက်ပါအတိုင်း ထပ်လောင်းပြောကြားခဲ့ကြသည်။

မြန်မာ စာအုပ်များ





We are just Burmese revolutionaries and socialists who are keeping peace with history ဟု ရှင်းပြခဲ့ကြသည်။

( 1 ) Burma weekly Bulletin , 10 no 49 (April 5, 1962).417

( 2) Grovernment of Burma. Burma Socialist Program Party, The System of Correlation of Man and His Enviroament.(Rangoon ; Bruma Socialist Program Party, 1963) p.35 ( hereafter cited as SCME)

## တော်လှန်ရေးအတွေးအခေါ်

## The Idelolgy of the Revolution

တပ်မတော်ခေါင်းဆောင်များသည် ရဲရင့်ပြတ်သားကြသည်။ တော်လှန်ရေးကာလများကို ဖြတ်သန်းလာခဲ့ရသောကြောင့် စာပေ၊ အသိပညာ၊ အတတ်ပညာနည်းပါးပြီး တိုက်ခိုက်ရေးအတတ် ပညာနှင့် ကွန်မြူနစ်

ဆိုရှယ်လစ်အတွေးအခေါ်များ လွှမ်းမိုးနေခဲ့သည်။ထို့ကြောင့် အမှန်နှင့်အမှား ခွဲခြားသိဟန်မတူ။ လုပ်ချင်တာကို ငွတ်လုပ် သူများဖြစ် သည်။ ထိုကဲ့သို့ ပြုလုပ်မိခြင်းအတွက်လည်း မည်သည့်အခါမျှ မိမိမှားခဲ့ကြပြီ ဟုနောင်တရ ကြမည်မဟုတ်ပေ။

တပ်မတော်သည် ဒုတိယကမ္ဘာစစ် အတွင်းဗြိတိသျှ တော်လှန်ရန် အတွက် ဖက်ဆစ်ဂျပန်၏ အကူအညီဖြင့် ပေါက်ဖွားလာခြင်းဖြစ် သည်။ ဖက်ဆစ်ဂျပန်တို့သည် ဒီမိုကရေစီသမားများ မဟုတ်၊ စစ်ဝါဒီများ သာဖြစ် သည်။ သူတို့လည်း စစ်တိုက်ဖို့ပဲ သိသည်။ တတ်သည်။ မြန်မာ့တပ် မတော်ကိုလည်း တိုက်ခိုက်ရေးနှင့် မြေအောက်တော်လှန်ရေးဖြင့် ဆူပူထ ကြွအောင် ပြုလုပ်နည်းများသာ သင်ကြားပေးခဲ့သည်။ ဘီအိုင်အေတပ် အဖြစ်ဂျပန်နှင့်အတူ ဗြိတိသျှတို့ကို တိုက်ပွဲဝင်ရာတွင် တပ်မတော်သားများ မှာ အသက်စွန့်ခဲ့ရသည်။ ထိုနောက် ဖက်ဆစ်ဂျပန်တော်လှန်ရေးတွင် ဗြိတိသျှ မဟာမိတ်တပ်များနှင့် ပူးပေါင်းပြီး တော်လှန်ရာတွင်လည်း မိမိတို့ တပ်မတော်သားများသာ အသက်စွန့်ရသည်။

ယခု လွတ်လပ်ရေး ရပြီးသောအခါ မိမိတို့ တပ်မတော်သည် အရပ်သားနိုင်ငံရေးသမားများ လက်အောက်၌ တာဝန်ထမ်းဆောင်ရခြင်း မှာ မသင့်တော်ဟု ယူဆကြသည်။ ထိုအခြေအနေတွင်ဖ-ဆ-ပ-လ အကွဲအပြဲကြောင့် အိမ်စောင့်အစိုးရ တာဝန်ကို ထမ်းဆောင်ခွင့်ရသော အခါ အထူးကြိုးစားပြီး ထမ်းဆောင်ခဲ့သည်။ အချိန်တန်၍ စစ်တန်းလျားသို့ ပြန်ခဲ့ရသော်လည်း တော်လှန်ရေးကြီးအတွက် အချိန်ကောင်း၊ အခါကောင်း ကို စောင့်နေခဲ့သည်။ ထိုအချိန်တွင် အရပ်ဖက် နိုင်ငံရေးသမားများသည် အရိပ်သုံးပါး နားမလည်သောကြောင့် ကြုံတွေ့လာမည့် အန္တရာယ်ဆိုးကို ကြိုတင်ကာကွယ်ဟန့်တားခြင်း မပြုနိုင်ခဲ့ပေ။ စစ်တပ်မှ အာဏာသိမ်းမှု ခံလိုက်ရခြင်းဖြစ်သည်။

အာဏာသိမ်းပြီးသည်နှင့် တရားမျှတသော ရွေးကောက်ပွဲများ ပြန်လည်ကျင်းပရန် အစီအစဉ် မရှိတော့ပေ။ ကြိုတင်စီစဉ်ထားသည့် အတိုင်း မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ကို ထူထောင်ဖို့ စတင်ကြိုးပမ်းလေ့

လာတော့သည်။ ပထမဦးစွာ အောက်ပါကြေညာချက်များ ထုတ်ပြန်ခဲ့သည်။ ၎င်းတို့မှာ

- မြန်မာ့နည်း မြန်မာ့ဟန်ဖြင့် ဆိုရှယ်လစ်စနစ် တည်ဆောက်ရန် The Burmese Way to Socialism (BWS) နှင့်
- လူနှင့် လူ့ပတ်ဝန်းကျင်တို့၏ အညမည သဘောတရား (The system of correlattion of Man and His Enviror ment (SCME) တို့ ဖြစ်ကြသည်။ ထို့နောက် စာအုပ်စာတမ်းအဖြစ် ဖြောက်များစွာ ပုံနှိပ်ထုတ်ဝေ ဖြန့်ချိခဲ့သည်။

(The SCME )သဘောတရားအရ တော်လှန်ရေးကောင်စီ သည် တော်လှန်ရေးပြုလုပ်ပြီးသည့်နောက် သာယာဝပြောသည့် ဆိုရှယ် လစ်စနစ်ကိုတည်ထောင်ရမည်ဖြစ်သည်။

* Ba Than , The Roots fo the Revoluation (Rangoon Gardian) 1962-p.59 )

* Grvernment of Burma, Revoluation Council.The Brumese way to Socialism. The policy Declaration of the Revoluationary Council ( Rangoon: Ministry of Information , 1962 ).(hereafter cited as BWS) appeared on Aprial 30.1962 and SCME on January 18.1963 .

(The SCME) ဆိုသည်မှာ အရှေ့နှင့်အနောက် ဘာမျှဆက်စပ်မှုမရှိ ဗုဒ္ဓအတွေးအခေါ် အယူအဆကို၊ ကွန်မြူနစ်မာ့(စ်) အတွေးအခေါ် အယူအဆ ဆိုရှယ်လစ် အတွေးအခေါ်အယူအဆ၊ တို့နှင့် ပေါင်းစပ်ပြီးစနစ်တကျ စိမ်ကိန်းများဖြင့် အကောင်အထည်ဖေါ်သောစနစ်ကို ဆိုလိုသည်။

(မ-ဆ-လ)၏ The SCME အရ အရာရာတိုင်းသည် ဘာတစ်ခုမျှ မတည်မြဲဟူသော ဗုဒ္ဓ၏ သင်္ခါရသဘောတရားကို လက်ခံသည်။ဟောင်းသစ် ဖြစ်စဉ်အရ အဟောင်းအဟောင်းတို့သည် စဉ်ဆက်မပြတ်ပြောင်းလဲချုပ်ငြိမ်း နေရမည်။ အသစ်အသစ်တို့ကို နေရာဖယ်ပေးရ မည်ဟု ဆိုသည်။ သို့သော် ပါတီ၏ သဘောတရားကို ပါတီ၏ ထိပ်တန်းခေါင်းဆောင်များကပင် လိုက်နာခြင်းမပြုကြ။ ခေါင်းဆောင်နေရာကို ဆက်ခံနိုင်ရန်အတွက် နိုင်ငံသား အားလုံးကို ကျောသားရင်သား မခွဲခြားဘဲ တန်းတူအခွင့်အရေး ပေးသင့်

မြန်မာ စာအုပ်များ



သော်လည်းအရပ်ဖက်ကို နှိမ်လွှန်းသည်။ အရပ်သားမှ မြောက်စား ခံရသူများရှိကြပါသည်။ သို့သော် သူတို့သည် ထိပ်တန်းခေါင်းဆောင်ကြီးများနှင့်တနည်းနည်းပတ်သက်၊ ဆက်စပ်နေကြသူများဖြစ်သည်။ မ-ဆ-လ ပါတီသည် ဗုဒ္ဓ၏အယူ ဝါဒအားလုံးကို လက်ခံသည်တော့မဟုတ်ပေ။ လက်ခံသော အစိတ်အပိုင်းကို ပါတီ၏ပြန်ကြားရေးဝန်ကြီးဌာနက ၁၉၆၂ ဧပြီလ ၃၀ ရက်နေ့တွင် ပြန်ထုတ်ရာ၌ အောက်ပါအတိုင်း ဖော်ပြထားသည်။

In Budhism, it is based on the assumption that all things are subject to the law of impermanence and change. Change it argues takes many forns and is neither incremental nor dialectic.

It varies in quartity and quality. As long as the changes after things in only a limited way, they may be consider as evolutionary, however, as the tempo quickens and the clegree of change in creases, they become revolutionary. ဟု ဖော်ပြထားသည်။ ဆက်လက်၍

## * ရည်ညွှန်း (SCME)

According to SCME, "When an evolutionary · process reaches a certain condition. point or stage, it passes into revalution a form of fundamental and entire change of dynamic momentum, historians call such changes social revolutions" (see p-17) (pp 10-11, pp 28-29, p 31)

မ-ဆ-လ ကဆိုသည့် ဆိုရှယ်လစ်တော်လှန်ရေးသည် ဖန်တီးယူခြင်းမဟုတ်၊အချိန်တန်၍ သူ့အလိုလို ဖြစ်ပေါ်လာခြင်းမျှသာ ဖြစ်သည်။ ဆိုလိုသည်မှာ တပ်မတော်မှ အာဏာသိမ်းလို၍ သိမ်းခြင်းမဟုတ်။ အာဏာသိမ်းချိန် ရောက်လာသောကြောင့် အာဏာသိမ်းလိုက်ရခြင်းဖြစ်သည်။

တရွေ့ရွေ့ ဖြစ်စဉ်များသည် တော်လှန်ရေးကို ဖြစ်ပေါ်စေသည်။

"Social revolntion is effect and not a cause, Whereas the evolutionary process is the cause of the revolutionary Change" ရှင်းပြထားသောကြောင့် တပ်မတော်သည် တရွေ့ရွေ့ ဖြစ်စဉ်များ

ကြောင့် တော်လှန်ရေးဖြစ်ပွားရာတွင် အလိုက်သင့် ပါဝင်ခဲ့ခြင်းမျှသာ ဖြစ်သည်။ အခြေအနေကို တမင်တကာ ဖန်တီးခြင်း မဟုတ်ဟုဆိုသည်။ သို့သော် ၁၉၆၂ ခုမတ်လ (၂)ရက်တွင် အာဏာ သိမ်းပြီး ဧပြီလ ၃၀ ရက်နေ့တွင် မ-ဆ-လ ပါတီလမ်းစဉ်များကို ကမ္ဘာသို့ ထုတ်ပြန်ကြေညာခဲ့ရာ မြန်ဆန်လွန်းသည်။ တစ်လအတွင်း အပြီးအစီးရေးဆွဲသောကြောင့် ချွတ်ယွင်းချက်မြောက်များစွာ ပါဝင်ခဲ့ခြင်း ဖြစ်ဟန်တူသည်။ သို့မဟုတ်ပါက အာဏာမသိမ်းမီကတည်းက အာဏာ သိမ်းပြီး မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ကို ထူထောင်ရမည်ဟု ဗိုလ်ကြီး စိုးဝင်းကြေညာခဲ့သည်က အမှန်လားဆိုတာ စဉ်းစားစရာတော့ဖြစ်သည်။ သို့သော် ဗိုလ်ကြီးစိုးဝင်းက မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ဖြင့် သွားမည်ဟု အာဏာသိမ်းပြီး တစ်လနှင့် သုံးရက်အကြာတွင် ပြောသည်။ မ-ဆ-လ ပါတီဝါဒရေးရာ သဘာတရားများကို ကမ္ဘာသို ကြေညာသည်မှာ ၁၉၆၂-ခုနှစ် ဧပြီလ(၃၀)ရက်ဖြစ်သည်။

မ-ဆ-လ ပါတီ၏ ကြေညာစာတမ်းတွင် အဓိကကျသော အချက်မှာ လူနှင့်ပတ်ဝန်းကျင်တို့၏ အညမည ဖြစ်သည်။ လူကို ဤသို့ အဓိပ္ပါယ်ဖွင့်ဆိုထားပါသည်။

လူသည် အတ္တနှင့်ပရနှစ်မျိုးစလုံးရှိသည်။ သာမန်အားဖြင့် အတ္တက လွှမ်းမိုးသည်။ မိမိအတွက် မိမိ၏မိသားစုအတွက်သာ ရှာဖွေ စားသောက်ခြင်းဖြစ်သည်။ ထိုကဲ့သို့ မိမိ၏ မိသားစုအတွက် ရှာဖွေ စားသောက်ရာတွင် ပတ်ဝန်းကျင်ကို ဆန့်ကျင်၍မရ၊ ပတ်ဝန်းကျင်နှင့် အလိုက်အထိုက် ပေါင်းသင်းရသည်။ ထိုအခါ မိမိဆန္ဒမပါသော်လည်း အများဆန္ဒကို လိုက်ပြီး ဆောင်ရွက်ခဲ့ခြင်းများရှိသည်။

တပ်မတော်ခေါင်းဆောင်များသည်လည်း ထို့အတူဖြစ်သည်။ အာဏာမက်မော၍ အာဏာသိမ်းခြင်းမဟုတ်။ ပြည်သူလူထုတစ်ရပ်လုံး၏ လူနေမှုအဆင့်အတန်း မြင့်မားလာစေရန်အတွက် တော်လှန်ရေး ပုံစံဖြင့် ကြိုးပမ်းသွားရမည် ဖြစ်သောကြောင့် ပြည်သူလူထုအကျိုးကို ငဲ့ညှာပြီး နိုင်ငံတော်အာဏာကို ပြည်သူ့အတွက် သိမ်းပေးခြင်းမျှသာ ဖြစ်သည်ဟု ရှင်းပြကြသည်။

စစ်တပ်မှ ဆိုရှယ်လစ် သီအိုရီပညာရှင်များ၏ အဆိုအရ လူသည် ဆိုးသည်မှန်သော်လည်း ကောင်းတာလည်းလုပ်ကြသည်ဟု ဆိုသည်။

Man's nature the militry social theorists orgned has propensity for evil as well as for good.

လူ၏သဘာဝမှာ အကောင်းနှင့်အဆိုး ဒွန်တွဲနေသော်လည်း ဆိုရှယ်လစ်လမ်းစဉ်ဖြင့် ဒီမိုကရေစီဘဝကို ဖန်တီးပေးသောအခါ အများများကို အစဉ်အမြဲ စစ်ဆေးနေပြီး မှန်ကန်အောင် ထိန်းချုပ်ခြင်းဖြင့် မကောင်းမှုများ ကွယ်ပျောက်သွားမည်ဖြစ်သည်။

"Aware as we are of such human frailties we must make our way of life a living reality, i-e a socialist way of democratic life that can constantly check and co ntrol this enil tendency have the right of using his own creative larbor andiritiative.

မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်အရ လူတစ်ဦးချင်းစီ၏ လွတ်လပ်ခွင့်ကို ထိန်းချုပ်ရမည်ဖြစ်သည်။သို့သော် သူသည် စွမ်းရှိသမျှ အလုပ်လုပ်ခွင့်ရှိပြီး လုပ်နိုင်သမျှ ခံစားခွင့်ရှိစေရ မည်ဟုဆိုသည်။ ဆိုရှယ်လစ်စနစ်ကြီး တစ်ခုလုံး၏ အောင်မြင်ရေးသည် အရေးအကြီးဆုံးဖြစ်သောကြောင့် နိုင်ငံသားတစ်ဦး၏ အခန်းကဏ္ဍမှာ သိပ်ပြီးအရေးမကြီးလှပေ။ ဆိုရှယ်လစ်စနစ်ကြီး အောင်မြင်ရေးအတွက် နိုင်ငံသားအားလုံးက ကိုယ်ကျိုးစွန့်အနစ်နာခံပြီး ကြိုးစားရမည်ဖြစ်သည်။

ဆိုရှယ်လစ်ဒီမိုကရေစီ၏ သဘောတရားသည် လူတစ်ဦးချင်းတို့ လက်တွဲပူပေါင်းကြပြီး လူ့အဖွဲ့အစည်းကြီး တည်ဆောက်မည်။ထိုလူ့ဘောင်အဖွဲ့အစည်းကြီးကို ဗဟိုမှချုပ်ကိုင်မည်ဟု စစ်တပ်မှအတွေး အခေါ်ပညာရှင်များက ဆိုကြသည်။

" The socialist democracy envisaged by the military thinkers a includes the nity of the will and initiative of the individual man and group in the one hand and centralized guidance of society on the other.

မြန်မာ စာအုပ်များ



ရည်ညွှန်း SCM , page 31 )

ဒီမိုကရေစီ ဗဟိုဦးစီးစနစ်နှင့် လူတစ်ဦးချင်းစီ၏ လွတ်လပ်ခွင့်(လူ့အခွင့်အရေး) တို့ကို စနစ်တကျ ပေါင်းစပ်လိုက်သောအခါ တိုးတက်ကောင်းမွန်သော လူ့အဖွဲ့အစည်းပေါ်ပေါက်လာမည် ဖြစ်သည်။ သို့သော် ထိုသီအိုရီများသည် အစားအစာကို ဝမ်းဝအောင် ကျွေးသော အခြေအနေမျိုးတွင်သာ အဓိပ္ပါယ်ရှိနိုင်ပေသည်။

" Democratic centralism and individual freedom, there forem are compatible and whem combined produce a progressive and prosperous society. Only when the stmach is full , these theorists arge, will there be wholesome morality.

(SCME) အရ လူသားတစ်ဦးစီကို တန်းဖိုးထားသည်။ လူ့အဖွဲ့အစည်းကိုလည်း တန်းဖိုးထားသည်။ လူမျိုးစုများ၏ ရိုးရာဓလေ့ ထုံးစံများကိုလည်း လေးစားတန်းဖိုးထားသည်။ လူသည် မိမိ၏ ရှေ့မှ မျိုးဆက်၏ ကောင်းမွေဆိုးမွေကို ဆက်ခံရသည်။ ထို့နောက် အမွေရသော ပစ္စည်းများဖြင့် ကောင်းမွန်သော ဘဝကိုတည်ဆောက်ရသည်။

"Men inherited the social system of the previous generation and by his own creative effort changes it as he deems to be good" ဟု လက်ခံယုံကြည်သည်။ထို့ကြောင့်ကျွန်တော်တို့ ရှေ့မှမျိုးဆက်သည် ကျွန်တော်တို့အတွက် နိုင်ငံခြားကြွေးမြီ ဒေါ်လာသန်းပေါင်း ကုဋေချီ ချန်ထားခဲ့ကြသည်။ ဘွဲ့ရအလုပ်လက်မဲ့ ဘဝများ လူတန်းစားတိုင်း အလုပ်အကိုင်မဲ့သော အမွေဆိုးများထားပေးခဲ့သည်။ ကျေးဇူးတင်ဖို့ ကောင်းလေစွ။

စစ်တပ် အာဏာပိုင်များနှင့်စစ်တပ်မှ အတွေးအခေါ် ပညာရှင်ကြီးများသည် စစ်သားပီပီ တစ်ဖက်သတ် အတွေးအခေါ်မျှသာရှိသည်။ စစ်သား၏ တာဝန်သည် ရန်သူကို စစ်မြေပြင်၌ အနိုင်ယူပြီး ချေမှုန်းဖို့သာရှိသည်။ ထို့ကြောင့်သူ့အသက်ကိုယ့်အသက်လုရသော နေရာတွင် ဘယ်သူ့ကိုမျှ ညာနေဖို့မဖို့၊ ကိုယ့်မသတ်ရင် သူကသတ်မည် အနေအထားမို့ အပြစ်မဆိုသာ။

တန်ထာဆုစာဝေ

မြန်မာ စာအုပ်များ





သို့သော် ထိုခလေ့စရိုက်ဖြင့် နိုင်ငံတော်ကို အုပ်ချုပ်ဖို့ ကြိုးပမ်းခြင်းသည် မှားယွင်းမှုဖြစ်သည်။ နိုင်ငံကို အုပ်ချုပ်၍မရဟု မဆိုပါရပါသည်။ စစ်သားအုပ်ချုပ်တာထက် ငြိမ်ဝပ်ပိပြားပြီး စည်းကမ်းသေဝပ်သော နိုင်ငံဟူ၍မရှိနိုင်၊ စစ်သားကို လက်နက်မဲ့ အရပ်သားများ ကြောက်ရွံ့ကြသည်မှာ ဓမ္မတာဖြစ်သည်။ ကျွန်တော်တို့ ကလေးဘဝ က စစ်သားဆိုသိပ်ကြောက်သည်။ စစ်သားက ကျွန်တော်တို့ကို ခြောက်နေတာ မဟုတ်ဘူး မတော်တဆ သူ့သေနတ်က ကျည်ဆံထွက်လာရင် ခက်မယ် ဆိုပြီးဝေးဝေးရှောင်သည်။

ကျွန်တော်တို့က မော်လမြိုင်မှာနေသည်။ ဘားအံဖက်သို့ သင်္ဘောစီးသွားတဲ့အခါ သင်္ဘောပေါ်မှာ စစ်သားတွေအတော်များများတွေ့ရသည်။ သင်္ဘောစီး တဲ့အခါ ထိုခေတ်က ထိုင်ခုံမရှိ၊ ကုန်းပတ်ပေါ် ၌ ကြိုက်တဲ့နေရာ ထိုင်ခွင့်ရှိသည်။ ကျွန်တော်က စစ်သားနှင့်ဝေးတဲ့နေရာမှာထိုင်သည်။ ကျည်ဆံများ မတော် တဆထွက်မှာ စိုးသောကြောင့်ဖြစ်သည်။

အသက်လေးရပြီး ဘွဲ့လွန်ကျောင်းသားကြီးဘဝကွင် မြို့ကလေးဘိလပ်မြေစက်ရုံရှိ မီးရထားလမ်း အင်ဂျင်နီယာဖြစ်နေ သော အစ်ကိုထံ မကြာခဏသွားသည်။ဒီအခါမှာတော့ ကျည်ဆံဆုံ အလိုအလျောက် မထွက်ဘူးဆိုတာသိသည်။ ဒါပေမယ့် ကမ်းပေါ်ကနေ စစ်သားများကို ကရင်သူပုန်

မြန်မာ စာအုပ်များ



လက်ဖြောင့်တပ်သားများက မကြာခဏ ပစ်ခတ်တတ်သည်။ ထို့ကြောင့် စစ်သားမထိဘဲ ကိုယ့်ကိုထိမှာစိုး သောကြောင့် ဝေးဝေးထိုင်သည်။

ထို့ကြောင့် စစ်သားအုပ်ချုပ်ရင် လူဆိုး၊ဓါးပြ မပြောနဲ့ လူကောင်းလည်း အလိုလိုနေရင်း ကြောက်ကြပါသည်။ သို့သော် နိုင်ငံတစ်ခုမှာနိုင်ငံသားအားလုံး ကြောက်နေရုံနဲ့ မပြီးပါ။ ကုန်ထုတ်လုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်ဖို့ လိုပါသည်။ ဒါတွေကို စစ်သားတွေမလုပ်နိုင်ပါ။

စစ်မှုလက်မှု ထွန်းကားဖို့ ကုန်သွယ်လုပ်ငန်း ထွန်းကားဖို့ဆိုတာ အင်ဂျင်နီယာတွေ နည်းပညာရှင်တွေ စီးပွားရေးသမားတွေရဲ့အလုပ် ဖြစ်ပါတယ်။ နိုင်ငံတကာ ဆက်ဆံရေးမှာ ရေလိုက်ငါးလိုက် ဆက်ဆံတာမျိုး ရှိသည်။ ငွေကြေးချမ်းသာပြီး ကူညီပေးကမ်း ထောက်ပံ့နိုင်မည့် နိုင်ငံကို ဖားပြီး မျက်မှာချိုသွေးရသည်။ဘာမှရဖို့ မရှိတဲ့နိုင်ငံကို ခပ်တည်တည်ဆက်ဆံရသည်။ ဒီလိုနိုင်ငံတကာ ဆက်ဆံရေးတွေကိုလည်း နိုင်ငံရေးသမားတွေဘဲ လုပ်ရမှာဖြစ်ပါတယ်။ ဦးခေါင်းနဲ့ လမ်းလျှောက် မရနိုင်သလို ခြေထောက်နဲ့ စဉ်းစားတွေးခေါ်လို့ မရပါဘူး။

ဒါကြောင့် နိုင်ငံတော်ကာကွယ်ရေး တရားဥပဒေစိုးမိုးရေးကို စစ်သားက တာဝန်ယူ၊ ရပ်ကွက်၊မြို့၊ ရွာအေးချမ်းရေးကို ပြည်သူ့ရဲ့ တာဝန်ယူ အပြစ်ကျူးလွန်သူများကို အပြစ်ဒဏ်ချဖို့ ရှေ့နေတွေ တရားသူကြီး တွေက တာဝန်ယူမည်။ ကုန်သွယ်ရေးစီးပွားရေး လုပ်ငန်းတွေကို စီးပွားရေးသမားတွေကုန်သည်တွေက လုပ်ရမည်။ စက်မှုလုပ်ငန်းထူထောင် ရေးအတွက် စက်ရုံပိုင်ရှင် ကျွမ်းကျင်ပညာရှင် အင်ဂျင်နီယာနဲ့အလုပ်သမားတွေ ပူးပေါင်းပြီး လုပ်မယ်။

အမိနိုင်ငံကို ကမ္ဘာ့အလယ်မှာ တင့်တယ်စွာ ပေါင်းသင်းဆက်ဆံသွားလာနေထိုင်နိုင်ဖို့ နိုင်ငံရေးသမားကြီးတွေက တာဝန်ယူမယ်။

" To Err is Human လူဆိုတာ မှားတတ်ကြတယ်။အဲဒီအခါအပြစ်ကျူးလွန်တဲ့သူကို ထိုက်သင့်တဲ့ အပြစ်ဒဏ်ပေးရမယ်။ အပြစ်ကျူးလွန်ချိန်မှာ ကျူးလွန်ခဲ့ပြီး အရေးယူရမယ့် အချိန်ရောက်တော့ လူကြီးတွေက ဩဇာအရှိန်အဝါသုံးပြီး ကာကွယ်ဟန့်တားကြမယ်။ ဆိုရင်

တော့ အဲဒီနိုင်ငံပျက်ဆီးမှာဘဲ။ ထိပ်ပိုင်းမှာနေပြီး မတရားအခွင့် အရေးတွေ ယူနေတာကို အောင်ခြေကလူတွေ အားလုံးမြင်တယ်။

ဒီတော့ လူကြီးနိုင်းသလို လုပ်နိုင်းရင်ခက်မယ်။ တိုင်းပြည်ရဲ့ ခေါင်းဆောင်ဆိုတာ နိုင်ငံသားအားလုံးအတွက် စံပြဖြစ်ရမယ်။ ကိုယ်ကျင့်တရားကောင်းမွန်ရမယ်။ ပြည်သူလူထုကို ကျောသားရင်သား မခွဲခြားဘဲ ချစ်ရမယ်။ ကောင်းမွန်စွာ အုပ်ချုပ်ရမယ်။ တရားမျှတစွာ အုပ် ချုပ်ရမယ်။

တကယ်တော့ သမိုင်းဟာ လူသားမျိုးဆက် တစ်ခုတိုင်းရဲ့ လှုပ်ရှားမှုတွေကိုမှတ်တမ်း တင်နေခဲ့ပါတယ်။

History is the record of man's movement from one epoch to the next.

သမိုင်းစဉ်ဟာ စဉ်ဆက်မပြတ် လည်ပတ်လုပ်ဆောင်နေပါသည်။ လူသားတိုင်း နေ့စဉ်လည်ပတ် လုပ်ဆောင်နေကြပါတယ်။ ဒီလိုပုံမှန် အနေအထား စဉ်ဆက်မပြတ် လည်ပတ်နေတာကို ရပ်ထားလိုက်ပြီး သူတို့ အလိုရှိတဲ့ ပုံစံပြောင်းပြီး လည်ပတ်စေခြင်းဟာ အချိန်ကာလတို တစ်ခု လောက်ဘဲ အဆင်ပြေမှာပါ။ ဒီမိုကရေစီနည်းဖြင့် ပြည်သူတို့ ရွေးချယ် တင်မြှောက်ထားသော အစိုးရကို စစ်တပ်အင်အားဖြင့် ဖယ်ရှားခြင်း သည် သန်းပေါင်းများစွာသော ပြည်သူလူထုကိုစော်ကားခြင်းဖြစ်သည်။

မတရားဖိနှိပ်မှုဟူသည် အချိန်အတိုင်းအတာ တစ်ခုမျှသာ အောင်ပွဲရလေ့ရှိပါသည်။ တစ်ချိန်ချိန်တွင် ဖိနှိပ်အုပ်စိုးသူနှင့် ဖိနှိပ်ချုပ်ချယ်အုပ်စိုးခံရသူတို့ ကြီးမားသော ပဋိပက္ခများဖြစ်ပေါ်ပြီး ချုပ်ငြိမ်းသွားရမည်သာ ဖြစ်သည်။

မြန်မာ့စစ်ခေါင်းဆောင်များသည် ဆိုရှယ်လစ်စနစ်သို့ ရောက် အောင်ချီတက်ခြင်းဖြင့် ပန်းတိုင်Goal သို့ရောက်မည်ဟု ဆိုကြသည်။ သို့သော် မြန်မာ့စစ်ခေါင်းဆောင်များအနေဖြင့် အနောက်တိုင်း၌ စတင် ပေါ်ပေါက်ခဲ့ပြီး အနောက်တိုင်းက လုံးဝလက်မခံနိုင်သော မာ့(စ်)ဝါဒ ကို ယခုလို ကိုလိုနီခေတ် အင်ပါယာ ခေတ်ကြီးများ ကုန်ဆုံးပြီး စီး ပွားရေး နယ်ချဲ့ခေတ်ကာလ ရောက်ချိန်တွင် နောက်ပြန်ဆွဲ၍သွားခြင်း ခေတ်နှင့် အတူ အမှီမလိုက်ဘဲ ခေတ်နောက်ပြန်ဆွဲခြင်းအတွက် ဒုက္ခလှလှ တွေ့ မည်ဟု အနောက်တိုင်း

ပညာရှင်များက ကြိုင်ခန့်မှန်း သိရှိခဲ့ကြပြီဖြစ်သည်။

ခေတ်မမီတော့သည့် မာ့(စ်) ၏ အညံ့စားပေါကြောင်ကြောင် အတွေးအခေါ်ကို မြန်မာ့နည်း၊ မြန်မာ့ဟန်၊မြန်မာ့ပုံစံပြောင်းသော်လည်း ဘာမျှ တိုးတက်ဖြစ်ထွန်းစရာ မရှိပေ။သို့သော် မြန်မာ့စစ်ခေါင်းဆောင် များက -

## ရည်ညွှန်း

For a discussion and application of Marx's Asiatic mode of production to Burmese history, see Khin Maung Kyi and Daw Tin Tin, Administrative pattern in Historical Burma. (Singapore: Institute of Southeast Asian Studies 1973)

မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်သည် ကားလ်မာ့(စ်)လီနင်တို့ ပုံစံမဟုတ်၊ မြန်မာ့ပီပီ မြန်မာနည်း မြန်မာ့ဟန်ဖြင့်သွားမည်။ လက်ဝဲနှင့် လက်ယာ သွေဖီမှုကို ရှောင်ရှားပြီး အလယ်အလတ်လမ်းဖြင့် သွားမည်ဟု ဆိုကြသည်။

ထို့အပြင် ဆိုရှယ်လစ် စီးပွားရေးအရ စီးပွားရေးကုန်ထုတ်လုပ် ငန်းကြီးများအားလုံးကို ပုဂ္ဂလိက ပိုင်ဆိုင်ခွင့်ရှိတော့မည် မဟုတ်။ နိုင်ငံ တော်ကသာ အားလုံးပိုင်ဆိုင်ထားမည်။ နိုင်ငံသားများသည် မိမိတို့၏ ကာယ၊ ဉာဏစွမ်းအားအလိုက် အလုပ်လုပ်သမျှ လုပ်ခလစာရမည်ဟု ဆိုသည်။ သို့သော် နောက်ပိုင်းတွင် တာဝန်ရှိသူ အကြီးအကဲများ မတရား အခွင့်အရေးယူရာမှ နောက်လိုက်များလည်း သူ့အဆင့်၊ သူ့ ရာထူးအလိုက် ကိုယ်ကျိုးရှာကြသောကြောင့် ပျက်ဆီးခဲ့ခြင်းဖြစ်သည်။

ဆိုရှယ်လစ် ပန်းတိုင်သို့ရောက်ချိန်တွင် အုပ်ချုပ်သူနှင့် အုပ်ချုပ်ခံ လူတန်းစားဟူ၍ ကွဲပြားမှုရှိတော့မည် မဟုတ်ဟု ဆိုကြသည်။

Socialism as espoused by Burma's Smilitary thinker is utopian in its goats.

A Socialist system, they argue is based on Justice it is a prosperous and affluent societyh Free from explaitation oroppression of man by man, where there is no profiteerin.... ...no class antrgonism that threatens human welfare and where man's physical well being and happiness are assured."

ပညာရေးတွင် မြန်မာနိုင်ငံ၏ လက်ရှိပညာရေး ဖြစ်သော အနောက်တိုင်း အယူအဆ လွှမ်းမိုးသော ကိုလိုနီပညာရေးကို ဖယ်ရှားပြီး မြန်မာ့နည်း မြန်မာ့ဟန်ဖြင့် မြန်မာအတွက် သင့်တော်မည်ဟုယူဆသော သင်ခန်းစာများကို သင်ပေးရမည့် ကျောင်းသင်ခန်းစာ အားလုံးသည် ဆိုရှယ်လစ်စနစ်ကိုသာ အထောက်အကူပြုရမည်ဟု ဆိုပြီး နိုင်ငံတကာအဆင့်အတန်းမှီခဲ့သော သင်ရိုးညွှန်းတန်းအားလုံးကို ဖယ်ရှားပြီး နိုင်ငံတကာ စံချိန်စံညွှန်းအဖြစ် လက်ခံနိုင်သော အဆင့်အတန်း လုံးဝမရှိသည့် အညံ့စားသင်ခန်းစာများ သင်ပေးခဲ့သည်။အကျိုးဆက်မှာ မ-ဆ-လ ခေတ်ဘွဲ့ရ အလုပ်လက်မဲ့များသည် နိုင်ငံခြားတိုင်းပြည်များသို့ ရောက် သောအခါ မည်သည့်စက်ရုံ၊ အလုပ်ရုံတွင်မှ အံဝင်ဂွင်ကျ မရှိခြင်းဖြစ်သည်။

နိုင်ငံခေါင်းဆောင်အဖြစ် တာဝန်ယူမည့်သူသည်

* ခေတ်ကာလအသီးသီးကို သိနားလည်သူဖြစ်ရမည်။
* ကမ္ဘာသုံးဘာသာစာပေ၊ဘာသာစကားများတတ်ထားရမည်။
* စိတ်သဘောထားသေးသိမ်သူ၊အညိုးအတေးကြီးသူ အမြင်ကျဉ်းမြောင်းသူ၊ အတွေးအခေါ်ညံ့ဖျင်းသူများမဖြစ်ရ။
* နိုင်ငံတကာသို့ ဝင်ဆံ့နိုင်ရန်အတွက် ဘွဲ့ရပညာတတ်ကြီး ဖြစ်ဖို့လိုသည်။

ထိုအချက်များနှင့် စံထားပြီး ကြည့်ပါက ထိုအချိန်က အာဏာသိမ်းအဖွဲ့မှ နိုင်ငံခေါင်းဆောင်ကြီးများသည် အရည်အချင်းနိမ့်ကျနေ သည်ကိုတွေ့မြင်ရမည်ဖြစ်သည်။ ထို့ကြောင့် ရည်ရွယ်ချက်ကောင်းကောင်းထားပြီး နိုင်ငံတော်နှင့် နိုင်ငံသားများကို ဆင်စီးပြီး မြင်းရံနိုင် ဖို့ကြိုးပမ်း အားထုတ်ရာတွင် ဉာဏ်ပညာ၊အရည်အချင်းနိမ့်ကျမှု ကြောင့် ခုတ်ရာတခြား ရှရာတခြား ဖြစ်လေရာ နိုင်ငံတော်သည် ကမ္ဘာ့ပေါ်တွင် ဖွံ့ဖြိုးမှု အနည်းဆုံး အဆင့်ခံယူလိုက်ရသည်။ထို့ကြောင့် ကမ္ဘာ့ဘဏ်နှင့် နိုင်ငံတကာမှ ချေးယူထားသော ဒေါ်လာငွေသန်းပေါင်း ထောင် ပေါင်းများစွာအတွက် အတိုးမပေးရတော့ပေ။

တန်ထားဆုစာ၈၀

၁၉၈၈ နောက်ပိုင်းတက်လာသော တပ်မတော်အစိုးရ သည်လည်း စီးပွားရေး မလုပ်တတ်သောကြောင့် ပြည်သူများ နိုင်ငံတကာတွင် ကြုံရာအောက်ခြေသိမ်းအလုပ်များ လုပ်နေခဲ့ရသည်။ သားတစ်ကွဲ မယားတစ်ကွဲ၊ အချို့ကျတော့ ဒုက္ခသည်ဘဝနဲ့ မလေးရှား၊ ထိုင်း နိုင်ငံတွေမှာ နှစ်ပေါင်းများစွာ သောင်တင်နေကြသည်။ ကြုံတာလုပ်၊ ရတာစား၊ ဘဝ မျှော်လင့်ချက် ကင်းမဲ့သူ အချင်းချင်း နှုတ်ခမ်းပဲ့ချင်း မီးမှုတ်ရတော့သည်။ ရလာသော သားသမီးလေးများသည် မည်သည့် နိုင်ငံတွင် သန်းကောင်စာရင်း၊ အိမ်ထောင်စုစာရင်းသွင်းထားမှန်း မသိ၊ နိုင်ငံရပ်ခြား ဥပဒေမဲ့ ရွှေ့ပြောင်းလုပ်သားများသည် တစ်ဖက်နိုင်ငံသား တို့၏ စော်ကား မော်ကား ပြုခြင်း မျိုးစုံခံရသည်။ မုဒိမ်းကျင့်ခံရတဲ့ ပြစ်မှု လောက်ကတော့ ရိုးနေပြီ။ လူသတ်မှု၊လုယက်မှု၊ အနိုင်ကျင့် ဗိုလ်ကျမှု အားလုံးအတွက် အရင်းစစ်တော့ အမြစ်ဟာ မြေကြီးထဲကသဲ (၁၉၆၂) တပ်မတော်က အာဏာသိမ်းပြီးတစ်ယူသန် တစ်ဇောက်ကန်း ဆိုရှယ် လစ်စနစ်ဆိုးကို ဆင်ကန်းတောတိုး လျှောက်လုပ်မ်းခဲ့ခြင်း၏ အကျိုးကျေးဇူးကို ကျွန်တော်တို့ နိုင်ငံသားများယနေ့ထက်ထိတော့ ခံစားနေရဆဲပါ။

တစ်နေ့တော့ ကယ်တင်ရှင်ကို မျှော်ကိုးရင်း နှစ်ပေါင်း ငါးဆယ်ကျော် တစ်နှစ်စွန်းခဲ့ပြီ။ ကမ္ဘာ့ပညာရှင်များ သုံးသပ်ချက်အရ the SCME သည်မှုအရ အလွန်ကောင်းပါသည်။ သို့သော် လက်တွေ့ အကောင်အထည်ဖော်သူများ၏ အရည်အချင်းသည် လွန်စွာနိမ့်ကျနေခဲ့သည်။ ထို့ကြောင့် တိုင်းပြည်၏ ကမ္ဘာပေါ်တွင် အဆင်းရဲဆုံး အဆင့်ရောက်ခဲ့သည်။ ပညာရေးလည်း ညံ့သည်။ စီးပွားရေးလည်း ညံ့သည်။ လူ့စွမ်းအား အရင်းအမြစ်လည်း ညံ့သည်။ ထို့ကြောင့် နိုင်ငံခြားရင်းနှီး မြှုပ်နှံမှုများ ဝင်လာချိန်တွင် အားလုံးတာဝန်ကိုယ်စီဖြင့် အပြင်းအထန် ကြိုးစားပြီး အံဝင်ဂွင်ကျဖြစ်ဖို့ ကြိုးစားရမည်။ ဆိုရှယ်လစ်ခေတ်တွင် ပုဂ္ဂလိက ကုန်ထုတ် လုပ်ငန်းများ အားလုံးကိုပိတ်ပင်ခဲ့သောကြောင့် ပြည်သူလူထုသည် ကုန်ထုတ်လုပ်ငန်း အတတ်ပညာကို ဘာမှန်းမသိ ဖြစ်ခဲ့သည်။

စာသင်ကျောင်းများ ဝိဇ္ဇာ သိပ္ပံ တက္ကသိုလ်များသာမက သက်မွေးဝမ်းကျောင်းတက္ကသိုလ်များအထိ ကုန်ထုတ်လုပ်ငန်းများ သင်ပေး ခြင်း မရှိ။ အများစုက ကုန်ထုတ်လုပ်ငန်းကို နားမလည်။ နိုင်ငံခြားမှ ကုန်ပစ္စည်း အားလုံး ဝယ်လို့ရတယ်ဟုထင်နေကြသည်။ မ-ဆ-လခေတ်နှစ်ပေါင်းများစွာ ပြည်တွင်းထုတ်လုပ်မှု မရှိဘဲ မှောင်ခိုလမ်းမှကုန်ပစ္စည်းများကို မှီခိုခဲ့ခြင်း ကြောင့် တိုင်းပြည်စီးပွားပျက်ခဲ့သည်။

ဒီနေ့အထိ အမှားကိုမြင်ပြီး အမှန်ပြင်သူ နည်းနေခြင်းသည် (မ-ဆ-လ) ခေတ်တွင် ပြည်သူလူထုကို နား၊ မျက်စိ၊ အားလုံးပိတ်ထားခဲ့သော ကြောင့်ဖြစ်သည်။

ထိုမျိုးဆက်ညံ့သောအခါ ထိုမျိုးဆက်မှ ပေါက်ဖွားလာသော ယခု မျိုးဆက်လည်းဆက်ပြီး ညံ့လေရာ အနာဂတ် မျိုးဆက်အတွက် အညံ့တွေ ဆိုးမွေတွေဘဲ လက်ဆင့်ကမ်းပေးနိုင်ဖို့ ရှိပါတယ်။

မ-ဆ-လ ၏ ရည်မှန်းချက်က ကုန်ထုပ်လုပ်မှုကို အစွမ်းကုန်တိုးမြှင့်မည်။ ထုတ်ကုန်စွမ်းအား မြင့်မားသောကြောင့် နိုင်ငံခြားငွေများစွာ ရသောအခါ တိုင်းသူပြည်သားများ၏ လူနေမှုဘဝများမြင့်တက်လာမည်ဟုရည်ရွယ်သည်။

မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ကို စတင်တည်ထောင်သော အခါ ကမ္ဘာမှ ဂရုစိုက်ပြီး စောင့်ကြည့်ခဲ့သည်။ သူတို့သည် ရုရှားအုပ်စုကဲ့သို ပြင်းထန်ခြင်းမရှိ၊ မော်စီတုန်းပုံစံမျိုးလည်း မဟုတ်ပေ။ သာမန်အား ဖြင့်ကြည့်သော ဝါဒသဘောတရားရေးရာ၌ သိပ်ပြီး ပြင်းထန်သော ပုံစံမျိုး မဟုတ်ပေ။ ထို့ကြောင့် ကမ္ဘာကလက်ခံခဲ့ကြသည်။

ဘာသာရေးကို ဖိနှိပ်မှုမရှိ၊ လူနည်းစုကို ဖိနှိပ်မှုမရှိ၊ လူနည်းစု သူပုန်အဖွဲ့များသည် မ-ဆ-လ မတက်မီ အချိန်ကာလ ကတည်းက ရှိခဲ့သော အုပ်စုများ ဖြစ်ကြသည်။ ၁၉၆၄ ခုနှစ်တွင် မ-ဆ-လ ပါတီမှ ထုတ်ဝေသော လက်ကမ်း စာစောင်များတွင် မ-ဆ-လ ၏ အခြေခံမှုများကို ဖော်ပြခဲ့သည်။၎င်း တို့မှာ

၁။ မ・ဆ・လ ပါတီ၏ ဝါဒရေးရာသည် မာ့စ်ဝါဒကို အခြေခံ သော်လည်း

ပုံတူကူးထားခြင်းမျိုးမဟုတ်၊ ထိုအပြင် ဗုဒ္ဓအယူဝါဒကိုလည်း နိုင်ငံရေးနယ်ပယ်၌ အသုံးပြုနိုင်သော အချက်အလက်များ ယူထားသည်။

၂။ ကွန်မြူနစ်တို့သည် ဘာသာရေး လွတ်လပ်ခွင့်ကို ပိတ်ပင်ဟန့်တားကြသည်။ မ-ဆ-လ သည်လူတိုင်းကို လွတ်လပ်စွာ ကိုးကွယ်ယုံကြည်ခွင့် ပေးထားသည်။

၃။ လူတိုင်းကို တန်းတူရည်တူအခွင့်အရေးပေးသည်။

၄။ ပါတီခေါင်းဆောင် နေရာအတွက်ရွေးချယ်သောအခါ လူမျိုး၊ ဘာသာကြည့်ဖို့မလို၊ အလုပ်သမား၊ လယ်သမား၊အသိပညာရှင်၊အတတ်ပညာရှင်များလည်း ပါတီခေါင်းဆောင်ဖြစ်ခွင့်ရှိသည်။သို့သော် ၁၉၆၂ ခုနှစ်မှ ၁၉၈၈ အာဏာစွန့်လွှတ်ရသော အချိန်ကာလအထိ ဗိုလ်ချုပ်ကြီးနေဝင်းနှင့် သမ္မတကြီး ဦးစန်းယုတို့နှစ်ဦးတည်းသာ နိုင်ငံတော်ကို အုပ်ချုပ်ခဲ့ကြသည်။

၅။ ဆိုရှယ်လစ် အတွေးအခေါ်ကို မြန်မာ့နည်း မြန်မာ့ဟန်ဖြင့် တွေးခေါ်မည်ဟု ကြေညာခဲ့သည်။

အမှန်စင်စစ် မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ကို စတင်အကောင်အထည်ဖော်သူသည် ဗိုလ်ချုပ်ကြီး နေဝင်း မဟုတ်ပေ။ ဗိုလ်ချုပ်ကြီးနေဝင်းသည်အတန်းပညာနည်းသည်။ စာပေလေ့လာ လိုက်စားသူမဟုတ်၊ မူရင်းဘာသာဖြင့် ရေးထားသော မာ့စ်လီနင် ကျမ်းစာအုပ်များကိုလည်း ဖတ်နိုင်စွမ်းရှိသူ မဟုတ်ပေ။

၁၉၅၁ ခုနှစ်တွင် ဖ-ဆ-ပ-လ မှ အထင်ကရ ခေါင်းဆောင်ကြီးတစ်ဦးဖြစ်သော ဦးဘဆွေက ကျွန်တော်တို့ မြန်မာနိုင်ငံတွင်ဗုဒ္ဓဘာသာဝင်များသည် လူများစုဖြစ်သည်။ ဗုဒ္ဓဘာသာဝင်တို့၏ စရိုက်ကနူးညံ့သိမ်မွေ့သည် ကားလ်မတ်၊ လီနင်တို့၏ ကွန်မြူနစ်ဝါဒက ကြမ်းတမ်းလွန်းသည်။ ထို့ကြောင့် မြန်မာ့လူ့ဘောင်တွင် ကွန်မြူနစ်စနစ်ကို ကျင့်သုံး၍မရ။ မြန်မာ့ဓလေ့ စရိုက်နှင့် ပြဒါးတစ်လမ်း၊ သံတစ်လမ်းဖြစ်သည်။ ထို့ကြောင့် ဆိုရှယ် လစ်ဆိုရင် ဖြစ်နိုင်သည်။ ဗိုကောင်းတာက ဆိုရှယ်လစ်မှ တူသော အချက်များနှင့် ဗုဒ္ဓဘာသာမှ လက်တွေ့ဆန်သော အတွေး

အခေါ်များကို ပေါင်းစပ်ပြီး မြန်မာနည်း မြန်မာ့ဟန်ဖြင့် မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ကို ထူထောင် သင့်သည်ဟု ဦးဘဆွေက အကြံပြုသောအခါ ဦးနုကလည်း ထောက်ခံခဲ့ သည်။လွတ်လပ်ရေးရကာစ နိုင်ငံတွင် ဆိုရှယ် လစ်စနစ်ထူထောင်ကြည့်ရာ နိုင်ငံတော်၏ စီးပွားရေး ထိုးကျသွားလေရာ ပညာရှိများပီသစွာ ဦးနုနှင့် ဦးဘဆွေတို့ ချက်ချင်းရပ်ပြီးနောက်ဆုတ် လိုက်ကြလေသည်။ ထို့နောက် ဗြိတိသျှတို့ ပုံစံချခဲ့သော ပါလီမန်ဒီမိုကရေစီ နှင့်သွားခဲ့သည်။

သို့သော် ဦးဘဆွေသည် ဒီမိုကရေစီကို မြတ်နိုးသူဖြစ်သည်။ ဗိုလ်ချုပ်နေဝင်းသည် အလွန်စရိုက်ကြမ်းသူ ဖြစ်သည်။ စာပေတတ် မြောက် မှုနည်းပါးသောကြောင့် ဒေါသထွက်သည့်အခါ လွန်စွာကြောက်မက်ဖွယ် ကောင်းသည်။

ဆိုရှယ်လစ်စနစ် ကျဆုံးချိန်တွင် ဒေါက်တာမောင်မောင်သည် မ-ဆ-လ ပါတီမှပေးစာ၊ ကမ်းစာကိုစား၊ မ-ဆ-လ ပါတီမှ ပေးသော တိုက်ခန်းကိုနေမ-ဆ-လမှပေးသောကားကို စည်းစိမ်ခံနေခဲ့သော ပါတီ ထိပ်တန်း ပုဂ္ဂိုလ်ကြီးများ ဒီမိုကရေစီ ဘက်တော်သားများနှင့် သွားပေါင်း သောအခါ "သာကူးများ"ဟုဆိုခဲ့သည်။

ထိုသာကူးတိုင်း ယုတ်မာကောက်ကျစ်ပြီး မြှောက်ထိုးပင့်ကော် လုပ်စားသည် မဟုတ်ပေ။ ပါတီဥက္ကဋ္ဌ နေဝင်း၏ဒေါသကို အားလုံး ကြောက်ကြသည်။ သူသည်အာဏာရှင်ကြီး ဖြစ်သည်။အသိဉာဏ် ဆင် ခြင်တုံတရား ကင်းမဲ့သော အာဏာရှင်ကြီးကို မှန်သည်၊ မှားသည်ဟု မည်သူမျှ ပကတိအတိုင်း တင်ပြရဲခြင်းမရှိ။

ဒီမိုကရေစီ စနစ်တွင် ပြည်သူကသာခင်၊ အုပ်ချုပ်သူသည် ပြည်သူ့ ဝန်ထမ်း လခစားမျှသာဖြစ်သည်။ ထို့ကြောင့်မှန်သည်၊ မှားသည်ကို လွှတ်တော်ထဲတွင် လွတ်လပ်စွာ တင်ပြခွင့်ရှိသည်။

အစိုးရအဖွဲ့ဖောက်ပြန်ပါက ရွေးကောက်ပွဲအချိန်ရောက်သည့် အထိစောင့်နေဖို့ မလို အတိုက်အခံအင်အားစုများက အာဏာရ ပါတီထက် အင်အားကြီးသော် အစိုးရအဖွဲ့ကို အယုံအကြည်မရှိ၊ အဆို တင်သွင်းပြီး ဖြုတ်ချရုံမျှသာ ဖြစ်သည်။

**တန်ထာဆုစာဝေ**

အာဏာရှင်ကို စကားဖြင့် ရှင်းပြမရ၊အာဏာရှင်ကြီး စိတ် မခန့် မသင့်လျှင် ဒုက္ခကြီးစွာရောက်သွားမည်။ထိုင်နေသော ကုလားထိုင် ပျောက်သွားမည်။ နယ်စွန်နယ်ဖျား မဲဇာပို့က တော်သေးသည်။ နံရံလေးဖက်ကာ ထောင်ထဲပို့လိုက်ပါက ထွက်လမ်းမမြင်။

ထို့ကြောင့် အထက်ကနိုင်းသမျှ လုပ်တော့လုပ်သည် ဖြစ်တာလည်းရှိသည်။ မဖြစ်တာလည်းရှိသည်။ မဖြစ်နိုင်တာ နိုင်းတော့ မဖြစ်ဘူးပေါ့။ မဖြစ်တာကို မဖြစ်ဘူးလို့ ရှင်းပြရင်လည်း အမှန်တရားကို လက်ခံတာမှမဟုတ်ဘဲ ဒီတော့ အရှင်မင်းမြတ်ရဲ ဘုန်းတန်ခိုးအာနုဘော်ကြောင့် အားလုံးအောင်မြင်ပါကြောင်းဟု လျှောက်တင်ကြရသည်။

စာရွက်ပေါ်မှာတော့အားလုံးအောင်မြင်သည်။ စာရင်းဇယားတွေ ကကိုက်သည်။သို့သော် နိုင်ငံတော်၏ အခြေအနေသည် တစ်နေ့တခြား ဆိုးဝါးလာသည်။ ဒီတော့လိမ်တဲ့သူ အပြစ်လား မှန်တာကို လက်မခံနိုင်တဲ့ အာဏာရှင်ရဲ့ အပြစ်လားသေချာတာကတော့ မြန်မာ့သမိုင်းမှာ မ-ဆ-လ ပါတီ မရှုမလှ ပြိုလဲခဲ့သည်။

၁၉၉၀ တွင် ရွေးကောက်ပွဲကျင်းပရာ ဦးချစ်လှိုင်၏ မ-ဆ-လ တစ်ဖြစ်လဲတိုင်းရင်းသား စည်းလုံးညီညွတ်ရေးပါတီကြီး ထောက်ခံမဲ မရတာ ပြည်သူတွေ မ-ဆ-လကို ဘယ်လောက်ထိ မုန်းတီး နားကျည်း ခဲ့ကြတာကို ဆန္ဒမဲနဲ့ သက်သေပြတာဘဲ။

ကျွန်တော်ဆိုလိုချင်တာက မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ကို စတင်သူသည် ဗိုလ်ချုပ်နေဝင်းမဟုတ်။ ဖ-ဆ-ပ-လဦးဘဆွေသာ ဖြစ်သည်။ သို့သော် ဦးဘဆွေသည် အာဏာရှင်စနစ်ကို လိုလားထောက် ခံသူမဟုတ်။ တပ်မတော်မှ အာဏာသိမ်းပြီးနောက်မ-ဆ-လပါတီ ဖွဲ့သောအခါ ပူးပေါင်း လုပ်ဆောင်ဖို့ ဦးဘဆွေနဲ့ ဦးကျော်ငြိမ်းတို့ကို အကြိမ်ကြိမ် စည်းရုံးခဲ့သည်မရ။ ဒီပုဂ္ဂိုလ်တွေဟာ ဘဝမှာ အမည်းစက်စွန်း ထင်းဘူးတဲ့ ပုဂ္ဂိုလ်တွေမှ မဟုတ်တာ၊အသက်ကို အသေခံသွားတယ်။ လူမိုက်နဲ့ မပေါင်းဘူး လူမိုက် အားပေးမလုပ်ဘူး။ဦးကျော်ငြိမ်းက ပြောတယ် ငါ့မိသားစုကို မုန့်ဟင်းခါး တောင်းထမ်းပြီး ရောင်းကျွေးမယ်။ မင်းတို့လို မဟုတ်တာလုပ်တဲ့ အဖွဲ့ထဲ

မြန်မာ စာအုပ်များ



ငါမပါနိုင်ဘူးလို့ ထောင်ထဲကနေ အပြတ် ငြင်းခဲ့တယ်။ ဒါနောက်ဆုံးစကား သေတဲ့အထိ ဒီစကားဘဲ မပင်ဘူးဟု ပြတ်သားစွာဆိုပြီး ဒီမိုကရေစီ အတွက်အသက်အသေခံသွားခဲ့သည်။

## ရည်ညွှန်း

BaSwe. The Burmese Revolution (Rangoon; In formation Department 1952) pp10, 14,17.

## လွတ်လပ်ပြီးနှစ်ပေါင်းသုံးဆယ်ကာလ

## (၁၉၄၈-၁၉၇၈)

## ပြည်မြန်မာ့နိုင်ငံရေးသမိုင်း

## စစ်အုပ်ချုပ်ရေးကာလ နိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံ ဥပဒေများ

## (Political Institutions under the Military)

တော်လှန်ရေးကောင်စီသည် အာဏာသိမ်းပြီးသည်နှင့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေမှဝန်ကြီးချုပ်နှင့် သမ္မတတို့၏အာဏာအရပ်ရပ်ကို တော်လှန်ရေး ကောင်စီဥက္ကဋ္ဌဗိုလ်ချုပ်ကြီးနေဝင်းက ချုပ်ကိုင်လိုက်သည်။

၁၉၆၂ မတ်လ(၂)ရက်တွင် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်သမ္မတတို့ကို ဖမ်းဆီးချုပ်နှောင်ပြီး အစိုးရအဖွဲ့ဝင်အားလုံးကို ဖမ်းဆီးချုပ်နှောင်း ထားလိုက် သည်။ပြီးနောက် မတ်လ(၃)ရက်နေ့တွင် ပါလီမန်ကို ဖျက်သိမ်းလိုက်သည်။ တရားစီရင်ရေးအတွက်(The Supereme and High Counts )များကို ဖျက်သိမ်းပြီးတစ်ခု တည်းသောဗဟိုတရားရုံးကြီးနှင့်အစားထိုးလိုက်သည်။

ဆယ်နှစ်ကြာပြီးနောက် (၁၉၇၂)ခုနှစ်မတ်လ(၁၆)ရက်နေ့တွင်

(The Supreme Court )ကို ပြန်ဖွင့်ခဲ့သည်။(၁၉၆၂-၁၉၇၄)အထိ ဖွဲ့စည်းပုံတွင်ပါသော နိုင်ငံရေးဥပဒေအားလုံးကို ဖျက်သိမ်းပြီး စစ်ဥပဒေနှင့် အစားထိုးလိုက်လေသည်။

## တော်လှန်ရေးကောင်စီနှင့် မြန်မာပြည်အစိုးရ

**(The Revolutionary Council and the Government of Burma )**

တော်လှန်ရေးကောင်စီကို တပ်မတော်မှထိပ်တန်း စစ်ခေါင်းဆောင် (၁၇)ဦးဖြင့်ဖွဲ့စည်းခဲ့သည်။သို့သော် (၁၉၇၁)ခုနှစ်တွင် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ (Lanzin Party)အတွက် ပထမဆုံးကွန်ဂရက် ကျင်းပသောအခါ အာဏာသိမ်းစစ်ခေါင်းဆောင် (၁၇)အနက် ခုနစ်ဦးသာပါဝင်လေသည်။ကျန်သောဆယ်ဦးတွင်သေဆုံးသူ တပ်မှထုတ်ပယ်ခံရသူများပါဝင်သည်။

အရပ်သားလေးယောက်အပါအဝင်စုစုပေါင်းအဖွဲ့ဝင်(၁၅)ဦးဖြင့် အခြေခံဥပဒေကို စတင်ရေးဆွဲကြလေသည်။ ဗိုလ်ချုပ်နေဝင်း၏ တော်လှန်ရေးကောင်စီတွင်ပါဝင်သော တပ်မတော်အရာရှိကြီးများသည် ဖက်ဆစ်တော်လှန်ရေးနှင့် အိမ်စောင့်အစိုးရ လက်ထက်တွင်ပါဝင်ခဲ့သော အရာရှိများပါဝင်သည်။အခြေခံဥပဒေစတင် ရေးဆွဲသည်နှင့် တော်လှန်ရေး ကောင်စီဥက္ကဋ္ဌကို ပြည်ထောင်စုသမ္မတ(President of the Union)ဟုပြောင်းလဲခေါ်ဆိုသတ်မှတ်လိုက်သည်။

ဗိုလ်ချုပ်နေဝင်း၏ အခင်မင်ဆုံးပုဂ္ဂိုလ်များမှာ ဗိုလ်အောင်ကြီး (Bragadiers Aung Gyi )ဖြစ်သည်။အောင်ကြီးသည် အာဏာသိမ်းခြင်းကို ထောက်ခံသည်။သို့သော် ဆိုရှယ်လစ်စနစ်ပြောင်းပြီး ပြည်သူပိုင်သိမ်းခြင်းကို ကန့်ကွက်သည်။ ထို့ကြောင့် ရာထူးမှထွက်ပေးရသည်ဟု ဆိုသည်။ အချို့က ဗိုလ်ချုပ်နေဝင်းနှင့်ယှဉ်ပြိုင်လာသောကြောင့် ဗိုလ်ချုပ်နေဝင်းက ရှင်းထုတ်လိုက်သည်ဟုဆိုသည်။ စစ်တပ်မှ အငြိမ်းစားပေးခဲ့သည်။ထို့နောက် ဗိုလ်တင်ဖေသည်ငါးနှစ်တိုင်တိုင်ဦးနေဝင်း၏ အယုံကြည် ဆုံးပုဂ္ဂိုလ်ဖြစ်သည်။

မြန်မာ စာအုပ်များ



ဦးနေဝင်းပြီးလျှင် ဒုတိယရာထူး အကြီးဆုံးဩဇာအာဏာအရှိဆုံးပုဂ္ဂိုလ်ကြီးဖြစ်ခဲ့သည်။သို့သော်သူသည် လူတော်မဟုတ် သာမန်စစ်သားမျှသာဖြစ်သည်။ ထို့ကြောင့်သူ၏ ဆိုရှယ်လစ်စီးပွားရေးပေါ်လစီများသည်(၁၉၆၈)တွင် အကြီးအကျယ် ဆုံးရှုံးလေရာ ဘာမျှမတတ်နိုင်တော့။ရာထူးမှနုတ်ထွက်စာတင်လိုက်ရတော့သည်။သူတစ်ယောက်တည်းမဟုတ်။သူ့အာဏာရှိပြီးခေတ်ကောင်းစဉ် သူ့အရိပ်မှီပြီး ကောင်းစားခဲ့သော သူ့ယောက်ဖသည်သူ့အာဏာမဲ့ချိန်တွင် ထုံးတမ်းအစဉ်အလာအရ သူ့ယောက်ဖ ကာနယ်သန်းယုဆိုင်(Col;Tzn Yu Saing )လည်းရာထူး မှနုတ်ထွက်ရလေတော့လေသည်။

တရားသံဝေဂရဖို့ကောင်းသည်။ အပေါင်းအသင်းကြီးပွားတော့ကပ်စားသည်။ယောက်ဖပါအဆစ်ခေါ်ထားသည်။အရည်အချင်းမရှိတော့သူလည်းပြုတ်သူ့ယောက်ဖလည်း အဆစ်ပါသွားသည်။ စစ်အုပ်ချုပ်ရေး၏ပထမအဆင့်သည် အာဏာကိုမြဲမြဲ ဆုပ်ကိုင်ထားနိုင်သည်ကလွဲပြီးနိုင်ငံတော်၏ စီးပွားရေးစုတ်ပြတ်သွားပြီဖြစ်သည်။စစ်အုပ်ချုပ်ရေး ဒုတိယပိုင်းကာလတွင် ပါတီဥက္ကဋ္ဌကြီးသည် တွဲဖက်ကောင်းရခဲ့သည်။ဘာဘဲဖြစ်ဖြစ်ပေ့ါအားကိုးရသူပေါ်လာသည်။အာဏာစွန့်ချိန်(၁၉၈၈)အထိသူတော် ချင်းချင်းပေါင်းသင်းနိုင်ခဲ့သည်။သူသည် (၁၉၇၂)အထိ သာမန်စစ်ဗိုလ်မျှသာ ဖြစ်သည်။ သူ့ကို ၁၉၇၂ တွင်ဗိုလ်ချုပ်အဆင့်တိုးပေးခဲ့ သည်။ဗိုလ်ချုပ်စန်းယုသည် နောင်တွင်သမ္မတကြီးစန်းယုဖြစ်လာသည်။အရပ်သားထဲမှ စီးပွားရေးအကြံပေးအဖြစ်ဦးဘငြိမ်းကို ဦးနေဝင်းခေါ်ထားလိုက်သည်။ ဦးဘငြိမ်းကို၁၉၇၁ခုနှစ်တွင် တော်လှန်ရေးကောင်စီထဲသို့ဝင်ခွင့်ပြုခဲ့သည်။တစ်နှစ်ကြာသော် လုပ်ရည်ကိုင်ရည်ရှိသောကြောင့် သမဝါယမဝန်ကြီးခန့်လိုက်သည်။ သို့သော် ၁၉၇၃တွင်စီးပွားရေးကျဆင်းသောခါ ဦးနေဝင်း သည်သူ့ကိုအပြစ်တင်ခဲ့သည်။

တော်လှန်ရေးကော်စီလက်ထက် စီးပွားရေးပျက်စီးခဲ့ခြင်း အတွက်အမှန်တကယ်တာဝန်အရှိဆုံးပုဂ္ဂိုလ်သည် ဥက္ကဋ္ဌကြီးဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် အစည်းအဝေးမှတ်တမ်းများလုံးဝမရှိဘဲ စေတစ်လုံးဖြင့်

မြန်မာ စာအုပ်များ



အရာရာကို နိုင်းစေခဲ့သည်။သူလုပ်ချင်တာ တရားဝင်ကိန်းဂဏန်းအချက် အလက်၊ ဘာတစ်ခုမှမျှမရှိဘဲ ငွတ်လုပ်သည်။ပေးချင်တဲ့တာဝန် တွေပေး သည်။မနိုင်မနင်း ဖြစ်၍မအောင်မြင်သောအခါ အပြစ်တင်သည်။သူ့ကို မည်သူမျှ မယုဥ်ရဲပေ။ The RC permitted very little information to be published about its methods of operations and decision making,the civilian elite assumed that Ne Win was the key figure in the council;that no decision was taken aganist his mind,debate was ended andimplementation began.There are no indicatouions of any serious challenges to his leadweship within the Councol.

Unrestricted by the challlenges that could been posed by a constitution,a legislature,or an elecoate,the RC governed by decree and proclamation .All its pronouncements had the force of law and remained in effect until with drawn or replaced.

အာဏာသိမ်းတော်လှန်ရေးကောင်စီတွင်ပါဝင်သော စစ်တပ်ထိပ် တန်းခေါင်းဆောင်(၁၇)ဦးမှာအောက်ပါအတိုင်း ဖြစ်သည်။

( ၁ ) ဗိုလ်ချုပ်နေဝင်း (ဥက္ကဋ္ဌ)

( ၂ ) ဗိုလ်ချုပ်အောင်ကြီး (Bring Aung Gyi)အဖွဲ့ဝင်

( ၃ ) သန်းပေ(Comm.Than Pe )(၁၉၆၂)၌ ကွယ်လွန်သည်။

( ၄ ) ဗိုလ်တီကလစ်(Bring.T.Clift )သူသည်(၁၉၆၄)ခုတွင် တပ်မတော်မှ နုတ်ထွက်ပြီးနောက် ထိုင်းနိုင်ငံသို့ထွက်ပြေးခိုလှုံ သွားခဲ့သည်။

( ၅ ) ဗိုလ်တင်ပေ(Bring Tin Pe )(အဖွဲ့ဝင်)သူသည် ဦးနေဝင်း၏ အရင်းနှီးဆုံးမိတ်ဆွေ ဖြစ်သောကြောင့် ဝင်ငွေကောင်းသော သတ္တုတွင်းနှင့် အလုပ်သမားဝန်ကြီးဌာနတို့ကို တာဝန်ယူရ သည်။ အခြားသော အလုပ်သမားဝန်ကြီးဌာနတို့ကို တာဝန် ယူရသည်။ အခြားသော စီးပွားရေးလုပ်ငန်းများကိုလည်း ဦးစီးရသည်။(၁၉၆၈)တွင် စီးပွားကျသောကြောင့် တော်လှန်ရေးကောင်စီမှထွက် ရသည်။

( ၆ ) ဗိုလ်စန်းယု(Bring San Yu )အဖွဲ့ဝင် (၁၉၇၂) တွင်ဗိုလ်ချုပ်ဖြစ်လာသည်။ထို့နောက် သမ္မတဖြစ်ကာ(၁၉၈၈)တွင် (မ-ဆ-လ)မပြုတ်မီ ရာထူးမှအငြိမ်းစားယူသွားသည်။

( ၇ ) ဗိုလ်စိန်ဝင်းသည် တပ်မတော်မှ(၁၉၇၂)တွင် အငြိမ်းစားယူသည်။အငြိမ်းစားမယူမီ(၇-၉-၇၁)၌ အသစ်ပြန်လည်ဖွဲ့စည်းသော ကောင်စီ၌ ပါဝင်ခဲ့သေးသည်။

( ၈ ) ကာနယ်သောင်းကြည်(Col.Thaung Kyi)ဝန်ကြီးဌာနမရှိ။ သို့သော် တော်လှန်ရေးကောင်စီတွင်ပါဝင်ခဲ့ပြီး(၇-၉-၇၁)၌ အသစ်ဖွဲ့ စည်းသောကောင်စီ၌ လည်းထပ်ပြီးပါဝင်ခဲ့သည်။

( ၉ ) ကာနယ်ကြည်မောင်(Col.Kyi Maung )စိုက်ပျိုးရေးနှင့် သစ်တောဝန်ကြီးတာဝန်ထမ်းဆောင်သည်။သစ်လုပ်ငန်းကိုလည်း ဦးစီးသည်။(၁၉၆၃)တွင် တပ်မှထွက်ခဲ့သည်။ ဒေါ်အောင်ဆန်းစုကြည် နေအိမ်အကျယ်ချုပ် ဖမ်းဆီးထိန်းသိမ်းခံရစဉ်(၁၉၉၀) ရွေးကောက်ပွဲကို(NLD)ပါတီမှ ဦးကြည်မောင်ဦးစီးပြီးရွေးကောက်ပွဲဝင်ခဲ့သည်။ရွေးကောက်ပွဲတွင် ပြိုင်ဖက်(တ-စ-ည)ပါတီအားအပြတ် အသတ်နိုင်ခဲ့သည်။ရွေးကောက်ပွဲ အနိုင်ရသော ပါလီမန်ဒီမိုကရေစီခေတ်တွင် ချက်ချင်းအာဏာလွှဲပေးရသော အစဉ်အလာရှိသောကြောင့် ဦးကြည်မောင်သည် ဂန္ဓိခန်းမတွင် အောင်ပွဲရပြည်သူကို ကိုယ်စားလှယ်များ ကိုဦးဆောင်ပြီး အာဏာကိုအမြန်ဆုံးလွှဲပေးဖို့ တောင်းဆိုခဲ့သည်။မတရားဖိနှိပ်မှုများကိုရဲဝံ့ပြောင်မြောက်သော စကားလုံးများဖြင့် ချေဖျက်ပြီးအန်တုခဲ့သူဖြစ် သည်။(၂၀၁၀)ဒီမိုကရေစီရွေးကောက်ပွဲကို မမှီခဲ့ပေ။

( ၁၀ ) ကာနယ်မောင်ရွှေ(Col.MaungShwe )(၁၉၆၂)အာဏာသိမ်းအဖွဲ့ဝင် ပါဝင်ခဲ့သည်။(၇ -၉ -၇၁)တွင်အသစ်ဖွဲ့စည်းသောကောင်စီ တွင်လည်းပါဝင်ခဲ့သည်။(၁၉၇၂)တွင်တပ်မတော်မှ အနားယူပြီးနောက် အဖမ်းခံခဲ့ရသည်။

တန်ထာဆုစာဝေ

(၁၁) ကာနယ်သန်းစိန်(Col.Than Sein)အဖွဲ့ဝင်နှစ်ခါဖြစ်ခဲ့သည်။ ထို့နောက် တပ်မတော်မှအငြိမ်းစားယူခဲ့သည်။

(၁၂) ကာနယ်ကျော်စိုး(Col.Kyaw Soe)အာဏာသိမ်း အဖွဲ့တွင် ပါဝင်ခဲ့သည်။သယ်ယူပို့ဆောင်ရေးဝန်ကြီးတာဝန် ယူခဲ့သည်။ (၇-၉-၇၁)တွင် ပြန်လည်ဖွဲ့စည်းသော ကောင်စီ၌ ဆက်လက် ပါဝင်ခဲ့သည်။ထို့နောက် အငြိမ်းစားယူသည်။

(၁၃) ကာနယ်စောမြင့်(Col.Saw Myint)ဝန်ကြီးရာထူးရထားသည်။ ကာကွယ်ရေးနှင့် မဆိုင်သောနိုင်ငံရေး၊စီးပွားရေးနယ်ပယ်များ လက်ဝါးကြီးအုပ်နေခြင်းကို လက်မခံနိုင်သောကြောင့် ဆန့်ကျင်သည်။ (၁၉၆၄)တွင် အဖမ်းခံရပြီး ထောင်ဒဏ် တစ်သက်တစ်ကျွန်း အကျခံရသည်။

(၁၄) ကာနယ်ချစ်မြိုင် (Col.Chit Mying ) ဆည်မြောင်းဝန်ကြီး ဌာနဝန်ကြီးဖြစ်သည်။တာဝန်လစ်ဟင်းမှုဖြင့် တပ်မှထုတ်ပြီး ဖမ်းဆီးခဲ့ သည်။နောက်ပိုင်းတွင် ပြန်လွှတ်ခဲ့သည်။

(၁၅) ကာနယ်ခင်မျိုး(Col.Khin myo)ကုန်သွယ်ရေး ဝန်ကြီးတာဝန် ထမ်းဆောင်ခဲ့သည်။(၁၉၆၅)တွင်တပ်မှ ထုတ်ပစ်ခြင်းခံ ရသည်။

(၁၆) ကာနယ်လှဟန်(Col.Hla Han)အာဏာသိမ်း စဉ်ပါ ခဲ့သည်။ (၇-၉-၇၁)၌ ပြန်လည်ဖွဲ့စည်းသောကောင်စီ၌ ပါဝင်ခဲ့ သည်။ ၁၉၇၂ တွင်တပ်မှအငြိမ်းစားယူသည်။

(၁၇) ကာနယ်သန်းယုဆိုင်(Col.Tan Yu Saing )ဗိုလ်ကြီးတင်ဖေ၏ ယောက်ဖဖြစ်သည်။နေရာကောင်းကောင်း ရခဲ့သည်။၁၉၆၈ စီးပွားရေးထိုးကျသောကြောင့် ဗိုလ်ကြီးတင်ဖေ ပြုတ်သော် အတူပြုတ်သည်။

(၁၈) ဗိုလ်သောင်းဒန် (Bring Thaung Dan )(၁၉၆၄)ခုနှစ် ဒီဇင်ဘာလ ၉ ရက်နေ့တွင် အသစ်ခန့်သည်။

မြန်မာ စာအုပ်များ



( ၁၉ ) ကာနယ်မောင်လွင် (Col.Maung Lwin )(၉-၁၂-၆၄)၌ အသစ်ထည့်သွင်းသည်။

( ၂၀ ) ကာနယ်တင်ဦး(Col.Tin U) ၉-၁၂-၆၄၌ အသစ်ထည့်သွင်းသည်။အရပ်သားသုံးယောက်ထည့်သွင်းသည်။ ၎င်းတို့မှာ ဦးဘငြိမ်း၊ဒေါက်တာ မောင်မောင်နှင့် မာလင်သာမြိုင်(Malin Tha Mying )တို့ကို ၉-၁၂-၆၄ ၌အသစ်ခန့်သည်။

၁၉၇၂ ခုနှစ်ဧပြီလတွင် ဗိုလ်ချုပ်နေဝင်းသည် အရပ်ဝတ်လဲပြီး ဦးနေဝင်းအဖြစ် ပြောင်းလိုက်သည်။အာဏာသိမ်း အဖွဲ့တွင်ပါဝင်သော သူအပေါ်သိစွာရှိ သေးသည့်အဖွဲ့ဝင်အနည်းငယ်နှင့်နောက်တိုး အရာရှိ စုစုပေါင်း အယောက် (၂၀)ကိုတပ်မတော်မှ အငြိမ်းစားယူပြီး နောက် အရပ်သား အနေဖြင့် အုပ်ချုပ်မှုအာဏာ ကိုဆက်လက်ဆုပ်ကိုင်ဖို့ကြိုးစားသည်။ အစိုးရအဖွဲ့တွင် အရပ်သား နှစ်ဦးပါလာသည်။၎င်းတို့မှာ ဦးဘငြိမ်းနှင့် ဒေါက်တာ မောင်မောင်တို့ဖြစ်ကြသည်။ဦးဘငြိမ်းသည် စစ်တပ်မှ အရာရှိများဆောင်ရွက် နိုင်စွမ်းမရှိ သောစီးပွားရေးနှင့်ကုန်သွယ်ရေးကို တာဝန်ယူရပြီး ဒေါက်တာမောင်မောင်က တရားစီရင်ရေးဘက်ကိုတာဝန်ယူရသည်။ ဦးနေဝင်းသည် အရပ်သားပုံစံ ပြောင်းလိုက်သောအခါ စစ်ဖက်တွင် သူ့ကိုယ်ပွားထားဖို့လို သောကြောင့် သူ့ကိုမည်သည့်အခါကမျှ ဆန့်ကျင်မပြုဘဲ အစဉ်အမြဲနာခံတတ်သော ဗိုလ်စန်းယုကို ဗိုလ်ချုပ်ရာထူးတိုးပေးပြီး တပ်မတော်ကို ထိန်းချုပ်စေသည့် ဗိုလ်စန်းယုသည် ကာကွယ်ရေးဝန်ကြီးနှင့်တပ်မတော်အကြီး အကဲတာဝန် တို့ကို ထမ်းဆောင်နေရသည်။

ဦးနေဝင်းသည် တပ်မတော်မှ အငြိမ်းစားယူပြီးဖြစ်သော်လည်း တပ်မတော်ကိုသြဇာလွှမ်းနေလျက်ရှိသည်။အချိန်မရွေး အမိန့်ပေးစေ နိုင်းနိုင်သည်။ သူ့ကို ဆန့်ကျင်ပြောဆိုသောကြောင့် ၁၉၆၃ ခုနှစ်တွင်အောင်ကြီးကိုအနားပေးလိုက်သည်။နောက်နှစ်တွင်စောမြင့်ကို ရှင်းလိုက်သည်။ ထောင်ဒဏ်တစ်သက်ပေးလိုက်သည်။ထိုအချိန်မှစပြီး၊ မည်သူမျှအကောင်းအဆိုးရှင်းပြဝံ့ခြင်း မရှိတော့ပေ။ ဝန်ကြီးအဖွဲ့သည်လည်း အခြေအနေ

မြန်မာ စာအုပ်များ



အရပ်ရပ်ကို အမှန်အတိုင်းတင်ဝံ့သူများမဟုတ်ပေ။ဦးနေဝင်းအလိုကျ လုည့်ပတ်ပြီး ပြောဆိုကြရသည်။ ထို့ကြောင့် ရှစ်လေးလုံးအရေး တော်ပုံ ပေါ်ပေါက်လာသည့်အထိ နိုင်ငံတော်စီးပွားရေးနိမ့်ကျခြင်းအတွက် ဦးနေဝင်း ၌သာ တာဝန်ရှိသည်။

၁၉၇၂ မတ်လ ၁၅ရက်နောက်ပိုင်းတွင် ဝန်ကြီးဌာနများကို ဌာနနှင့်တူအောင်စနစ်တကျဖွဲ့စည်းတည်ဆောက်လာကြ သည်။ထိုအခါ အခြေအနေမှာ အတော်လေးတိုးတက်လာသောအနေအထားရှိနေသ ယောင် ထင်ရသည်။ သို့သော် အနှစ်သာရမှာမူ ဦးနေဝင်းကိုအားလုံး ကကြောက်ရသည်။ အခြေနေမှန်ကို တင်ပြဝံ့သူမရှိ။လှည့်ပတ်ပြောဆိုကြ ရသည်။ နိုင်ငံတော်၏ ကံကြမ္မာ အကောင်းအဆိုးကို ဦးနေဝင်းက အဆုံး အဖြတ်ပေးသည်။

## လုံခြုံရေး စီမံခန့်ခွဲမှုနှင့် စီမံခန့်ခွဲပုံ လုပ်ငန်းစဉ်များ

**The Security and Administrative Councils and the Adminiatrative Process.**

စစ်အုပ်ချုပ်ရေးအောက်တွင် လုံခြုံရေးနှင့်စီမံခန့်ခွဲရေးတို့ကို တော်လှန်ရေးကောင်စီကထိန်းချုပ်ထားသည်။ကောင်စီတစ်ခုတွင် အရပ်ဖက် စီမံခန့်ခွဲ သူများ၊မြို့နယ်ပြည်သူ့ရဲအဖွဲ့မှ တာဝန်ရှိသူများ နှင့်ဒေသခံနယ်မြေ တပ်ရင်း မှစစ်ဖက်အရာရှိများပါဝင်ကြသည်။

တော်လှန်ရေးကောင်စီသည် ပြည်မတွင်သာမက ကျေးလက် တောရွာဒေသအားလုံးအထိပြည်နယ်များ အထိလုံခြုံရေးနှင့်စီမံခန့် ခွဲရေးကောင်စီ ၏ဩဇာကို ဖိအားဖြင့် သက်ရောက်စေခဲ့သည်။စစ်တပ် အုပ်ချုပ်ရေးဖြစ်လေ ရာ အရပ်ဖက်အုပ်ချုပ်ရေးကဲ့သို့ ဒေသခံအာဏာပိုင်တို့ နှင့်အခြေအတင် ငြင်းခုံဆွေးနွေးစရာ ကောင်းတိုင်ပင်၊ဆိုးတိုင်ပင် ပြုလုပ်စရာ မလိုအပ်တော့ပေ။ဥပဒေကဲ့သို့ တည်သောအမိန့်အာဏာဖြင့် တစ်နိုင်ငံလုံးသို့ အာဏာစက် သက်ရောက်စေပြီး တင်းကျပ်စွာချုပ်ကိုင်ထားလိုက် သည်။

သက်ဆိုင်ရာမြို့နယ်ကျေးရွာ၊ရပ်ကွက်များမှ လိုအပ်ချက်အခက်အခဲများဘာတစ်ခုမျှ တောင်းဆိုခွင့်မရှိ၊ အထက်မှပေးသော အမိန့်တာဝန်ကို ကျေပွန်အောင်ထမ်းဆောင်ဖို့သာလိုသည်။ တစ်နိုင်ငံလုံး၏ လိုအင်ဆန္ဒ ရည်မှန်းချက်၊မျှော်လင့်ချက်အားလုံး ကိုလုံခြုံရေးနှင့် စီမံခန့်ခွဲရေးကောင်စီက ချုပ်ကိုင်လိုက်သည်။ကောင်စီကို ဦးနေဝင်းကချုပ်ကိုင်ထားသည်။ အရာရာ တိုင်းသည် ပြည်သူလူထု၏ အလိုဆန္ဒဖြင့် ဘာတစ်ခုမျှမဖြစ်နိုင်၊ မည်သည့် အခွင့်အရေး မျှတောင်းဆိုခွင့်မရှိ။ ဥက္ကဋ္ဌကြီးဆန္ဒကိုသာအားလုံးက လိုက်နာဖြည့်စွမ်းရ မည်ဖြစ်သည်။တော်လှန်ရေးကောင်စီ၏ စစ်အုပ်ချုပ်ရေးကာလသည် မြန်မာနိုင်ငံ၏လွတ်လပ်ရေး ရပြီးနောက်ပိုင်းကာလတွင် အဆိုးဝါးဆုံး၊ အတင်းကြပ်ဆုံးဖြစ်သည်။

## ရည်ညွှန်း

(SAC)၏အာဏာစက်သည် ၁၉၆၂ ခုနှစ်မေလ ၉ရက်နေ့ တွင် မြန်မာနိုင်ငံတစ်ဝှမ်းမြို့ရွာတောပါအနှံ့အပြားသို့ အာဏာစက်များ သက်ရောက်သည်။ ယခုအာဏာစက်သည် အိမ်စောင့်အစိုးရလက်ထက်က အုပ်ချုပ်သောအာဏာစက်ထက် အဆပေါင်းများစွာ ပို၍တင်းကျပ်သည်။ အဘယ်ကြောင့်ဆိုသော် နိုင်ငံတော်၏အခြေအနေသည် ယိုယွင်းနေသောကြောင့် ဖြစ်သည်။ Burma Weekly Bulletin,9.no 52 (April 27,1961)463. ၁၉၇၂ ခုနှစ်တွင် တော်လှန်းရေးကောင်စီ၏ စစ်အုပ်ချုပ်ရေးကို ရုတ်သိမ်းပေးခဲ့သည်။ ထို့နောက် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီကို ထူထောင်ရာတွင် အရပ်ဖက်မှလူများကို လိုအပ်သလိုဖြည့် ဆည်းပေးခဲ့သည်။ထိုအချိန်ကာလတွင်ဦးနေဝင်းနှင့်လက်တွဲပြီး နိုင်ငံတော်အာဏာသိမ်းစဉ် ကပါဝင်ခဲ့သောတပ်မတော်အရာရှိအ များစုသည် ဗိုလ်ချုပ်နေဝင်း၏ တစ်ဖက်အစွန်းရောက်လွန်း သောရက်စက်ကြမ်းတမ်းလွန်းသော လုပ်ရပ်များကြောင့် တိုင်းပြည်၏အနာဂတ် ပျက်ဆီးမည်ဟုထောက်ပြရတွင် ဦးနေဝင်းသည် အားလုံးကိုတပ်မှ ထုတ်ခဲ့သည်။ တိကာလစ်သည် ထိုင်းနိုင်ငံသို့ထွက်ပြေးလွတ်မြောက်သွားသည်။ကာနယ်စောမြင့်သည် ဗိုလ်ချုပ်နေဝင်းအား လုပ်ကြံရန်

ကြံ့စည်သောကြောင့် ထောင်ဒဏ်တစ်သက် အပြစ်ဒဏ် ကျခံရသည်။

ဆိုရှယ်လစ်ပါတီဖွဲ့ချိန်တွင် ဦးနေဝင်းအပေါ်ထာဝရသစ္စာရှိသူမှာ ဒေါက်တာမောင်မောင်တို့ဖြစ်သည်။ ဒေါက်တာမောင်မောင်သည် ပညာတတ်ဖြစ်သော်လည်း တိုင်းပြည်နှင့်လူမျိုးအတွက် အမှားအယွင်းများကို ပြုပြင်၍ ဖြောင်းဖျနိုင်ခွင့်ရှိသော်လည်း ကိုယ်ကျိုးအတွက်ကိုသာကြည့်ခဲ့သည်။သူ၏ ရာထူးတည်မြဲရေးကိုသာကြည့်ခဲ့သူ ဖြစ်သည်။နိုင်ငံတော်၏ သမိုင်းတွင် နေရာကောင်းကောင်းရနိုင်သူဖြစ်သော်လည်း ရှစ်လေးလုံးကာလတွင် သိက္ခာမဲ့စွာ ဖြင့်ရာထူးစွန့်ပေးခဲ့ရသည်။ ပြည်သူ့အချစ်တော် ဖြစ်ခွင့်ရှိသော်လည်း မင်းအလိုလိုက်မင်းအကြိုက်ဆောင်သောကြောင့် ပြည်သူများ၏ အမုန်းကိုခံပြီးနိဂုံးချုပ်ခဲ့သည်။

(မ-ဆ-လ)ပညာရေးဝန်ကြီး ဦးမောင်ဒီကို ကျွန်တော်တို့ ကျောင်းသားဘဝတွင် ဆုံတွေ့ဖူးသည်။အလွန်ပညာတော်သည့် ပုဂ္ဂိုလ်ကြီး ဖြစ်သည်။ သို့သော် ကျောင်းသားတွေလိုအပ်သော အခွင့်အရေးဘာမျှ လုပ်ပေးနိုင်စွမ်းမရှိ။ ဥက္ကဋ္ဌကြီးက နေဆိုနေ၊သေဆိုသေ၊ ပြားပြား ဝပ်ကြောက်ရသူဖြစ်သည်။စစ်သားအရည်အချင်း ရာထူးကြီးသူကို ရာထူး ငယ်သူက အစဉ်အမြဲငယ် ကြောက်အဖြစ် ကြောက်ရွံ့ရသော အစဉ်အလာ ကို လက်ခံနိုင်ပါတယ်။ကိုယ်ကပညာရှင် ဘာမျှကြောက်ဖို့မလိုတူး။ထားရင်လဲ နေရမယ်။ သတ်ရင် လည်းသေရမယ်ဆိုတာမှန်တယ်။မိမိရဲ့လုပ်ပိုင်ခွင့် ဘောင်အတွင်းမှာ လုပ်ပေးနိုင်တာလေးတွေ လုပ်ပေးသင့်တယ်။ပညာရေး ဝန်ကြီး ရှိပါလျက်၊ ပညာရေး လောကထဲ လုံခြုံရေးထိန်းသိမ်း သူတွေ စည်းမဲ့ကမ်းမဲ့ ဝင်ရောက်ထိန်းချုပ်ရာမှ ရှစ်လေးလုံးအရေးအခင်းကြီး ပေါ်ပေါက်ခဲ့ခြင်းဖြစ်သည်။အကယ်၍ အရပ်သားဝန်ကြီးမောင်ဒီတို့၊ တက္ကသိုလ် ဘုန်းနိုင်တို့ဝင်ပြီးထိန်းပေးပါက ထိုအချိန်က ကျောင်းသားများ သည် ဦးသန့်အရေးအခင်းကာလလောက် နိုင်ငံရေး အသိပညာ၊ အတတ် ပညာသိပ်မရှိသောလူငယ်များ ကျေနပ်သွားနိုင်သည်။သို့သော် လူကြီးများ သည်ဘယ်နေရာမှအားမကိုးရပေ။သူတို့အခွင့်အရေး ရဖို့လောက်ဘဲ မျှော်ကိုးနေရာ အခြေအနေအလွန်ဆိုးဝါးခဲ့သည်။ထိုအချိန်တွင် ပြည်သူလူထု

သည် ငွေစက္ကူများဖျက်သိမ်းကြောင်းကြေငြာခဲ့သောကြောင့် ဘဝ အခြေအနေကင်းမဲ့ခဲ့ပြီးဖြစ်လေရာရှစ်လေးလုံးအရေးအခင်းကြီးသည် နိုင်ငံတစ်နိုင်ငံလုံးပြန့်နှံ့ပြီး အခြေမခိုင်သော(မ-ဆ-လ) အစိုးရသည် တပ်မတော်ကို အာဏာအပ်ပြီးဆင်းပေးခဲ့ရသည်။ တော်လှန်ရေးကောင်စီ ၏လုံခြုံရေးနှင့် စီမံခန့်ခွဲရေးကောင်စီ(SAC) ကိုစတင်ဖွဲ့စည်းကာစအချိန်တွင် အခြေခံဥပဒေနှင့်အညီ ပြည်သူလူထုကရွေးကောက် တင်မြှောက်ထားသော အစိုးရအဖွဲ့သည် အဖမ်းဆီးခံအခြေအနေတွင်ရှိသော် လည်း ဖျက်သိမ်းလိုက် သည့် အနေအထားတော့မရှိသေး။ပြည်သူလူထု အနေဖြင့်တော်လှန်ရေး ကောင်စီ ၏ လုပ်ရပ်သည်တရား မျှတမှုမရှိကြောင်းဆန့်ကျင်ပြီး ဆန္ဒထုတ် ဖော်ပါက လူထုနှင့်ဆွေးနွေးပြီးသင့်တော် သည့်လမ်းစဉ်ရွေးပေးရမည်ဟု (SAC) သင်တန်း တစ်ခုတွင် အာဏာသိမ်းစစ်ခေါင်းဆောင်တစ်ဦးဖြစ်သော ကာနယ်ကျော်စိုးက ပြောပြခဲ့သေးသည်။သူသည် နိုင်ငံခြားရေးဝန်ကြီး တာဝန်ကို ယူထားရသူဖြစ်သည်။နောင်တွင်အရပ်ဝတ်လဲပြီး ၁၉၇၂ မှစပြီး နိုင်ငံခြားရေးဝန်ကြီးအဖြစ်တာဝန်ယူခဲ့သူဖြစ်သည်။

၁၉၆၅ ခုနှစ်တွင်ကာနယ်တစ်ဦးက ဤသို့ပြောခဲ့သည်(the SACS) သည် အလုပ်သမားများ၏လူနေမှုဘဝများကို မြှင့်တင်ပေးရန်နှင့် စက်ရုံ၊ အလုပ်ရုံများ။စက်ရုံကြီးများနှင့် အလုပ်သမားများ၏ စွမ်းအားပြည့် လုပ်ဆောင်မှုများကို ဟန်ချက်ညီအောင် လုပ်ဆောင်သွားမည် ဟုဆိုသည်။ သို့သော် နောက်ပိုင်း ၁၉၇၁တွင် မ-ဆ-လ ပါတီကိုသာမဖြစ်မနေ ထူထောင်ကြသည်။အခြေခံဥပဒေဖြင့်ပြည်သူလူထုက တရားဝင်ရွေးကောက်တင်မြှောက်ထားသူများကို အုပ်ချုပ်ခွင့်မပေးတော့ဘဲမိမိတို့ကသာ ဆက်လက်အုပ်ချုပ်သွားတော့မည်ဟု ပြောဆိုလာခဲ့သည်။

## ရည်ညွှန်း

Guardian (daily),October 22,1971;in 1965,Colonel Tinll said that the purpose of the SACs was to protect the the interests of the working people;to improve the lot of the workers and peasants in the shortest time;to productive foeces,equipment, machinery, workers,and

မြန်မာ စာအုပ်များ



peasants;and to bring harmony and unity under the Burma Socialist Program Party.See Guardian(daily)Augusr 17,1965.

၁၉၆၂ ခုနှစ်တွင်တပ်မတော်မှ အာဏာသိမ်းပြီးနောက်ဦးဘိုကြီး (U Bo Gyi)ကိုဖယ်ရှားပြီး ဗိုလ်ချုပ်နေဝင်းအပေါ် နားလည်မှုအရှိဆုံး နာခံမှုအရှိဆုံးအရာသားထဲမှ ပေါင်းသင်းလို့အကောင်းဆုံးဖြစ်သော ဒေါက်တာမောင်မောင်ကို နေရာပေးခဲ့သည်။ မ-ဆ-လ ပါတီ၏ဥပဒေ တာဝန်ခံအဖြစ်ရာထူးမှပြုတ်ကျချိန်အထိတာဝန်ထမ်းဆောင်ခဲ့သည်။ဒေါက်တာမောင်မောင်သည်လည်း ပြည်သူလူထုအတွက် တာဝန်ကျေခဲ့ သူတော့မဟုတ်ပေ။ ဗ

တော်လှန်ရေးကောင်စီသည် အထူးရာဇဝတ်တရားရုံးများ(Soecial Crimes Courts)တည်ထောင်ပြီးခိုးဆိုးတိုက်ခိုက်လုယက်မှုများကို အရေးယူခဲ့သည်။ အထူးရာဇဝတ်တရားရုံးများသည် ထောင်ဒဏ် အပြစ်ဒဏ် အမျိုးမျိုးပေးနိုင်သည့်အပြင် တိုင်းပြည်မှ နှင်ထုတ်ခြင်းနှင့်သေဒဏ်အပြစ်ပေးခြင်းများအထိဆောင်ရွက်နိုင်သောအခွင့်အာဏာများ ရှိကြပေသည်။ ထိုတရားရုံးများမှချမှတ်ထားသော အမိန့်များအတွက် (the Chief Court )တွင် အယူခံဝင်နိုင်ခွင့်ပေးထားသည်။

## ရည်ညွှန်း

For acritique of the Supreme and High Courts under the 1947 constitution,see Giverment of Burma,Burma Socialist Program Party,Address Deliverd by Genaral Ne Win,Chairman of the Burma Socialist Program Party at the Opening of the Fourt Party Seminar on 6th Nove,1969 (Rangoon:Burma Socialist Program Party,Central Press,1969)P.P 14ff.

* Guardian(daily)March 31,1962.The amalgamation of the two courts created some technical problems.Formerly one could appeal aHigh Court ruling in the Supreme Court.With the creation of the new Chief Court,the court's decisions were appealable to itself,if the decisions were made by one or two of the judes sitting asthe court.See "Union Judiciary Act Amending law,1962"in forword ,no.9(December 7,1962)22.

မြန်မာ စာအုပ်များ



* Guardian(daily)July 11,1962

* Goverment of Burma,Director of Information,Burma; Administrative and Social Affairs (1962-1963)(Ramgoon Director of Information,1965)P.37

မည်သို့ဆိုစေကာမူတော်လှန်ရေးကောင်စီအုပ်ချုပ်ရေးကာလ အတွင်းတရားရုံးများသည် လွန်စွာကြမ်းတမ်းခဲ့သည်။ (၁၉၄၈-၁၉၆၂) အရပ်သား အစိုးရလက်ထက်တရားရုံးများနှင့်ဘယ်လိုမှမယှဉ်သာပေ။ လူ့အခွင့်အရေး လူ့တန်ဖိုးကိုချိုးနှိမ်ရက်စက် ရာရောက်သည်။ဗြိတိသျှ ကိုလိုနီခေတ်တရားရုံးများ၏တရားစီရင်ရေးစံချိန်စံညွှန်းပင် မမှီအောင်နိမ့်ကျ သော တရားစီရင်ရေးသည် စစ်ခုံရုံးသာသာမျှသာရှိသည် ဟုနိုင်ငံတကာ မှသုံးသပ်ကြသည်။

ထိုကာလသည် ဗီယက်နမ်စစ်ပွဲအတွင်းလူ့အခွင့်အရေး ချိုးဖေါက် သောကာလ ဖြစ်လေရာ မြန်မာနိုင်ငံအတွင်းမှ မတရားမှုများသည် ပြည်တွင်း ရေးသက်သာမျှသာဖြစ်သောကြောင့် နိုင်ငံတကာမှ ဝင်ရောက်ဝေဖန် နှောင့်ယှက်မှုမရှိပေ။ သို့သော် ၁၉၇၀ တွင်ဗီယက်နမ်စစ်ပွဲပြီးဆုံးသွားပြီဖြစ်ရာ ဗီယက်နမ်စစ်ပွဲနှင့်အရှေ့တောင်အာရှဒေသ ပဋိပက္ခကို အခွင့်ကောင်းယူပြီး မြန်မာနိုင်ငံအတွင်း ဥပဒေနှင့်မညီသောအာဏာသိမ်းမှုများ နိုင်ငံတကာ စံချိန်၊စံညွှန်းနှင့်မညီသော နိုင်ငံခြားသားပိုင်၊ကပြားပိုင်နှင့် နိုင်ငံသားခံယူ ထားသော အိန္ဒိယကပြားများပိုင်သောပစ္စည်းအားလုံးမတရားသိမ်းယူခြင်းများ ကျူးလွန်ခြင်း၊ပြည်သူလူထုကို စစ်အုပ်ချုပ်ရေးဖြင့် ရက်စက်စွာ ဖိနှိပ် ချုပ်ချယ်ခြင်းများကို၊ အနောက်တိုင်း ဒီမိုကရေစီနိုင်ငံများအပါအဝင် ကုလသမဂ္ဂနှင့်နိုင်ငံတကာ မှအာရုံစိုက် လာပြီဖြစ်သော ကြောင့် ၁၉၇၂ ခုနှစ်တွင် ဦးနေဝင်းသည်တပ်မတော်မှ ဟန်ဆောင် အငြိမ်းစားယူပြီးအ ရပ်ဝတ်လဲခဲ့သည်။ထိုအချိန်တွင် သူသည်အသက် ၆၁ နှစ်ကျော်ပြီဖြစ်ရာ အခြားသောဝန်ထမ်းများနည်းတူအငြိမ်းစားယူခဲ့သည်။သို့သော် ၁၉၈၈ အထိတပ်မတော်ကို တရားဝင်အုပ်ချုပ်ခဲ့သည်။

၁၉၇၂ ခုနှစ်မတ်လ ၁၆ရက်နေ့တွင် တရားရုံးအသစ်များ တည်ထောင်ခဲ့သည်။

## Union-State Relations.

တော်လှန်ရေးကောင်စီမှ အာဏာသိမ်းပြီးနောက်ဗိုလ်ချုပ်အောင်ကြီးက မိန့်ခွန်းပြောကြားရာတွင်မိမိတို့သည် နိုင်ငံတော် အာဏာကိုရေရှည်ရယူသွားရန်အာဏာသိမ်းခြင်းမဟုတ်။ပြည်ထောင်စုပါတီ ဦးနုသည်ရွေးကောက်ပွဲတွင်အနိုင်ရဖို့ တစ်ခုတည်းကိုသာကြည့်ပြီး တိုင်းရင်းသားများကိုဖက်ဒရယ်မှုပေးမယ်ဟု ဂတိပြုခဲ့သည်။ဖက်ဒရယ်မှုပေးလိုက်ပါကပြည် ထောင်စုကြီးပြိုကွဲသွားနိုင်သည်။ထိုအဖြစ်ဆိုးကို တားဆီးရန်အတွက်ယာယီအာဏာသိမ်းခြင်းမျှသာဖြစ်သည်။အာဏာသိမ်းပြီး နောက်အခြေခံဥပဒေမှ ပြင်ဆင်သင့်သည်များကို အမျှားသဘောတူပြင်ဆင်ရပါမည်။ ပြီးနောက် စိတ်ချရသောအခြေအနေတွင် ကျွန်တော်တို့မှုလတာဝန်ဝတ္တရားများဆက်လက်ထမ်းဆောင်မည်ဟု မယုတ်မလွန်ပြောခဲ့ဖူးသည်။

ထိုအချိန်က တပ်မတော်မှအာဏာသိမ်းခြင်းကိုအမြင် ကျဉ်းသောပြည်သူလူထုသည် မိမိတို့နှင့်ဘာမျှမဆိုင်ဟုနေခဲ့ကြသည်။ရန်ကုန်တက္ကသိုလ်ကျောင်းသားများက မကျူးလွန်သင့်သောအမှားကိုရပ်တန်းက ရပ်ရန်တောင်းဆိုကြသည်။ ထိုအခါ ဗိုလ်ချုပ်နေဝင်းသည် ကျောင်းသားများနိုင်ငံရေးလှုပ်ရှားမှုတွင်ပါဝင်ပတ်သက်ခွင့်မရှိ။ကျောင်းစာသင်ယူခြင်းကိုသာပြုလုပ်ရမည်ဟုဝိတ်ပင်သည်။ကျောင်းသားများက ဦးနေဝင်းပြဌာန်းသောတက္ကသိုလ်ဥပဒေသစ်ကို အာဏာဖီဆန်ပြီးဆန္ဒပြကြသည်။ ထိုအခါကျောင်းသားများအပေါ် နားလည်မှုမရှိသောဦးနေဝင်းသည် ကျောင်းသားများကိုပစ်ခတ်သတ်ဖြတ်ပြီး နှိမ်နင်းလိုက်သည်။ ဦးနေဝင်းကို အာခံသောကျောင်းသားအတော်များများ အသတ်ခံရသည်။မည်မျှသတ်ခဲ့သည်ကိုမှတ်တမ်းမရှိသောကြောင့် အတိအကျမသိနိုင်ပေ။

ထို့နောက် ကျောင်းသားသမဂ္ဂအဆောက်အဦး(The Univesity Student Union building )ကိုဖေါက်ခွဲ ဖျက်ဆီးလိုက်သည်။ ထိုဖေါက်ခွဲဖျက်ဆီးမှုကို ဗိုလ်အောင်ကြီးကျူးလွန်ခဲ့သည် ဟု၁၉၈၈ ခုဦးနေဝင်းရာထူးမှနုတ်ထွက်သောနေ့တွင် စာရွက်စာတမ်းအထောက်အထားများနှင့် နိုင်ငံ

တော်ကိုတင်ပြခဲ့သည်။သို့သော် ပေါင်းတည်အောင်ကြီးခေါ်ဗိုလ်အောင်ကြီးက ကျောင်းသား သမဂ္ဂကို ဖြိုခွင်းမှုကိုသူအနေဖြင့်တိုက်ရိုက် ကျူးလွန်ခြင်းမရှိကြောင်း ငြင်းဆိုခဲ့သည်။

အာဏာသိမ်းခေါင်းဆောင်များ၏ အမိန့်ဖြင့် ဦးနုအပါအဝင် အစိုးရဝန်ကြီးအဖွဲ့ဝင် အားလုံးကိုဖမ်းဆီးချုပ်နှောင်ပြီး ဖက်ဒရယ်မူအတွက် ဝန်ကြီးချုပ်ဦးနုနှင့် ဆွေးနွေးဖို့ရောက်လာခဲ့သော တိုင်းရင်းသားကိုယ်စားလှယ် ခေါင်းဆောင်အားလုံးကို ဖမ်းဆီးပြီးသောအခါ တိုင်းနှင့်ပြည်နယ်အားလုံးကို စစ်အုပ်ချုပ်ရေးဖြင့် တင်းကျပ်စွာအုပ်ချုပ်ထားလိုက်သည်။

ပြည်သူလူထု၏ မဲဖြင့်ရွေးချယ်ထားသော ပြည်သူ့ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းသည့် ပြည်နယ်ကောင်စီအားလုံးကို ဖျက်သိမ်းလိုက်သည်။ ပြီးနောက်တော်လှန်ရေးကောင်စီမှဖွဲ့စည်းပေးလိုက်သော (State Supreme) ကောင်စီများဖြင့် အုပ်ချုပ်စေသည်။ ကောင်စီတွင် စစ်ဖက်ခေါင်းဆောင်များသာမက ဒေသခံအရပ်သားများလည်းပါဝင်စေသည်။ ဥပမာ-ကရင်ပြည်နယ်အတွက် ဒေါက်တာစောလှထွန်း ကိုတာဝန်ပေးသည်။

## ရည်ညွှန်း

*U HLA AUNG ."The Common Law in Burma",Guadian (Daily)April 10,1962.Am one thosc arested on the night of the Coup was Sao Shwe Taik, the first pesident of the Union of Burma.In the couse of his arrest,his son resisted and was killed,the only known casuality of the coup.

## စစ်အုပ်ချုပ်ရေး အောက်မှလွတ်လပ်ခွင့်

## Liberty under the Military

အာဏာသိမ်းစစ်ခေါင်းဆောင်များသည် ဗုဒ္ဓဘာသာဝင်များဖြစ်သောကြောင့် ဗုဒ္ဓဘာသာကိုအထူးအခွင့်အရေး များပေးသည်။အခြားသောဘာသာဝင်များကိုလည်းလွတ်လပ်ခွင့်ပေးထားသည်။သို့သော် ဗုဒ္ဓဘာသာရေး

မြန်မာ စာအုပ်များ





ပွဲတော်ရက်များ ကိုမူယခင်အခါများကဲ့သို့ ဘုရားလူကြီးများကြိုက်နှစ်သက်သလောက် ကျင်းပခွင့်ပေးခြင်းတော့မရှိ။ငြိမ်ဝပ်ပိပြားမှု ထိခိုက်ခြင်းမရှိပါက အကန့်အသတ်ဖြင့်ခွင့်ပြုထားသော်လည်း ဘုရားပွဲတော်များအတွင်း မူးယစ်သောက်စား၊ လောင်းကစားမှုများမှုရိုက်ပွဲ၊သတ်ပွဲများဖြစ်လာပါက ဘုရားပွဲများကိုချက်ချင်း ရပ်ပစ်ရသည်။

နောက်ပြီးကျွဲ၊နွားများမသတ်ရန် အတွက်ဘုန်းတော်ကြီးများ၏မေတ္တာရပ်ခံမှုသည် ဘာသာရေးအယူသည်းမှုမျှသာ ဖြစ်သည်။နိုင်ငံတော်အတွင်းစားနပ်ရိက္ခာဖူလုံရေးအတွက် ကျွဲနွား မွေးမြူရေးကို အထူးအားပေးသည်။များများ မွေးပြီးများများသတ်စားရန် အမဲသတ်လိုင်စင်များစွာထုတ်ပေးခဲ့သည်။

ဗုဒ္ဓဘာသာဝင်များအတွက် ဗုဒ္ဓဂါယာသို့သွားခြင်းဖြစ် သည်။နိုင်ငံခြားငွေဖြုန်းတီးခြင်း ဖြစ်သည်ဟုဆို ပြီးပိတ်ပင်ခဲ့သည်။အစ္စလာမ်ဘာသာဝင်များဟာ့(ရ်)ဘုရားဖူးသွားခြင်းကိုလည်း ယာယီအနေဖြင့်ကန့်သတ်ပိတ်ပင်တားဆီးလိုက်သည်။ဟိန္ဒူဘာသာဝင်များလည်း အိန္ဒိယသို့ဘုရားဖူးသွားခွင့်မရှိတော့ပေ။

မြန်မာ စာအုပ်များ



# ရည်ညွှန်း

The budget process under the 1947 constitution was not systematic.Each state drew up its own and adjusted its expenditues according to the lump sum allotted to it.State budgts were appended to the budget of the Union of Burma and together they were considered the national budget.

*Nation,March 23,1962,The ruling affcted Muslims and Hindus more than Buddhists and Chistians.

အာဏာသိမ်း စစ်ခေါင်းဆောင်များသည် ဗုဒ္ဓဘာသာအစွန်းရောက် အမျိုးသားရေးဝါဒီများနှင့် ဆိုရှယ်လစ်များ ဖြစ်လေရာအာဏာသိမ်းပြီးစ ကာလတွင် ဟိန္ဒူခရစ်ယာန်နှင့်မွတ်ဆလင် ဘာသာများကိုဖိနှိပ်ခဲ့သော်လည်း မကြာမီဗုဒ္ဓ ဘာသာဘုန်းတော်ကြီးများကိုလည်းဖိနှိပ်ခဲ့လေသည်။

၁၉၆၂ခုနှစ်ကုန်ပိုင်းတွင် အားလုံးငြိမ်ဝပ်ပိပြားနေပြီး ဖြစ်လေရာ အာခံဝံ့သော ဘုန်းတော်ကြီးများရှိကြောင်း ရိပ်မိ သောကြောင့်ဘုန်းတော်ကြီး များမှတ်ပုံတင်လုပ်ရမည်။တရားဝင်မှတ်ပုံတင်ထားခြင်းမရှိပါက ဘုန်းတော်ကြီးလုပ်ခွင့်မရှိ ဟုအမိန့်ထုတ်လိုက်သည်။

ထိုအခါ ခေတ်အဆက်ဆက်နယ်ချဲ့ ဗြိတိသျှခေတ်တောင်မှ မကြားဘူးတဲ့ အမိန့်ဆိုတော့ သံဃာထုညီညာစွာဖြင့်စစ် အစိုးရ၏အမိန့်ကို အာဏာဖီဆန် ကြလေတော့သည်။အခြေအနေမှာ တင်းမာသော်လည်း ပြည်သူ့ပိုင်သိမ်းရမည့် လုပ်ငန်းများစွာရှိနေသောကြောင့် အချိန်ဆွဲထားလိုက်သည်။

နိုင်ငံပိုင်သိမ်းကိစ္စများပြီးသည်နှင့် ၁၉၆၅ခုနှစ်တွင် စစ်အစိုးရနှင့် လိုက်လျောညီထွေနေကြသော သံဃာထုကို အခြေခံပြီးတစ်နိုင်ငံလုံးဆိုင်ရာ သံဃာ့အဖွဲ့အစည်းကိုအောင်မြင်စွာ တည်ထောင်လိုက်သည်။ ထို့နောက် သံဃာမှတ်ပုံတင်ခြင်းမပြုဘဲ၊ အာဏာဖီဆန်သော သံဃာတော်ကိုး ဆယ့်နှစ်ပါးကို ဖမ်းဆီးကာ လူ့ဝတ်လဲပြီးထောင်ချလိုက်သည်။ ထိုကဲ့သို့ သံဃာတော်များကို ကြမ်းကြမ်း တမ်းတမ်း ဖမ်းဆီးထောင်ချခြင်းကြောင့် ပြည်သူလူထုကသူ့အား မုန်းတီးကြကြောင်း သိသောကြောင့်

အလုပ်သမားနေ့ လူထုဟောပြောပွဲတွင် သူသည် ဗုဒ္ဓဘာသာဝင်ကောင်း တစ်ယောက်ဖြစ်သည်ဟု ပြောဆိုခဲ့သည်။ နောင်အခါ အခွင့်သင့်ပါက ဉက္ကဋ္ဌကြီးဦးဝင်း၏ မိန့်ခွန်းများကိုဖော်ပြပါမည်။ စာရေးသူရေး သားထားသော အထောက် အထားရည်ညွှန်းများနှင့် တကွဖော်ပြခြင်းဖြစ်ပါသည်။ဘုန်းကြီး ဆိုတာအတုနဲ့ အစစ်ရှိတယ် ဆိုတာပြည်သူတို့သိစေချင်ပါတယ်။ကျုပ်တို့ ဗုဒ္ဓဘာသာတွေက ရဟန်းသံဃာတွေကိုကြည်ညိုကြတဲ့အတွက် ရဟန်းတု၊ ရဟန်းအယောင်ဆောင်တွေပေါ်များပါတယ် ဟုရှင်းပြသည်။မိမိသည် ရဟန်း အတုများကိုသာအရေးယူခြင်းဖြစ်သည် ဟုဦးနေဝင်းကဆိုသည်။

## ရည်ညွှန်း

*Forward 3,no.12 February 1,(1965)14
*Guadian (Daily)Apil 5,1962
*New York Time,August 10,1963.

တော်လှန်ရေးကောင်စီသည် အခြေခံဥပဒေကိုဆန့်ကျင်၍ အာဏာသိမ်းပြီးနောက် အစိုးရဝန်ကြီးများကိုဖမ်းဆီးထောင်ချသည်။ တိုင်းရင်းသား ခေါင်းဆောင်များကို ဖမ်းဆီးထောင်ချလိုက်သည်။ အာဏာဖီဆန်သောရန်ကုန် တက္ကသိုလ်မှကျောင်းသားများကို ပစ်သတ်ဖြိုခွဲခဲ့ သည်။ကျောင်းသားသမဂ္ဂ အဆောက်အဦးကြီးကိုပါ မြေလှန်ဖေါက်ခွဲပြီး တက္ကသိုလ်ကျောင်းကို အချိန် အကန့်အသတ်မရှိပိတ်လိုက်သည်။

အလောင်းမင်းတရားလက်ထက် စဥ့်ကူးမင်းလက်ထက်၊ မင်းတုန်း မင်းလက်ထက်၊သီပေါမင်းလက်ထက် မှစပြီးကိုလိုနီခေတ် ဖ-ဆ-ပ-လ ခေတ်အားလုံးတွင် အစ္စလာမ် ဘာသာဝင်များကို မိမိတို့စရိတ်နိုင်ငံတော်မှ ချီးမြှင့်သောငွေများဖြင့် မက္ကာသို့(ဟာ့ဂျ်)(Hajj)ဘုရားဖူးသွားခွင့်ပြုခဲ့သည်။ အာဏာ သိမ်းစစ်ခေါင်းဆောင်တို့က ပိတ်ထားလိုက်သည်။ဟိန္ဒူများနှင့် ဗုဒ္ဓဘာသာဝင် များကိုလည်း ဘုရားဖူးခွင့်ပိတ်လိုက်သည်။

ဘုန်းတော်ကြီးများ မှတ်ပုံတင်ရသည်။ အာဏာကို ဖီဆန်သော

ဘုန်းတော်ကြီးကိုးဆယ့်နှစ်ပါး လူဝတ်လဲပြီးထောင်ချ သည်။အားလုံးအပေါ် အနိုင်ကျင့် မိုလ်ကျခဲ့သော အာဏာသိမ်းစစ်အုပ်စုသည် နောက်ပိုင်းတွင် အချင်းချင်းပြန်တိုက်ခိုက်လာသည်။သို့သော် ဥက္ကဋ္ဌကြီးကအောလုံး ထက်မိုက် သည်။ ပထမဦးအောင်ကြီးကို ထုတ်လိုက်သည်။ ထို့နောက် ကာနယ် ကြည်မောင်ကိုထုတ်သည်။မိုလ်တင်ဖေတို့ ယောက်ဖကို ထုတ်သည်။ (မိုလ်တင်ဖေနှင့် သူ့ယောက်ဖမှာကာနယ်သန်းယု ဆိုင်ဖြစ်သည်။) ကာနယ် စောမြင့်ကို ဖမ်းဆီးပြီးထောင်ဒဏ်တစ်သက် အမိန့်ချလိုက် သည်။ ကာနယ် ချစ်မြိုင်ကို တပ်မှထုတ်ပြီးထောင်ချလိုက်သည်။ နောက်မှ ပြန်လွှတ်သည်။ ကာနယ်မောင်သန်းရွှေကိုလည်း ဖမ်းဆီးခဲ့သည်။

ဤသို့ဖြင့် မိုလ်ချုပ်နေဝင်းသည်အားလုံးအပေါ်ကြမ်းကြမ်း တမ်းတမ်း၊ရမ်းရမ်းကားကား၊ဆက်ဆံခဲ့သည်။ ထို့ကြောင့် မိုလ်မှူး အုန်းကျော်မြင့်တို့လုပ်ကြံရန် ကြံစည်သောအချိန်ကာလအထိ မည်သူမျှ ရင်ဆိုင်ဝံ့ခြင်းမရှိတော့ပေ။ ၁၉၆၂ အထိ လွတ်လပ်စွာ ရေးသားခွင့် ထုတ်ဝေခွင့်ရှိခဲ့သည်။သို့သော် ၁၉၆၂ ပုံနှိပ်ဥပဒေထုတ်ပြီး စာပေလောက သားများကို သံဃာစည်းမျဉ်း စည်းကမ်းများဖြင့် ချည်နှောင်တော့သည်။ စာပေထုတ်ဝေသူအားလုံးလာပြီး မှတ်ပုံတင်ရသည်။စာပေလော ကသားတို့ သည် သေနတ်မကိုင်သော်လည်း ထက်မြက်သော ကလောင်သွားကိုင် ထားသောကြောင့် လက်စွမ်းပြကြလေရာ အတော်များများဖမ်းဆီး ချုပ်နှောင်ခံကြရသည်။ နေ့ရှင်း သတင်းစာ (Nation) အယ်ဒီတာ အဖမ်းခံ ရသည်။ ပြည်တွင်း ငြိမ်းချမ်းရေး ထိပါးသည်။နိုင်ငံတော်ကို မငြိမ်သက် ဖြစ်အောင်လုပ်သည် ဟုဆိုပြီး သတင်းစာဆရာ၊ စာရေးဆရာ၊ ဂျာနယ်လစ် အတော်များများ၊အဖမ်းခံရသည်။ထိုအချိန်က (Nation) သတင်းစာသည် မြန်မာသတင်းများကို ကမ္ဘာသို့ ဖြန့်ဝေပေးခဲ့သည်။နေ့ရှင်းသတင်းစာကို ထုတ်ဝေခွင့် လုံးဝ မပေးတော့ဘဲ စာပေစိစစ်ရေး အဖွဲ့က ကြမ်းကြမ်း တမ်းတမ်းစစ်ဆေးတည်းဖြတ်ထားသော သတင်းများဖော်ပြသောနိုင်ငံပိုင် သတင်းစာကို အင်္ဂလိပ်မြန်မာ နှစ်ဘာသာဖြင့် စတင်ထုတ်ဝေခဲ့သည်။

၁၉၆၄ မှစပြီး ၁၉၆၉ အတွင်းပြင်ပစာအုပ်တိုက်လေးများမှ

၁၉၆၄ မှစပြီး ၁၉၆၉ အတွင်းပြင်ပစာအုပ်တိုက်လေးများမှ ထုတ်ဝေသောစာအုပ်၊စာစောင်များအားလုံးကို ကြမ်းကြမ်း တမ်းတမ်း စစ်ဆေးပြီးမှ ထုတ်ဝေခွင့်ပြုလေတော့သည်။

## ရည်ညွှန်း

*Forward,3,no 12(Feburary 1,1965)3,no 19(May 15,1965)
*Guara(Daily April 5,1962)
*New York Times,August 10,1963.

စစ်အစိုးရသည် သတင်းစာများကို ထုတ်ဝေခွင့်မပေးတော့ပေ။ ပုဂ္ဂလိကပိုင်အားလုံးကို နိုင်ငံပိုင်သိမ်းသည်။ နိုင်ငံခြားပိုင် ဂျာနယ်တိုက်၊ သတင်းစာတိုက်များနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်းကြီးများအားလုံးကို သိမ်းယူ လိုက်သည်။ နိုင်ငံခြားသားများပိုင်ဆိုင်သော စာကြည့်တိုက်များ၊ စာဖတ်ခန်း များအားလုံးကို နိုင်ငံပိုင်သိမ်းသည်။ရေဒီယိုအသံလွှင့်လုပ်ငန်းကို နိုင်ငံပိုင်သိမ်း သည်။ပုဂ္ဂလိကရေဒီယို ထုတ်လွှင့်ခွင့်လုံးဝ မပြုတော့ပေ။ စက္ကူနှင့်စာရေးကိရိယာ ရောင်းဝယ်သောဆိုင်များ၊ဂိုဒေါင် များ၊ကုန်တိုက်များ အားလုံးကို နိုင်ငံပိုင်သိမ်းသည်။ ရုပ်ရှင်ရိုက်သောဖလင်များ ထုတ်လုပ်ခြင်း၊ ဖြန့်ဖြူး ရောင်းချခြင်း လုပ်ငန်းကို နိုင်ငံပိုင်သိမ်းသည်။စာရေးစက္ကူထုတ် လုပ်သောလုပ်ငန်းကို နိုင်ငံပိုင်သိမ်းသည်။ ပုဂ္ဂလိက စက္ကူစက်များအားလုံးကို နိုင်ငံပိုင် သိမ်းလိုက်သည်။

မီဒီယာ(Media)ကိုလုံးဝချုပ်ကိုင်ထားပြီးနောက်ပြင်ပကမ္ဘာသို့ သတင်း အဆက်အသွယ်အားလုံးကို ဖြတ်တောက်ပြီးအ မှောင်ချထားလိုက် သည်။ နိုင်ငံတကာမှလွှင့်သော သတင်းမှန်သမျှကိုကြားသိလိုသော် လှိုင်းတို ရေဒီယိုလေးများကို အသုံးပြုရသည်။(၁၉၈၈)ခုနှစ်တွင် ဦးနေဝင်း၏ (မ-ဆ-လ)ပါတီတစ်ခုလုံးဘုံးဘုံးလဲကျပြီး တပ်မတော်ကို အာဏာလွှဲ ပေးရချိန်အထိ ကျွန်တော်တို့သည် သတင်းအမှန်ကိုသိလိုသော် ညအမှောင် ထုထဲတွင်လှိုင်းတို ရေဒီယိုလေးများကို ဖွင့်ပြီးနားထောင်ခဲ့ရသည်။ ကျွန်တော်တို့ မော်လမြိုင်မြို့သည် တတိယမြို့တော်ကြီးဖြစ်သောကြောင့်

ညဖက်ဆို မီးအလင်းရောင်မရဘဲမှောင်မဲနေသည်။လမ်းထိပ်မှ ဓါတ်တိုင်တွင် လျှပ်စစ်မီးရှိ သော်လည်း ဝါကျင့်ကျင့်အလင်းရောင်သည် ကျွန်တော်တို့အိမ်မှ ရေနံဆီး မီးခွက်၏အလင်း ရောင်ကို မမှီပေ။ဆိုရှယ်လစ်စနစ်၏အသီးအပွင့် များကို ရန်ကုန်သားတွေမသိလိုက်ပေမယ့် ကျွန်တော်တို့လိုနယ်မြို့သားတွေ ကျောထဲ စိမ့်နေအောင် ကြောက်စိတ်တဖွားဖွားနဲ့ခံစားမိပါတယ်။

နံနက်မိုးလင်းရင်ဆန်သုံးပြည်အတွက် တစ်နေကုန်တန်းစီ ရပ်ကွက် ကောင်စီ အစည်း အဝေးတက်မှရှေ့ဝါဆပ်ပြာလေးတစ်ပိုင်း ရမယ်ဆိုလို့ သူတို့ပြောသမျှ ဘာမှန်းမသိတာတွေ လေးနာရီလောက် ဒုက္ခခံပြီးနားထောင်မှ ရွှေဝါဆပ်ပြာ လေးတစ်ပိုင်းရသည်။သွားတိုက်ဆေး တို့ဆပ်ပြာမွှေးတို့ မမြင်ဘူးပါ။မှောင်ခိုဈေးသွားရင်တော့ဆပ်ပြာမွှေး ကစပြီး ရပ်မြင်သံကြားစက်ထိဝယ်လို့ရပါတယ်။ ကျွန်တော်တို့က ဆင်းရဲတော့ မဝယ်နိုင်ဘူး။ အောက်ဆိုဒ်မရှိတဲ့ ဝန်ထမ်းသားသမီးတွေရဲ့ဘဝဟာ ကြောက်မတ်ဖွယ်ရာပါ။

၁၉၆၂ အာဏာသိမ်းစကာလမှာ လီနင်ပုံစံနဲ့ခြေလှမ်းစပါတယ်။ ဘာတစ်ခုမှကြမ်းကြမ်းတမ်းတမ်းမကိုင်သေးဘူး။အာဏာရပါတီမှအစိုးရ အဖွဲ့ဝင်တွေကိုသာ ဖမ်းဆီးထားတာပါ။အတိုက်အခံ ဦးကျော်ငြိမ်းတို့ဦးဘဆွေ တို့ကို လွှတ်ထားတယ်။ လွတ်လပ်စွာ သွားလာခွင့်ပေးထားတယ်။ သူတို့နဲ့ ဆွေးနွေးနေကြတယ်လို့လည်းကြားနေရပါတယ်။

ဒုတိယနှစ်ရောက်တော့ စတာလင်ပုံစံပြောင်းပြီးကြမ်းကြမ်း တမ်းတမ်းကိုင်တွယ်ပါ တော့တယ်။အတိုက်အခံ ခေါင်းဆောင်တွေအားလုံး ဖမ်းဆီးထောင်ချပစ်လိုက်တယ်။ ၁၉၆၃ ဩဂုတ်လတွင် အာဏာရပါတီမှ လက်ကျန်များအားလုံးဖမ်း။အတိုက်အခံ(ဖ-ဆ-ပ)အားလုံးဖမ်း။ တိုင်းရင်းသား ခေါင်းဆောင်တွေ၊လက်နက်ချအလင်းဝင်လာတဲ့ အဖွဲ့တွေအကုန်ဖမ်း စက်တင်ဘာလ ရောက်တော့မှန်တိုင်းတွေငြိမ်သွားပြီလို့အားလုံးက တွက်ပြီး လွတ်ခဲ့တဲ့သူတွေစိတ်အေးနိုင်တော့တယ်။

မကြာပါ ထွက်ပြေးနိုင်တဲ့လမ်းကြောင်းတွေကို အားလုံးစိတ်ချရ အောင် ပိတ်ဆို့ပြီးတာနဲ့ပြည်ထောင်စုပါတီမှ လက်ကျန် နိုင်ငံရေးသမား

မြန်မာ စာအုပ်များ



ကြီးကြီး သေးသေးအကုန်ဖမ်း။ အဝိုက်အခံဖ-ဆ-ပ-လအဖွဲ့က သိပ်အရေးမပါတဲ့ဒုတိယတန်းစားခေါင်းဆောင်တွေလည်း အကုန်ဖမ်း၊ လက်ဝဲယောင်ယောင်၊လက်ယာယောင်ယောင်၊ကွန်မြူနစ်ယောင်ယောင် အစရှိတဲ့ယောင်ခြောက်ဆယ်တွေလည်း အကုန်ဖမ်း။ဖမ်းပြီးရိုက်စစ်၊အရေးမပါတဲ့ကောင်တွေ၊အဆိပ်လုံးဝမရှိတဲ့ရေမြွေတွေ၊ အမှိုက်တွေဆိုပြန်လွှတ်၊အစဥ်အလာရှိခဲ့ဘူးတဲ့ကောင်တွေဆက်ဖမ်း ထောင်ချ။အဲဒီလိုအပြတ်ရှင်းလိုက်တယ်၊၁၉၆၄ ခုနှစ်မတ်လ(၂၈)ရက်မှာ မြေပေါ်မှကျန်ခဲ့တာ မ-ဆ-လ (Burma Socialist Program Party )ပါတီတစ်ဦးပြိုင်ပွဲဝင်လို့ ရတဲ့အနေအထားရောက်သွားပါပြီ၊အပြေးလမ်းကတော့ ရှင်းနေတယ်။အားစိုက်ပြီးပြေးလိုပြေး၊ဆင်မယဥ်သာဟန်လေးနဲ့ပြီးလှမ်းချင်လှမ်း။ပြည်သူလူထုကို လူနေမှုအဆင့်အတန်းမြင့်မားပြီး ကြွယ်ဝချမ်းသာသော ဆိုရှယ်လစ်နိုင်ငံတော်ကြီးဆီသို့ ချီတက်ဖို့ အဆင်သင့်ဖြစ်သွားပြီ ဆိုပြီး၊ လိမ်ညာခဲ့တယ်။ ဘယ်လိုလုပ်ပြီး ကြွယ်ဝချမ်းသာတဲ့ဆိုရှယ်လစ်နိုင်ငံတော်ကြီးတည်ဆောက်မှာလဲ? အဝိတ်ကာလမှာ၊ စီးပွားရေးကိုဟန်ကျပန်ကျလုပ်ဆောင်တတ်တဲ့သူဘယ်နှစ်ယောက်ပါသလဲ၊ အားလုံးလခစားတွေ၊ အခွင့်ထူးခံတွေချည်းဘဲ၊ သွေးနဲ့၊ ချွေးနဲ့ကြိုးစား၊ ပမ်းစားငွေရှာခဲ့သူ၊ စီးပွားရေးအကြောင်းနားလည်သူ ခေတ်ပညာတတ်တစ်ယောက်မှ မရှိဘူး။ အားလုံးတိုက်ခိုက်ရေးသမားတွေချည်းဘဲရှိတာ၊ ဘယ်လိုလုပ်ပြီးစီးပွားရှာမှာလဲ . . .

တစ်ချိန်က တံခါးမရှိ၊ ဓါးမရှိ မြန်မာပြည်ထဲဝင်ချင်တဲ့အချိန်ဝင်၊ ထွက်ချင်တဲ့အချိန်ထွက် တဲ့နိုင်ငံခြားသားကမ္ဘာလှည့်ခရီးသည်တွေကို တော်လှန်ရေးကောင်စီက အထူးအခွင့်အရေးပေးလိုက်ပါတယ်။မြန်မာပြည်တစ်ရက်တိတိ(သို့မဟုတ်)နာရီပေါင်း ၂၄နာရီတိတိသာ နေထိုင်ခွင့်ပြုလေတော့သည်။မြန်မာနိုင်ငံသားများလည်းနိုင်ငံတကာကို သွားလာလည်ပတ်ခွင့်မရှိ၊ သွားချင်ရင်အပြီးသွား၊ ဘယ်တော့မှ ပြန်မလာနဲ့၊ ပြည်ပြေးဆိုတဲ့ ဘွဲ့ပေးလိုက်မယ်။သူတို့အဖွဲ့လည်း ဘယ်မှမသွားဘူး။သွားလို့လည်းမရဘူး။အာဏာသိမ်းအစိုးရကို ကမ္ဘာကအသိအမှတ်မပြုဘူး။

မြန်မာပြည်သူတွေ ဆိပ္ပအိုးကြီးတွေထဲမှာဒုက္ခရောက်နေတာ မကြည့်ရက်တဲ့အတွက်အမေရိကန်နိုင်ငံက ၁၉၆၆ခုနှစ် မှာ ဗိုလ်ချုပ်နေဝင်းကို အမေရိကန်သို့လာရောက်လည်ပတ်ခွင့်ပြုလိုက်လေသည်။ထိုအခါ အပြန်အလှန်အားဖြင့် ဦးနေဝင်းကသူ ရဲ့တင်းကြပ်စည်းကမ်း တော်တော်များများကို လျှော့ချပေးပါတယ်။ ၁၉၆၉ မှာတော့ သိသာထင်ရှားစွာ ဖြေလျှော့ပေးပါတယ်။အတော်ကြီးလွတ်လပ်ခွင့်ရလာပါတယ်။နိုင်ငံခြားသား ကမ္ဘာလှည့်ခရီးသွားများကို ခုနစ်ရက်တိတိ နေထိုင် ခွင့်ပြုပေးလိုက်ပါတယ်။ မြန်မာနိုင်ငံအနှံ့သွားလိုရာ သွားခွင့်တော့မပေးပါဘူး။ ခွင့်ပြု နယ်ပယ်တွေဘဲ သွားခွင့်ရပါတယ်၊နိုင်ငံခြား ပညာတော်သင်များနှင့် အရေးကြီးကိစ္စရှိသူများကို နိုင်ငံခြားသို့သွားခွင့်ပြုပေးခဲ့သည်။

သို့သော် နိုင်ငံခြားလည်ပတ်ခွင့်တော့မပေးသေးပါ။ နိုင်ငံခြား၌ အလုပ်လုပ်ခွင့်မရှိ။ ခြွင်းချက်အနေဖြင့် နိုင်ငံခြားသင်္ဘောသားများကို ခွင့်ပြုပေးထားသည်။ထိုအချိန်က အရေအတွက်နည်းသည်။ရာဂဏာန်းမျှသာ ရှိမည်။ နိုင်ငံသား ဘွဲ့ရအလုပ်လက်မဲ့များ၊ကြုံရာ၊ကျပမ်းလုပ်စားရမည်။ နိုင်ငံခြားသွားခွင့်မရှိ။စစ်အစိုးရ၏ အရည်အချင်းညံ့ဖျင်းမှုကြောင့် ဖြစ်သော်လည်း ဗိုလ်တင်ဖေနှင့် သူယောက်ဖ ကာနယ်သန်းယုဆိုင်တို့ ဓါးစားခံ ဖြစ်ခဲ့သည်။သို့သော်-ဒါးစားခံကို စတေးလိုက်ရုံမျှဖြင့် စီးပွားတက်ရိုးထုံးစံမရှိပါ။စီးပွားရေးမှာပို၍သာ ကျဆင်းနေသည်။အဖက်ဖက် ကျဆင်းနေသည်ကို သိသော်လည်းဦးနေဝင်းသည် မိုက်မဲစွာဖြင့် အဓိပ္ပါယ်၊ အနှစ်သာရကင်းမဲ့သောမြန်မာ့ ဆိုရှယ်လစ်လမ်းစဉ် ပါတီကိုထူထောင်ရာ တိုင်းပြည်အခြေအနေသည် နွံရာဝဲဆွဲဖြစ်ခဲ့တော့သည်။

နိုင်ငံရေးပါတီများ အားလုံးကိုဖျက်သိမ်းလိုက်သည်။ မည်သည့်အခါမျှ ပါတီထူထောင်ခွင့်၊ပြောဆိုခွင့်၊ဟောပြောခွင့်မရှိ။ ထိုခေတ်ကာလသည် လှောင်အိမ်ကြီးထဲပိတ်လှောင်ထားခြင်းခံရသော ခေတ်ကာလဆိုးဖြစ်လေသည်။

မြန်မာ စာအုပ်များ



## မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ

## The Burma Socialist Program Party

တော်လှန်ရေးလှန်ရေးကောင်စီသည် နိုင်ငံကော်တွင် တစ်ပါတီ အာဏာရှင်စနစ်ကို တည်ထောင်ပြီးနောက်ပြည်သူလူထုကလက်ခံကြ သည်ဟု ကမ္ဘာသို့လှည့်စားရန်အတွက် မကြာခဏလူစုရုံးရသောအစည်း အဝေးပွဲများ ပြည်ထောင်စုနေ့ပွဲများ၊ လွတ်လပ်ရေးနေ့ပွဲများ ပြုလုပ်ပေးခဲ့ သည်။ မ-ဆ-လ ပါတီဖွဲ့စည်းကာစတွင် အာဏာရှင်ပုံစံဖြင့် ဖွဲ့စည်းခဲ့ကြ သော်လည်း နောင်အနာဂတ် ကာလတွင် ပြည်သူလူထုသည် ဆိုရှယ်လစ် စံနစ်ကိုကောင်းစွာ သက်ဝင်ယုံကြည်လာသောအခါ လူနေမှုအဆင့်အတန်း များစွာ မြင့်မားနေမည်။လူတိုင်းတိုက်ကြီးပေါ်မှာနေပြီး ကိုယ်ပိုင်ကားစီးနိုင်ကြ မည်။ ထိုအခြေအနေ ရောက်သောအခါ ဆိုရှယ်လစ်ဒီမိုကရေစီ ပုံစံကို ပြောင်းပေးမည်ဟု တပ်မတော်ခေါင်းဆောင်အချို့က ကြိုဟောင်စီစဉ်ထားခဲ့ကြ သည်။ သို့သော် ဆိုရှယ်လစ်စနစ်ကို အကောင်အထည်ဖော်ရာတွင် လူထု ကိုကြိုက်သလိုထိန်းချုပ်နိုင်သော်လည်း စီးပွားရေးတိုးတက် အောင်ဘယ်လိုမှ မလုပ်နိုင်ခဲ့ပေ။(မ-ဆ-လ) ပြိုကွဲပျက်စီးခဲ့ရသောအဓိကအကြောင်းသည် စီးပွားရေးလုပ်ဆောင်နိုင်စွမ်းမရှိခြင်း ကြောင့်ဖြစ်သည်။ စီးပွားရေးလုပ်ဆောင် တတ်သော ပညာရှင်များကို အထူးအခွင့်အရေးပေးပြီး စည်းရုံးသိမ်းသွင်း မှုကိုလည်းမလုပ်ခဲ့ပေ။

## ရည်ညွှန်း

* In the section of the Constitution of the Burma Socialist Program Party emtitled "Origins and Purposes."the authers wrote,"The Revolutionary Council,forged by peculiar and powerful historical forus is revolutionary in essence, but wears the outward garb of a military Concil."This the RC deems undesirable.The RC believes that the natural leader of the revolution is a revolutionary political party.

မြန်မာ စာအုပ်များ





(၁၉၆၂) မတ်လ(၂)ရက်တွင်အာဏာသိမ်းပြီးနောက်(RC)သည် ပြည်ထောင်စုပါတီ၏ ထိပ်တန်းအဖွဲ့ဝင်အစိုးရဝန်ကြီး များအားလုံးကို ဖမ်းဆီးခဲ့သော်လည်း ပြည်ထောင်စုပါတီမှ ဒုတိယတန်းခေါင်းဆောင် အချို့ ကျန်နေသေးသည်။ သူတို့ကို တော်လှန် ရေးကောင်စီ၏ လက်အောက်တွင် လက်အောက်ခံပါတီအဖြစ် အမည်သစ်ပေးပြီး ဆက်လက်လှုပ်ရှားခွင့် ပေးမည် ဟုစည်းရုံးရာ သူတို့သည် သာကူးများဖြစ်သောကြောင့် လက်ခံကြသည်။

(RC)သည်အတိုက်အခံ(NUF)မှအထင်ကရ ခေါင်းဆောင်ကြီးများ ကို စည်းရုံးရာ သူတို့လည်းဝမ်းသာအားရဖြင့် သာကူးလုပ်ဖို့ သဘောတူကြ သည်။ သို့သော် ဦးနေဝင်း၏ဆရာသမားများဖြစ်သော(ဖ-ဆ-ပ-လ)မှ ဦးဘဆွေကို ဖိတ်ခေါ်ရာဦးဘဆွေကလက်မခံ၊ ဦးကျော်ငြိမ်းကိုစည်းရုံး ကြည့်သောအခါ မြန်မာ့နိုင်ငံရေးလောကတွင် ဗိုလ်ချုပ်အောင်ဆန်းပြီး လျှင်အရိုးသားဆုံး၊ သတ္တိအရှိဆုံး၊ အရဲရင့်ဆုံးအရည်အချင်း အစွမ်းအစသတ္တိ အပြည့်ဝဆုံး မျိုးချစ်ပုဂ္ဂိုလ်ကြီးသည် ဦးကျော်ငြိမ်းဖြစ်သည်။

ဦးကျော်ငြိမ်းသည် ဦးနုလိုပရိယာယ်ကြွယ်၊လှည့်စားခြင်းမ ပြုတက်၊ ဗိုလ်ချုပ်အောင်ဆန်းကဲ့သို့ လေကြီးထိုးရိုးရိုးသမားဖြစ်သည်။ဒီတော့



ဒီမိုကရေစီအခွင့်အရေးတွေကို ဘယ်တော့မှငါမချိုးဖေါက်ဘူး။မင်းထားရင် လည်းနေရမယ်။ သတ်ရင် လည်းသေရမယ်။ငါမင်းတို့နဲ့ဘယ်တော့မှ မပူး ပေါင်းဘူး။

မင်းတို့လက်အောက်မှာ ငါမနေဘူး။မင်းတို့လုပ်ပေးချင်းတဲ့ဆန္ဒရှိရင် သန့်ရှင်းတဲ့၊မျှတတဲ့ ဒီမိုကရေးစီရွေးကောက်ပွဲပြန်လုပ်ပေး။အဲဒီမှာ ငါဝင်ပြိုင် မယ်။အာဏာကို ဖြတ်လမ်းကနေအချောင်မယူဘူး။မင်းတို့နဲ့ငါတို့နဲ့ကလည်း မြဒါးတစ်လမ်းသံတစ်လမ်း ဘဲ မင်းတို့အလုပ်ကိုမင်းတို့လုပ်ကြရင် ငါ့အလုပ် ကိုငါလုပ်မယ်။မင်းတို့နဲ့တွဲပြီး ပြည်သူကိုငါလှည့်စားချင်ဘူး ဟုအပြတ် ပြောလိုက်သည်။ထို့ကြောင့် ၁၉၆၂ ခုလိုင်လတွင်မ-ဆ-လ ပါတီ (Burma Socialist Party,BSPP )ခေါ်လမ်းစဉ်ပါတီ(Lanzin Party)ကိုတည် ထောင်သည်။ ဦးနေဝင်း မျှော်မှန်းခဲ့သလိုပြည်သူ့အချစ်တော် နိုင်ငံရေးသမား များပါဝင်ခြင်းတော့မရှိပေ။ နိုင်ငံရေး၊ စီးပွားရေး၊ ကုန်ထုတ်လုပ်ငန်းများ စီမံခန့်ခွဲရေးဆိုင်ရာ အတွေ့အကြုံ၊ အတတ်ပညာလုံးဝမရှိသော စစ်သားများ သာပါသော ပါတီဖြစ်ခဲ့သည်။ ထိုအချိန်က ကေဒါပါတီ(Cader party) အဖြစ်တည်ထောင်ပြီး အင်အားကြီးပါတီဖြစ်လာစေရန်အားမွေးခဲ့သည်။၁၉၇၁ အထိအမျိုးတေပါတီဟု ခေါ်သည်။မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီတွင်ပါဝင်

မြန်မာ စာအုပ်များ



သော ကော်မတီအဖွဲ့ဝင်များမှာ အောက်ပါအတိုင်းဖြစ်သည်။

(၁) ဗိုလ်ချုပ်နေဝင်း(ဥက္ကဋ္ဌ)။ဗဟိုကော်မတီ၏ ဥက္ကဋ္ဌ
(၂) ဗိုလ်စန်းယု(Bring San Yu)(၁၉၆၅) ခုနောက်ပိုင်းမှ တော်လှန်ရေးကောင်စီ အဖွဲ့ဝင် ဖြစ်လာခဲ့သည်။
(၃) ဗိုလ်စိန်ဝင်း(Bing Sein Win)အဖွဲ့ဝင်
(၄) ကာနယ်လှဟန်(Col.Hla Han )(၁၉၆၅)မှအဖွဲ့ဝင်ဖြစ်လာခဲ့သည်။
(၅) ကာနယ်ချစ်မြိုင်(Col.Chit Mying)(၁၉၆၄)တွင်ထုတ်ပယ်ခံရသည် နောက်မှ အဖွဲ့ဝင်ဖြစ်လာသည်။
(၆) ကာနယ်ကျော်စိုး(Col.Kyaw Soe)(၁၉၆၄)တွင်အဖွဲ့ဝင်ဖြစ်လာသည်။
(၇) ဗိုလ်အောင်ကြီး(Bring Aung Gyi)(၁၉၆၃)ဖေဖော်ဝါရီတွင် ရာထူးချခဲ့ပြီးနောက် မ-ဆ-လ တွင်ပြန်ပြီး တာဝန်ပေးခဲ့သည်။
(၈) ဗိုလ်တင်ပေ(Bring Tin Pe)(၁၉၆၈)စီးပွားရေးကျဆင်းချိန်တွင် ရာထူးမှ ထုတ်ပယ်ခံရသည်။မ-ဆ-လ ပါတီထောင်သောအခါ ပြန်ပြီး တာဝန်ပေးခြင်းခံရသည်။
(၉) ကာနယ်သန်းစိန်(Col.Than Sein)မူလအဖွဲ့ဝင်။
(၁၀) ကာနယ်စောမြင့်(Col.Saw Myint)တော်လှန်ရေးကောင်စီ၌ ပါဝင်ခဲ့သည်။သဘောထားခြင်းမတိုက်ဆိုင်သောကြောင့် ရာထူးမှထုတ်ပယ်ခံရပြီးထောင်ဒဏ်တစ်သက် အပြစ်ပေးခံရသည်။ ထို့နောက်မ-ဆ-လပါတီဖွဲ့သောအခါထောင်မှလွှတ်ပြီး အဖွဲ့ဝင်အဖြစ်ပါဝင်ခွင့်ရသည်။
(၁၁) ကာနယ်သောင်းကြည်(Col.Thaung Kyi)(၁၉၆၅) ဖေဖော်ဝါရီလတွင် အဖွဲ့ဝင်ဖြစ်လာသည်။
(၁၂) ကာနယ်မောင်ရွှေ(Col.Maung Shwe)(၁၉၆၅)ဇန်နဝါရီလတွင် အဖွဲ့ဝင်ဖြစ်လာသည်။
(၁၃) ကာနယ်မောင်လွင်(Col.Maung Lwin)(၁၉၆၅)ဇန်နဝါရီလတွင် အဖွဲ့ဝင်ဖြစ်လာသည်။

၁၉၆၃ ခုနှစ်ပါတီစတင်ထူထောင်ခဲ့ပြီး ကိုးနှစ်အကြာ ၁၉၇၂ ခုနှစ်တွင်ပါတီဝင်အရေအတွက်သည် ခုနှစ်သောင်းသုံး ထောင်သုံးရာသုံးရာ ခြောက်ဆယ့်ကိုးဦးအထိ ရှိလာသည်။မူလ အမြုတေပါတီဝင်(၂၀) မှအရေ အတွက် ခုနှစ်သောင်းကျော်ရှိလာ ခြင်းသည်တပ်မတော်သားများ နှင့် ဝန်ထမ်းအလုပ်သမားများ အစိုးရ၏ထောက်ပံ့ကြေးဖြင့်လယ်ယာ စိုက်ပျိုး ရသော တောင်သူလယ်သမားများနှင့်ဝန်ထမ်းအလုပ်သမားများ အစိုးရ၏ ထောက်ပံ့ကြေးဖြင့် လယ်ယာစိုက်ပျိုးရသော တောင်သူ လယ်သမား များ၊ ပြည်သူ့ရဲများနှင့်အခြားသောဝန်ထမ်းများကို ပါတီထဲဝင် ရန်စီစဉ်ပေး နိုင်သောကြောင့်ဖြစ်သည်။

ထိုခေတ်က ဝန်ထမ်းတစ်ယောက်သည်ပါတီဝင် လျှောက်လွှာ တင်ပြီးမှ အရံပါတီဝင်ဖြစ်ပြီးမှ အလုပ်ခန့်ခံရပေ သည်။၁၉၇၂ ခုနှစ်စာရင်းပါတီဝင်အရေအတွက်မှာ

| | |
|---|---|
| တပ်မတော်သား | ၄၂၃၅၉ |
| အလုပ်သမား | ၂၀၃၁၆ |
| တောင်သူလယ်သမား | ၈၂၀၇ |
| ပြည်သူ့ရဲ | ၃၀၈ |
| အခြားသူများ | ၂၁၇၉ |
| စုစုပေါင်း | ၇၃၃၆၉ |

ယောက်ဖြစ်သည်။

၁၉၇၂ ခုနှစ်ကမြန်မာပြည်လူဦးရေသည် ၂၈သန်း ကျော်ကျော် ရှိသည်။၁၉၆၃ ခုနှစ်ဇူလိုင်လ(၁)ရက်နေ့တွင်ဗဟိုနိုင်ငံ ရေးသိပ္ပံကျောင်းကို ရန်ကုန်မြို့ ပြင်ချော်တွင်းကုန်း၌ ဖွင့်လှစ်ခဲ့သည်။ထိုအချိန်က တာမွေ၊ အပိုင်းတွင်လူစည်ကားမှု မရှိသေးပါ။ မျိုင်းရေအိုးစင်ရပ်ကွက်အထိသာ လူနေအိမ်ခြေရှိသည်။ ကင်းဘဲလ်လမ်းသည် ၁၉၈၈ အရေးအခင်းပြီး စကာလတွင် ခြုံနွယ်ပိတ် ပေါင်းများထူထပ်ပြီး လမ်းကျဉ်းလေးမျှသာရှိ သေးသည်။ မဂျစ်လမ်း(ယခု သမိန်ဗရမ်းလမ်း)ပေါ်ရှိတာမွေဈေးဟောင်း (ယခုတာမွေပလာဇာ)ဖက်တွင် လူအနည်းငယ်စည်းကားသည်။ ထိုခေတ်က

အာသောကဖက်တွင်လူနေအိမ်ခြေသိပ်မရှိသေးပေ။ ထို့ကြောင့် ချောင်ကျသည်။ ယခုအချိန်အခါကဲ့သို့ စည်ကားမှုရှိသေးပေ။

ချော်တွင်းကုန်းသင်တန်းတွင် ဆိုရှယ်လစ်နိုင်ငံရေး သဘော တရားများ၊ အခြေခံပေါ်လစီ၊နိုင်ငံရေးအတွေးအခေါ်ဆိုရှယ်လစ်စီးပွားရေး၊ အဖွဲ့အစည်းများဖွဲ့စည်းပုံနှင့်အဖွဲ့အစည်းများအားစီမံပုံများကို သင်ကြားပေး လေသည်။ ထိုနိုင်ငံရေးကျောင်းမှ ဝန်ထမ်းများအရပ်သား အရေအတွက် စုစုပေါင်း (၄၄၁၇၃)ယောက်မွေးထုတ်ပေးနိုင်ခဲ့သည်။ ပါတီဝင်များ လေ့လာနိုင်ရန်အတွက် စာအုပ်စာတမ်းများ၊ဂျာနယ်များကို မြောက်များစွာထုတ်ဝေခဲ့သည်။ သင်တန်းဆရာများသည် ပါတီကေဒါများစွာကိုအရည်အချင်းပြည့်ဝစွာမွေးထုတ်ပေးနိုင်ခဲ့ပြီ ဟုဆိုကြသည်။

သို့သော် အဝိကအားနည်းချက်မှာသင်တန်းဆရာများ သည်လည်း ပညာရပ်နယ်ပယ်အသီးသီးတွင် အမှန်တကယ်ထူး ချွန်ထက်မြက်သောသူများမဟုတ်ကြပေ။အမှန်တကယ်တတ်ကျွမ်းသူများက စနစ်တကျထိထိရောက်ရောက်သင်ပေးခဲ့သော် ပါတီကေဒါကောင်းများသည် လူထုထဲသို့စိမ့်ဝင်ပြီး လူထု၏ပြဿနာများကို ဖြေရှင်းပေးနိုင်မည်ဖြစ်သည်။ မည်သို့ကြိုးပမ်းစေကာမူ၊ စည်းကမ်းပြည့်ဝခြင်း၊ ရိုးသားခြင်း၊ ကြိုးစားခြင်း၊ သစ္စာရှိခြင်းများရှိစေကာမူ နိုင်ငံတော်ကြီးပွားတိုးတက်ခြင်းသည်၊ ပညာရှင်များလုံလောက်စွာရှိမှ သာဖြစ်ပေသည်။ ဝန်ထမ်းများ၏ စွမ်းရည်ဖြင့် ဆောင်ရွက်နိုင်မည်မဟုတ်ပေ။

၁၉၆၃ မှ ၁၉၇၁ အထိပါတီကေဒါများကို သင်တန်းပေးသောအခါ ဗဟိုစနစ်ပုံစံဖြင့်တင်းကြပ်စွာထိန်းချုပ်ပြီး တင်းကြပ်သောအခါ စည်းကမ်းအောက်တွင် သင်ကြားပေးခဲ့သည်။သို့သော် သူတို့သည် သင်တန်း တက်စဉ်ကာလ၌ ကြိုးစားကြသည်။ သို့သော်ပြီးဆုံး၍ တပ်မတော်သို့ဝင်သည့်အခါ တပ်မတော်တွင်လည်းအလွန်တင်းကြပ်သော စစ်စည်းကမ်းရှိပြီး ဖြစ်လေရာ အလိုက်သင့်ဖြစ်နေသည်။

ခက်နေသည်က အရပ်ဖက်လူ့အဖွဲ့အစည်းများနှင့် စက်ရုံ၊ အလုပ်ရုံများသို့ ဝင်ရောက်အမှုထမ်းသောအခါ လက်တွေ့နယ်ပယ်နှင့်ဘယ်လိုမှ

မြန်မာ စာအုပ်များ



မနီးစပ်သောသင်တန်းသဘောတရားများကို မည်သည့်နေရာတွင် မည်ကဲ့သို့ အသုံးပြုမှန်းမသိဖြစ်နေသည်။သူတို့သည် အချိန်အတိုင်းအတာ တစ်ခုအထိ အူကြောင်ကြောင် ဖြစ်နေကြပြီးနောက် အစဉ်အလာ ဟောင်းများ အတိုင်း အဆင်ပြေ သလိုနေထိုင်လုပ်ကိုင်ကြသောအခါ သင်တန်းမှသင်ခန်းစာများ အလဟာသဖြစ်ရသည်။မည်သို့ဆိုစေကာမူ တစ်ပါတီအာဏာရှင် စနစ်အောက်တွင် ဗဟိုမှတင်းကျပ်စွာထိန်းချုပ်ပြီး လူထုအဖွဲ့အစည်း ကော်မတီများစွာဖွဲ့စည်းနိုင်ခဲ့သည်။တပ်မတော်ကို အခြေခံ ထားသောပါတီ ဖြစ်သောကြောင့် ကျစ်လစ်စွာဖြင့်စုစည်း တည်ဆောက်နိုင်ခဲ့ပါသည်။ သို့သော် အဓိက အားနည်းချက်မှာစီးပွါးရေးချွတ် ခြုံကျဆင်းသွား ခြင်းဖြစ်သည်။ တပ်မတော်သည် နိုင်ငံရေးအာဏာကိုသာရယူပြီး ဆိုရှယ်လစ်စနစ် ထူထောင်ခြင်းမပြုဘဲ အမျိုးသားရေးကို အခြေခံသောပါတီ တည်ထောင်ပါက နိုင်ငံရေးနှင့်စည်းရုံးရေးတာဝန်ကို သာထမ်းဆောင်ရမည် ဖြစ်သည်။ တပ်မတော်၏ ရပ်တည်မှုအတွက် နိုင်ငံတော်အစိုးရသည် မြေပေါ်မြေအောက် သယံဇာတအရင်းအမြစ်များကိုပိုင်ဆိုင်ထားသောကြောင့် အခက်အခဲမရှိနိုင်ပေ။ နိုင်ငံတော် အတွင်းရှိစီးပွားရေး လုပ်ငန်းကြီးများ၊ စက်ရုံကြီးများနှင့် သွင်းကုန်ထုတ်ကုန်လုပ်ငန်းများနှင့်ထိုက်သင့် သောအခွန်ကောက်ခံပြီးထိုလုပ်ငန်းကြီးများ၏လုံးခြုံရေးအတွက်အကာအကွယ်ပေးမည်။ လုပ်ငန်းများအတွက် အာမခံပေးမည်ဆိုပါက နိုင်ငံတော်အစိုးရအနေဖြင့် ကိုယ်တိုင်ရှာဖွေသောအတိုင်းအတာထက် အဆပေါင်းများစွာ သောဘဏ္ဍာငွေများကို အလိုအလျောက်ရရှိနေမည်ဖြစ်သည်။

သို့သော် တစ်ဖက်သတ်အမြင်ဖြင့် ကုန်ထုတ်စီးပွားရေးအရင်းအမြစ်များအားလုံးကို နိုင်ငံပိုင်သိမ်းလိုက်သောအခါ ကျွမ်းကျင်မှုမရှိသော ဝန်ထမ်းများအကျင့်စာရိတ္တမကောင်းသောအုပ်ချုပ်သူများနှင့်ဝန်ထမ်းများသာကျန်ခဲ့သည်။ အရည်အချင်းရှိသူများကို ကုမ္ပဏီပိုင်ရှင် များသူဌေးကြီးများက နိုင်ငံခြားသို့ ခေါ်သွားခဲ့ကြသည်။ ကျန်သူများအဖက်ဖက်မှည့်ဖျင်းကြသောအခါ စီးပွားရေးချွတ်ခြုံကျပြီး အကြီးအကျယ် ဒုက္ခရောက်ရလေတော့သည်။တော်လှန်ရေးကောင်စီသည် မည်သည့်အခါမျှ ရိုးသားပွင့်လင်းမှုမရှိခဲ့

မြန်မာ စာအုပ်များ





သောကြောင့် မည်သည့်ခေတ်တွင်မျှ မရှိဘူးသော မှောင်ခိုဈေးကွက်(Black Market )ပေါ်ပေါက်လာသည်။စတင်ပေါ်ပေါက် ချိန်က ဝယ်လိုအားများပြီး ထုတ်လုပ်အား လွန်စွာနည်းချိန်တွင်အခွင့် ထူးခံ လူတန်းစားများကသာ ရှားပါးကုန်များရ နိုင်လေရာသူတို့သည် လိုအပ်သမျှ ယူထားပြီး ပိုလျှံသမျှ ကိုထုတ်ရောင်းရာတွင် လျှို့ဝှက်ရောင်းချသောကြောင့် မှောင်ခိုဈေးကွက် များပေါ်ပေါက်လာခြင်းဖြစ်သည်။ တော်လှန်ရေး ကောင်စီ ခေတ်ကတည်းက စီးပွားရေးကျခဲ့ပြီးဖြစ်သည်။ မှောင်ခိုဈေးကွက်ပေါ်ပေါက် နေပြီးဖြစ်သည်။ သို့သော် ထိုအချိန်ကမှောင်ခိုဈေးကွက်သည် ပြည်တွင်း ဈေးကွက်ဖြစ်သည်။ ဆိုရှယ်လစ်စနစ်ကိုဖွဲ့စည်းပုံဥပဒေနှင့် ကျင့်သုံး ချိန်မှစပြီး လူသုံးအိမ်သုံး အခြေခံကုန်ပစ္စည်းများထုတ်လုပ်မှု လွန်စွာကျဆင်းခဲ့သည်။ရန်ကုန် လူထုအတွက်မျှပင် လုံလောက်စွာမထုတ်နိုင်လေရာ တစ်နိုင်ငံလုံး အတွက် ဆိုဖွယ်မရှိ။ထိုကဲ့သို့ ကွက်လပ်ဖြစ်မည်ကိုကြိုတင် သိထားကြသော မြန်မာပြည်ဖွားနိုင်ငံခြားသားအရင်းရှင်တော်တော်များများသည် မြန်မာ့ ပြည်တွင်းလိုအပ်ချက်ကို နောကျေအောင်သိထားသော ကြောင့်မဲဆောက်နှင့် ရနောင်းဖက်တွင်စက်ရုံများတည်ဆောက်ပြီး အကောက်ခွန်မဲ့ပစ္စည်းများ တင်သွင်းရာမှ ပြည်ပမှောင်ခို ဈေးကွက်ပေါ်လာလေသည်။

စစ်တပ်ဖွဲ့စည်းပုံဖြင့်တည်ဆောက်သောကြောင့် စည်းရုံးရေးအပိုင်းတွင် လွန်စွာအားကောင်းသည်။ ၁၉၇၁ တွင်ဆိုရှယ်လစ်စနစ်ကြီးကို တည်ထောင်ရတော့မည်ဖြစ်သောကြောင့် ပြည်သူ့လူထုထံဆိုရှယ်လစ်အတွေးအခေါ်များ ရောက်သွားရန်လိုအပ်ကြောင်း ကေဒါများကိုသာစည်းရုံးသင်ကြားပေးသောအဆင့်မှ လူထုကိုသင်ကြားပေးသောအဆင့်သို့ ကူးပြောင်းဖို့ကြိုးစားခဲ့သည်။ ၁၉၇၁ ဇွန်လ(၂၈)ရက်မှဇူလိုင်လ(၁၁)ရက်အထိသင်တန်းဆင်းပါတီကေဒါများသည် အရံပါတီဝင်များ တင်းပြည့်ပါတီဝင်များနှင့် တွေ့ဆုံပြီးရှေ့ဆက် ဆောင်ရွက်သွားကြမည့် အစီအစဉ်ကို လက်ဆင့်ကမ်းတင်ပြဆွေးနွေးကြသည်။ထိုကိုယ်စားလှယ်များသည် ဒေသအသီးသီးသို့ပြန်သွားကြသောအခါ သက်ဆိုင်ရာဒေသရှိ တင်းပြည့်ပါတီဝင်များနှင့်အရံပါတီဝင်များကို ဆင့်ကဲပို့ချလမ်းညွှန်မှု များပေးခဲ့ကြသည်။ ကေဒါများမှ တဆင့် တစ်နိုင်ငံလုံးသို့ပြန့်နှံ့လေသည်။

ပါတီအတွက် ကွန်ဂရက်အသစ်ပြုလုပ်သည်။ကွန်ဂရက်မှ ဗဟိုကော်မတီ(၁၅၀)ယောက်ကိုရွေးချယ်ကြသည်။ဗဟိုကော်မတီ(၁၅၀)တွင် တပ်မတော်မှ(၁၁၈)ယောက်ရွေးချယ်ပြီး အရပ်ဖက်မှယောက် ရွေးချယ်ကြသည်။ ဗဟိုကော်မတီက ဦးနေဝင်းကို ဥက္ကဌအဖြစ်ရွေးရသည်။ ဗိုလ်စန်းယုကို အထွေထွေအတွင်းရေးမှူးအဖြစ်ရွေးချယ်ကြသည်။(Executive Committee) တွင်ရွေးချယ်ခံကြရသောပုဂ္ဂိုလ်များမှာ-

( ၁ ) ဗိုလ်ချုပ်နေဝင်း (ဥက္ကဌ)
( ၂ ) ဗိုလ်စန်းယု (အတွင်းရေးမှူး)
( ၃ ) ကာနယ်သောင်းကြည် (joint secre general )
( ၄ ) ကာနယ်မောင်လွင်
( ၅ ) ကာနယ်မောင်ရွှေ
( ၆ ) ကာနယ်လှဟန်
( ၇ ) ကာနယ်ကျော်စိုး
( ၈ ) ဦးဘငြိမ်း
( ၉ ) ဗိုလ်သောင်းဒန်
( ၁၀ ) ကာနယ်စိန်မြ

မြန်မာ စာအုပ်များ



(၁၁) ကာနယ်တင်ဦး
(၁၂) ကာနယ်အောင်ဖေနှင့်
(၁၃) ကာနယ်မောင်မောင်ခ တို့ဖြစ်ကြသည်။

ကွန်ဂရက်တွင် ဦးနေဝင်းသည်အဓိကအချက်ကြီးသုံးခု တင်ပြခဲ့သည်။ ၎င်းတို့မှာ-

( ၁ ) ပါတီအတွင်းစည်းလုံးညီညွတ်ကြရန်
( ၂ ) တိုင်းရင်းသား ပြည်သူလူထုအားလုံးစည်းလုံးညီညွတ်ကြရန်
( ၃ ) ဆိုရှယ်လစ်စနစ် နှင့်ကိုက်ညီသောအခြေခံ ဥပဒေတစ်ရပ်ရေးဆွဲရန် မိန့်မှာခဲ့သည်။

## လူထုအဖွဲ့အစည်းများ

## (Mass Organizations)

တော်လှန်ရေးကောင်စီ၏ ရည်ရွယ်ချက်သည်မ-ဆ-လပါတီနှင့် ပြည်သူလူထုတို့ စည်းလုံးညီညွတ်မှုရှိရေးဖြစ်သည်။ နိုင်ငံတွင်းစည်းရုံး ရလွယ်ကူသောလူတန်းစားမှာ ဆင်းရဲသော အလုပ်သမားနှင့် လယ်သမား လူတန်းစားများသာ ဖြစ်သောကြောင့် ထိုလူတန်းစားနှစ်ရပ်၏ အင်အားရ ယူဖို့ကြိုးစားလေသည်။

တော်လှန်ရေးကောင်စီ အာဏာရပြီးနောက်ကိုးလအကြာတွင် အုန်းတော၌တောင်သူလယ်သမားနှီးနှောဖလှယ်ပွဲ ကျင်းပခဲ့လေသည်။ တောင်သူလယ်သမားတို့က သူတို့၏လိုလားချက်များကို တင်ပြကြသည်။ တပ်မတော်ကလည်း တတ်နိုင်သမျှ ဖြည့်ဆည်းပေးမည်ဟု ကတိပေးပြီး တော်လှန်ရေးကောင်စီ၏ရည်ရွယ်ချက်များကို ရှင်းပြခဲ့သည်။စာပေကောင်းစွာ တတ်မြောက် ခြင်းမရှိသော တောင်သူလယ်သမားများသည် ဆိုရှယ်လစ်ဝါဒ သဘောတရားများကို သဘောမပေါက်ကြပေ။ သို့သော် သူတို့ကို တန်းတူ သဘောထားပြီးဆွေးနွေးခြင်းကို သဘောကျနေကြသည်။

၆-ဆ-ပ-လ ခေတ်တွင်တောင်သူလယ်သမားနေ့(Peasamt's Day)ကို နှစ်ဆန်းတစ်ရက်နေ့ဖြစ်သောဇန်နဝါရီလ(၁)ရက်သတ်မှတ်ခဲ့

မြန်မာ စာအုပ်များ





သော်လည်း၊ ဦးနေဝင်းသည်သူအောင်ပွဲခံသောမတ်လ၂ ရက်နေ့ကို တောင်သူလယ်သမားနေ့အဖြစ်၁၉၆၄မှစပြီး သတ်မှတ်ခဲ့သည်။တောင်သူလယ်သမားနေ့ဆောင်ရွက်သော အဖွဲ့အစည်းဖွဲ့စည်းပေးခဲ့သည်။ထိုအဖွဲ့ကို ကာနယ်သောင်းကြည်က ဦးဆောင်ခဲ့ရသည်။ ၁၉၆၉ ခုနှစ်တွင် ဗဟိုတောင်သူလယ်သမားကော်မတီကို ဖွဲ့စည်းခဲ့သည်။ ၁၉၇၂ ခုနှစ် တောင်သူလယ်သမားနေ့ တွင်ဗဟိုတောင်သူလယ်သမား ကော်မတီသည်မြို့နယ်ကောင်စီပေါင်း (၂၃၆)ခုတွင်မြို့နယ်ကော်မတီအဖွဲ့များဖွဲ့စည်းပေးနိုင်ခဲ့ပြီးဖြစ်သည်။ကျေးရွာပေါင်းတစ်ထောင့်တစ်ရာ့တစ်ဆယ့်ခြောက်ရွာတွင် အဖွဲ့အစည်းများဖွဲ့စည်းပေးနိုင်ခဲ့ပြီဖြစ်သည်။ အဖွဲ့ဝင်တောင်သူ လယ်သမားအရေအတွက် ခြောက်သန်းကျော်ရှိခဲ့ပြီဟု ကြေညာသည်။စတင်ဖွဲ့စည်းချိန်ကာလများသည် အစစအရာရာ အဆင်ပြေသောကာလများဖြစ်ခဲ့သည်။ ဗဟိုမှ အောက်ခြေသို့အပြန်အလှန်ဆက်သွယ်မှုများချောမွေ့ခဲ့သည်။ ကာနယ်သောင်းကြည်ကရှင်းပြခဲ့သည်။

"တောင်သူလယ်သမားအများစုသည် စာမတတ်ပါ။မိရိုးဖလာအလုပ်ကိုလုပ်ကြသော်လည်း လယ်လုပ်ပုံစနစ်များယွင်း ကြောင်းသိပါသည်။ ထို့ကြောင့် လယ်သမားများကိုစနစ်တကျအဖွဲ့အစည်းများ ဖွဲ့စည်းပြီး အကူအညီပေးသွားရမည်။တစ်ချိန်တွင်သူ တို့ပညာတတ်လာသောအခါ သူတို့၏လုပ်ငန်းခွင်မှလိုအပ်ချက်များလစ်ဟာချက်များကို သူတို့ဖာသာသိပြီး ပြုပြင်ကြမည်။ သို့မှသာ အောင်မြင်မှုပို၍ရမည် ဟုဆိုသည်။"

## ရည်ညွှန်း

*Forword 7,no.15(March 15,1969).6

*Government of Burma.Party Semianar 1965,P.P 57-58.

၁၉၆၃-ခုနှစ်မေလ(၁)ရက်၊အလုပ်သမားနေ့တွင် တော်လှန်ရေးကောင်စီသည် အလုပ်သမားအစည်းအရုံးကို တစ်နှစ်အတွင်းထူထောင်ပေးမည် ဟုဂတိပြုသည်။ ထို့နောက် အလုပ်သမားအခွင့်အရေးနှင့်ရပိုင်ခွင့်များကို ဥပဒေကပြဋ္ဌာန်းပေးပြီးနောက် အလုပ်သမား အစည်းအရုံးကိုတည်ထောင်ပေးလေသည်။ အဖွဲ့အစည်းကို ကာနယ်မောင်ရွှေ ကဦးဆောင်ပြီးလေ(၁၉၆၈) တွင်အဖွဲ့ဝင်ပေါင်း(၁.၃)သန်းရှိခဲ့သည်။ မြို့နယ်ကော်မတီပေါင်း (၂၂၅)ခုဖွဲ့စည်းခဲ့သည်။ အခြေခံယူနစ်ပေါင်း(၂၁၉၆)ဖွဲ့စည်းထားခဲ့သည်။နောက်လေးနှစ်ကြာသောအခါ မြို့နယ်ကော်မတီအရေအတွက် (၂၆၁)ရှိလာပြီးအခြေခံယူနစ်(၂၆၆၂)ရှိလာသည်။

၁၉၇၂ မှ ၁၉၇၃ အထိအခြေခံဥပဒေသစ်ရေးဆွဲသောကာလတွင် အလုပ်သမားအဖွဲ့အစည်းများသည် အကြံကောင်း ဉာဏ်ကောင်းများပေးနိုင်ခဲ့သည်။ ထို့ကြောင့် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီတွင် တပ်မတော်ကိုအဓိကအခြေခံပြီးဖွဲ့စည်းခဲ့သည်။အရံအဖွဲ့အစည်းအဖြစ် အလုပ်သမားများနှင့်လယ်သမားများကို ရွေးချယ်ခဲ့သည်။ထိုအချိန်က နိုင်ငံရေးကိုအမှန်တကယ်စိတ်ဝင်စားသည်မှာတပ်မတော်သာဖြစ်သည်။ ထိုခေတ်က တပ်မတော်တွင်ခေတ်ပညာထူးချွန်သူများ၊အင်္ဂလိပ်စာထူးချွန်သူများရှိသလို

ဂျပန်ခေတ်စစ်သင်တန်းကျောင်းများကို မှီခဲ့သူများလည်းရှိခဲ့သည်။ အတော်လေးအရောင်အသွေးစုံသည်။စရိုက်စုံသည်။ထို့ကြောင့် နိုင်ငံရေးလုပ်ချင်သူများသည်။သို့သော် တောင်သူလယ်သမားနှင့်အလုပ် သမားများကောင်စီတွင်ပညာတတ်မရှိ။သူများနောက်လိုက်ထားရာနေစေရာသွား။ နိုင်းတာလုပ်စသည်ဖြင့်အမိန့်ပေးတတ်သူများ မဟုတ်ဘဲ အမိန့်ကိုနာခံတတ်သူများနှင့်အမိန့်ကိုစောင့် နေပြီး အမိန့်ပေးစေခိုင်းမှ လုပ်တတ်သူများဖြစ်ရာသူတို့အနေဖြင့်ပါတီထဲတွင် နေရာကောင်းကောင်းရဖို့တော့မရှိပေ။ပါတီအတွက်အရံအင်အားစု အဖြည့်ခံအင်အားစုများသာ ဖြစ်သည်။

တပ်မတော်အင်အားစု အလုပ်သမားအင်အားစုကြီးများ နှင့်လယ်သမား အင်အားစုကြီးများကရှေ့မှ ဦးဆောင်ပြီးဆိုရှယ် လစ်လမ်းစဉ်ကိုချီတက်သောအခါ စာပေတတ်မြောက်မှုနည်းခြင်း၊စတုတ္ထမဏ္ဍိုင်၊ ပဥ္စမဏ္ဍိုင်များလုံးဝမရှိခြင်း။စာပေအမှောင်ချခြင်း။သတင်းအမှောင်ချခြင်းကို ၁၉၆၂မှ၁၉၇၂ အထိဆယ်နှစ်ကြာခံစားလိုက်ရသောအခါ ပြည်သူလူထုသည်ကမ္ဘာကြီးတွင် ဘာဖြစ်နေသည်ကိုမသိကြတော့ပေ။ ထို့နည်းတူမြန်မာနိုင်ငံအတွင်းဘာတွေဘယ်လိုဖြစ်နေကြသည်ကိုလည်း ကမ္ဘာကတိကျစွာမသိရတော့ပေ။

## လူထု၏ အာဏာဖီဆန်မှု(လူထုအုံကြွမှု)များ

**The Opposition**

တပ်မတော်သည် အာဏာသိမ်းချိန်မှစပြီး ဆိုရှယ်လစ်စနစ်ဆိုးကြီးသို့လျှောက်လှမ်းရာလမ်းတစ်လျှောက်တွင်အမှားအယွင်းများစွာ၊ ပြစ်မှုများစွာကျူးလွန်ခဲ့သည်။အဘယ်ကြောင့်ဆိုသော် နိုင်ငံတစ်ခုနှင့် သန်းပေါင်းများစွာသောပြည်သူလူထု၏ဆန္ဒကို ဘာတစ်ခုမျှအရေးမထားဘဲ သူတို့စိတ်ထဲကောင်းမယ်ထင်တာကိုလက်နက်အားကိုးဖြင့် တစ်ယူသန်တစ်ဇောက်ကန်း ဆင်ကန်းတောတိုးမဆင်မခြင်ထင်ရာဆိုင်းခဲ့ကြသည်။

မြန်မာ စာအုပ်များ



ထိုခေတ်ကာလတွင် ဘိလပ်ပြန်ဝတ်လုံတော်ရများ၊ ဥပဒေပါရဂူကြီးများစွာရှိခဲ့သည်။အမေရိကန်၊အင်္ဂလန်၊ဒါကျီလင်တို့တွင် ပညာသင်ယူခဲ့သော စီမံခန့်ခွဲမှုဆိုင်ရာအတက်ပညာရှင်ကြီးများ မြောက်များစွာရှိသည်။ ဓါတုအင်ဂျင်နီယာကြီးများမြောက်များစွာရှိသည်။သူတို့သည် အရင်းရှင်ကုမ္ပဏီကြီးများတွင်လခကောင်းစွာရပြီး အလုပ်လုပ်နေကြသည်။သူတို့တွေ၏ ဆန္ဒသဘောထားများသည် အတန်းပညာအရည်အချင်းနိမ့်ပါးခဲ့သော တော်လှန်ရေးကော်စီမှစစ်အာဏာပိုင်များထက် အဆပေါင်းမြောက်များစွာတော်ကြသူများဖြစ်သည်။သို့သော် သူတို့သည်ယနေ့ကျွန်တော်တို့လိုနိုင်ငံတော်ကပေးသော၊ ကမ္ဘာ့အဆင့်၊ ဝေးလေစွအာရှအဆင့် ဝေးလေစွ၊ အရှေ့တောင်အာရှအဆင့်လေးတောင် မမှီအောင်နံချာလှသော ဘီအက်စ်၊ အမ်အက်စ်၊ ဘီအေ၊ အမ်အေ၊ ပီအိတ်(ချ်)ဒီများမဟုတ်ကြပေ။

နိုင်ငံခြားတက္ကသိုလ်ကြီးများမှ ပညာသင်လာကြသူများဖြစ်လေရာ နိုင်ငံတော်တွင်ထင်ရာစိုင်း၊တစ်ယူသန်တစ်ဇောက်ကန်းလုပ်ဆောင်မှုများပြုလုပ်လာကြသောအခါ အထူးသဖြင့်ပြည်သူပိုင်သိမ်းပြီး နိုင်ငံခြားသားနှင့် အိန္ဒိယကပြားအရင်းရှင်များ၏ ပစ္စည်းများအားလုံးသိမ်းပြီး နိုင်ငံမှ နှင်ထုတ်ချိန်တွင် သူငွေးများသည်မြန်မာ ပညာရှင်အားလုံး ကိုမက်လုံးပေး၍ တပါတည်းခေါ်ယူ သွားခဲ့ကြသည်။

ထို့ကြောင့်နိုင်ငံတော်သည် ဦးနှောက်ယိုစီးမှု(Brain Drian) ဒဏ်ကိုလည်းခံစားရသည်။တော်လှန်ရေးကောင်စီသည် ဝါရင့်သမာရင့် နိုင်ငံတကာမှလေးစားကြသော မြန်မာ့နိုင်ငံရေးသမားကြီးများ၊ တိုင်းရင်းသား တို့လေးစားချစ်ခင်ကြသော တိုင်းရင်းသားကိုယ်စားလှယ်ကြီးများကိုလည်း ဖမ်းဆီးသည်။ နိုင်ငံတော်၏အနာဂတ် သားကောင်းရတနာများဖြစ်ကြသော တက္ကသိုလ် ကျောင်းသားများ ကိုလည်းပစ်သတ်သည်။သက်မဲ့ဖြစ်သော ကျောင်းသား သမဂ္ဂ အဆောက်အဦးကြီးများကိုလည်း ဖေါက်ခွဲဖျက်ဆီးပစ်သည်။ထိုလုပ်ရပ် များသည် လူကြီးလူကောင်းဆန်သော လုပ်ရပ်များမဟုတ်ပေ။ ခေါင်းဆောင် ကောင်းတို့၏ လုပ်ရပ်လည်းမဟုတ်ပေ။ခေါင်းဆောင်ကောင်းဖြစ်ဖို့ဆိုတာ ပြည်သူပြည်သားအားလုံး ၏ချစ်ခင်လေးစားမှုကိုရယူနိုင်မှဖြစ်နိုင်တာပါ။

မြန်မာ စာအုပ်များ





တိုင်းပြည်တစ်ပြည်မှာလူတန်းစားအမျိုးမျိုး၊ အလွှာ အပိုုးမျိုး၊ စရိုက်အပိုုးမျိုး ရှိနိုင်ကြပါတယ်။အချို့က လိမ္မာယဥ်ကျေးတယ်။အချို့ကစရိုက်ကြမ်းတယ်။ ဆိုးလွန်းတယ်။ဒီတော့ တရားဥပဒေစိုးမိုးရေး အတွက်ဆောင်ရွက်ရာမှာ အမှန်တကယ်အပြစ်ကျူးလွန်သူကိုသာရှာဖွေပြီး တိတိကျကျ အပြစ်ပေးသင့်သည်။ အရေးအခင်းများကို ကိုင်တွယ်ရာတွင် ကျစ်ကျစ်လစ်လစ်ကိုင်တွယ်ရမည်။ညင်သာဟန်ပြပြီး လိုအပ်ချိန် လေးသာ ကြမ်းကြမ်းတမ်းတမ်းကိုင်ရမည်။ ပြောစမှတ်၊ဆိုစမှတ်ကျန်ရစ်သည့်အထိ ရမ်းရမ်းကားကား မလုပ်သင့်ပေ။ လက်နက်ကိုင် တပ်မတော်ကို မည်သည့် အရပ်သားမျှ အင်အားချင်း ယှဉ်နိုင်စွမ်းမရှိပေ။ဒီတော့ရမ်းရမ်းကားကား ဖြိုခွင်းခြင်းမပြုဘဲအေးအေးဆေးဆေးတည်ငြိမ်စွာဖြိုခွင်းလို့ရပါသည်။ ရမ်းရမ်းကားကား၊ ကြမ်းတမ်းစွာ စရိုက်ကြမ်းစွာပြုမူမှုကို တောတွင်း တိုက်ပွဲများ ၌ ပြုလုပ်နိုင်ပါသည်။သို့သော် လူယဉ်ကျေးတို့၏အသိုင်းအဝိုင်း၊မြို့ကြီးများ တွင်မလုပ်သင့်ပါ၊ ပညာတတ်တဲ့အသိုင်းအဝိုင်းကြားမှာ ဒီလိုရက်စက် ကြမ်းကြုတ်တဲ့ လုပ်ရပ်တွေဟာဘယ်သောအခါမျှ မမေ့နိုင်သောဖြစ်ရပ်တွေ ဖြစ်လာခဲ့ပါတယ်။ဒီအကျိုးတွေဟာ ဘယ်သောအခါ မှအဲဒီလူတန်းစား နှစ်ရပ်အကြားမှာ ချစ်ကြည်ရေးဆိုတာဖြစ်မလာနိုင်ဘူးဆိုတဲ့ ဆိုးကျိုး ကျန်ရစ်ပါတယ်။

တော်လှန်ရေးကောင်စီသည် စစ်မှန်သောစေတနာဖြင့် တောင်သူလယ်သမားများများအလုပ်သမားများအကျိုးကိုဆောင် ရွက်ပေးခဲ့သော်လည်း ကုန်ဈေးနှုန်းများ မတရားတိုးတက်သောအခါ အငတ်ဘေးနှင့်ကြုံတွေ့ရတော့သည်။ထိုအခါ အလုပ်သမားများက လုပ်ခလစာတိုးမြှင့်ပေးရေးအတွက် ဆူပူဆန္ဒပြကြလေတော့သည်။ထိုအခါ လစာတိုးပေးပြီး ကုန်ဈေးနှုန်းမြင့်တက်မှုကို ကာကွယ်ဟန့်တားပေးရမည့်အစား အလုပ်သမား သပိတ်အဖွဲ့များကို အကြမ်းဖက်ပစ်ခတ် ဖြိုခွင်းခဲ့ပြန်သည်။ထိုအခါ အလုပ်သမားလူတန်းစားသည် အကြောက်ပရားကြောင့် အလုပ်ခွင်ကိုပြန်ဝင်ကြသော်လည်း လုပ်ငန်းအပေါ်စေတနာမရှိတော့ပေ။ဝတ်ကျေတန်း ကျေမျှသာဆောင်ရွက်ကြတော့သည်။စက်ကြီးများပျက်စီးသောအခါ ကြံဖန်ပြီးပြုပြင်ပေးခြင်းတီထွင် ဖန်တီးပေးခြင်းများမရှိတော့ပေ။ ထို့ကြောင့် ၁၉၇၀ နောက်ပိုင်း ကာလများတွင်ကုန်ထုတ်လုပ်ငန်းများအကြီးအကျယ် ကျဆင်းခြင်း များဖြစ်ပေါ်ခဲ့သည်။နိုင်ငံတော်၏ စီမံခန့်ခွဲညွှန်ကြား ခြင်းဌာန ဆိုင်ရာအကြီးအကဲများသည် အောက်ခြေမှတက်လာသူများမဟုတ်ကြဘဲ တပ်မတော်မှအငြိမ်းစားယူခဲ့ကြသောအရာရှိကြီးများဖြစ်သောကြောင့် လုပ်ငန်းများ၏ သဘောသဘာဝကို နားမလည်ခြင်းများသည် လုပ်ငန်းများကျ ဆုံးခြင်း၏ အကြောင်းရင်းများဖြစ်ကြသည်။

ဘာသာရေးဖက်တွင် ဖ-ဆ-ပ-လမှ ခွဲထွက်သောပြည်ထောင်စုပါတီဝန်ကြီးချုပ် ဦးနု၏မြှောက်ပင့်မှုကြောင့်ဗုဒ္ဓဘာသာရဟန်းသံဃာထုသည် အင်အားကြီးမားသောအုပ်စုကြီးအဖြစ်ရပ်တည်လာကြသည်။ထိုအင်အားစုကြီးသည်သူတို့ကို ကျေနပ်မှုမရှိကြပေ။ ထိုအုပ်စုသည်နောင်တွင် အင်အားကြီးမားလာပြီးဦးဆောင်သူများမြှောက်ပင့်သွေးထိုးသူများရှိလာပါကRC ကိုတော်လှန်ပုန်ကန်သောအင်အားစုအသွင်ပြောင်းသွားနိုင်သည်ဟု ယူဆသောကြောင့် တစ်နိုင်ငံလုံးရှိသံဃာအရေအတွက်ကို မည်မျှရှိသည်ဟု စာရင်းဇယားဖြင့်သိလိုသည်။ထို့ကြောင့်သံဃာမှတ်ပုံတင်ပေးပြီး စာရင်းစစ်ခဲ့သည်။ ထိုအခါသံဃာမှတ်ပုံတင်ခြင်းကို ဆန့်ကျင် ကန့်ကွက်သောသံဃာ ၉၂ ပါး ရှိလေရာဖမ်းဆီးပြီး လူဝတ်လဲပြီးထောင်ချခဲ့သည်။

အနှစ်ချုပ်သော် RC ကိုဆန့်ကျင်သောအုပ်စုများသည် လူတန်းစားအလွှာအသီးသီးမှပေါ်ထွက်ခဲ့ကြသည်။သို့သော် စုစည်းညီညွတ်မှုမရှိခဲ့ပေ။နိုင်ငံရေးအရဦးဆောင်နိုင်သောပုဂ္ဂိုလ်ကြီးများလည်းမရှိတော့ပေ။ထို့ကြောင့်အောင်မြင်မှုမရှိခဲ့ပေ။တော်လှန်ရေးကောင်စီနှင့်မ-ဆ-လ ပါတီခေတ်ကာလ၊နောက်ဆုံးရှစ်လေးလုံး အရေးတော်ပုံအထိကျောင်းသားများသည် တပ်မတော်ခေါင်းဆောင်များနှင့်မကြာခဏထိပ်တိုက်တွေ့ခဲ့သည်။ငယ်ရွယ်သောကြောင့် အတွေ့အကြုံရင့်ကျက်မှုနိုင်ငံရေးသဘောတရားရင့် ကျက်မှုမရှိသေးသော်လည်း။ လူငယ်ပညာတတ်များဖြစ်ကြသောကြောင့် နိုင်ငံတော်အစိုးရမှတံခါးပိတ်ဝါဒကျင့်သုံးပြီး နိုင်ငံတကာ ဆက်ဆံရေးဖြတ်တောက်ပြီးသတင်းအမှောင်ချထားသော်လည်း နိုင်ငံခြားမှ (Times,News Week) စသောစာစောင်များရနိုင်ခြင်း (BBC,VOA)စသောအသံလွှင့်ဌာနများမှ သတင်းများရနေသောကြောင့်လက်ရှိအစိုးရ၏တစ်ယူသန် တစ်ဇောက်ကန်း၊စီမံကိန်းများအားလုံးအရှုံးပေါ်ပြီးနိုင်ငံတော်၏ အခြေအနေသည် နစ်သထက်နစ်လာနေကြောင်းသိရသောအခါ လူငယ်များပိပိစွန့်စားပြီး နိုင်ငံတော်ကို ကယ်တင်လိုသောစိတ်ဓါတ်များရှိကြသည်။ထို့ကြောင့် အာဏာရအစိုးရနှင့် မကြာခဏပဋိပက္ခဖြစ်ရလေတော့သည်။ ၁၉၆၂ ဇူလိုင်လတွင်RC ကို ဆန့်ကျင်သောတက္ကသိုလ်ကျောင်းသားများကို တပ်မတော်မှပစ်ခတ် နှိမ်နင်းရာကျောင်းသား(၁၆)ဦးသေဆုံးပြီး အတော်များများ ဒဏ်ရာရကြသည်။အတော်များများအဖမ်းခံရသည်းကျောင်းသားသမဂ္ဂအဆောက်အဦးကိုဖေါက်ခွဲဖျက်ဆီးပြီးကျောင်းများပိတ်လိုက်သည်။ ထို့ကြောင့် အဖမ်းမခံရသောကျောင်းသားများအိမ်ပြန်ကြသည်။

ထို့နောက် ကျောင်းသားများသည်ပြီးခဲ့သောနှစ်ကရက်ရက်စက်စက်သတ်ဖြတ်နှိမ်နင်းမှုကို အခဲမကြေသောကြောင့် တောင်းဆိုချက်အသစ်များကိုတောင်းဆိုလာကြပြန်သည်။မတရားဖမ်းဆီးထိန်းသိမ်းထား သောကျောင်းသားများကို ပြန်လွှတ်ပေးရန် ကျောင်းသားများရပိုင်ခွင့်ရှိသော အခွင့်အရေးလွတ်လပ်ခွင့်များပေးရန် တောင်းဆိုကြသည်။(RC)သည်သွေးစွန်းသောပြဿနာများ ထပ်မံမဖြစ်ပွားရန် မလိုလားသောကြောင့်ကျောင်းသားများနှင့်

မြန်မာ စာအုပ်များ



စေ့စပ် ဆွေးနွေးရန်အဖွဲ့တစ်ဖွဲ့စေလွှတ်ပေးသည်။စေ့စပ်ဆွေးနွေးပွဲ မအောင်မြင်သောကြောင့် ကျောင်းသားများက ထုံးစံအတိုင်းဆန္ဒပြထကြွဆန္ဒပြဖို့ ကြိုးပမ်းရာတပ်မတော်မှအင်အား သုံးပြီးလူစုခွဲ လိုက်သည်။တက္ကသိုလ်ကျောင်းများကို ရက်အကန့်အသတ်မရှိပြန်ပိတ်လိုက်သည် နယ်ကျောင်းသားများသည် အဆောင်များတွင် နေခွင့်မရသောအခါ အိမ်ပြန်ကြသည်။ ယခုအကြိမ်တွင် အေးချမ်းစွာ လူစုကွဲသွားသည်။

နောက်နှစ်တွင်စည်းကမ်းချက်အသစ်များဖြင့် တက္ကသိုလ်ကျောင်းများပြန်ဖွင့်သည်။တင်းကြပ်သော စည်းကမ်းဖြင့်ထိန်း ချုပ်နိုင်ခဲ့သော်လည်း (၁၉၇၀)တွင်ကျင်းပသော အရှေ့တောင်အာရှကျွန်းဆွယ်အား ကစားပွဲကြီး (The Southeast Asia Penisula (SEAP)games) တွင်ဝင်ခွင့်လက်မှတ်ရောင်းချရာတွင် ထုံးစံအစဉ်အလာအတိုင်း လူကြီးသားသမီးများ၊လူကြီးတို့၏မိဘဆွေမျိုး အသိုင်းအဝိုင်း၊ခင်ရာမင်ရာများကို ဦးစားပေးရာမှ ကျောင်းသားများသည် ခြောက်နှစ်ကာလမြိုသိပ်ခဲ့ရသော နာကျည်းမှုများ ပေါက်ကွဲထွက်ပြီး ရန်ကုန်မြို့အနှံ့လှည့်လည်ဆန္ဒပြပြီး(RC)လူကြီးများ၏ အားနည်းချက်များကို ကြွေးကြော်သံဆောင်ပုဒ်များဖြင့် အော်ဟစ် ဆန္ဒပြလေရာ နိုင်ငံအကြီးအကဲအခွင့်ထူးစံများသည် လွန်စွာအရှက်ရလေသည်။

ထို့ကြောင့် ဆန္ဒဆန္ဒပြသောကျောင်းသားများစွာ ဖမ်းဆီးထောင်ချခဲ့သည်။ကျောင်းများပြန်ပိတ်လိုက်သည်။ထို့နောက် ဆရာကြီးသခင်ကိုယ်တော်မှိုင်း နှစ်တစ် ရာပြည့်အခမ်းအနားမှကျောင်းသားဆန္ဒပြမှု ထပ်ပြီးဖြစ်ပွားသည်။အဆိုးဝါးဆုံးမှာ (၁၉၇၄)ခုဒီဇင်ဘာ လ ၁၀ရက်နေ့တွင်ဖြစ်ခဲ့သော ဦးသန့် အရေးအခင်းဖြစ်သည်။ထို့နောက် နှစ်ပေါင်းများစွာငြိမ်သက်ခဲ့သော်လည်း မတရားမှုများကို နာကျည်းမုန်းတီးမှုများအဖြစ် အညှိုးအတေးထားခဲ့ရာမှ ပဋိပက္ခသည်မြန်မာ့သမိုင်းတွင် အကြီးမားဆုံးဖြစ်ခဲ့သည်။ တပ်မတော်သည် ကြားနေပါက ပြဿနာကြီးမြှုကြီးမည် မဟုတ်ပေ။သို့သော် တပ်မတော်သည် မ-ဆ-လပါတီ၏ အစိတ်အပိုင်းဖြစ်သည်။တပ်မတော်မှ မ-ဆ-လ ပါတီပေါက်ဖွားလာခြင်းဖြစ်ရာ မ-ဆ-လချေမှုန်းခံရသောအခါ တပ်မတော် သည်မ-ဆ-လ ကိုကာကွယ်ရမည်သာဖြစ်သည်။

ပြည်တွင်းစစ်ကာလအတွင်း အသစ်ပြန်လည်ဖွဲ့စည်းခဲ့သော ၊ တပ်မတော် သည် ပြည်သူလူထု၏ အဆိုဆန္ဒထက်၊ ခေါင်းဆောင်များ၏ အမိန့်ကိုသာ ဦးထိပ်ပန်ဆင်ခဲ့သည်။

## ရည်ညွှန်း

The goverment calimed that the students were propmpted by the Communists,and General Ne Win declared,"I had no alternative but to meet dah with dah and spear with spear."See-Josel Silvertein and Julian Wohl, "University Students and Politics in Burma."Pacific Affairs,37,no1(Spring 1964),50-65.Also see Gorvenment of Burma, Party Seminar 1965,P.P60-61.

## မြေအောက်တော်လှန်ပုန်ကန်မှုများ

### The under ground opppsitions

ကျောင်းသားများ ရဟန်းသံဃာများနှင့်အလုပ်သမားများသည် လက်နက်ဟူ၍အပ်တိုလေးတစ်ချောင်းမျှကိုပင် ကိုင်ဆောင်ခြင်းမရှိဘဲ လက်နက်မဲ့ပုန်ကန်ခဲ့ကြသလို မျိုးနွယ်စုများသည် ဖက်ဆစ်တော်လှန်ရေး ကာလ ကတည်းက မျိုးချစ်ပြောက်ကျားများအဖြစ် တော်လှန်ရေး အတွေ့ အကြုံရှိခဲ့ ကြသည်။ထို့နောက် တပ်မတော်တွင်လည်းပါဝင်ခဲ့ကြသည်။ လွတ်လပ်ရေးရပြီးနောက် အချင်းချင်းစိတ်ဝမ်းကွဲပြားပြီး ဘာသာရေး၊လူမျိုး ရေး၊နိုင်ငံရေးအယူဝါဒများကြောင့် တောခိုခဲ့ကြသည်။ ၁၉၄၉ မှ ၁၉၅၂ အထိပြည်တွင်းစစ်မီးကြီးဟုန်းဟုန်းတောက်ခဲ့သည်။သို့သော် ၁၉၅၂တွင် တိုင်းပြည်တည်ငြိမ်းအေးချမ်းလာပြီး ပါလီမန် ဒီမိုကရေစီအစိုးရခေတ်ကို အောင်မြင်စွာထူထောင်နိုင်ခဲ့သည်၊ထိုကာလတွင် ကွန်မြူနစ်သူပုန်များမှလွဲပြီး မျိုးနွယ်စုသူ ပုန်များ၏ ပုန်ကန်တိုက်ခိုက်မှု လျော့နည်းသွားသည်။

သို့သော် ၁၉၆၂ ခုနှစ်မတ်လ ၂ရက်တွင်တပ်မတော်မှ အာဏာ သိမ်းပြီးသဘောထားပျော့ပျောင်းသည့် ပြည်ထောင်စု ဝန်ကြီးအဖွဲ့ကို ဖမ်းဆီး ခဲ့သည်။ ဖယ်ဒရယ်မူအတွက် ဆွေးနွေးပွဲတက်နေသော တိုင်းရင်းသား

ခေါင်းဆောင်များ အားလုံးကို ဖမ်းဆီးလိုက်ခြင်းသည် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့စည်းများကို စိမ်ခေါ်လိုက်သကဲ့သို့ဖြစ်သွားသည်။ထိုအခါ ရှမ်းသူပုန်၊ ကရင်သူပုန်၊ကချင်းသူပုန်၊ကယားသူပုန်နှင့်မွန်သူပုန်များ အကြီး အကျယ်ပုန်ကန်ထကြွလေတော့သည်။ ကရင်နှင့်မွန်တို့သည် ၁၉၄၉ ခုနှစ် ကတည်းက ဆန့်ကျင်ပုန်ကန်ခဲ့ကြပြီး ရှမ်းနှင့်ကချင်တို့သည် ၁၉၅၈ နောက် ပိုင်းမှစတင် ပုန်ကန်ခဲ့ကြသည်။ ကယားတို့က ၁၉၅၉ တွင်စတင် ပုန်ကန်သည်။

မွန်သူပုန်တို့က သီးခြားပြည်နယ်ရဖို့အတွက် တော်လှန်ကြခြင်းဖြစ် သည်။ကရင်သူပုန်တို့က သူတို့မျိုးနွယ်စုများနေထိုင်ကြ သောဒေသများ အားလုံး သူတို့၏ကရင်ပြည်နယ် နယ်နိမိတ်ထဲပါဝင်ရန်အတွက် နယ်ခြား မြေပုံ အသစ်ရေးဆွဲပြဌာန်းပေး ရန်တိုက်ပွဲဝင်ကြသည်။ရှမ်းနှင့် ကယားတို့က ပြည်မ(Karenni State )နှင့်တန်းတူအခွင့်အရေးရရှိသော စစ်မှန်သည့် ဖယ်ဒရယ်မူကို ပြန်ပြီးရေးဆွဲပေးရန်တောင်းဆိုကြသည်။ကချင်တို့ကလည်း အစစအရာရာခေတ်နောက်ကျသော ကချင်ပြည်နယ်ကိုရန်ကုန်နှင့် တန်းတူ အခွင့်အရေးပေးပြီး တိုးတက်ဖွံ့ ဖြိုးမှုအတွက် ဆောင်ရွက်ပေးရန် တောင်းဆို သည်။ ဥပဒေဘောင်အတွင်းမှ တောင်းဆိုမှုများသည် တော်လှန်ရေး ကောင်စီတက်လာပြီးနောက်ပိုင်းတွင် လုံးဝချုပ်ငြိမ်းသွားပြီဖြစ်သောကြောင့် လက်နက်ကိုင် လမ်းစဉ်ဖြင့်တော်လှန်ဖို့ကြိုးစားကြခြင်းဖြစ်သည်။ရှေးဦးစွာ အင်ဒီယူအက်ဖ်(NDUF,the illegal National Demonratic United Front) ကိုစုပေါင်းဖွဲ့စည်းသည်။ ပါဝင်သော အဖွဲ့အစည်းနှင့်ပါတီများမှာ (KNU) ခေါ်ကရင်အမျိုးသား ယူနီယံ(The Karen National Union )မွန်ပြည်သစ်ပါတီ (The New Mon State Party )နှင့်ကရင်နီအမျိုးသားတိုးတက်ရေးပါတီ(The Karenni National Progressive Party )တို့ဖြစ်ကြသည်။ ထိုအဖွဲ့သည် သခင် သန်းထွန်း၏ဗမာပြည်ကွန်မြူနစ်ပါတီနှင့် မဟာမိတ်ပြုခဲ့သည်။ထို့နောက် တော်လှန်ရေးကောင်စီအစိုးရကို ၁၉၆၃ မှစတင်ပြီးအပြင်းအထန်ခုခံ တိုက်ခိုက်ခဲ့ကြသည်၊ထို့နောက် ကရင်လွတ်လပ်ရေး ကောင်စီသည်အစိုးရကို ၁၉၆၃မှစတင်ပြီး အပြင်းအထန်ခုခံတိုက်ခိုက်ကြသည်။ထို့နောက် ကချင်

မြန်မာ စာအုပ်များ



လွတ်လပ်ရေးတပ်ခေါ် ကေအိုင်အေ(the Kachin Independence Army) နှင့်ရှမ်းပြည်နယ်လွတ်မြောက်ရေးတပ်မတော်(Shan State Indpendence Amy)တို့ကလည်း ပူးပေါင်းလာခဲ့ကြသည်။ ထို့ကြောင့် (NDUF)သည်အရေအတွက်အားဖြင့် အင်အားနည်းပါးသော်လည်း တိုင်းရင်းသားလူနည်းစု ပုန်ကန်တပ်များစုပေါင်းထားသော တပ်ပေါင်းစု ဖြစ်လာသည်။

တပ်ပေါင်းစုသည် အစိုးရတပ်ကို ရင်ဆိုင်တိုက်နိုင်သော အင်အားမရှိသော်လည်း တရုတ်ပြည်နယ်စပ်တောင်တန်းများ၊ လာအိုနိုင်ငံ နှင့်ထိစပ်သော နယ်နမိတ်တွင် စစ်ရေးလှုပ်ရှားသောကြောင့် စစ်တပ်မှမည်သူမျှ အင်းအားသုံးပြီး တိုက်စေသူပုန်တပ်များကုန်သွားသည်ဟူ၍မရှိ။သူပုန်တို့ ကတော့ တောတောင်များအတွင်း လှည့်ပတ်ပြီးနေခဲ့ကြသည်။ ထို့ထက် အခြေအနေပိုဆိုးပါက တဖက်နိုင်ငံများအတွင်းသို့ ဝင်ပြေးကြသည်။သူပုန်များ အတွက် လိုအပ်သောလက်နက်ရိက္ခာအတွက် မူးယစ်ဆေးဝါး ချက်သူများထံ အခွန်ကောက်ခြင်း၊ ဘိန်းစိုက်ခင်းများမှ အခွန်ကောက် ခြင်း၊ကျောက်စိမ်းနှင့် ကျောက်မျက်ရတနာကုန်သည်များထံမှ ဆက်ကြေးကောက်ခံခြင်း၊ သစ်ခိုးအဖွဲ့များမှဆက်ကြေးကောက်ခံပြီးသောငွေများကို အသုံးပြုခဲ့ကြသည်။

နောက်ပိုင်း ၁၉၇၀နောက်ပိုင်းတွင် ဆိုရှယ်လစ်အစိုးရစက်ရုံများမှ လူသုံး၊အိမ်သုံးကုန်ပစ္စည်းများထုတ်လုပ်ခြင်း မပြုနိုင်သောအခါ ထိုင်းနိုင်ငံ နယ်စပ်တွင် စက်ရုံများတည်ဆောက်ပြီး အရည်အသွေး လျှော့ ထားသော ပစ္စည်းမျိုးစုံကို မှောင်ခိုကုန်သည်များက တင်သွင်းကြသောအခါ ၁၉၈၈အထိ ကေအင်ယူတို့အတွက် အခွန်အကောက်များ ရလေသည်။ကေအင်ယူတို့သည် မှောင်ခိုပစ္စည်းသယ်သောလမ်း၏ လုံခြုံရေးအတွက် တာဝန်ယူပေးကြသည်။၁၉၆၃ ခုတွင်ကရင်သူပုန်အဖွဲ့ ဖြစ်သောကရင် တော်လှန်ရေးကောင်စီ(Karen Revolutionary Council )အလင်းဝင်ခဲ့သည်။

၁၉၆၄ခုပြည်ထောင်စုနေ့တွင် ဗိုလ်ချုပ်နေဝင်းကသူသည် လူနည်းစုတိုင်းရင်းသားတို့၏ဘဝများကို စာနာထောက်ထားပါသည်။ နိုင်ငံ

မြန်မာ စာအုပ်များ



စီးပွားရေးတိုး တက်လာသောအခါ တိုင်းရင်းသား လူနည်းစုအားလုံး ရေမြင့်တဲ့အခါ ကြာတင့်ဆိုသလို ဖြစ်လာမည် ဟုအာမခံပြောကြားသွားသည်။၁၉၆၅ ခုနှစ်တွင်စစ်ကိုင်း၌တိုင်းရင်းသားဖွံ့ ဖြိုးရေးကျောင်းကြီးကြီး ဖွင့်လှစ်ပြီး နယ်စွန်နယ်ဖျားဒေသမှ တိုင်းရင်းသား များကို စာပေနှင့်အခြေခံ လက်မှုပညာများ သင်ပေးခဲ့သည်။သို့သော် သင်တန်းကာလမှာတိုလွန်းသည်။ အခြေခံသိသင့်သိထိုက်တာလေးတွေသင် ပေးပြီးသောအခါမှာ ရပ်ရွာ တိုးတက်ဖွံ့ ဖြိုးရေးအတွက်နည်းပညာအသစ် အဆန်းများ ပေးသင့်သည်။ ဥပမာ-ကျေးလက် ဆေးဝါးကုသနည်းများ၊ အိမ်တွင်းမှုကုန်ထုတ် စီးပွားရေး လုပ်ငန်းအတတ်ပညာလေးများ ဆောက်လုပ် ရေးလမ်းတံတားအတတ်ပညာ၊ လျှပ်စစ်အတတ်ပညာများ သင်ကြားပေးပြီး ကျောင်းဆင်းသောအခါ မိမိတို့ကျေးလက်ဒေသများတွင်လျှပ်စစ်မီးလင်းဖို့ ရိုးရာစိုက်ပျိုးမွေးမြူ ရေးအပြင် စိုက်ပျိုးရေးမွေးမြူရေးမှ ထွက်လာသော ကုန်ကြမ်းကို အခြေခံပြီး ကုန်ချောထုတ်လုပ်သောအတတ်ပညာများ ထုတ်ရောင်းကြသောအခါ ဝင်ငွေတိုးတက်ပြီးလူနေမှုဘဝအဆင့်မြင့်မား လာမည်။ စက်ပညာများ တတ်ထားပါက မီးစက်များ၊ရေစုပ်စက်များ၊ ထွန်စက်များ ပျက်စီးပါက ပြုပြင်နိုင်မည်ဖြစ်သည်။

သို့သော် လက်ယက်ထည်၊ယွန်းထည်ပညာစသည်ဖြင့် မိမိတို့ ဒေသအလိုက် သင်ယူနိုင်သောလက်မှုပညာလေးများကို သာသင်ပေး သောကြောင့် ဝေးဝေးလံလံသင်တန်းသွားတက်ခြင်းသည် ဘာမျှအကျိုးမဖြစ် ထွန်းခဲ့ပေ။ ၁၉၇၁ ခုနှစ်တွင်ကျင်းပသော ဆွေးနွေးပွဲတစ်ခုတွင် ရှမ်းပြည်နယ် ပြည်သူကောင်စီဥက္ကဋ္ဌဦးထွန်းအေးက ဆိုသည်။တိုင်းရင်းသား ဖွံ့ဖြိုးရေးသိပ္ပံကို တက်ခွင့်ရသင့်သူများသည် ဖွံ့ဖြိုးတိုးတက်မှုလုံးဝ မရှိသော ကျေးလက်၊အခေါင်အဖျားများသာဖြစ်သင့်သည်။ ယခုတပ်မတော်နှင့် ဆွေမျိုး နီးစပ်တော်သူကိုသာ တက်ခွင့်ပေးခဲ့ရာသူတို့သည် သင်တန်းပြီးဆုံး

သောအခါ ကျေးလက်ဒေသကို မသွားတော့ဘဲ နဂိုမူလအဆက်အသွယ် အရ ကြိုတင်ရှာထားသောနေရာ၌ နေလိုက်ကြတော့သည်။ အမှန်တကယ် သင်ခွင့်ရသင်သူများ သင်ခွင့်မရသောကြောင့်များစွာ နစ်နာသည် ဟုဆိုပါ သည်။

## ရည်ညွှန်း

**Guardian (Daily)January 1,1971.Febuary.12,1965.**

ဗိုလ်စန်းယုက လူနည်းစုတိုင်းရင်းသားများကိုလည်း အများစု တိုင်းရင်းသားများကဲ့သို့ကျင်းပပေးသင့်ကြောင်း အမိန့်ပေးလိုက်သောကြောင့် ကယားပြည်နယ်နေ့ ရခိုင်ပြည်နယ်နေ့စသည်ဖြင့် တိုင်းရင်းသား နေ့များစွာ ပေါ်ပေါက်လာသည်။သို့သော် တိုင်းရင်းသားများတောင်းဆိုနေကြသော ကိုယ်ပိုင်အုပ်ချုပ်ခွင့်တော့မပေးခဲ့ပေ။၁၉၄၈ တွင် တောခိုချိန်မှစပြီး သခင်သန်းထွန်းသည် ပါလီမန်ဒီမိုကရေစီအစိုးရကိုလည်း ဆန့်ကျင် တိုက်ခိုက်ခဲ့သည်။ ၁၉၆၃ခုနှစ်ဗိုလ်ချုပ်နေဝင်းအာဏာသိမ်းချိန်တွင်ဗိုလ်ချုပ် နေဝင်း၏ တော်လှန်ရေးကောင်စီ အစိုးရကိုဆက်ပြီးဆန့်ကျင်ခဲ့သည်။ ၁၉၆၈ ခုနှစ်တွင်လုပ်ကြံခံရပြီးကွယ်လွန်ချိန်အထိ သခင် သန်းထွန်းသည်တက်လာ သမျှ အစိုးရကိုတော်လှန်ခဲ့သည်။

၁၉၆၃ ခုနှစ်တွင်တော်လှန်ရေးကောင်စီသည် အထွေထွေ လွတ်ငြိမ်းချမ်းသာခွင့်ပေးခဲ့သည်။ရာဇဝတ်ပြစ်ဒဏ်ခံရသူများ ကို ထောင်ဒဏ်များ လျှော့ပေးသည်။ ၁၉၆၂အာဏာသိမ်းချိန်၌ ဖမ်းထား သူတော်တော် များများကိုလွှတ်ပေးလိုက်သည်။ အရေးကြီး သောပုဂ္ဂိုလ် များသာ ချန်ထားလိုက်သည်။ ၁၉၆၃ ဇူလိုင်လ ၁၁ရက်နေ့ တွင်တောတွင်း မှလက်နက်စွဲ ကိုင်တိုက်ခိုက်နေကြသူများကို ငြိမ်းချမ်းရေးဆွေးနွေးပွဲ

အတွက် အဖွဲ့ကြီးရှစ်ဖွဲ့မှကိုယ်စားလှယ်များ လာရောက် ဆွေးနွေးခဲ့ကြသည်။ သို့သော် ဇူလိုင်လ(၃၁)ရက်မှ နိုဝင်ဘာ(၁၄)ရက်နေ့တွင် ဆွေးနွေးပွဲများ ပျက်သွားလေသည်။

## ရည်ညွှန်း

Government of Burma,Party Seminar 1965,PP.47-48.The groups in attendance were the Arakanese Communist party,Karenni National program party,Communist party of Burma,Burma Communist party,Karen Revolutionary Force,and Kachin Independence Council.Several of these groups were united in the talks as the National Democratic United Front.

ငြိမ်းချမ်းဆွေးနွေးပွဲကာလအတွင်း သူပုန်ခေါင်းဆောင်များကို ပြည်သူလူထုနှင့်လွတ်လပ်စွာတွေ့ဆုံခွင့်ပေးခဲ့သည်။ လွတ်လပ်စွာ ဟောပြောခွင့်ပေးခဲ့သည်။တောခိုအဖွဲ့အစည်းများသည်လည်း ငြိမ်းချမ်းရေးအတွက် စိတ်ဆန္ဒမရှိကြပေ။ မြေပေါ်တက် ခွင့်ရသည်နှင့်တပည့်ပေါင်းများ အဆက်အသွယ် ပေါင်းများရှာပြီးသူတို့ ပြန်၍တောခိုသွားချိန်တွင် အဆက်အသွယ်ပြုလုပ်ရန် အစီအစဉ်ထားနိုင်ခဲ့သည်။တစ်ချိန်က အဟောကောင်း၊ အပြောကောင်း၊ အလံနီကွန်မြူနစ်ခေါင်းဆောင် သခင်စိုးသည်မှန်းချက် နှင့်နှမ်းထွက်မကိုက်ဖြစ်နေသည်။ လူထုသည် သခင်သန်းထွန်း၏အလံဖြူ ကွန်မြူနစ်ကိုယ်စားလှယ်၏ ဟောပြောမှုများကို သဘောကျနှစ်မြို့ကြလေသည်။ ထို့ကြောင့် သခင်စိုးခေတ်ကုန်သွားပြီးဟု သဘောပေါက်သွားသည်။သူသည် (NDUF)နှင့်အဆက်အ သွယ် အချိတ်အဆက်ပြန်လုပ်ခွင့် ရသွားသည်။

သူပုန်အဖွဲ့ခေါင်းဆောင်များအားလုံး စုစည်းကြပြီးနောက် အဓိကတောင်းဆိုချက်ကြီး သုံးခုတောင်းဆိုကြလေသည်။၎င်းတို့မှာ -

( ၁ ) တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲကြရန်။

( ၂ ) ဗမာပြည်ကွန်မြူနစ်ပါတီက သူတို့ သိမ်းပိုက်ထားသောဒေသ အတွင်း အခွန်တော်များကောက်ခံပြီးတရားဝင်ရုံးစိုက် နေထိုင်ခြင်းကို ခွင့်ပြုရမည်။သူပုန်အဖွဲ့များလက်ရှိ ထိန်းချုပ်ထားသော နေရာအသီးသီးကို လွတ်မြောက်သော နယ်မြေများ အဖြစ်သတ်မှတ်ရမည်။ လွတ်လပ်စွာ အုပ်ချုပ်ခွင့်ရသော အစိုးရ အဖြစ်သိအမှတ်ပြုပေးရမည်။

( ၃ ) သူပုန် ခေါင်းဆောင်အချင်းချင်း လွတ်လပ်စွာတွေ့ဆုံ ဆွေးနွေး ကြခြင်းကို ခွင့်ပြုရမည်။ဆွေးနွေးပွဲ အကြောင်းအရာများကို ပုံနှိပ်ထုတ်ဝေပြီး လူထုထံဖြန့်ချီခြင်းကို ခွင့်ပြုရမည် ဟု တောင်းဆိုကြသည်။

ထိုတောင်းဆိုချက်များကြောင့် ဆွေးနွေးပွဲပျက်ပြီး သူပုန် ခေါင်းဆောင်များ နယ်မြေအသီးသီးသို့ပြန်ကြသည်နှင့် တပ်မတော် မှသူပုန်တို့ကို အပြင်းအထန်ထိုးစစ်ဆင်လေတော့သည်။ဗမာပြည် ကွန်မြူနစ်ပါတီမှ ခေါင်းဆောင်တစ်ဦးဖြစ်သောဗိုလ်ဇေယျ ကျဆုံးသွားသည်။ ထိုအခါ ပါတီအတွင်း၌ အစိုးရစပိုင်များ ရှိနေပြီဟု အချင်းချင်းသံသယပွား နေကြသည်။ သို့သော် စစ်အစိုးရ၏သူလျှိုကို ရှာဖွေနိုင်ခြင်းမရှိဘဲ အချင်းချင်းစွပ်စွဲတိုက်ခိုက်ရာမှ ဗမာပြည်ကွန်မြူနစ်ပါတီ နှစ်ခြမ်းကွဲသွားသည်။ ဘသိန်းတင်အုပ်စု နှင့်ပီကင်း ပြန်အုပ်စုThe Peking Returness ဟူ၍နှစ်ပိုင်း ကွဲသွားသည်။ပါတီအတွင်း သတ်ဖြတ်မှုတွင်ကွန်မြူနစ်ပါတီကို စတင် တည်ထောင်ခဲ့သော ဂိုရှယ်(Goshal) အသတ်ခံရသည်။ရဲဘော်သုံးကျိပ် အဖွဲ့ဝင် ဗိုလ်ရန်အောင်နှင့်ရဲဘော်ဌွေးတို့ အားလုံး အသတ်ခံလိုက်ရသည်။

ဆက်လက်၍ ၁၉၆၇ တွင်သခင်သန်းထွန်းလည်း လုပ်ကြံခံ ခဲ့ရသည်။ ထို့ကြောင့် ယခုစခန်းသည်လုံခြုံမှုမရှိတော့ပေ။ ထိုအခါ ကွန်မြူ နစ်ပါတီကို စတင်တည်ထောင်စဉ်ဂိုရှယ်နှင့်အတူ ဆောင်ရွက်ခဲ့သော ဒုတိယ ဥက္ကဋ္ဌသခင်ဇင်၊သခင်ချစ်(ပါတီအတွင်းရေးမှူး)နှင့် ဘသိန်းတင်တို့သည်



တရုတ်နယ်စပ် ကိုးကန့်ဒေသသို့ဆုတ်ခွါပြောင်းရွှေ့သွားကြလေတော့သည်။ ထို့နောက် အင်အားသစ်များ စုဆောင်းပြီးနောက် ၁၉၇၀ တွင်အစိုးရတပ်နှင့်တိုက်ခိုက်မှုများဆက်တိုက်ဖြစ်လာခဲ့သည်။နယ်နေအထားအရအဒေသခံတို့က ကျွမ်းကျင်သောအနေအထားဖြစ်လေရာ တပ်မတော်သည် အသစ်ဖွဲ့စည်းလိုက်သော ဗကပ တို့ကို ပဲခူးရိုးမထဲတွင် အနိုင်ရခဲ့သောပုံစံဖြင့် အနိုင်မရတော့ပေ။တဖြေးဖြေးနှင့်ကိုးကန့်နယ်များကို ဗကပတို့ကြီးစိုးလာခြင်းသည် မော်စီတုံးကပြောင်ပြောင်တင်းတင်း လက်နက်တပ်ဆင်ပြီး အကူအညီပေး သောကြောင့်ဖြစ်သည်။

ဗကပတို့ယခုအကြိမ်အင်အားကြီးစိုးလာခဲ့ခြင်းသည်။မော်စီတုံးက ပြောင်ပြောင်တင်းတင်း လက်နက်တပ်ဆင်ပြီး အကူအညီပေးသောကြောင့်ဖြစ်သည်။ ဗကပတို့သည် ရှမ်းပြည်နယ်မြောက်ပိုင်းကိုကြီးစိုးထားပြီးနောက်သူတို့၏ စခန်းဟောင်းများ၏ စခန်းဟောင်းများရှိရာ ပဲခူးရိုးမ နှင့်မြန်မာနိုင်ငံအလယ်ပိုင်း သုံးလုံးနယ်မြေကို ပြန်ပြီးစိမ့်ဝင် ထိုးဖေါက်လာနိုင်သည်။

မြန်မာ့တပ်မတော်သည် အလံဖြူကွန်မြူနစ် ရန်ကို လမ်းကြောင်းများ ပိတ်ဆို့ထားရုံမျှသာ ပိတ်ထားပြီးနောက်အင်အားနည်းသော သခင်စိုး၏

အလံနီကွန်မြူနစ်ပါတီကို အပြုတ်တိုက်သည်။သခင်စိုးအား (၁၉၆၇-၁၉၆၈) ထိုးစစ်ဆင်သော စစ်ဆင်ရေး၌ ဖမ်းမိခဲ့လေသည်။အလံနီ ကွန်မြူနစ်ပါတီသည်ခေါင်းဆောင်တစ်ဦးတည်းသာရှိသော ပါတီဖြစ်သောကြောင့် သခင်စိုးကို လက်ရဖမ်း ဆီးနိုင်သောအခါ တပ်ပျက်သွားလေတော့သည်။ဝန်ကြီးချုပ်ဦးနုသည် ဦးနေဝင်းက နိုင်ငံရေးလောကအတွက် အကူအညီ ပေးရန် ကမ်းလှမ်းသောအခါ မိမိသည်နိုင်ငံရေးလုပ်ငန်းများကို စိတ်မပါ တော့ပါ။ ထောင်မှလွှတ်လာပါက ဘာသာရေးလုပ်ငန်းများနှင့်ထာဝရနေသွားမည်ဟုဆိုသည်။ထို့ကြောင့် ၁၉၆၆ခုနှစ်တွင် နိုင်ငံသမားဟောင်း များနှင့်ပေါင်းသင်းပြီးစင်ပြိုင်နိုင်ငံရေးဆောင်ရွက်ခြင်းမပြုဟုခံဝန်ချက်ပေး သောကြောင့် ထောင်မှလွှတ်လေသည်။ထောင်မှလွှတ်သောအခါ ဦးနုသည် နိုင်ငံအနှံ့အပြားခရီးလှည့်ပတ်ပြီး သံဃာတော်များနှင့်တွေ့ဆုံပြီးဘာသာရေး ဆွေးနွေးခြင်းများပြုလုပ်နေသည်။ဗိုလ်ချုပ်နေဝင်းသည် ဦးနုသွားလေရာ ထောက်လှမ်းရေးအဖွဲ့များစေလွှတ်ပြီး ဘာလုပ်လုပ်စုံစမ်းနိုင်းသည်။ဦးနုသည် ဦးနေဝင်း၏ဆရာဖြစ်သည်။စစ်ပြီးခေတ်တွင် ဗြိတိသျှတို့ဖွဲ့စည်းထား ပေးသော ဗမာပြည်တပ်မတော်သစ်(New Burma Army)တွင် ဦးနေဝင်းသည် အတန်းပညာအရည်အချင်းနည်းပါးသောကြောင့် မေဂျာအဆင့်မျှသာရှိခဲ့သည်။ (Major)အဖြစ် အမှတ် ၄ဘားမားရိုင်ဖယ်တပ်ကို ဦးစီးခွင့်ရသည်။၁၉၄၉ ဖေဖော်ဝါရီလတွင်ပြည်တွင်းစစ်ဖြစ် ပွားပြီး၊ဆိုရှယ်လစ်ဦးနကို မုန်းတီးနေကြသောကွန်မြူနစ်ဝါဒ အခြေခံရှိသောရဲဘော်သုံးကျိပ်ဝင် ရာထူးကြီးမားသောစစ်ဗိုလ်ကြီးများ တောခိုကြသောအခါ ဆိုရှယ်လစ်ဝါဒီမေဂျာလေးနေဝင်းကို ဆိုရှယ်လစ်ဦးနက ခုန်ပျံကျော်လွှားပုံစံဖြင့် ဗိုလ်ချုပ်ရာထူးအထိ တိုးပေးခဲ့သည်။ သို့သော် ဦးနေဝင်းသည်ဆရာသမားဖြစ်သော ဦးနုထံမှ အာဏာသိမ်းပြီးဆရာသမားကို ထောင်ချခဲ့သည်။ ထောင်မှမလွှတ်မီ နောက်နောင် နိုင်ငံရေးလုံးဝမလုပ်တော့ပါဟု ကတိခံဝန်ချက်ကို ရယူပြီးမှ လွှတ်ပေးခဲ့သည်။ဆရာဖြစ်သော ဦးနုကလည်းတပည့်ဖြစ်သူလုပ်မ်းလာမည့်

ခြေလှမ်းကိုသိထားခဲ့ပြီးဖြစ်သောကြောင့် လုံးဝအမှားမခံတော့ပေ။ထောင်ထဲကို ဒီတစ်ခါထပ်ဝင်ရရင် အရင်ထက်ပိုပြီးနာမည်ဟုသိထားသောကြောင့် အထူးသတိထားပြီးရှောင်သည်။

ဦးနေဝင်းသည် ဦးနုကိုယုံကြည်လာသောအခါ ဦးနုအပါအဝင် ဝါရင့်သမ္မာရင့် နိုင်ငံရေးသမားကြီးများကို စုပေါင်းပြီး အဖွဲ့တစ်ခုဖွဲ့စည်းစေသည်။ထို့နောက် ဆိုရှယ်လစ်စနစ်အတွက် အကောင်းဆုံးအကြံဉာဏ်များ ပေးရန် တောင်းခံရာ။၁၉၆၉ မေလ၃ ရက်နေ့တွင် ဦးနုထံမှ အစီရင်ခံစာကို ရရှိလေသည်။ ဦးနု၏ အစီရင်ခံစာ သည်ဦးနေဝင်း မျှော်လင့်ထားသလို ဆိုရှယ်လစ် နိုင်ငံထူထောင်ရေးအ တွက် အကြံဉာဏ် တော့မဟုတ်ပေ။ ဦးနုက အစစအရာရာပြီးပြည့်စုံနေသော ၁၉၄၇ဖွဲ့စည်း အုပ်ချုပ်ပုံနှင့် နိုင်ငံတော်ကို ဆက်လက်အုပ်ချုပ်သွားမည်။လူမျိုးပြဿနာများ ပြေလည်သွား စေရန်အတွက် ပြည်နယ်အသစ်များ တောင်းဆိုနေသူများကို ပြည်နယ် အသစ်များ ပေးသွားမည်ဟုအကြံပြုလေသည်။

မျိုးနွယ်စုခေါင်းဆောင်များ၏ အကြံပြုချက်မှာ ဆိုရှယ်လစ်စနစ်နှင့် သွားနိုင်ပါသည်။ သို့သော် ပြည်နယ်များကို ပြည်မနှင့်တန်းတူ အခွင့်အရေး ပေးရမည် ဖြစ်သည်။ အကောင်းဆုံးမှာ တစ်ပါတီစနစ်မဟုတ်ပေ။ပါတီ အချင်းချင်းယှဉ်ပြိုင်ရသော စနစ်သာဖြစ်သည်ဟု ဖေါ်ပြကြသည်။ အဆင်မပြေဖြစ်သောအခြေအနေများကြောင့် ဦးနုကနောက်ဆုံး အကြံပြုသည်။ရှေးဦးစွာဦးနေဝင်း သည် မတရား အာဏာသိမ်းထားခြင်း (Power had been size illegally)ကိုအပ်ရမည်။ မိမိတို့သည် ပါလီမန် ဒီမိုကရေစနစ် ကိုပြန်လည်ထူထောင်မည်။ဦးနေဝင်းကို နိုင်ငံတော်သမ္မတ နေရာအတွက် ရွေးကောက်တင်မြှောက်ပေးမည်ဟု ကတိပေးသည်။ ပါတီများကို မူလအနေအထားပြန်ရောက်အောင် ကူညီရမည်။ ဖမ်းဆီးထား သော နိုင်ငံရေးအကျဉ်းသား များအားလုံးကို ပြန်လွှတ်ပေးရန်သမ္မတကြီး နေဝင်းက ပါဝါဖြင့်ဆောင်ရွက်ရမည် ဟုအကြံပေးသည်။



ဦးနေဝင်းက ပယ်ချလိုက်သောအခါ ဦးနုကနိုင်ငံတော်အတွက် အသင့်တော်ဆုံး၊အကောင်းဆုံးသော အကြံဉာဏ်များကို ဒီမိုကရေစီကျင့်စဉ်အရတရားဥပဒေဘောင်အတွင်းက ဖြစ်နိုင်သမျှလိုက်လျောပြီး တင်ပြခဲ့ခြင်းမျှ သာဖြစ်သည်။သင့်အနေဖြင့် လုံးဝလက်မခံသည့်အတွက် ကျွန်ုပ်အနေဖြင့် နောက်ထပ်အကြံဉာဏ်ပေးဖို့မရှိတော့ပါ။ကျွန်ုပ်သည် ဘာသာရေးအလုပ် နဲ့ဘဲနေပါတော့မည်။သင်နှင့်ကျွန်ုပ်လက်တွဲ၍ မရနိုင်ဟုနှုတ်ဆက်လမ်းခွဲလိုက်သည်။သို့သော် ဦးနုသည် ဗုဒ္ဓဂါယာမသွားဘဲ အင်္ဂလန်ရောက်သွားသည်၊လန်ဒန်မြို့တွင် တော်လှန်ရေးအဖွဲ့ ကိုဖွဲ့စည်းလိုက်သည်။ဦးနေဝင်းသည် အာဏာ ကိုမိုးမမြင်၊ လေမမြင်၊ငမ်း ငမ်းတက်လိုလား တပ်မက်နေသူဖြစ်ရာသူ့ အားအခြေခံဥပဒေဘောင် အတွင်းမှဘာတစ်ခုမျှ တောင်းဆို၍မရနိုင်။ ထို့ကြောင့် တော်လှန်ရေးလုပ်မည်။ အောင်မြင်သည် အထိတိုက်မည် ကမ္ဘာသိကြေညာခဲ့လေသည်။

ဦးနုအားကာနေဒီယံရေနံကုမ္ပဏီ(Canadian Oil Company) နှင့်

အခြားသောလုပ်ငန်းရှင်ကြီးများက ငွေကြေး ကူညီထောက်ပံ့ကြသည်။ ဦးနုသည် ငွေထုပ်ပိုက်ပြီး ထိုင်းနိုင်ငံရောက်လာသည်။ထိုင်းတွင် ရှိသော ဗိုလ်လက်ျာ (Bo Let Ya)ကစစ်ရေးတာဝန်ခံ ရာထူးယူခဲ့သည်။ ဗိုလ်လက်ျာ သည် ရဲဘော်သုံးကျိပ်ဝင်ဖြစ်သည်။ဗိုလ်ချုပ်အောင်ဆန်း၏ အခင်အမင်ဆုံး မိတ်ဆွေ ဖြစ်သည်။(New Burma Army )၏ဦးစီးချုပ်ဖြစ်သည်။ ဗိုလ်လက်ျာ ဦးစီးချုပ်ဖြစ်စဉ်အချိန်က ဗိုလ်နေဝင်းသည် မေဂျာလေးအဆင့်မျှသာရှိသည်။

သို့သော် နှစ်ပေါင်းနှစ်ဆယ်ကာလကျော်ကျော်အတွင်း ဗိုလ်နေဝင်း သည် ပြည်တွင်းစစ်ပွဲများစွာ တိုက်ဖူးသည်။အာဏာသိမ်းပြီးနောက် နိုင်ငံ ပိုင် သိမ်းခြင်းဆက်တိုက်ပြုလုပ်ထားသောကြောင့် လက်ရှိအနေအထားတွင် ငွေကြေးပြည့်စုံသောအ နေအထား၌ ရှိသောကြောင့် အလိုရှိသောထိုး စစ်လက်နက်မျိုးစုံကို လက်နက်မှောင်ခိုများမှတဆင့် အလုံအလောက် ဝယ်ယူနိုင်သည်။ တပ်မတော် စစ်လက်နက်နှင့်စစ်အသုံး အဆောင်ပစ္စည်း များထုတ်လုပ်သော စက်ရုံများရှိသည်။တိုက်ခိုက်မှုစွမ်းရည်တွင် တပ်မတော် သားများသည် ငွဲ၊သတ္တိ၊အနစ်နာခံမှုအားလုံးသာသည်။ဦးနု၏တပ်ဖွဲ့မှ တပ်သားများသည် တပ်ပြေးများနှင့်လေ့ကျင့်မှု သိပ်မရှိသော သူများသာဖြစ် လေရာ အစောပိုင်းတွင် အောင်ပွဲများစွာရပြီး ထိုးဖေါက်စစ်ဆင် နိုင်ခဲ့သော်လည်း တပ်မတော်မှကြံ့ကြံ့ခံပြီး တဖြေးဖြေးပြန်တိုက်ရာ သိမ်းယူ ထားသောနယ်မြေအားလုံးကို စွန့်လွှတ်ပြီးထိုင်းနိုင်ငံနယ် စပ်သို့ ဆုတ်ခွာသွား တော့သည်။ဦးနုသည်သူ၏ သဘောထား ကြေညာချက်များ ကို၁၉၇၂ခုနှစ် ဧပြီလ ၇ ရက်နေ့တွင် လေယာဉ်ဖြင့် ပြီးစာရွက်များ ကြဲချ၍လုပ်ကို စည်းရုံးသေးသည်။ သို့သော် လူထုသည်လက်နက်မဲ့သူများ ဖြစ်လေရာ လေယာဉ်မှ စာများကြဲချ ပြီးလှုံ့ဆော်ရုံဖြင့် တော်လှန်ကြဖို့ဆိုတာ လုံးဝမဖြစ် နိုင်ပါ။ထိုအချိန်က နိုင်ငံတော်သည် စီးပွားရေးကျဆင်းပြီး အကြီးအကျယ် ဒုက္ခတွေ့ နေသည်။လူသုံးအိမ်သုံးနို့ဆီ၊နို့မှုန့်၊ ဆပ်ပြာ၊သကြား အကုန်ရှား သည်။ဆေးဝါးများလည်း ရှားသည်။ လိုချင်တာ ပြည်သူ့ ဆိုင်သွား

ဝယ်ရသည်။ ဝယ်သည့်အခါ ရှီးရှီးသွား၍ တပ်မတော်မှအရာရှိကြီးတစ်ဦး၏ ထောက်ခံချက်ရှိမှ အရောင်းစာရေးမများက ကြောက်၍ ကြသည်။မည်သည့် အာဏာပါဝါရှိသော ပုဂ္ဂိုလ်မျှအသိမရှိသော် လိုအပ်သော ကုန်ပစ္စည်းလို အပ်သူ တို့ကိုကြားမှလက်မှတ်ထိုးပေးသော ပွဲစားများပေါ်လာသည်။ ပြည်သူ့ဆိုင်ဝန်ထမ်းများသည် ပစ္စည်းများစစ်ဆေးပြီးစီးပါက အားလုံးမှောင်ခို ဈေးကွက်သို့ ပို့လိုက်တော့သည်။

မှောင်ခိုဈေး(Black Market)ဟူသောစကားလုံးသည် အင်္ဂလိပ် ပြေးပြီးဂျပန်ဝင်စခေတ်၊ဂျပန်လက်နက်ချသော ခေတ်ပျက်များ၌သာ ပေါ်ခဲ့ပြီးတိမ်မြုပ်သွားခဲ့သည်။တပ်မတော်မှ ၁၉၆၂ တွင်နိုင်ငံတော် အာဏာသိမ်းခြင်းသည် နိုင်ငံရေး အရှုပ်အထွေးမှုကို ကျူးလွန်ခြင်းမျှသာ ဖြစ်လေရာ စီးပွားရေးနယ်သို့ဝယက်မရှိက်သေးပေ။ထိုအချိန်က လစာ ငွေတစ်ရာကျပ်ရသော ဝန်ထမ်းရှိပါက အဖိုး၊အဖွား၊အဖေ၊အမေ မိသားစု အားလုံးငြိမ်းချမ်းစွာ စားသောက်နိုင် သည်၊တစ်နှစ်တစ်ခါ ပျော်ပွဲစားထွက်နိုင် သည်။ရွှေစလေးများ ဝယ်ယူစုဆောင်းနိုင်သည်။

ကျွန်တော်တို့ ကလေးဘဝ ၁၉၇၄ခုနှစ် တပ်မတော်၏ဒုတိယ အခန်းကဏ္ဍဖြစ်သော မြန်မာ့ဆိုရှယ်လစ်လမ်းစဉ် ပါတီခေတ်တွင် ရုပ်ရှင်မင်းသားဇော်ဝမ်းဆိုသော သီချင်းလေးခေတ်စားလာသည်။

"သုံးကျပ်ဆယ့်ငါးပြားရပါတယ်။"

သားသမီးများလို့မလောက်ပါကွယ်။

ဆီဈေးတွေကြီး၊တကယ်ကြီး

ဆန်ဈေးတွေကြီး တကယ်ကြီးလို့ခက်ပါတယ်။

ဒီလိုဆိုရင် နည်းနည်းလေး၊နည်းနည်းလေးတော့ဈေးလျှော့ချင်။ ဆီဈေးနည်းနည်းကျပါ၊ဆန်ဈေးနည်းနည်းကျပါ၊ကျေးဇူးအများကြီး တင်ပါ သည်တဲ့။

ဒါကနေ့စားလုပ်သားအတွက် လုပ်အားခ(၃ကျပ် ၁၅ ပြား) ရတဲ့

မြန်မာ စာအုပ်များ





သခင်တင်

ခေတ်မှာ လစာတွေတစ်လတစ်ရာရတဲ့ခေတ်မှာ စားဝတ်နေရေး ဒုက္ခကို ဖေါ်ပြတဲ့သီးချင်းပါ။အဲဒီခေတ်ကာလမှာ အစိုးရဟာပြည်သူလူထုကို မျက်စိပိတ်ထားသည်။ နားပိတ်ထားသည်။ပါးစပ်ပိတ်နိုင်းထားသည်။ ပါးစပ်ဟတာနဲ့ထောင်ထဲထည့်သည်။ တောထဲမှာသူပုန်၊မြို့ပေါ်မှကျောင်းသား၊သူတို့ကတော့ထားရင်နေမယ်။သတ်ရင်သေမယ်။ထောင်ချရင် ထောင်ထဲသွားမယ်။ အစိုးရ၏ စီးပွားရေးစနစ်ကိုင် တွယ်လုပ်ဆောင်ပုံများ ဘာတစ်ခုမျှအကောင်းမရှိကြောင်း ရဲရဲဝံ့ဝံ့ပြောကြသည်။ရဲဝံ့သူများစွာ ထောင်တွေထဲမှာညှင်းပမ်း နှိပ်စက်ခံဘဝဖြင့်ထောင်ထဲမှာမထင်မရှား အသက်စွန့်ခဲ့ရသည်။ ရဲရင့်သောကဗျာဆရာတွေစာရေးဆရာတွေ၊ ပန်းချီ ဆရာတွေ မထင်မရှားသတ်ဖြတ်ခံခဲ့ရသည်။

ဒါတွေကို လူကြီးတွေအားလုံးသိသည်။လူကြီးတွေ တိုင်းပြည်ကို မချစ်လို့မဟုတ်။ချစ်ကြပါသည်။သို့သော် အချစ်ကြမ်းသည် ဟုဆိုရမလားဘဲ။ တိုင်းပြည်ကို ကောင်းစားချင် လွန်းတဲ့အတွက် ဉာဏ်လေးမှီသမျှ

စဉ်းစားတော့ဆို ရှယ်လစ် (ရှစ်ဆယ်လို)ဆိုတဲ့စနစ်ဟာ အကောင်းဆုံးပါပဲ။ စတာလင်တို့ပြောတော့ ဆိုရှယ်လစ်စနစ်မအောင်မြင်ခင်မှာ ပြည်သူတွေ ဒုက္ခခံအနစ်နာခံကြ ဆိုရှယ်လစ် စနစ်ကြီးလဲအောင်မြင်ရောပြည်သူလူထုဟာ ရွှေဘုံပေါ်ကို အလိုအလျောက် ရောက်သွားတော့တာဘဲ။မိသားစုတိုင်း တိုက်နှစ်လုံး၊ ကားနှစ်စီး၊တီဗွီ၊ရေခဲသေတ္တာ၊ဇိမ်ခံပစ္စည်းတွေ အပြည့်အစုံနဲ့ချမ်း သာသွားပြီးဟု ဆိုကြသည် ဟုကြားဖူးဟန်တူသည်။အင်္ဂလိပ်လိုရေးထားတဲ့ ကျမ်းထူထူကြီးတွေကိုတော့ (မ-ဆ-လ)မှတော်ရုံပုဂ္ဂိုလ်ကြီးတွေ မဖတ်နိုင်ကြပေ။ ဖတ်နိုင်စွမ်းရှိ မယ်မထင်ဘူး။ကျမ်းထူထူကြီးတွေ ဖတ်တဲ့ကိုရှယ်တို့၊သခင်ဇင်၊သခင်ချစ်၊သခင်သန်းထွန်း၊ဘသိန်းတင်တို့ တောထဲ မှာ ဘ၀တွေ ချုပ်ငြိမ်းတာဘဲ။

သမိုင်းရဲ့ အမှားအယွင်းတွေကို နိဂုံးချုပ်ကြည့်တော့ကား(လ်) မတ်လီနင်နဲ့စတာလင်တို့ကဘဲ အမှားတွေရေး ကြတာလား။စာအုပ်ကြီးထဲက အတိုင်းဖတ်ပြီးလုပ်ကြတဲ့ ဆရာကြီးတွေက မှားတာလား။မူရင်းစာအုပ်တော့ ဖတ်နိုင်စွမ်းမရှိဘူး။အစွန်အဖျားဘာသာပြန်တာလေးတွေ ဖတ်ပြီး ကွန်မြူနစ် တော့မဟုတ်ဘူး။သဘောထားနည်းနည်းတော့ ပျော့တဲ့ဆိုရှယ်လစ်တွေဘဲ အယူအဆလွဲတာလား။သေချာတာကတော့ အဲဒီခေတ်ဆိုး၊စနစ်ဆိုးရဲ့ဒဏ်ကို ခါးစီးပြီး ခံလိုက်ရတာကတော့ သမိုင်းဖြစ်ရပ်မှန်ဘဲ။

ဆိုရှယ်လစ်ခေတ်ဆိုးကြီးတွေမှာမွေးဖွားလာရတဲ့ ကျွန်တော်တို့မှာ နိုင်ငံတကာ အဆင့်အတန်းမမှီတဲ့ခပ်ညံ့ညံ့ ဟိုလည်းမရောက်၊ ဒီလည်း မရောက် ဘာတစ်ခုမှဖြစ်ဖြစ်မြောက်မြောက် မရှိတဲ့ ပညာရေးနဲ့ကြုံခဲ့ရတယ်။ ကျောင်းပြီး တော့ဘွဲ့အလုပ်လက်မဲ့ဒုက္ခနဲ့ကြုံခဲ့ရတယ်။လူငယ်တွေများရင် ကိုယ့်အပြစ် ဒဏ်နဲ့ကိုယ်ခံရုံပါဘဲ။ခုတော့ စီးပွားရေးလောက အကြောင်း၊ နကန်းတစ်လုံးမှ မသိဘဲဆိုရှယ်လစ်စီးပွားရေး ထူထောင် တော့နိုင်ငံတော် ဟာ အကြွေးတွေထူ တိုးတက်မှုမရှိ။အတိဒုက္ခပင်လယ်ဝေခဲ့ရတယ်။ ခေါင်းဆောင်မှားတော့ တစ်နိုင်ငံလုံးတစ်မျိုးသားလုံးခံရတာဘဲ။

အနာဂတ်မှာ နိုင်ငံ့ခေါင်းဆောင်ဖြစ်လိုသူများ သတိပြုကြပါ။မိမိမှာ နိုင်ငံတစ်ခုလုံးကိုဦးဆောင်ဦးရွက်ပြုဖို့ အရည်းအချင်းရှိပါသလား။နိုင်ငံတော်ကို ကမ္ဘာ့အလယ်ဖွံ့ဖြိုးတိုးတက် ကြွယ်ဝချမ်းသာတဲ့နိုင်ငံတော်ကြီးအဖြစ် တည်ဆောက်ဖို့ အရည်အချင်းရှိပါသလား။အရည်အချင်းရှိတယ်ဆို ဝင်ပြိုင်၊ သူလိုငါလို အရည်အချင်းလောက်ပါဘဲဆိုရင်၊ ကျွန်တော်တို့လိုဘဲ ဘေးကထိုင်ပြီးနိုင်ငံ့တာဝန်ကိုကျတဲ့နေရာက ထမ်းပါ။တာဝန်ဆိုတဲ့ စကား ဟာနှစ်လုံးတည်းရှိ ပေမယ့်အဓိပ္ပါယ်ကျယ်ဝန်းတယ်။တာဝန်ယူ တတ်ဖို့၊ တာဝန်ယူနိုင်ဖို့ ဆိုတာသိပ်ခက်ပါတယ်။ဥပမာ-မိန်းမချောချောတွေ တော့ယူ ချင်တယ်ထားပါ။ ယူပြီးတော့အရင်လိုလုလုပလေးထားနိုင်မှာလား။ သား၊ သမီးတွေမွေးဖွားလာဦးမယ်။အိမ်ထောင် တာဝန်ယူနိုင်မှာလား။

ဒါတွေ နောင်ခါလာ၊နောင်ခါချေး ခုအရေးကြီးတာ တူနှစ်ကိုယ်နီး ဖို့ဘဲဆိုရင် တာဝန်မဲ့သူဖြစ်သွားပြီ။သူလို ကိုလိုလူ၊ လူပျင်း၊ လူဖျင်း၊ လူညံ့ကိုယူမိတဲ့အမျိုးသမီး ဒူးနဲ့မျက်ရည်သုတ်ဖို့သာပြင်။ နိုင်ငံတော် အကြီးအကဲနေရာကိုယူချင်လိုက်တာ။ယူချင်တယ်။ ယူနိုင်တယ် ဆိုရင်ယူပါ။ သို့သော် ၁၉၄၈လွတ်လပ်ရေးရချိန်မှ ယနေ့အထိနိုင်ငံ့ခေါင်းဆောင်တွေ ပေါ်ထွက်လာခဲ့ပါတယ်။သူတို့တွေ နိုင်ငံ့ခေါင်းဆောင်ကောင်း အရည်အချင်း နဲ့ကိုက်ညီရဲ့လားဆိုတာ ကျွန်တော်တို့ အညကြွစာရေး တစ်ယောက်က အဆုံးအဖြတ်မပေးနိုင်ပါဘူး။မြန်မာ့ သမိုင်းကမှတ်တမ်းတင်ခဲ့ပြီး ယနေ့ ကျွန်တော်တို့ နိုင်ငံရေးရဲ့ အနေအထားဟာ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ဝင် နိုင်ငံတွေမှာ တန်းစီကြည့်လိုက် အဆင့် ဘယ်လောက်မှာရှိသလဲ။ အာရှတိုက် နိုင်ငံတွေထဲမှာ တန်းစီကြည့်လိုက် ဘယ်လောက်အဆင့်ရှိသလဲ။ အရှေ့တောင်အာရှနိုင်ငံတွေမှာ တန်းစီကြည့်လိုက်၊ ထိပ်ဆုံးကလား၊ အောက်ဆုံးကလား။

သမိုင်းဟောင်းကတော့ ကြေကွဲဝမ်းနည်းစွာဖြင့်ချုပ်ငြိမ်းခဲ့လေပြီ။

မြန်မာ စာအုပ်များ



စေတနာရှိတယ်ပြောပြော၊ နိုင်ငံတော်အာ တွက်အသက်စွန့်ကြိုးပမ်းခဲ့တယ် လို့ဆိုဆို။ဒီကနေ့ဆင်းရဲ ' နိမ့်ကျမှုတွေက သက်သေပါဘဲ။

(၁၉၇၂)ခုနှစ်၊ ဇန်နဝါရီလတွင် ဦးနုသည် (NULF, National United Liberation Front) ၏ဥက္ကဋ္ဌရာထူးမှ နုတ်ထွက်လိုက်သည်။

## ရည်ညွှန်း

* Working People's Daily, June 5, 1969,

* The Minfesto listed three points, The unio was to be formed on teh basis of self-determination with the right to secede, a federal union providing equality, democracy, harmony, and development was in accordance with the interest of the nationalities; the duty of all nationaliti'es was to protect the Union of Burma. See Seach Chiang Nee, 'Burman's Rebel; Force Now Faces a Shaky Future Asian, April 23-29, 1972, ဦးနုသည်အမျိုးသားလွတ်မြောက်ရေးတပ်ဦး၏ ဥက္ကဋ္ဌရာထူးမှ နုတ်ထွက်ပြီးနောက်ပိုင်းတွင် အာဏာရအစိုးရအပေါ် ဆက်လက် ဆန့်ကျင်ခြင်းများမပြုလုပ်တော့ပေ။ ကျန်နေသော အဖွဲ့ဝင်များ အားလုံးသည် တစ်ယူသန်၊ တစ်ဇောက်ကန်းတိုက်ခိုက်ရေးသမားများဖြစ် လေရာ ၊ ဦးနုကဲ့သို့ အဖွဲ့အစည်းတစ်ခု၏ခေါင်းဆောင်မှုမျိုးပေးနိုင်သောအာ ရည်အချင်း ရှိသူတစ်ဦးမျှမရှိလေရာ၊ သူတို့အဖွဲ့ပျက်သွားလေတော့သည်။

☆ ☆ ☆

# အခန်း (၃)

# စည်းမျဉ်းခံအာဏာရှင်တစ်ဦးချုပ်ရေး

## (Constitutional Dictatorship)

## စစ်အုပ်ချုပ်ရေး၏ ဒုတိယအထွဋ်တစ်မျိုး

(၁၉၆၂)ခုနှစ်တွင် တပ်မတော်မှ အာဏာသိမ်းပြီးနောက်၊ ပြည်သူလူထုရွေးချယ်တင်မြှောက်ထားသော အစိုးရအဖွဲ့မှ ခေါင်းဆောင်ကြီးများ အားလုံးကို၊ ဖမ်းဆီးထောင်ချလိုက်သည်။ ပါလီမန်ကိုဖျက်သိမ်းလိုက်သည်။ တရားရုံးများကို ပြုပြင်ပြောင်းလဲလိုက်သည်။

(၁၉၆၃) တွင် မြန်မာ့နည်းမြန်မာ့ဟန်ဖြင့် မြန်မာ့ ဆိုရှယ်လစ်လမ်းစဉ်ပါတီကို တည်ထောင်မည်ဟု ကြေညာခဲ့သည်။ ထိုအခါ မူလအခြေခံဥပဒေအရ ထိုကဲ့သို့ဆောင်ရွက်ခွင့်မရှိပေ။ ထို့ကြောင့် (၁၉၆၉) ခုနှစ်တွင် အခြေခံဥပဒေအသစ်ရေးဆွဲရန် စီစဉ်သည်။ အသစ်ရေးဆွဲမည့် ဆိုရှယ်လစ်စနစ်ကို အခြေခံသော အခြေခံဥပဒေတွင် ပြည်သူတို့၏ ဆန္ဒသဘောတရားများကိုလည်း လက်ခံစဉ်းစားပေးမည်ဖြစ်သည်။ အခြေခံဥပဒေရေးဆွဲခြင်းကို လူတန်းစားအလွှာများ အားလုံးမှ လ◌ာခံသဘောတူကြစေရန်အတွက်၊ ပုဂ္ဂလိက လုပ်ငန်းငယ်လေးများကို၊ လုပ်ကိုင်ခွင့်ပေးခဲ့သည်။

ယခုအချိန်တွင် စစ်အုပ်ချုပ်ရေးသက်တမ်းသည်၊ ခုနှစ် နှစ်ကြာခဲ့ပြီးဖြစ်သောကြောင့်၊ နိုင်ငံတကာမှဝေဖန်မှုများကို၊ သတိထားဖို့လိုပြီဖြစ်သည်။ (၁၉၆၂)ခုနှစ် အာဏာသိမ်းစအချိန်တွင် ကမ္ဘာ့အရေးအခင်းများ၏ ရှုပ်ထွေးမှုများစွာကြောင့်မြန်မာ့အရေးသည် ကမ္ဘာမှအာရုံစိုက်ရသော အနေအထား မဟုတ်ပေ။ သို့သော် (၁၉၆၂)ခုနှစ်တွင် အာဏာသိမ်းသည် (၁၉၆၄)တွင် ပြည်သူပိုင်သိမ်းလိုက်သောအခါ နိုင်ငံသားလုပ်ငန်းရှင်အတော်များများ ထိခိုက်နစ်နာခဲ့ကြသည်။ ထိုကဲ့သို့ထိခိုက်နစ်နာခဲ့ကြသူများအနက်၊ နိုင်ငံခြားသားများနိုင်ငံခြားပြန်ကြသော်လည်း၊ ကပြားများမှာ ခေါင်းငုံ့ပြီးခံကြရသည်။

နိုင်ငံခြားထွက်သွားသူများသည် နိုင်ငံခြားမှနေပြီး စီးပွားရေးအရ လက်စားချေကြသည်။ ထို့အပြင် နိုင်ငံအတွင်းမှ စီးပွားရေးလုပ်ငန်းလုပ်ကိုင်ကြသော စစ်ဗိုလ်ဝန်ကြီးများသည် စီးပွားရေးလုပ်ငန်းအတွေ့အကြုံလုံးဝမရှိသောကြောင့် စီးပွားကျပြီးတိုင်းပြည်ဆင်းရဲမွဲတေ စပြုသည်။

ထို့ကြောင့် နိုင်မာသောအခြေခံဥပဒေရေးဆွဲပြီး ဆိုရှယ်လစ်လမ်းစဉ်ဖြင့် ထိထိရောက်ရောက်ဆောင်ရွက်လိုက်ရရင် ပိုကောင်းမည်ဟု တွေးမိသောကြောင့် ဦးနေဝင်းသည် အခြေခံဥပဒေအသစ် ရေးဆွဲကြဖို့ အမိန့် ပေးလေသည်။ အခြေခံဥပဒေဟောင်းရေးဆွဲရာတွင် ဗြိတိသျှတို့၏ လက်အောက် ၌ ရေးဆွဲခဲ့ရသောကြောင့် အားနည်းချက်များစွာရှိသည်။ ထို့ကြောင့်သူ့ အမိန့်ကို နာခံပြီး ရေးဆွဲပါက ဘာမျှအားနည်းချက် မရှိနိုင်ဟု ယူဆသည်။ (မ-ဆ-လ)(The BSPP) ၏ပထမကွန်ဂရက်တွင် ဆိုရှယ်လစ်စနစ်ကို ကာကွယ်စောင့်ရှောက်သော အခြေခံဥပဒေကိုရေးဆွဲကြရမည်။ ထိုကဲ့သို့ ဆိုရှယ်လစ်ပန်းတိုင်ကဲ့သို့ လျှောက်လှမ်းခြင်းသည် သူ၏ဆန္ဒတစ်ခုတည်းကြောင့် မဟုတ်ဘဲ၊ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း ၏ ပန်းတိုင်ကို သူကဆက်လက်လျှောက်လှမ်းခြင်းဖြစ်သည်ဟု ကွန်ဂရက်တွင် ဦးနေဝင်းကရှင်းပြသည်။ အမှန်စင်စစ်၊ ဗိုလ်ချုပ်အောင်ဆန်းသည်၊ အောင်ဆန်းအက်တလီစာချုပ် ချုပ်ဆိုရန်အတွက် ဘိလပ်သွားခဲ့သည်၊ ဘိလပ်တွင် ကလီးမင့်အက်တလီ၏ပါတီသည် ဆိုရှယ်လစ်ပါတီဖြစ်လေရာ၊ စစ်ပြီးစ၊ ဗြိတိန်နိုင်ငံ၏ ပြန်လည်ထူထောင်ရေးကို အက်တလီက သဘောထားကြီးစွာ၊ အမြော်အမြင်ကြီးစွာတည်ဆောက်ပုံကို အားကျမိသောကြောင့် ဆိုရှယ်လစ်လမ်းစဉ် ကောင်းသည်ဟုဆိုခြင်းဖြစ်သည်။ ဆိုလိုတာကဆိုရှယ်လစ်စနစ်ကို ကြိုက်ရင်ဆိုရှယ်လစ်ပါတီကို တည်ထောင်၊ အရင်းရှင်စနစ်ကိုသာကြိုက်ရင်၊ကွန်ဆာဗေးတစ်ပါတီကိုထောင်၊ လူတိုင်းသည် ဒီမိုကရေစီနည်းဖြင့် လွတ်လပ်စွာကိုးကွယ်ယုံကြည်ခွင့်ရှိသလို နိုင်ငံသားတိုင်းနှစ်သက်သောပုံစံဖြင့်၊ နိုင်ငံရေးလုပ်ခွင့်ရှိသည်။ ကိုယ့်ပါတီကိုပြည်သူက ရွေးချယ်ရင်၊ ကိုယ်ကြိုက်တဲ့စနစ်သည်တည်ထောင်လို့ရပါတယ်။ အဲဒီအချိန်က ဗိုလ်ချုပ်အောင်ဆန်းသည် စစ်သားမဟုတ်တော့လေ။

မြန်မာ စာအုပ်များ



(ဖ-ဆ-ပ-လ)ပါတီကြီး၏ ဥက္ကဋ္ဌ၊ အရပ်သားအမျိုးသားခေါင်းဆောင်မှု သာဖြစ်သည်။ ထိုအချိန်က မြန်မာ့တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ဗိုလ်လက်ျာဖြစ်သည်။ ထို့နောက် ဦးနုသည် ဗိုလ်လက်ျာကို ဖယ်ရှားပြီး စမစ်ဒွန်းကို တာဝန်ပေးခဲ့သည်။ ကရင်သူပုန်တော်လှန်ရေးကာလတွင် စမစ်ဒွန်းကို၊ ရာထူးမှဖယ်ရှားပြီးမေဂျာအဆင့်မျှသာရှိသော ဗိုလ်နေဝင်းကို ရာထူးတိုးပေးခဲ့သည်။ ပြည်တွင်းစစ်ပွဲကို ဖြိုခွင်းရာတွင် ဦးနုလူရွေးချယ်ဖို့ လမ်းမရှိ၊ ထို့ကြောင့် ဗြိတိသျှနှင့် အမေရိကန်စစ်အကြံပေးများ၏ ထောက်ပံ့ ကူညီမှုဖြင့်၊ စစ်လက်နက်များလုံလောက်စွာရခဲ့သည်။ ပြည်တွင်းစစ်ကို အနိုင်တိုက်ခဲ့သည်။ သို့သော်စစ်ပြီးနောက်ပိုင်းကာလဖြစ်သော ၁၉၅၂-၁၉၆၂)ပါလီမန် ဒီမိုကရေစီကိုစောင့်ရှောက်ထိန်းသိမ်းသောကာလတွင် ပြည်တွင်းစစ်မီးသည် အန္တရာယ်ကြီးမားသော အနေအထားမရှိတော့သည့် အတွက် တပ်မတော်ခေါင်းဆောင်ပိုင်းတွင် လူဟောင်း၊ လူသစ်လဲလှယ်ခြင်းများ၊ ပြုလုပ်ပေးသင့်သည်။ နိုင်ငံရေးဝါသနာပါသော ဗိုလ်ချုပ်နေဝင်းကို (ဖ-ဆ-ပ-လ) ထဲတွင် နေရာပေးထားခြင်းဖြင့် တပ်မတော်ကိုလည်း ထိန်းနိုင်မည်။ ပါတီကိုလည်း ထိန်းနိုင်မည်ဖြစ်သည်။ ဦးနုသည် အစိုးရ အဖွဲ့ဝင်အချင်းချင်း၊ ကိုသာပြိုင်ဖက်ဟု သဘောထား သည်။ ဗိုလ်နေဝင်း၏ စစ်အုပ်စုသည် စီးပွားရေး၊ အခြေခံကောင်းများတည် ဆောက်ခြင်း၊ တပ်မတော်ကို ဦးစီးချုပ်၏ အမိန့်တစ်ခုတည်းအောက်၌ ထားပြီး အာဏာသိမ်းရန် စီစဉ်ခြင်းကို သတိမမူခဲ့ပေ။ တပ်မတော်အင်အား ကြီးမားပြီး ကျစ်လစ်စွာ၊ ထုထည်ကြီးမားစွာရှိနေချိန်တွင် ဒီမိုကရေစီခေါင်း ဆောင်အစိုးရအဖွဲ့သည် တည်မြဲသန့်ရှင်းကွဲလိုက်၊ ဦး၊ ဘို၊ သခင်၊ ကွဲလိုက် ကွဲချင် တိုင်းကွဲနေတော့သည်။

ထို့အပြင်အရည်အချင်းမရှိသော ပြိုင်ဖက်နိုင်ငံရေးသမားများ၏ လေးစားမှုကို မူလကတည်း မရခဲ့သော ဦးနုသည် ဒီမိုကရေစီအစိုးရကို အကာအကွယ်ကင်းမဲ့သော အနေအထား၌ ရှိစေခဲ့သည်။ ထို့ကြောင့်အမြစ် တွယ်စ ဒီမိုကရေစီချုပ်ငြိမ်းခဲ့ခြင်းဖြစ်သည်။ ယခုအခါ နိုင်ငံတော်အတွင်း ဦးနေဝင်းကို စိန်ခေါ်နိုင်သော အတိုက်အခံအင်အားစုမရှိတော့ပေ။

မြန်မာ စာအုပ်များ





ဦးနု

ထိုအချိန်တွင် နိုင်ငံတော်တစ်ခုလုံးသည် ဦးနေဝင်း၏ လက်ခုပ်ထဲကရေဖြစ်သည်။ မှောက်လိုမှောက် လှန်လိုလှန်နိုင်သည်။ ဤမျှဒေါသကြီးပြီး၊ ဆင်ခြင်တုံတရားကင်းမဲ့သော အာဏာရှင်လက်ထဲ၊ ပြည်သူလူထု သန်းပေါင်းများစွာ၏ ကံကြမ္မာကိုဝ-ကွပ်ပြီး အပ်လိုက်ရသော အနေအထားတွင် လျှောက်လှမ်းဖို့မသင့်သော ဆိုရှယ်လစ်စနစ်ဆိုးကြီးကို၊ မိုက်ကမ်းစွာ လျှောက်လှမ်းခဲ့တော့သည်။ စနစ်က ဆိုးသလား? လူက-ဆိုးသလား? တော့မသိ ဒေါ်လာသန်းပေါင်းခြောက်ထောင် ကျော်နိုင်ငံတကာအကြွေးတင်ခဲ့ပြီး၊ နိုင်ငံအတွင်း၌ ဘာစီမံကိန်းမျှအောင်မြင် မှုမရှိ၊ ပြည်သူလူထုအတွက် ဘာတစ်ခုမျှအာမခံချက်မပေးနိုင်။ ကမ္ဘာ့ဘဏ်မှ အကြွေးတင်သည်။ ပြင်သစ်နှင့် ဥရောပမှအကြွေးတင်သည်။ ဂျပန်နိုင်ငံမှ အကြွေးတင်သည် အကြွေးများယူပြီး၊ ဘာမျှမလုပ်၊ ဆပ်ဖို့စိတ်မကူးခဲ့ပေ။ ပြည်သူလူထုကို ဆိုးမွေများသာပေးခဲ့သည်။

တပ်မတော်မှ အာဏာသိမ်းပြီးနောက်ပိုင်းမှ၊ လွတ်လပ်ရေးရပြီး သည့်ဘဝကစတင်ထူထောင်ခဲ့သောမလေးရှား၊ စင်္ကာပူ၊ ဘရူနိုင်းတို့တွေ

မြန်မာ စာအုပ်များ



အကြီးအကျယ်တိုးတက်ချမ်းသာသွားသည်။ အိမ်နီးချင်းထိုင်းနိုင်ငံတွင် ရေပေါ် ရေအောက်၊ မြေပေါ်မြေအောက် သယံဇာတရှားပါးသော်လည်း စီမံခန့်ခွဲမှုညံ့ဖျင်းသောခေါင်းဆောင်များ၏ ခပ်ညံ့ညံ့ စီမံခန့်ခွဲမှုအောက်တွင် ဒေသခံ၊ ပါတီ၊ ကောင်စီ၊ အာဏာပိုင်တို့၏ ကိုယ်ကျိုးရှာမှု၊ အကျင့်ပျက်၊ ခြစားမှုများကြောင့် မြန်မာ့အဖိုးတန် သယံဇာတများကို ထိုင်းနိုင်ငံက အောက်ဈေးဖြင့် အလုံးပယ်ရသွားသည်။ ထိုမျှမက ရေဒါမရှိသောကြောင့် မြန်မာ့ပင်လယ်ထဲဝင်ပြီး ငါးနိုးဖမ်းသောအဆင့်ဖြင့် ရေဒါတပ်ဆင်ထားသည့်တိုင်း ငါးဖမ်းသင်္ဘောများကို ဖမ်းနိုင်စွမ်းမရှိ၊ မှောင်ခိုစက်လှေများသာ ဖမ်းဆီးနိုင်သည်။ သို့သော်တစ်လမှာ ဘယ်နှစ်စီးဖမ်း၍ နိုင်ငံတော်ကို ဘယ်နှစ်စီးအပ်သည်ဟု အတိအကျမသိရပေ။ စိတ်ကြိုက်ခိုးနိုင်ခဲ့သည်။

ဗဟိုဦးစီးစနစ်သည် အလွန့်အလွန်ညံ့ဖျင်းသော စနစ်ဟုသိရချိန်တွင် ရှစ်လေးလုံး အရေးတော်ပုံကြီးပေါ်ပေါက်လာပြီး၊ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ ပျက်ဆီးသွားလေတော့သည်။

ပြည်သူလူထုသည် ဆိုရှယ်လစ်တွေကို မည်မျှအတိုင်းအတာအထိ၊ မုန်းတီးခဲ့ကြသည်ကို (၁၉၉၀)ပြည့်ပါတီစုံ ဒီမိုကရေစီရွေးကောက်ပွဲကြီး၌ ဆန္ဒထုတ်ဖော်ပြသခဲ့ကြပြန်သည်။

ဦးနေဝင်းသည် သူနှစ်သက်သဘောကျသော ဆိုရှယ်လစ်စနစ်ကို တစ်ဇောက်ကန်းလျှောက်လှမ်းရာတွင် မိုလ်ချုပ်အောင်ဆန်း၊ ရည်မှန်းခဲ့သော ပန်းတိုင်ဟု မိုလ်ချုပ်ကို ခါးစာခံလုပ်ခဲ့သေးသည်။ နာမည်အလွဲသုံးစားလုပ်ခဲ့သေးသည်။

(၁၉၇၁)ခုနှစ်ပထမကွန်ဂရက်တွင် ဦးနေဝင်းအမိန့်ပေး သောကြောင့်ဒေါက်တာမောင်မောင်နှင့် ဥပဒေပညာရှင်များသည် ဆိုရှယ်လစ်အခြေခံဥပဒေများကိုရေးဆွဲခဲ့ကြသည်။ (၁၉၇၃)ခု ဒုတိယအကြိမ် (The BSPP) ပါတီကွန်ဂရက်တွင်ပြည်သူက ထောက်ခံကြသည်ဟုဆိုသည်။

ရည်ညွှန်း

( 1 ) Government of Burma, Revolutionary Council, The Burmese way to Sociatism (Rangoon) Ministry of Informa tion 1962)

မြန်မာ စာအုပ်များ



Para. 6.

( 2 ) Government of Burma, Burma Socialist Program Party, Address Delivered by General Ne Win, Chairman of Burma Socialist Program Party at Opening Session of the Fourth Party Seminar on 6th November 1969 (Rangoon: , Burma Socia list Program Party, Central Press, 1969)

အခြေခံဥပဒေရေး ဆွဲရာတွင် ဗိုလ်စန်းယုနှင့် တပ်မတော်အရာရှိကြီး (၃၃)ဦးက၊ ဦးဆောင်ခဲ့သည်။ အရပ်ဖက်မှ ပုဂ္ဂိုလ်များနှင့်ပေါင်းသော် (၉၇) ယောက်ဖြစ်သည်။ အရပ်ဖက်မှ ပုဂ္ဂိုလ်များသည် အရေအတွက် များသော်လည်း ၊ ဒီမိုကရေစီစနစ်မဟုတ်သောကြောင့် ကိုယ်ပိုင် အတွေး အခေါ် အယူအဆများပြည်သူလူထု၏ လိုအင်ဆန္ဒများ၊ ထည့်သွင်းဆွေးနွေး ခွင့်ထည့်သွင်းရေးဆွဲခွင့်မရှိ။ တပ်မတော်ခေါင်းဆောင်များချပေးသော၊ လမ်းကြောင်းအတိုင်း၊ တိတိကျကျ တင်းတင်းကြပ်ကြပ်၊ လိုက်နာပြီး ဆောင်ရွက်ပေးရလေသည်။ လိုအပ်ပါက အရပ်ဖက်မှ ပုဂ္ဂိုလ်များပွင့်လင်း စွာ စိစဉ်ဆောင်ရွက်ခွင့်ရှိပါသည်။ သို့သော် ဆုံးဖြတ်ချက်ပေးနိုင်သူမှာ ဦးနေဝင်းနှင့် ဗိုလ်စန်းယုသာဖြစ်သည်။ ထို့ကြောင့် ချွတ်ယွင်းချက်အားလုံး အားနည်းချက်အားလုံးအတွက် လူကြီးပိုင်း၌သာ တာဝန်ရှိသည်။ အောက်ခြေ ပုဂ္ဂိုလ်များတွင်တာဝန်ရှိကြသော်လည်း မူလကတည်းက၊ အရေးပါသူများ မဟုတ်ကြပေ။

မည်သို့ဆိုစေကာမူ၊ နှစ်နှစ်ကြာသည်အထိ၊ အဖွဲ့ ခွဲများဖြင့် အကြိမ် ကြိမ်ရေးဆွဲခဲ့ကြသည်။ အဖွဲ့ပေါင်း (၁၅)ဖွဲ့ ခွဲပြီး၊ နိုင်ငံအနှံ့ဒေသအသီးသီး သို့ သွားရောက်လေ့လာပြီး၊ ပါသင့်သောအချက်များကို ထည့်သွင်းပြီး ရေးဆွဲခဲ့ကြသည်ဟုဆိုသည်။

မူကြမ်းရေးဆွဲပြီးစီးသောအခါ၊ ပုံနှိပ်ထုတ်ဝေခဲ့သည်။ ပြီးနောက် ပြင်ဆင်သင့်သောအချက်များထည့်သွင်းပြီးနောက် ဒုတိယမူကြမ်းကို အသစ်ပြန်လည်ရေးဆွဲကြလေသည်။



ရည်ညွှန်း

Guardian (daily), September 26,

* 1971.

* Working People's Daily, November 2, 1973, reported that 105,000 Participated in the first meeting with the committee in preparing the initial draft; over eight million persons were reported to have heard the explanation of the Second draft,

မည်မျှပင်အကြိမ်ကြိမ်ရေးဆွဲစေကာမူ အားလုံးထပ်တူထပ်မျှ ဖြစ်နေကြသည်။ အဘယ်ကြောင့်ဆိုသော် စတင်ရေးဆွဲချိန်တွင် မြန်မာ့နည်း၊ မြန်မာ့ဟန်ဖြင့် ၊ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီကိုထူထောင်မည် (The Burmese Way to Socialism and Creating the Burma Socialist Program Parthy, ဟူသောအချက်ကိုသာအခြေခံပြီးရေးဆွဲရသောကြောင့် အကြိမ်ပေါင်းမည်မျှ ရေးဆွဲစေကာမူ၊ ပြောင်းလဲမည်မဟုတ်ပေ။ အခြေခံဥပဒေ၏ အဓိကအချက်များသည် နိုင်ငံတော်၏ အနာဂတ်ကို တပ်မတော်ခေါင်းဆောင်များကသာ ထာဝရဦးဆောင်သွားမည်။ အရပ်သားများသည် အုပ်ချုပ်မှုနှင့်သက်ဆိုင်မှုမရှိ အကြံပေးလိုကပေးနိုင်သည်။ သို့သော် ပေးလာသောအကြံများကိုလည်း လက်ခံလိုမှ လက်ခံပေးမည်။ သို့သော် လမ်းညွှန်ဖြစ်သော ဆိုရှယ်လစ်လမ်းစဉ်အောက်တွင် တပ်မတော်ခေါင်းဆောင်များ

မြန်မာ စာအုပ်များ



၏ ဦးဆောင်မှုကို ပြည်သူတစ်ရပ်လုံးက စိတ်ပါသည်ဖြစ်စေ၊ စိတ်မပါသည်ဖြစ်စေ၊ လိုက်နာကြရမည်ဟု ဆိုလိုခြင်းဖြစ်သည်။

၁၉၇၁-ခုနှစ်၊ လမ်းစဉ်ပါတီကွန်ဂရက်တွင် လမ်းညွှန်ချက် (၆)ခု ချမှတ်လိုက်သည်။

၎င်းတို့မှာ

( ၁ ) နိုင်ငံတော်၏ ပန်းတိုင်သည်၊ ဆိုရှယ်လစ်လမ်းစဉ်ဖြစ်သည်။ ဆိုရှယ်လစ်ပန်းတိုင်ရောက်အောင်ချီတက်ကြ ရမည်။

( ၂ ) ဆိုရှယ်လစ် စီးပွားရေးစံနစ်ကို ကာကွယ်စောင့်ရှောက်သော ဥပဒေများကိုသာ၊ ပြဋ္ဌာန်းမည်။

( ၃ ) ပြည်ထောင်စု ဒီမိုကရေစီလူ့အဖွဲ့ အစည်းပုံစံဖြင့်တည်ဆောက်ရမည်။

( ၄ ) အေးအတူ၊ ပူအမျှ ခံစားခွင့်ရှိရမည်။ နိုင်ငံသားတိုင်း၊ တန်းတူညီမျှသာတူညီမျှဖြစ်ရမည်။ အခွင့်ထူးခံလူမျိုး၊ အခွင့်ထူးခံပုဂ္ဂိုလ်မရှိစေရ၊

( ၅ ) လူတိုင်းမွေးရာပါအခွင့်အရေးခံစား ခွင့်ရှိသည်။ (လွတ်လပ်စွာပြောဆိုခွင့်၊ လွတ်လပ်စွာရေးသားခွင့်၊ လွတ်လပ် စွာစုရုံးခွင့်မပါ)

( ၆ ) ဆိုရှယ်လစ်ဒီမိုကရေစီတစ် လူ့ ဘောင်ကြီးတွင် နိုင်ငံသားတိုင်း၊ ခံစားခွင့်၊ စံစားခွင့်တန်းတူရရှိမည်။

## The Locus of Power

မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်သည် စတင်တည်ဆောက်သော အချိန်ကာလမတိုင်မီကတည်းက၊ အများအယွင်းများစွာကျူးလွန်ခဲ့ပြီးဖြစ်သည်။ ကျူးလွန်ခဲ့သော အမှားများကို အောင်မြင်မှုများဖြင့်ဖုံးလွှမ်းလိုက်ပါက၊ အမှန်တရားဖြစ်လာမည်ဟု၊ စစ်အာဏာပိုင်တို့က ယူဆခဲ့ကြသည်။ အမှားတစ်ခုကျူးလွန်မိပါက အကောင်းဆုံးမှာ ဝန်ခံခြင်းမျှသာဖြစ်သည်။ ဤလောကတွင် အမှားတစ်ခုအပေါ်၊ အမှားတစ်ခုဖြင့် အမှားပြင်ခြင်းကိုသာပြုလုပ်ရမည်။ ထပ်ပြီးဖုံးကွယ်ခြင်းဖြင့် အမှန်တရား ဖြစ်ပေါ်လာသည်ဟု ကမ္ဘာ့သမိုင်းတွင် မရှိပါ။ သို့သော် ဆိုရှယ်လစ်လမ်း စဉ်သည် (၁၉၇၃)မှ (၁၉၈၈)အထိ

ဆယ့်ငါးနှစ်တိုင်တိုင်၊ အဘယ်ကြောင့် နိုင်မြဲခဲ့သနည်း ဆိုသော် ဆိုရှယ်လစ်ဥပဒေများကြောင့်မဟုတ်၊ ပြည်သူလူထုကို ဒုက္ခအခက်အခဲများမှ ကယ်တင်ပေးခဲ့ခြင်းများကြောင့်မဟုတ်။ ပြည်သူလူထုသည် ဆင်းရဲတွင်းနက်ပြီး ဒုက္ခပင်လယ်ဝေနေသော်လည်း (၁၉၄၉)မှ (၁၉၈၈) အထိ လက်သံပြောင်လွန်းသော ဗိုလ်ချုပ်နေဝင်းကိုကြောက်ရွံ့ ကြသောကြောင့်ဖြစ်သည်။

ပြောမှားဆိုမှားရှိသည်နှင့်၊ သေဒဏ်၊ ဒီလိုပါဘဲ၊ ဦးနေဝင်း။ ခေတ်ကောင်းစဉ်ကာလ၊ ဆန့်ကျင်ဝေဖန်ပြောဆိုပါက၊ ထောင်ဒဏ်၊ အမှန်တရားတွေရေးပါက ထောင်ဒဏ်၊ အမှန်တရားအတွက်၊ ဆန့်ကျင်ဆန္ဒပြပါက ပစ်ခတ်နှိမ်နင်းခံရမည်။ ထောင်တစ်သက်လွတ်လမ်းမရှိ အလွန်အာဏာ စူးရှခဲ့သည်။ တပ်မတော်ကို စိတ်ထဲရှိသမျှနိုင်းသည်။ ထို့ကြောင့် လူထုသည် လူ့အခွင့်အရေး ချိုးဖောက်ခံနေရသည်ကို သိသော်လည်း၊ ထုတ်ဖော်ပြောဆိုဝံ့သူမရှိပေ။

ထို့ကြောင့် တစ်ပါတီအာဏာရှင်စနစ်တွင် အာဏာအားလုံးကို ဉက္ကဋ္ဌကြီးက ဆုပ်ကိုင်ထားသောကြောင့် အာဏာရှင်စနစ်ဆိုးဖြစ်သည်။

## ပြည်ထောင်စုမြန်မာနိုင်ငံပွဲစည်းတည်ဆောက်ပုံ

## The Structure of the State

ပြည်ထောင်စု မြန်မာနိုင်ငံကို ဆိုရှယ်လစ်ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံဟု အမည်ပေးသည်။ လက်တွေ့ ၌ (Republic) ကို (Unio) ထက်ဦးစားပေးထားသည့် အမည်တွင် (Republic) ကိုရှေ့ ၌ထားပြီး (Unio) ကိုအနောက်၌ထားသည်။

(The Socialist Republic of the Union) ဟုသတ်မှတ်ထားသည်။ (Union) ဆိုသောစကားလုံးကို (၁၉၄၇)ဖွဲ့စည်းပုံမှ ဆွဲသုံးထားခြင်းမျှသာ ဖြစ်သည်။ ထူးခြားမှုချက်ပြည်နယ်အတွက် တိုက်ပွဲဝင်စရာဘာမှ မလို။

မြန်မာ စာအုပ်များ



အားလုံးပေးထားသည်။ တိုင်းခုနစ်တိုင်း။ ပြည်နယ်ခုနစ်ခွဲစုပေးလိုက်သည်။ တိုင်းများမှာ -

( ၁ ) ရန်ကုန်တိုင်း
( ၂ ) ပဲခူးတိုင်း
( ၃ ) မန္တလေးတိုင်း
( ၄ ) မကွေးတိုင်း
( ၅ ) စစ်ကိုင်းတိုင်း
( ၆ ) ဧရာဝတီတိုင်းနှင့်
( ၇ ) တနင်္သာရီတိုင်းတို့ဖြစ်ကြသည်။

ပြည်နယ်ခုနစ် ပြည်နယ်ပေးလိုက်သည်။

( ၁ ) ရှမ်းပြည်နယ်
( ၂ ) ကချင်ပြည်နယ်
( ၃ ) ချင်းပြည်နယ်
( ၄ ) ရခိုင်ပြည်နယ်
( ၅ ) ကယားပြည်နယ်
( ၆ ) ကရင်ပြည်နယ် နှင့်
( ၇ ) မွန်ပြည်နယ်တို့ဖြစ်ကြသည်။

ပြည်နယ်အသီးသီးနယ်နိမိတ်၊ သတ်မှတ်ရာတွင် စစ်တပ်မှ စိတ်ကြိုက်ရွေးထားသော ဒေသခံများစိတ်ကြိုက် ရေးဆွဲထားခြင်းဖြစ်သည်။ သာမန်အရပ်သားများ။ ဘာမျှဝင်ရောက်စွက်ဖက် ခွင့်မရှိ၊ အကြံပေးနိုင်ပါသည်။ သို့သော်အတင်းအကြပ်တောင်းဆိုခွင့်မရှိ။

အုပ်ချုပ်မှုအာဏာကို အဆင့်လေးဆင့်ခွဲခြားထားသည်။ ပထမအဆင့်သည် ရပ်ကွက်၊ ကျေးရွာအဆင့်ဖြစ်သည်။ ဒုတိယအဆင့်သည် မြို့နယ်အဆင့်ဖြစ်သည်။

တတိယအဆင့်သည်၊ ပြည်နယ်၊ တိုင်းအဆင့်ဖြစ်သည်။ အမှန်

တကယ်၊ အာဏာကိုဆုပ်ကိုင်ထားသည့်မှာ ဗဟိုအစိုးရမှာ (Central Grovernment) ဖြစ်သည်။ (Artical 28)

## ရည်ညွှန်း

In the First two drafts emphasis was placed on entral leadership. The wording of the article was central leadership and regional imploementataion are the principles for organizing and building the State (Article 29, first draft and Article 28, second draft)

## နိုင်ငံသားများ၏ အခွင့်အရေးများနှင့်တာဝန်များ

## (Rights and Duties)

အခြေခံဥပဒေတွင်၊ နိုင်ငံသားများကို မည်သည့်အခွင့်အရေးမျိုး ပေးမည်ဟု အတိအကျ၊ အာမခံထားခြင်း မရှိပေ။ တရားဥပဒေများကို ချိုးဖောက်ခြင်းမရှိပါက လွတ်လပ်စွာနေထိုင်ခွင့်ရှိသည်။ စီးပွားရေးတွင် ဆိုရှယ်လစ်စီးပွားရေးကို နိုင်ငံတော်က ထူထောင်နေသည်။ နိုင်ငံသားများ ကပြားများအနေဖြင့် အိမ်တွင်းမှုလုပ်ငန်းလေးများတော့ လုပ်ခွင့်ရှိသည်။ သို့သော် စက်ရုံ၊ အလုပ်ရုံကြီးများထူထောင်ခွင့်မရှိပေ။ နိုင်ငံတော်စက်ရုံကြီး များသည် နေ့စဉ်ပြည်သူလူထုအတွက် လိုအပ်သော၊ အဝတ်အထည်၊ အလုကုန်ပစ္စည်း။ လူသုံးအိမ်သုံးပစ္စည်းအသေးအမွှားလေးများ ထုတ်လုပ် ခြင်းမရှိ။ ထိုခေတ်ထိုအခါက မြန်မာနိုင်ငံတွင် ကြွေပြား၊ ကျောက်ပြားခင်း သော၊ ကာရံသောနေအိမ်များ၊ သိပ်မရှိပေ။ ပါတီ၊ ကောင်စီလူကြီးများ ညွှန်မှူးကြီးများ စသည်ဖြင့် အခွင့်ထူးခံ၊ ရေပေါ်စီများသာ သုံးစွဲနိုင်သော ပစ္စည်းများကိုသာ ထုတ်လုပ်ကြသည်။ သကြားစက်များတော့ရှိပါသည်။ နို့ဆီစက်ရုံမရှိ၊ လူကြီးများအတွက် နိုင်ငံခြားမှ စားကောင်းသောက်ကောင်း၊ များရနိုင်သည်။ တပ်မတော်သားအားလုံးအတွက်လည်း နို့ဆီ၊ နို့မှုန့်၊ ဟောလစ်၊ မိုင်လိုရနိုင်သည်။ သို့သော် ဆင်းရဲသားအလုပ်သမား၊ လယ်သမား များအတွက် နို့ဆီ၊ သကြား၊ စားသုံးခွင့်မရှိ၊ ရေနွေးကြမ်းမျှသာ ရှိသည်။

**တန်ထားထုစာဝဝ**

မြန်မာ စာအုပ်များ



တော်လှန်ရေးကောင်စီတက်လာစ၊ တောင်သူလယ်သမား နှီးနှော ဖလှယ်ပွဲများအလုပ်သမားနှီးနှောဖလှယ်ပွဲများတွင် အခြေခံ လူတန်းစား အတွက်ဟုမစားရ ဝါခမန်း-ပြောခဲ့ဟောခဲ့သည်။ အာဏာအခြေခိုင်ပြီး၊ သေတပန်၊ သက်တဆုံး၊ ရာသက်ပန် အာဏာရှင်ကြီး အဖြစ်အုပ်ချုပ်ရေး အာဏာကို ပိုင်ဆိုင်ခွင့်ရလာသောအခါ အခြေခံလူတန်းစားများ၏ ဘဝနိုင်ငံတော်၏ အနာဂတ်သားကောင်းဘွဲ့ရပညာတတ်များ၏ ဘဝရေရှည်ရေးအတွက် မိမိတို့၏ မှားယွင်းသော စနစ်ကြီးကို ဆယ်နှစ်ခန့်စောပြီး သင့်တော်သလို ပြောင်းလဲမှုလုပ်ပေးခဲ့ပါက၊ နိုင်ငံတော်တွင် ပညာရေးအဆင့်အတန်း ဤမျှ နိမ့်ကျသွားစရာမရှိ။ ပြည်သူများ နိုင်ငံတကာတွင် ရွှေ့ပြောင်းလုပ်သားများ အဖြစ် သန်းပေါင်းများစွာဒုက္ခဖြစ်ကြဖို့မရှိပေ။

မဖြစ်နိုင်သော ၊ ဆိုရှယ်လစ်ပန်းတိုင်ကို လျှောက်လှမ်းခဲ့ခြင်းသည် အားလုံးအတွက် ကြေကွဲဝမ်းနည်းစရာများဖြစ်ခဲ့သည်။ ထို့ကြောင့် ကောင်းစေ ချင်လို့လုပ်ဆောင်ခဲ့ကြိုးပမ်းခဲ့သမျှသည် အရာရာပျက်ဆီး၊ ဆုံးရှုံးခြင်းဖြင့် နိဂုံးချုပ်ခဲ့ရသည်။ ယခုအခါ၊ ဆိုရှယ်လစ်နှင့် သမဝါယမကို လူတိုင်းမုန်း တီးနေကြပြီဖြစ်သည်။

## ပွဲစည်းအုပ်ချုပ်ပုံရှိသော၊ စည်းမျဉ်းခံအာဏာရှင် စနစ်အောက်မှ နိုင်ငံရေး

## (Politics under the Constitutional Dictatorship)

တော်လှန်ရေးကောင်စီအုပ်ချုပ်စဉ်ကာလတွင် တပ်မတော် ခေါင်းဆောင်များကိုသာအခြေခံပြီး အုပ်ချုပ်ခဲ့ကြသည်။ စစ်အုပ်ချုပ်ရေး၏ အုပ်ချုပ်သည့် စည်းမျဉ်းခံအာဏာရှင် စနစ်အတွက် လူထုလူတန်းစားအဖွဲ့ အစည်းများ၊ အရပ်ဖက်အခြေခံသော အဖွဲ့အစည်းများကို ဖွဲ့စည်းလေသည်။ ပြီးနောက်တော်လှန်ရေးကောင်စီ၏ အုပ်ချုပ်မှုအာဏာအရပ်ရပ်ကို အသစ်ဖွဲ့ စည်းလိုက်သော (The national Legislature) သို့ အာဏာအားလုံးလွှဲပေး ကြောင်း ကြေညာလိုက်လေသည်။ တော်လှန်ရေးကောင်စီကို လုံးဝဖျက် သိမ်းကြောင်း ကြေညာလေသည်။ ထို့နောက် အရပ်ဖက်မှ အနည်းငယ်

ပါဝင်သောအုပ်ချုပ်ရေးအဖွဲ့မှ အုပ်ချုပ်ရေး၊ တရားစီရင်ရေးနှင့် စီမံခန့်ခွဲရေးတို့အတွက် ကောင်စီများ အသီးသီးဖွဲ့ စည်းလေသည်။

## ရည်ညွှန်း

Guarduian (Daily) March 3, 1974 အုပ်ချုပ်မှုကောင်စီတွင် အဖွဲ့ဝင် (၂၉)ဦးပါသည်။ ထိုအထဲတွင် တပ်မတော် (၁၁)ဦးပါဝင်သည်။ တပ်မတော်ကိုယ်စားလှယ်များသည် တော်လှန်ရေးကောင်စီမှဖြစ်ကြသည်။ အချို့သောကောင်စီဝင်များသည် အကြောင်းအမျိုးမျိုးကြောင့် ရာထူးမှ ထုတ်ပယ်ခြင်းခံရသောကြောင့် အစားထိုးထားခြင်းမျိုးရှိသည်။ ရှေ့ခန်းတွင် တော်လှန်ရေးကောင်စီဝင်များနှင့်ပတ်သက်ပြီး အတော်လေးပြည့်စုံစွာ ဖော်ပြခဲ့ပြီးဖြစ်ပါသည်။ အာဏာသိမ်းချိန်တွင် ပါဝင်ခဲ့ပြီးနောက်၊ တော်လှန်ရေးကောင်စီမှ ထုတ်ပစ်ခံရသူများတွင် ဗိုလ်တင်ဖေနှင့် သူ၏ယောက်ဖ ဗိုလ်သန်းယုဆိုင်တို့နှစ်ဦးသည်သာ စီးပွားရေးလုပ်ဆောင်ရာတွင် ညှဲဖျင်းလွန်းသောကြောင့် ထုတ်ပစ်ခံရပြီး၊ ဗိုလ်အောင်ကြီးသည် ဗိုလ်ချုပ်နေဝင်း၏ အမှားများအားနည်းချက်များကို ကာနယ်ကြည်မောင်သည် အလုပ်သမားနီးနှောဖလှယ်ပွဲကို မတက်ဘဲနေသောကြောင့် ထုတ်ပစ်ခံရခြင်းဖြစ်သည်။ စသည်ဖြင့် ဥက္ကဋ္ဌကြီးကို ခိုးလိုးခုလုဖြစ်အောင် လုပ်မိသည်နှင့် ရာထူးမှထုတ်ပစ်တော့သည်။ ဤ သည်မှာ တိုက်ဖော်တိုက်ဖက်၊ သေဖော်သေဖက်များကို ပင်ခွင့်လွှတ်သီးမခံဘဲ အာဏာ၊ ပါဝါပြဋ္ဌာန်းသောလုပ်ရပ်ဖြစ်သည်။

ဖွဲ့စည်းပုံအခြေခံဥပဒအရ ဦးနေဝင်းကို ပါတီဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်ရန် အင်အားကြီးသော အတိုင်းအတာအထိ ထာဝရ တာဝန်ပေးခဲ့သည်။ ထိုအခါ ဆိုရှယ်လစ်အခြေခံဥပဒေအရ ကောင်စီဥက္ကဋ္ဌ၊ ပါတီဥက္ကဋ္ဌသည် နိုင်ငံတော် ၏ သမ္မတရာထူးကိုလည်း အလိုအလျောက်ရသွားလေတော့သည့် အတွင်းရေးမှူးဖြစ်လာသော ဗိုလ်ချုပ်စန်းယုသည် ဦးနေဝင်းအနေဖြင့် တာဝန်များကို ဆက်လက်ထမ်းဆောင်ခြင်းမပြုနိုင်တော့သည်။ ထိုကာလတွင် ဦးနေဝင်း၏တာဝန်ဝတ္တရားများကို ဆက်ခံခွင့်ရရှိမည်ဖြစ်သည်။

သာမန် ပြည်သူတစ်ဦးအနေဖြင့် မည်မျှတော်၊ မည်မျှတတ်၊ မည်မျှကောင်းပါစေ၊ သမ္မတရာထူးအတွက် ရာသက်ပန်တာဝန်ထမ်းဆောင်ခွင့်မရှိတော့ပေ။ ခေါင်းဆောင်နှစ်ဦး၏ ခေတ်လွန်ကာလများတွင်လည်း တန်းစီငယားအတိုင်း စဉ်ဆက်မပြတ် အမွေဆက်ခံကြမည်ဖြစ်လေရာ အရပ်သားများ၏ တာဝန်သည်ရှာဖွေရသမျှ သီးခံစားသောက်ရှိတာလေးနဲ့ လှအောင်ဝတ်ရတာလေးနဲ့ လောက်အောင်စား တိုင်းရေးပြည်ရေး၊ နိုင်ငံရေးသည် ပြည်သူနှင့်မဆိုင် မင်းမျိုးမင်းနွယ်များ ထီးနန်းဆက်ခံကြသကဲ့သို့ နိုင်ငံတော်ကို ချောက်ကြီးထဲကျမည့်ဘေးမှကယ်တင်နိုင်စွမ်းရှိသော၊ တော်လှန်ရေးကောင်စီဝင်များကသာ ခံစားခွင့်ရှိသည်။

ကောင်စီမှ ထင်ရှားသော - ခေါင်းဆောင်များမှာ -

( ၁ ) ဗိုလ်သောင်းတန် (Brigadier Thaung Dan)
( ၂ ) ဒေါက်တာမောင်မောင် (Dr. Maung Maung)
( ၃ ) ဦးဘငြိမ်း (U Ba Nyein)
( ၄ ) ဦးကျော်စိုး (U Kyaw Soe)
( ၅ ) ဒေါက်တာမောင်လွင် (Dr. Maung Lwin)
( ၆ ) ဒေါက်တာလှဟန် (Dr. Hla Han)
( ၇ ) ဦးသောင်းကြည် (U Thaung Kyi)
( ၆ ) ဦးသန်းစိန် (U Than Sein) နှင့်
( ၇ ) ဦးစိန်ဝင်း (U Sein Win) တို့ဖြစ်ကြသည်။

## ရည်ညွှန်း

The remaning members were U Kyaw Soe, Vol. Kyaw Win, U Khein Za Moong, U Khin Maung, U Soe Hlaing, Soe Ohn Hnya, U Thin Tein, U Tun Myint , U Tun Lin, Col Min Thein, Mahn San Myat Shwe, U Hla Tun Pru, U Than Din Comm. Thaung Tin, U Than Sein (Arakan) Dr. Thein Aung, U Dingra Tang ကျန်သောအဖွဲ့ဝင်များမှာ

ကာနယ်ကျော်ဝင်း၊ ဦးကင်ဇာမွန်၊ ဦးခင်မောင်၊ ဦးစိုးလှိုင်၊ စောအုန်းညာ၊ ဦးတင်သိန်း၊ ဦးထွန်းမြင့် ၊ ဦးထွန်းလွင် ၊ ကာနယ်မင်းသိန်း၊

မန်းစံမြတ်ရွှေ၊ ဦးလှထွန်းဖြူ၊ ဦးသာဒင်၊ ကွန်မင်ဒါသောင်းတင်၊ ဦးသန်းစိန် (ရခိုင်) ဒေါက်တာသိန်းအောင်၊ သခင်အောင်မင်းနှင့် ဦးဒင်ဂရာတန်တို့ဖြစ်ကြသည်။

၎င်းတို့ထဲမှာ တော်လှန်ရေးကော်စီဝင်လေးဦးသည် ဝန်ကြီးများဖြစ်လာပြီးကျန်ဆယ့်တစ်ယောက်သည် ဒုတိယဝန်ကြီးများဖြစ်ကြသည်။ အရပ်သား ဝန်ကြီးမှာ ဦးစိန်ဝင်းနှင့် ဦးလွင်တို့ဖြစ်ကြသည်။


ဝန်ကြီးများနှင့်လက်ဘိနက်ကောင်စီတွင် ပါဝင်ကြသူများမှာ - ဦးစိန်ဝင်းသည် ဝန်ကြီးချုပ်ဖြစ်လာသည်။ ဦးလွင်က ဒုတိယဝန်ကြီးချုပ်နှင့်စီမံကိန်းရေးဆွဲရေးဝန်ကြီးဖြစ်သည်။ ဦးကိုကိုသည် ပြည်သူ့အိမ်ရာနှင့်သာသနာရေးဝန်ကြီးဖြစ်လာသည်။

ဒေါက်တာညီညီသည် သတ္တုတွင်းဝန်ကြီးဖြစ်လာသည်။ ဦးသာကျော်သည် ဆက်သွယ်ရေးနှင့် သယ်ယူပို့ဆောင်ရေးဝန်ကြီးဖြစ်လာသည်။ ဆောက်လုပ်ရေးဝန်ကြီးအဖြစ် ဦးထင်ကျော်က၊ တာဝန်ယူရလေသည်။ နောင် - ကမ္ဘာကျော်ရှစ်လေးလုံးကာလတွင်၊ လက်နက်မဲ့ဆန္ဒပြပြည်သူများနှင့်ကျောင်းသူကျောင်းသားများကို သေနတ်ဖြင့်ပစ်ခတ်ဖြိုခွင်းရန်အမိန့်ပေးသော စရိုက်ကြမ်းကြမ်း၊ နိုင်ငံတော်သမ္မတနှင့် ဝန်ကြီးချုပ် (မ-ဆ-လ) ပါတီဥက္ကဋ္ဌ တာဝန်အားလုံးယူခဲ့သော ဦးစိန်လွင်သည် ထိုအချိန်က - ကာနယ်စိန်လွင် ဖြစ်သည်။ ကာနယ်စိန်လွင်သည် သမဝါယမဝန်ကြီးတာဝန်ကိုယူခဲ့သည်။

ကာနယ်ကြည်မောင် နောင် (၁၉၉၀)ရွေးကောက်ပွဲတွင် (NLD) ပါတီကို၊ ဦးဆောင်ခဲ့သူ၊ ဂန္ဓီခန်းမတွင် ရွေးကောက်ပွဲအနိုင်ရသော (NLD) ကိုယ်စားလှယ်များနှင့်အတူတကွ၊ အခြားသောရွေးကောက်ပွဲအနိုင်ရသော အမတ်အားလုံးကို၊ ကိုယ်စားပြုပြီး၊ န- ဝ-တ စစ်အစိုးရထံ၊ အာဏာလွှဲပေးဖို့အတွက် ဦးဆောင်ပြီး တောင်းဆိုခဲ့သူဖြစ်သည်။ ထိုအခါက၊ ကာနယ်ကြည်မောင်ကို ဦးနေဝင်းသည် တော်လှန်ရေးကောင်စီဝင်အဖြစ် ထုတ်ပယ်ထားခြင်းမှပြန်ခေါ်ပြီး (မ-ဆ-လ) တစ်ပါတီ၊ အာဏာရှင်စနစ်တွင် ကျန်းမာရေးဝန်ကြီးအဖြစ် တာဝန်ပေးခဲ့သည်။ ကာနယ်ကြည်မောင်ကို

မြန်မာ စာအုပ်များ





ဦးကျော်ငြိမ်း

အပြစ်တင်၍ - မရပေ။ ထိုခေတ် ထိုအခါက၊ အာဏာရှင် ဦးနေဝင်းကို မှားသည်ဖြစ်စေ၊ မှန်သည်ဖြစ်စေ၊ ဟုတ်တိုင်းမှန်ရာရှင်းပြဝံ့သူ လုံးဝမရှိပေ။ ဒေါ်သအိုးကြီးပေါက်ကွဲပါက၊ သေဒဏ်နှင့် ထောင်ဒဏ် သိပ်ကြောက်ဖို့ ကောင်းသည်။ ကျွန်တော်တို့ ငယ်ရွယ်စဉ်ကလေးဘဝတွင် ဒေဝါကိုတောင် မကြောက်ပါ။ ပါတီဥက္ကဋ္ဌကြီး၏ နာမည်ကို ကြားရုံဖြင့်ကြောက်ကြသည်။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့ အနီးပါတ်ဝန်းကျင်တွင် ဆေးတက္ကသိုလ် တက်နေရင်း၊ ကျောင်းသားအရေးအခင်းများတွင် ပါဝင်မိသောကြောင့်၊ ပညာတစ်ပိုင်းတစ်စဖြင့် ကျောင်းထုတ်ခံရပြီး ဘဝပျက်နေသူတွေကို အဖွားကအမြဲပြသပြီး၊ သားတို့ကြီးလာရင်၊ နိုင်ငံတော်အစိုးရကို ဝေဖန်ခြင်းမပြုဖို့ တားမြစ်လေ့ရှိသည်။ ရန်သူငါးပါးတွင် ၊ အဆိုးဝါးဆုံးသော ရန်သူသည် မင်းဖြစ်သည်။ မီးလောင်ရာတွင် ကန့်သတ်နယ်မြေအတွင်း၌ အန္တရာယ်ရှိသည်။ မင်းပြစ်၊ မင်းဒဏ်သင့်ခဲ့ရင်၊ ဘယ်ကိုမှ ပြေးလို့မလွတ်ဘူးဟု ဆုံးမတတ်သည်။ အဖွားဆုံးမနေသည့် ကြားမှ ရှစ်လေးလုံးတွင် ကျွန်တော်ဝင်ပါခဲ့သည်။

ဒီနေ့ ခေတ်လူငယ်တွေ၊ နိုင်ငံရေး၊ စကားပြောရဲကြသည်။ နိုင်ငံရေး စာပေတွေ ဖတ်ကြသည်။ လွန်ခဲ့တဲ့ သုံးလေးနှစ်အထိ၊ နိုင်ငံရေး လုပ်ရင်၊ ထောင်တစ်သက်နှင့်သေဒဏ်ကို ကြောက်မက်ဖွယ်ရာကြုံတွေ့

မြန်မာ စာအုပ်များ



ခဲ့ရသည်။ အကျိုးဆက်မှာ ယနေ့ကျွန်တော်တို့ လူငယ်များသည် နိုင်ငံတကာ ဆက်ဆံရေး၊ နယ်ပယ်၌ အတွေ့အကြုံလုံးဝမရှိတော့ပေ။ နိုင်ငံတော်ကို မ-ဆ-လ ပါတီက တစ်ယောက်ပြီးတစ်ယောက် အုပ်ချုပ်မည်။ သာမန်ပြည်သူများ အုပ်ချုပ်ရေးနှင့် ဘာမျှပတ်သက်မှု မရှိ၊ အာဏာပိုင်တို့က လိုလားသော်၊ ဝန်ကြီးမှုဖြစ်နိုင်သည်။ သို့သော်လူတိုင်း၊ နိုင်ငံသားတိုင်းအတွက် မဟုတ်ပေ။ နီးစပ်သူများအတွက် သာဖြစ်သည်။

ပညာရေးဝန်ကြီးသည် ဒေါက်တာခင်မောင်ဝင်းဖြစ်သည်။ ထို့နောက်ပညာရေးဝန်ကြီးအဖြစ် တပ်မတော်မှ အငြိမ်းစားအရာရှိ၊ ဦးကျော်ငြိမ်းကို တာဝန်ပေးခဲ့သည်။ အရပ်သားဝန်ကြီးဖြစ်ပါက၊ ကျောင်းသားများကို နိုင်နင်းစွာ အုပ်ချုပ်နိုင်မည်မဟုတ်သောကြောင့်၊ ကျောင်းသားသပိတ်များစွာ ပေါ်ပေါက်ခဲ့ခြင်းဖြစ်သည်ဟု ထိပ်တန်းခေါင်းဆောင်များက ယူဆကြသည်။ ကျောင်းသားများ၊ ပညာထူးချွန်ရေးသည် နိုင်ငံတော်အတွက် အရေးကြီးသောအချက်မဟုတ်ပေ။ ငြိမ်ဝပ်ပိပြားရေးသည်သာ အရေးကြီးသောကြောင့် တင်းကျပ်စွာအုပ်ချုပ်နိုင်သော ဦးကျော်ငြိမ်းကို ပညာရေးဝန်ကြီးခန့်လိုက်ခြင်းဖြစ်သည်။

ကာကွယ်ရေးဝန်ကြီးအဖြစ် ဗိုလ်တင်ဦး ယခု (NLD) နယကကြီးသူရဦးတင်ဦးကို တာဝန်ပေးခဲ့သည်။ ဘဘဦးတင်ဦးသည် ဒီပဲရင်းအရေးအခင်းတွင် ဒဏ်ရာများစွာရခဲ့သူဖြစ်သည်။

လယ်ယာစိုက်ပျိုးရေးနှင့်သစ်တောဝန်ကြီးသည် ဦးရဲဂေါင်ဖြစ်သည်။ ကုန်သွယ်ရေးဝန်ကြီးသည် ဦးစံဝင်းဖြစ်သည်။ အလုပ်သမားဝန်ကြီးမှာ ဦးထွန်းတင်ဖြစ်သည်။ ပြန်ကြားရေးဝန်ကြီး သည် ဦးချစ်ခင်ဖြစ်သည်။ ပြည်သူ့ဆက်ဆံရေးဝန်ကြီးသည် ဦးဗန်ကူး(လ်) (U Van Kulh) ဖြစ်သည်။ ယဉ်ကျေးမှုဝန်ကြီးသည် ဦးအေးမောင်ဖြစ်သည်။ နိုင်ငံခြားရေးဝန်ကြီးသည် ဦးလှဖုန်းဖြစ်သည်။

ပြည်သူ့တရားစီရင်ရေးအဖွဲ့တွင် ထိပ်တန်းခေါင်းဆောင်သည် တပ်မတော်သားနှင့် တပ်မတော်မှ အငြိမ်းစားယူထားသူများဖြစ်သည်။ တရားရေးဌာန ပြည်သူ့တရားစီရင်ရေးကောင်စီတွင် ဥက္ကဋ္ဌသည် ဦးအေးဖေ

မြန်မာ စာအုပ်များ



ဖြစ်သည်။ အဖွဲ့ဝင်များမှာ ဦးကြည်မြ၊ လက်ဖတင်နင်ကာနယ်စိုးလှိုင် (Lt. col. Soe Hlaing) ၊ ကာနယ်ထွန်းအောင်ကျော်နှင့် ဦးဆန်းဆင့် တို့ဖြစ်ကြသည်။

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကော်မတီတွင် ပါဝင်သော အဖွဲ့ဝင်များမှာ တော်လှန်ရေးကောင်စီအဖွဲ့ဝင် ဦးစိန်ဝင်း၊ ဦးသောင်းကြည် (တော်လှန်ရေးကောင်စီအဖွဲ့ဝင်ဟောင်း)၊ တော်လှန်ရေးကောင်စီ အဖွဲ့ဝင်ဟောင်းဦးကျော်စိုး၊ တော်လှန်ရေးကောင်စီအဖွဲ့ဟောင်း ဗိုလ်သောင်း ဒန်၊ တော်လှန်ရေးကောင်စီအဖွဲ့ဝင်ဟောင်း ဦးသောင်းတင်၊ တော်လှန်ရေးကောက်စီလက်အောက်ခံဦးလွင် တော်လှန်ရေးကောင်စီလက်ထက် ဝန်ကြီးဟောင်း ဦးကိုကိုနှင့် ဦးလှဖုန်းတို့ပါဝင်ကြသည်။ (၁၉၇၄)ခု မတ်လတွင် အခြေခံဥပဒေအသစ်ဖြင့် အစိုးရအသစ်တက်ခြင်းကိုဂုဏ်ပြုသောအားဖြင့် အကျဉ်းသားအချို့ကို လွှတ်ပေးခဲ့သေးသည်။

သို့သော် ဘိုမြစ်ကေအင်ယူအဖွဲ့နှင့် မြန်မာသူပုန်အဖွဲ့များစုပေါင်းပြီး၊ မြဝတီမြို့ကိုဝင်သိမ်းခဲ့ကြသည်။ (၁၉၇၄)မတ်လ (၁၆)ရက်နေ့မှ (၂၂)ရက် အထိ သိမ်းပိုက်ထားသောကြောင့်၊ လေတပ်ဖြင့်အပြင်းအထန်ဗုံးကြဲ တိုက်ခိုက်ပြီး၊ ခြေလျင်တပ်ရင်းများက ဝင်သိမ်းခဲ့ကြသည်။ သူပုန်တပ်ဖွဲ့၏ ခေါင်းဆောင် ရွှေ၊ စိန်သည် ကစင့်ကလျားဆုတ်ခွာခြင်းမပြုဘဲ၊ အဆင့်ဆင့် အောင်မြင်စွာ ဆုတ်ခွာခဲ့သောကြောင့်၊ အထိုက်အလျောက် အောင်မြင်သည် ဟု ဂုဏ်ယူနေခဲ့သေးတယ်။ ထိုအချိန်က သူပုန်တပ်ပေါင်းစုတွင် ကရင်၊ ကယား၊ ရှမ်းနှင့်မြန်မာ သူပုန်များအားလုံးစုပေါင်းပြီး ညွှန့်ပေါင်းပုံစံဖြင့် တိုက်ခိုက်ခဲ့သောကြောင့် ဆိုရှယ်လစ်နိုင်ငံထူထောင်ရေးအတွက် ထိတ် လန့်ဖွယ်ရာဖြစ်ခဲ့သည်။

မြန်မာ့တပ်မတော်သည် ကရင်ပြည်နယ်၌ အကြီးအကျယ်တိုက်ခိုက်နေချိန်တွင် မြောက်ဖက်ပိုင်းတွင် ဗ-က-ပ တို့နှင့် တိုက်ပွဲပေါင်း (၁၅)ပွဲအထိဖြစ်ပွားခဲ့သည်။

ထို့ကြောင့် ဦးနေဝင်းသည် အလွန်ဒေါသထွက်ပြီး ကွန်မြူနစ်အမြစ်ပြတ်ချေမှုန်းရေးအတွက် အပြင်းအထန်ကြိုးစားခဲ့လေတော့သည်။

မြန်မာ စာအုပ်များ



ရှေးဦးစွာမြန်မာပြည်အလယ်ပိုင်း၊ ပဲခူးတိုင်းဒေသအတွင်းရှိ ကွန်မြူနစ် အခြေခံစခန်းများကိုဖြတ်လေးဖြတ် စစ်ဆင်ရေးဖြင့် အပြင်းအထန်ထိုးစစ် ဆင်နွှဲရာ ကွန်မြူနစ်များသည် လက်နက်ရိက္ခာကုန်ခမ်းပြတ်လပ်ပြီး အရှုံး ကြီးရှုံးကာ၊ တရုတ်ပြည်ဖက်သို့ထွက်ပြေးရလေတော့သည်။

တိုက်ပွဲများအတွင်းတပ်မတော်မှကျဆုံးသော စစ်သားအရေ အတွက်သည် (၁၃၅)ယောက်ဖြစ်သည်။ သခင်ဇင်နှင့် သခင်ချစ်အပါအဝင် ကျဆုံးသော ကွန်မြူနစ်အရေအတွက် (၁၇၂)ယောက်ရှိသည်။ လက်နက် ချသော ကွန်မြူနစ်အရေအတွက်မှာ (၆၄၉)ဦးဖြစ်သည်။

သခင်ဇင်၊ သခင်ချစ်၊ ဂိုရှယ်တို့အားလုံးတိုက်ပွဲ၌ ကျဆုံးသွားကျ သည်။ လုပ်ကြံခံရသူများက လုပ်ကြံခံခဲ့ရသည်။ သခင်သန်းထွန်း လည်းလုပ်ကြံ ခံရသည်။ ထို့ကြောင့် ဗမာပြည် ကွန်မြူနစ်ပါတီသည် လုံးဝနီးပါး ပျက်ဆီး သွားပြီးဖြစ်သည်။ သို့သော်လက်ကျန် အင်အားစုများဖြင့် မြန်မာပြည်အရှေ့ မြောက်ဖျားတွင် ခြေကုပ်ယူပြီး ခေါင်းဆောင်သစ် ရွေးချယ်ကြသောအခါ ဘသိန်းတင် (သခင်ဘသိန်းတင်)သည် ဥက္ကဋ္ဌ ဖြစ်လာသည်။ ကွန်မြူနစ် ပါတီဝင်အင်အားစုဆောင်းခြင်းကို ဘသိန်းတင် တို့က ဆောင်ရွက်ကြသည်။ လက်နက်အင်အားတပ်ဆင်ပေးခြင်းကို မော်စီတုန်းက တာဝန်ယူသည်။ ထို့ကြောင့် ဘသိန်းတင်သည် လက်နက် အင်အားကောင်းသောအခါ တရုတ် သွေးနှောသည့် ကိုးကန့်ဒေသနှင့် "ဝ"ဒေသများကို တရုတ်၏ လက်နက် ခဲယမ်းများထောက်ပံ့ပြီး ကွန်မြူနစ် အမာခံအင်အားစုနယ်မြေအဖြစ် စုစည်း တည်ဆောက်ခဲ့လေသည်။ ဤသို့ဖြင့် (၁၉၆၂)ခုနှစ်တွင် တော်လှန်ရေး ကောင်စီအာဏာသိမ်းချိန်မှစပြီး အင်အားကြီးထွားလာခဲ့သော ဗမာပြည် ကွန်မြူနစ်ပါတီသည် စစ်အုပ်ချုပ်ရေး ၏ ဒုတိယအသွင်ဖြစ်သောအရပ် ဝတ်လဲပြီး "ဗိုလ်" အစားဦးတပ်ပြီး၊ အာဏာရှင်ပုံစံအသွင် သစ်ဖြစ်သော ၊ စည်းမျဉ်းခံအာဏာရှင်ခေတ်တွင် အစိုးရကို ထိပ်တိုက်ရင်ဆိုင်သော ဆန့်ကျင်ဘက်အင်အားစုတွင် အင်အား အကြီးမားဆုံးသည် ဗမာပြည် ကွန်မြူနစ်ပါတီဖြစ်သည်။

မြန်မာ စာအုပ်များ



ထို့ကြောင့် ရန်ကုန်တက္ကသိုလ်ကျောင်းသားသပိတ်များပေါ်ပေါက်လာသောအခါ တိုင်းတွင် စစ်အာဏာပိုင်တို့က မြေပေါ်ကြွက်မြွေနစ်များ၊ ယူဂျီများဟုသတ်မှတ်ကြသည်။ အမှန်စင်စစ်အားဖြင့် အရေ့တောင်အာရှ ကျွန်းဆွယ်ပွဲသပိတ်သည် အခွင့်ထူးခံလူတန်းစားစံနစ်ကို ရိုးအပြီး၊ ကြောက်တတ်သော ပြည်သူလူထုက ခေါင်းငုံ့ပြီး ခံနိုင်သော်လည်း၊ ခေတ်ပညာတတ်လူငယ်များ က ကမ္ဘာကြီး၏ တိုးတက်မှုနှင့် အတူတန်းတူရည်တူရှိရေး၊ မျှော်လင့်ချက် ရရှိရေးကို တောင်းဆိုရာမှ ပဂ္ဂိုလ်ရေးအရ စော်ကားပုတ်ခတ်ခြင်းမှုသာဖြစ်သည်။ စော်ကားပုတ်ခတ်ခြင်းကို မခံလိုပါက လူထုခေါင်းဆောင်ပီသစွာ၊ အနစ်နာခံလိုပါက လူထုခေါင်းဆောင် ပီသစွာ၊ အနစ်နာခံဖို့လိုသည်။ မိမိတို့ကောင်းစားရေးအတွက် အာဏာကိုခုတုံးလုပ်ပြီး စီးပွားရှာသော ခေါင်းဆောင်ကို၊ လူထုက မုန်းတီးကြသည် ဓမ္မတာဖြစ်သည်။ ဦးသန့်အရေးအခင်းကလည်းရှင်းသည်။ ကမ္ဘာက လက်ခံသော ကုလသမဂ္ဂအတွင်းရေးမှူး တာဝန်ကို မြန်မာနိုင်ငံသားထဲက၊ ဦးသန့် တစ်ဦးတည်းသာဖြစ်ခွင့်ရသည်။ နောက်နောင်ဘယ်တော့မှ ထပ်ဖြစ်ဖို့မလွယ်ကူပေ။ အဘယ်ကြောင့်ဆိုသော် တော်လှန်ရေးကောင်စီ တက်ကာစတွင် ပြည်သူပိုင်သိမ်းရာ၌ ဘာမဆိုင်၊ ညာမဆိုင်၊ ပုဂ္ဂလိကကျောင်းများနှင့် သာသနာပြုကျောင်းများကိုပါ နိုင်ငံပိုင်သိမ်းပြီး ကျွမ်းကျင်သော နိုင်ငံခြားသား ပညာရှင်များ၊ ဆရာများကိုမောင်းထုတ်ပြီး အရည်အချင်းမရှိသော မြန်မာ ဆရာများနှင့် အစားထိုးရာမှ မြန်မာ့ပညာရေးသည် ကမ္ဘာ့အဆင့်မှ ပညာရေးစနစ်ကွယ်ပျောက်သွားခဲ့သည်။ ထို့ကြောင့် ဦးသန့်တို့လို ကုလသမဂ္ဂ သွားပြီး တာဝန်ထမ်းဆောင်ဖို့ဆိုတာ၊ ပညာအရည်အသွေးနိမ့်ကျလွန်းသော မြန်မာ့မျိုးဆက်မှ ဘယ်လိုမှမဖြစ်နိုင်တော့ပေ။ ထို့ကြောင့် နောင်ခေတ် အဆက်ဆက် တန်ဖိုးရှိသူကို တန်ဖိုးထားတက်စေရန်၊ ဂုဏ်ပြုထိုက်သူကို ဂုဏ်ပြုတတ်စေရန်၊ ဒီမိုကရေစီရှင်သန်ထွန်းကားရန် ပြည်သူလူထုသည် အနစ်နာခံပြီးကြိုးပမ်းနေရမည်သာဖြစ်သည်။ အာဏာရှင် စနစ်ကို ခေါင်းငုံ့ခံနေကြခြင်းသည် လေးစားပြတ်နိုး၍ မဟုတ်။ ရက်စက်စွာ လူမဆန်စွာနှိပ်စက်၊ သတ်ဖြတ်မှုကိုကြောက်ရွံ့ ခြင်းကြောင့်၊ အာဏာဖီဆန်ခြင်း

မြန်မာ စာအုပ်များ



မပြုဝံ့ခြင်းမျှသာဖြစ်သည်။ ကျောင်းသား၊ လူငယ်ဆိုတာ၊ အိမ်ထောင်တာဝန်မိသားစုတာဝန်တွေနဲ့ကင်းလွတ်သူများဖြစ်လေရာ တိုင်းသူပြည်သားများစွန့်စားလုပ်ဆောင်ရန် မဖြစ်နိုင်သော အနစ်နာခံစွန့်လွှတ်ငွေကြေးကြိုးပမ်းမှုကို ကျောင်းသားများ၊ သွေးလမ်းခင်းပြီး၊ လက်နက်မဲ့ဥပဒေ့ဥဒောဘ်၊ စွန့်စား၊ အနစ်နာခံခြင်းမျှ သာဖြစ်သည်။ ကွန်မြူနစ်နှင့် ဘာမှမဆိုင် တက္ကသိုလ်ကျောင်းသားမှန်သမျှ ဒီမိုကရေစီကို လိုလားသူများသာဖြစ်သည်။ အူကြောင်ကြောင် ကွန်မြူနစ် လိုလားသူ ရှိနိုင်သော်လည်း၊ လူငယ်သဘာဝအရ - အများဆန္ဒလိုက်လျော လေ့ရှိရာ ကျောင်းသားနှင့် ကွန်မြူနစ်ဆိုသည်မှာ ဘုန်းကြီးနဲ့ဘီးလိုတဲ့၊ လားလားမျှမအပ်စပ်ပါ။ တစ်ခိုနက်ဆုံမှာ အတွင်းရေးမှူး (၁)သည် လက်နက်မဲ့ဆန္ဒပြသော (၈၈)မျိုးဆက် ကျောင်းသားကို မင်းကိုနိုင်တို့ ကိုဂျင်မီတို့ ကိုကိုကြီးတို့ကဲ့ သို့ ရိုးသားသော အနစ်နာခံကျောင်းသားများကို ကွန်မြူနစ်ယူဂျီများဟု စွပ်စွဲပြီးဖမ်းဆီးခဲ့ခြင်း ဖြစ်ပါသည်။ အာဏာရှိစဉ်က ကျောင်းသားတွေ - ခေါင်းငုံ့နေ၊ ခေါင်းဆောင်တာနဲ့ ကွန်မြူနစ်၊ ယူဂျီဆိုပြီး၊ ပုဒ်ထီး၊ ပုဒ်မတွေ၊ မျိုးစုံတပ်ပြီး ထောင်မှ လွတ်လမ်းမရှိအောင် စီစဉ်လေတော့သည်။ ထိုအစဉ်အလာသည် (၁၉၆၂) မှ စတင်ခဲ့ခြင်းဖြစ်သည်။

စည်းမျဉ်းခံအာဏာရှင် စနစ်ဖြစ်သော၊ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီကို၊ ပြည်သူလူထုအနေဖြင့် ကြိုက်၍ဖြစ်စေ၊ ကြောက်၍ဖြစ်စေ၊ ညီညီညာညာ ထောက်ခံကြသောကြောင့်၊ နိုင်ငံရေးအရ၊ ကြီးမားစွာ အောင်မြင်ခဲ့သည်ဟုဆိုရပေမည်။ (၁၉၈၈)တွင် ဘုံးဘုံးလဲသွားခြင်းသည် အာဏာပိုင်တို့အာဏာကိုအလွဲသုံးစားပြုမှု၊ ကိုယ်ကျိုးရှာမှု အဂတိ လိုက်စားမှုစီးပွားရေးစီမံခန့်ခွဲမှု ညံ့ဖျင်းမှု၊ စီးပွားရေးအခြေအနေဆိုးဝါးနိမ့်ကျလွန်းသော်လည်း၊ ပါတီဥက္ကဋ္ဌကြီးထံ အခြေအနေမှန်ကို တင်ပြရန် ကြောက်ရွံ့မှု တို့ကြောင့် ရှစ်လေးလုံး၊ လူထုဆန္ဒပြမှုကြီးပေါ်ပေါက်လာသောကြောင့်ပြိုလဲသွားခြင်း ဖြစ်သည်။

၁၉၇၄ ခု မေလ(၂)ရက်တွင်ကျင်းပသော မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ ဗဟိုကော်မတီ (The Central Committe of the BSPP) တွင်



ဦးနေဝင်းသည် ဘယ်လိုမှမဖြစ်နိုင်သော ဆိုရှယ်လစ်စီးပွားရေးလမ်းစဉ်များကိုရှင်းပြခဲ့သည်။ သူကိုယ်တိုင်ဘာတစ်ခုမျှ နားလည်သဘောပေါက်ခြင်းမရှိသော၊ ဆိုရှယ်လစ်စီးပွားရေးလမ်းစဉ်ကို လက်အောက်ခံများသည်လည်း ဘာတစ်ခုမျှကောင်းစွာ သဘောမပေါက်ဘဲ၊ အူကြောင်ကြောင်နှင့် ဆက်လက် အကောင်အထည် ဖော်ခဲ့ကြသည်။ ဦးနေဝင်းသည် ခေတ်ပညာတတ်၊ ဘွဲ့ရပညာတတ်မဟုတ်ပေ။ ရန်ကုန်တက္ကသိုလ်ရောက်ခဲ့ဘူးသော်လည်း ပထမနှစ်စာမေးပွဲကျပြီး ကျောင်းထွက်ခဲ့ရသူမျှသာဖြစ်သည်။

## ရည်ညွှန်း

New York Time S., March 27, 1974 : Asia Re Search Buletin (Singapore) * Monthly Political Supplement Asia Research Bulletin (Singapore) (April 30, 1975), (June 30, 1975) ပါတီဥက္ကဋ္ဌကြီးသည် တော်လှန်ရေးကောင်စီခေတ်အတွေ့အကြုံအရ၊ စပါးကိုအလျှံအပယ် စိုက်သောအခါ စိုက်ပျိုးစရိတ်မြင့်မားသည်။ သို့သော်စပါး ပေါ်ချိန်တွင် ယခင်ဆန်များစွာ ဝယ်ယူနေကြသောအဓိကဖောက်သည် နိုင်ငံကြီးများသည် ထိုင်းနိုင်ငံမှ ဆန်ကိုဝယ်ပြီး မိမိတို့ကို တိုက်ခိုက်နေကြသည်။ သူတို့ကို

မြန်မာ စာအုပ်များ



တန်ပြန်ရန်အတွက် ဆန်စပါးကို လျှော့စိုက်ပြီး အခြားသော စက်မှုကုန်ကြမ်း သီးနှံများကို ပြောင်းပြီးစိုက်ကြပျိုးကြရန် စီစဉ်လိုက်သည်။ ထိုအခါ ဆန် အထွက်နည်းသွားသည်။ ဆန်ဖြန့်ဝေရန် တာဝန်ရှိသူများသစ္စာရှိပါက ပြည်တွင်းစားသုံးမှု ကောင်းစွာဖူလုံသော အတိုင်းအတာအထိ၊ ဆန်ထွက် သော်လည်း ဒေသဆိုင်ရာ အာဏာပိုင်များနှင့် ဆန်စပါးဖြန့်ချိရေးတာဝန်ခံ များပူးပေါင်းပြီး ကိုယ်ကျိုးရှာသောကြောင့် ဆန်များရှားပါးပြတ်လပ်ပြီး ဆန် ဈေးသည် အဆမတန် တက်သွားသည်။ သို့သော် ဆန်ဈေးတက်ခြင်း အကျိုးကို လယ်သမားများခံစားခွင့်မရခဲ့ပေ။ အကျင့်ပျက် ဝန်ထမ်းများက သာအခွင့်အရေးအားလုံးကို သိမ်းကျုံးပြီး ယူသွားခဲ့ကြသည်။ ဆိုရှယ်လစ် စီးပွားရေးစနစ်နှင့် ဒွန်တွဲပြီး ပေါ်ထွက်လာသော ဆိုးမွေသည် မှောင်ခို ဈေး (Black Market) ဖြစ်သည်။ မြန်မာလူမျိုးတို့သည် ဗုဒ္ဓဘာသာဝင် များဖြစ်ကြသောကြောင့်၊ ယဉ်ကျေးသိမ်မွေ့ ကြသည်။ အကြင်နာတရား ကြီးမားကြသည်။ သို့သော် ခေတ်ပညာတတ်ပုဂ္ဂိုလ်များနည်းပါးကြသည်။ အများစုသည် ရေးတတ်၊ ဖတ်တတ်ရုံမျှသာရှိသည်။ ယခုနောက်ပိုင်းဘွဲ့ နှစ်ခုသုံးခုရထားသော ပညာရှင်များသည်လည်း၊ ကျောင်းပြီးချိန်ပြင်ပလောက ရောက်ချိန်တွင် တတ်ထားသောပညာဖြင့်၊ လောကဌ် အံဝင်ခွင်ကျအသုံး မပြုနိုင်သောကြောင့် ရေးတတ်ဖတ်တတ်ရုံ အဆင့်အတန်းမျှသာရှိကြလေ သည်။ နိုင်ငံတော်အတွက် အားကိုးအားထားပြုနိုင်လောက်သောအနေ အထားမရှိပေ။

ပါလီမန်ဒီမိုကရေစီခေတ်တွင်လည်း အဂတိလိုက်စားခြင်း၊ ငွေကြေးအလွဲသုံးစားလုပ်ခြင်းများရှိပါသည်။ ဤသည်မှာ ရှုံ့ရာမုန်းတီးဖွယ်၊ စက်ဆုပ်ဖွယ်အလွန်ကောင်းသောမြန်မာတို့၏ ရိုးရာဓလေ့ထုံးထမ်းစဉ်လာ တစ်ခုဖြစ်သည်။ ကိုယ်ချင်းစာတရားကင်းမဲ့ခြင်း။ အသိဉာဏ်ပညာဆင်ခြင်တုံ တရားကင်းမဲ့ခြင်း။ ယုတ်မာကောက်ကျစ်ခြင်း။ အခွင့်ထူးခံဖြစ်လိုခြင်း စသော အယုတ်တမာစိတ်ပါသောသွေးများကို ဖောက်ထုတ်ပြီးသောအခါမှသာမြန်မာ့ လူ့ဘောင်ထူထောင်ခြင်းကို ထိရောက်စွာဆောင်ရွက်နိုင်မည်ဖြစ်သည်။ ယုတ်ညံ့သော မွေးရာပါမြန်မာ့ဗီဇစိတ်ဓါတ်ကိုဖျောက်ပြီးကျွန်စိတ်လို့ခေါ်

မြန်မာ စာအုပ်များ



ဆိုသည့် အနောက်တိုင်းသားဖြိတ်သျှုတွေရဲ့ စတိုင်ကိုကြည့်ပြီး ကျင့်ကြံနေထိုင်မှ ကျွန်တော်တို့မြန်မာတွေတိုးတက်မည်ဖြစ်သည်။ မြန်မာ့စိတ်သည် အရိုးခံ စိတ်ဖြစ်သည်။ မြန်မာ့စိတ်ဓါတ်နှစ်မျိုးဘဲရှိသည်။ အဲဒီနှစ်မျိုးက အုပ်ချုပ် သူ့စိတ်ဓါတ်နှင့်အုပ်ချုပ်ခံ စိတ်ဓါတ်ဖြစ်သည်။ အုပ်ချုပ်သူ စိတ်ဓါတ်သည် မြန်မာ့သမိုင်းစတင်သောပုဂံခေတ်မှစတင်ခဲ့သည်။ အုပ်ချုပ်သူအားလုံး၊ ဘုရင်မှအစ၊ မှူးကြီးမတ်ရာ အားလုံး၊ နောက်ဆုံးဘုရင့်နန်းတော်က၊ မြင်း ချေးကျုံးတဲ့အစေခံ၊ တံခါးပေါက်စောင့်တဲ့ တံခါးမှူးအထိ၊ ပြည်သူလုထုကို အညာအတာကင်းမဲ့စွာဖြင့် အနိုင်ယူ ဗိုလ်ကျဂုဏ်သွေးစုပ်သည်။

အုပ်ချုပ်ခံပြည်သူတို့သည် ပုဂံခေတ်မှ ကုန်းဘောင်ခေတ်၊ သီပေါမင်းပါတော်မူချိန်အထိ၊ ထားရာနေစေရာသွား၊ ဘုရင်က ထားလျှင်လည်းနေပါမည်။ သတ်ရင်လည်းသေရမည်ဟု အရိုးစွဲအောင် ခံယူထားသောကြောင့်၊ ဘုရင်မှစပြီး နန်းတော်က အောက်ဆုံးကလေကချေဝန်ထမ်းများအထိ၊ ဘာပဲလုပ်လုပ်ခေါင်းငုံ့ခံသည်။ ဒူးထောက်ခစားပြီး လည်စင်းပေးကြသည်။ ဒါကမြန်မာ့ဓလေ့ထုံးတမ်းအစဉ်အလာဘဲ။ ဒါကိုစောင့်ထိန်းဖို့ လူကြီးတွေကရှေးထုံးလည်း၊ မပယ်နှင့်၊ ဈေးသုံးလည်းမကြွယ်နဲ့လို့ဆိုထားခဲ့ပါတယ်။

ဒီလိုခေတ်အဆက်ဆက်၊ သက်ဦးဆံပိုင်အလိုတော်ကျနေလာတဲ့ မြန်မာတွေဟာ၊ ကိုလိုနီခေတ်ရောက်တော့ဇာတိသွေး ဇာတိမာန်၊ ဝံသာနုစိတ်ဓါတ်အရ ကြည့်ရင်တော့၊ သူ့ကျွန်ဘဝပေါ့။

ဒါပေမယ့် ကိုလိုနီခေတ်မှာ လူတိုင်းငွေရှိရင် ပညာသင်ခွင့်ရှိတယ်။ ဘိလပ်ပို့ပေးလို့ရတယ်။ ဒါဂျီလင်ပို့ပြီး ပညာသင်ပေးလို့ရတယ်။

သက်ဦးဆံပိုင်ခေတ်မှာ အရမ်းချမ်းသာရင် ဘုရင်နဲ့ပေါင်းထားဖို့လိုအပ်တယ်။ ဘုရင့်အကာအကွယ်ယူမထားရင်၊ နေပြည်တော်က၊ အရာရှိတွေ၊ အာဏာပါဝါပြပြီး သိမ်းယူသွားနိုင်တယ်။

အဲဒီလို ဗဟိုဦးစီးစနစ်အရ ဆင့်ကဲဆင့်ကဲအနိုင်ကျင့်ဗိုလ်ကျသော အုပ်ချုပ်စနစ်ဆိုးသည် ကိုလိုနီခေတ်၌ ပျောက်ကွယ်ခဲ့ရသည်။

လူတိုင်းပညာသင်ခွင့်ရှိသည် ကြွယ်ဝချမ်းသာပါက နိုင်ငံခြားအထိ ပညာသင်ခွင့်ရှိလာသည်။ ထိုအခါ ကိုလိုနီစနစ်ဆိုးအောက်တွင် ဒီမိုကရေစီ စနစ်ရှင်သန်ပေါက်ဖွားလာသည်။ မည်သို့ဆိုစေကာမူ ဒီမိုကရေစီစနစ်သည် ပြည်သူလူထုအားလုံးပါဝင်ခွင့်ရှိသော စနစ်သည် ပြည်သူလူထု အားလုံး ပါဝင်ခွင့်ရှိသော စနစ်ဖြစ်သည်။ ဒါကို အာဏာရှင်များက မလိုလားပေ။ အာဏာရှင်များသည် လုပ်ချင်တာ လုပ်ခွင့် ရဖို့အတွက် လွတ်လပ်စွာ ရေးသားခွင့်၊ လွတ်လပ်စွာထုတ်ဝေခွင့်ကို တားမြစ် ထားဖို့လိုသည်။ အာဏာရှင်အတွက် အကောင်းဆုံးသောစနစ်သည်။ သက်ဦးဆံပိုင် ဘုရင်စနစ်မျှသာ ဖြစ်သည်။ ထို့ကြောင့် တော်လှန်ရေးကောင်စီ သည် (မ-ဆ-လ) မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ကို မြန်မာနည်း၊ မြန်မာ့ဟန် ဖြင့်ချီတက်မည်ဟု ကမ္ဘာသို့ကြေညာခဲ့သည်။ ဆိုလိုသည်မှာ ရှရှား ကိုလည်းအတုခိုးမည်မဟုတ်။ တရုတ်ကိုလည်းအတုမခိုးပါ။ မြန်မာနည်း၊ မြန်မာ့ဟန်ဆိုသည်မှာ သက်ဦးဆံပိုင် ဘုရင်စနစ်ဖြစ်သည်။ သက်ဦးဆံပိုင် ဘုရင်စနစ်ကဲ့သို့အာဏာရှင်စနစ်အခြေခိုင်မြဲစေရန်အတွက် နိုင်ငံတော် အတွင်းရှိ၊ စက်ရုံ၊ အလုပ်ရုံကုန်တိုက်ကြီးများ ရုပ်ရှင်ရုံကြီးများ၊ ကုန်လမ်းပို့ဆောင်ရေးအတွက်မော်တော်ကားများ၊ ရေလမ်းပို့ဆောင်ရေး အတွက် သင်္ဘောများ၊ လေကြောင်းပို့ဆောင်ရေးအ တွက်လေယာဉ်ပျံများအား လုံး၊ အစိုးရပိုင်သိမ်းလိုက်သည်။ သက်ဦးဆံပိုင် အစိုးရသည် တိုင်းပြည်ကို အသက်ထက်ဆုံးအုပ်ချုပ်သွားမည်ဖြစ်သည်။ သို့သော် တရား ဝင် သက်ဦးဆံပိုင်စနစ် မဟုတ်သောကြောင့် အာဏာရှင်ကွယ်လွန်သော် ဒုလက်ထောက်က၊ အာဏာအမွေကို ဆက်ခံရမည်ဖြစ်သည်။ ထို့ကြောင့် သမ္မတကြီးဦးစန်းယုက နိုင်ငံတော်အာဏာကိုရရှိနိုင်မည်ဖြစ်သည်။

ပြည်သူလူထုဆိုသည်မှာ ဖိနှိပ်ခံ နင်းပြားများဖြစ်လေရာ၊ လက်နက် ကိုင်တပ်မတော်ဖြင့် နှိမ်နင်းခံရမည်ကိုကြောက်ရွံ့သောကြောင့် လက်ညှိုး ထောင်ခေါင်းငြိမ့် ခေါ်ရင်သွား၊ နိုင်ငံတော်မှကျင်းပသောပွဲကြီးများတွင် စည် စည်ကားကားဖြစ်ဖို့ ကိုယ့်အလုပ်အကိုင်တွေ ခဏစွန့်ပစ်ထားပြီး စုရပ်သို့လာ ၍ အင်အားပြကြရသည်။ ထိုကဲ့သို့ ပြည်သူလူထု အနေဖြင့် ဘာတစ်ခုမျှ

သဘောမပေါက်ဘဲ နေပူပူ၊ မိုးရွာရွာ၊ ဆောင်းအေးအေးပါတီကောင်စီက၊ ဒီနေ့ လူစုဆိုရင် ဒီနေ့ လူစုကြရသည်။ ကိုယ့်ထမင်းထုပ်နှင့်ကိုယ်သွားရသည်။ ကိုယ့်ဒုက္ခကိုယ်ခံရသည်။ ပါတီကောင်စီလူကြီးတွေက အခမ်းအနားစတင်ချိန်ရောက်မှ မှန်လုံကား၊ မာဆီဒီးကားတွေနဲ့လာကြသည်။ အုပ်ချုပ်ခံပြည်သူတို့က နံနက်မိုးမလင်းခင်ကတည်းက စုရပ်ကိုတရွေ့ရွေ့ ချီတက်လာရသည်။ အခမ်းအနားစတော့၊ ဘာတွေပြောမှန်းမသိ၊ နံချာချာဟွန်းစပီကာကြီးတွေက၊ အသံဆူညံနေတာကလွဲပြီး ဘာမျှ ပီပီသသ-မကြားရ၊ လူကြီးတွေက စာရွက်ကြည့်ပြီး ဖတ်ပြ၍ပြန်ကြသည်။ ပြည်သူလူထုမှာမကြာခဏဒုက္ခရောက်ကြရသည်။ ဒီလိုနဲ့ ဘုမသိဘမသိနဲ့လေးနှစ်တကြိမ်မဲပေးဆိုလို့ပေးကြရသည်။ ဘယ်သူ့ကိုပေးလိုက်လို့ ပေးလိုက်မှန်းမသိကြအရင်ကလည်းဒီလူတွေဘဲ၊ နောက်လည်းဒီလူတွေဘဲ အဲဒီခေတ်မလုပ်၊ မရှုပ်၊ မပြုတ်တဲ့ခေတ် (မ - သုံးလုံးခေတ်) ဆိုတော့၊ ဘာမှမပြုတ်ကြပါဘူး။ ဘယ်လောက်ဘဲ၊ ကိုယ်ကျိုးရှာပါစေ၊ အဂတိလိုက်စားပါစေ။ "အထက်ဖား ၊ အောက်ဖိ" သဘောတရားလေး၊ နားလည်ရင်၊ စားထားတဲ့အထဲက၊ အထက်လူကြီးတွေကို၊ သင့်တော်သလိုပူဇော်ပသလိုက်ရင်ရာထူး အာဏာပေးတည်မြဲကြပါတယ်။ တက်လမ်းလည်း လုံးဝမရှိတော့သလို ပြုတ်ဖို့လည်းမရှိပါဘူး။ လယ်လုပ်သူလယ်ပိုင်ခွင့်ရှိသည်ဟု ဆိုသော်လည်း၊ သားစဉ်မြေးဆက် ပိုင်ဆိုင်ခွင့်၊ လိုအပ်ပါက ထုခွဲရောင်းချခွင့်မရှိပေ။ လယ်မြေကိုအငှားချ ထားသည့်သဘောမျှသာဖြစ်သည်။ နှစ်စဉ်၊ ထွက်သောသီးနှံများမှ သတ်မှတ် အတိုင်းအတာကို အစိုးရ - အဝယ်ဒိုင်များကိုအောက်ဈေးနှင့်ရောင်းချရသည်။ ငွေသားဖြင့်ပေးချေရသောအကြွေးများလည်းရှိသည်။ အနှစ်ချုပ်လိုက်သော အခါ၊ လယ်ယာကိုကြိုးစားလုပ်ကိုင်ပြီး ကြွယ်ဝချမ်းသာလာသူများမရှိပေ။ အလုပ်သမားများ၏ ဘဝသည်လည်းဆိုးဆိုးဝါးဝါးဖြစ်သည်။ တောင်သူလယ် သမားဘဝ၊ တောမှာနေတောမှာကြီး၊ တောဓလေ့နဲ့နေသာသည်။ ပုဂံခေတ် မှကုန်းဘောင်ခေတ်အထိ မည်သည့်ဘုရင်မျှ ကိုယ့်တိုင်းရင်းသား တောင်သူလယ်သမား၊ ဆင်းရဲသားများအတွက်၊ စိုက်ပျိုးစရိတ်ချေးငွေထုတ်ပေးခဲ့ သည်ဟု မကြားဖူးပါ။ သမိုင်းဆရာတွေမရေးခဲ့ဘူး

မြန်မာ စာအုပ်များ



ထင်တယ်။ ကျွန်တော် တို့သိတာလာ၊ အခွန်အတုပ်တွေကို ပုံစံအမျိုးမျိုးနဲ့ ကောက်တာဘဲ။ သိတယ်။ တောင်သူလယ်သမားတွေဘ၀ လူနေမှု အဆင့်မြင့်မားဖို့၊ စာသင်ကျောင်းတွေဆောက်ခြင်း၊ လမ်းတံတားတွေဖောက်ခြင်း၊ လမ်းမီးတိုင်များ (လျှပ်စစ်မီးမပေါ်မှီက ဥရောပနိုင်ငံများနှင့် အာရပ်နိုင်ငံများတွင် ကညင်မီးတိုင် များ၊ ရေနံဆီမီးတိုင်များ) ထွန်းပေးခဲ့သည်။ ဘုရင့်နန်းတော်မှာ ညဖက်မီးထွန်းတာမျိုး ပြည်သူအတွက် လုပ်မပေးခဲ့ဘူး။

ဒီတော့ တောင်သူလယ်သမားတွေဟာ၊ ဒုက္ခကိုဖက်ပြီးမွေးဖွားလာသူဖြစ်သော ငရဲကလူ၊ ပြာပူမကြောက်၊ ဆိုသလို ဒုက္ခကိုစာဖွဲ့မနေတော့ပါဘူး။ တော်လှန်ရေးကောင်စီခေတ်ကာလ ကတည်းက နိုင်ငံတကာနဲ့အဆက်အသွယ်ဖြတ်ထားတော့ တောသူတောင်သားတွေအမြင်မကျယ်ကြဘူး။ (မ· ဆ·လ)ရဲ့ထားရာနေ၊ စေရာသွား၊ နာခံသူများဖြစ်ခဲ့ကြတယ်။

မြို့နေအလုပ်သမားတွေကျတော့၊ ခေတ်ပညာတတ်လူငယ်တွေနဲ့ အထိအတွေ့ရှိတော့၊ နိုင်ငံတကာအလုပ်သမားများရဲ့ အခွင့်အရေးတွေကို သဘောပေါက်တယ် အဆမတန်ကြီးမြင့်လာတဲ့ကုန်ဈေးနှုန်း၊ ငွေကြေးဖောင်းပွမှုနှုန်းရဲ့အောက်မှာ မလောက်မင စားသုံးရတဲ့ဒုက္ခတွေကို သိလာကြတယ်။ စက်ရုံမှူးတွေ၊ အလုပ်ခွင်အကြီးအကဲတွေက၊ အောက်ဆိုဒ်မျိုးစုံရှာပြီး ကြွယ်ဝချမ်းသာနေချိန်မှာ စက်ရုံအလုပ်သမားများနဲ့ပျံကျ၊ အခြေအနေမဲ့ လမ်းပေါ်က ဈေးသည်လမ်းဘေးကဈေးသည်တွေအကြီးအကျယ်ဒုက္ခရောက်နေတယ်။ တော်လှန်ရေးကောင်စီခေတ်တွင် စီးပွားရေးမလုပ်တတ်ကြသောကြောင့် အရှေ့တောင်အာရှမှ အကြွယ်ဝအချမ်းသာဆုံးအဆင့်ကနေ၊ ဆင်းရဲကြပ်တည်းနိမ့်ကျတဲ့ နိုင်ငံဘ၀သို့ရောက်ခဲ့ရသည်။ ပုံစံပြောင်းပြီး အုပ်ချုပ်တဲ့ အရပ်သားအစိုးရပုံစံအုပ်ချုပ်ရေးမှာလည်း၊ တော်လှန်ရေးကောင်စီဝင်ဟောင်းတွေ၊ သူတို့နဲ့နီးစပ်သူတွေကိုသာခန့်ထားတော့၊ စီမံခန့်ခွဲမှုပညာ၊ အုပ်ချုပ်မှုပညာ ကုန်ထုတ်မှုပညာ၊ နိုင်ငံတကာဆက်ဆံရေးနှင့် နိုင်ငံတကာကုန်သွယ်ရေး အတတ်ပညာတွေ၊ လုံးဝမတတ်တဲ့သူတွေဦးဆောင်ကြပြန်

တော့၊ လုပ်ငန်းသာကျွမ်းကျင်မှုမရှိတယ်။ ကိုယ်ကျိုးရှာ၊ တဲ့နေရာမှာတော့ ပါရဂူတွေ။ အဲဒီအချိန်က - ဦးနေဝင်းဟာအသက်အရွယ်ရှိသေးတော့ သူကိုယ်တိုင် လေ့လာမှုတွေပြုလုပ်နိုင်တော့၊ ငွေကြေးဖောင်းပွမှုကြောင့် အလုပ်သမားနဲ့အခြေအနေမဲ့ပျံကျတွေအကြီးအကျယ်ဒုက္ခရောက်နေပြီဟု သိလိုက်ပါသည်။ သို့သော်ကိုင်တွယ်ပုံစနစ်မကျခဲ့သောကြောင့် အလုပ်သမား သပိတ်တိုက်ပွဲများဖြစ်ပေါ်လာခဲ့သည်။

အခြေအနေအမှန်ကို သိရသောအခါ (၁၉၇၄)မေလဆန်း အလုပ်သမားနေ့မေဒေးနေ့တွင် ဦးနေဝင်းသည် အောက်ပါအတိုင်းပြော ခဲ့သေးသည်။

ငါတို့ အခုကြုံတွေ့နေခဲ့ရတဲ့ အရေးအကြီးဆုံးပြဿနာက ကုန်ဈေးနှုန်းတွေမတရားတက်နေတဲ့ပြဿနာဘဲ။ (The Most urgent problem now facing us, is the rise in prices) ထိုကဲ့သို့ ကုန်ဈေးနှုန်း မတရားမြင့်တက် ခြင်းအတွက် ပြည်ပမှ၊ ပယောဂကိုသာ အပြစ်တင်ပြီး၊ နိုင်ငံအတွင်းမှ အကျင့်ပျက်အရာရှိကြီးများ။ ဝန်ထမ်းများ၏ ယုတ်မာမှုကို ထုတ်ဖော်ပြော ဆို၊ အရေးယူခြင်းမရှိခဲ့ပေ။ အဘယ်ကြောင့် ဆိုသော် တာဝန်ရှိသူအားလုံးသည် ပတ်သက်ရာပတ်သက် ကြောင်းများဖြစ် သောကြောင့် အရေးယူရန်အခက်အခဲရှိလေသည်။

## ရည်ညွှန်း

**Guardian (Daily)May 3,1974.**

ဦးနေဝင်းသည် အခြေအနေကို ကြိုတင်သိခွင့်ရလိုက်သော်လည်း ပြတ်သားစွာဆောင်ရွက် ခြင်းမပြုဘဲ၊ ဘေးပယောဂ ပြည်ပ၊ပယောဂဟု လုည်ပတ်စွပ်စွဲပြီး တရားခံရှာနေချိန်တွင်နေ့စဉ်နှင့်အမျှ- ငတ်ပြတ်နေသော ဒဏ်ကို၊ မခံနိုင်သော ပြည်သူတို့က တော်လှန်ရေးပုံစံ နှင့်ဆင်တူသော လူထုအုံကြွမှုပုံစံဖြင့်၊ ပေါက်ကွဲဆန္ဒပြကြလေတော့သည်။

(၁၉၇၄) ခုနှစ်ဇွန်လ (၆)ရက်နေ့တွင် အလုပ်သမားများသည်

မြန်မာ စာအုပ်များ



ကုန်ဈေးနှုန်းကြီးမြင့်မှု၊ အစားအစာရှားပါးမှုတို့ကြောင့်၊ အင်းစိန်မီးရထားစက်ခေါင်းအလုပ်ရုံမှ အလုပ်သမားများသည် ဆင်းရဲ၊ ငတ်ပြတ်ပြီး သေရမည့်အစား၊အလုပ်သမားအခွင့်အရေးကို၊ အောက်ခြေမှအဆင့်ဆင့်တင်ပြတောင်းဆိုပါက၊ မည်သည့်အခါမျှ ဗဟိုအာဏာပိုင်အဖွဲ့အစည်းထံ၊ သို့-အကျိုးအကြောင်းတင်ပြမှုရောက်မည် မဟုတ်သောကြောင့်၊ စတင်ဆန္ဒပြမှုသည် အဖက်ဖက်သို့ ပြန့်နှံ့သွားသည် သမိုင်းချည်မျှင်နှင့် အထည်စက်ရုံ၊ နှင့် ဆင်မလိုက်သင်္ဘောကျင်းမှ လုပ်သားများကလည်း၊ ထောက်ခံဆန္ဒပြကြသည်။

ထိုအခါ ဦးနေဝင်းသည် ဒေါသကြီးလွန်းသောကြောင့် သူ့ကိုအာခံပြီး ဆန္ဒပြသည်နှင့် ၊ ကွန်မြူနစ်တွေက ဝင်ရောက်လှုံ့ဆော်နေသည် အရင်းရှင်နိုင်ငံကြီးတွေမြှောက်ပင့်သွေးထိုးသည်ဟု ဆုံးဖြတ်ပြီး၊ စစ်တပ်ကိုအသုံးပြု၍ အဓိကရုဏ်းကို အကြမ်းဖက်နှိမ်နင်းသည်။ ကြမ်းကြမ်းတမ်းတမ်းပစ်ခတ်ဖြိုခွင်းသောကြောင့်၊ အလုပ်သမား (၂၂)ဦးသေဆုံးပြီး၊ အများအပြားဒဏ်ရာရခဲ့သည်။ ပထမရသောသတင်းများအရ ဒဏ်ရာပြင်းထန်စွာရသူခြောက်ဆယ်ကျော်ရှိသည်။ ထို့နောက်တစ်ရာကျော်ကျော် အထိရှိကြောင်းသိရသည်။ သပိတ်ဖြိုကွဲသွားသည် အဓိကရုဏ်းဖြိုကွဲပြီး ငြိမ်းအေးသွားသော်လည်း ပြည်သူလူထု၏ရင်ထဲတွင်၊ ဆင်းရဲဒုက္ခဖြစ်လို့ လုပ်ခလစာတိုးမြှင့်ပေးရန်၊ လူနေမှုဘဝအဆင့်အတန်း မြှင့်ပေးရန်တောင်းဆိုမှုကို၊ ပစ်သတ်ပြီး နှိမ်နင်း ခြင်းသည်နည်းလမ်းမကျကြောင်းသိကြသော်လည်း နောက်နောင် ဆန္ဒပြတောင်းဆိုမှုများ မလုပ်ဝံ့ကြတော့ပေ။ သပိတ်မှောက်ရန် စတင်လှုံ့ဆော်သူများ ဆူပူဆန္ဒပြရန်တောင်းဆိုသူများနှင့် ပါဝင်ဆန္ဒပြသူများကို ရာပေါင်းများစွာဖမ်းဆီးခဲ့သည်။ အားလုံးကိုထောင်ဒဏ် (၃)နှစ်မှ (၉)နှစ်အထိ၊ အမိန့်ချမှတ်ခဲ့သည်။



ရည်ညွှန်း

**Times (London) June 10,1974**

ဆန္ဒပြသူများသည်၊ လမ်းပေါ်ထွက်ပြီး အုပ်စုဖွဲ့၍ ဆူပူဆန္ဒပြခြင်း မလုပ်ဝံ့ကြသော်လည်း၊ အလုပ်ခွင်သို့ မဝင်ဘဲ၊ ရက်ပေါင်းများစွာ ဆန္ဒပြနေကြသည်။ထို့ကြောင့် ဦးနေဝင်းသည် အခြေအနေကိုအကြမ်းဖက်ဖြေရှင်းခြင်း တစ်ခုတည်းဖြင့် အောင်မြင်မည်မဟုတ်နိုင်ကြောင်းသိသွားသောကြောင့် အဓိကရုဏ်းနှိမ်နင်းရေးတပ်ကို ရုတ်သိမ်းပြီးလုံခြုံရေးအတွက်ပြည်သူ့ရဲကို တာဝန်လွှဲပြောင်းပေးလိုက်သည်။အလုပ်သမားသေဆုံးခြင်းအတွက် နောက်ပိုင်းသွေးအေးလာချိန်တွင် အမျက်ဒေါသပြေသွားဟန်တူသည်။ ဦးနေဝင်းသည် အလုပ်သမား များခံစားနေရသောအခက်အခဲများကို အောက်ခြေတာဝန်ခံများ မှတဆင့်လိုအပ်ချက်များ တင်ပြတောင်းဆိုခွင့်ပြုသည် ထိုအခါအလုပ်သမားများက၊ ဆင်းရဲမွဲတေသောကြောင့် ဆန္ဒပြခြင်းမျှသာဖြစ်သည် ဆန်ကိုလုံလောက်စွာ စားခွင့်လေးတော့လိုချင်ပါသည် ဟုတောင်းဆိုကြောင်းသိလာသည်။ ထို့ကြောင့်၊ တောင်သူလယ်သမားများ အနေဖြင့်၊ အနာဂတ်ကာလတွင် ဆန်ကို တိုးချဲ့ပြီး စိုက်ပျိုးကြရန်၊

လောလောဆယ် အခြေအနေတွင် နိုင်ငံတော်၏အရန်သို လှောင်ထားသော ဆန်များကို လစာနည်း ဝန်ထမ်းများအတွက် အသက်သာဆုံးသော ဈေးနှုန်းဖြင့် လုံလောက်စွာရောင်းချပေးသွားမည်ဟု ကတိပြုလိုက်သည်။ ထို့ကြောင့်၊ အလုပ်သမားဆန္ဒပြပွဲများပြီးဆုံးသွားခဲ့သည်။

စနစ်တကျစုံစမ်းသောအခါ လက်ရှိထုတ်လုပ်နေသော ဆန်စပါး ပမာဏသည် ပြည်တွင်းစားသုံးမှုအတွက် ကောင်းစွာဖူလုံသည်။ ဒေသခံ အာဏာပိုင်များသည် အကျင့်ပျက်သောကြောင့် ဆန်များကို ဒေသတစ်ခုမှ ဒေသတစ်ခုသို့ သယ်ယူခွင့်မပြုဘဲ၊ အခွန်များစွာကောက်ခြင်း။ ကုန်သည် များကလည်း၊ ဒေသအတွင်း ကုန်စည်များ ချောမွေ့စွာသွားလာလည်ပတ်ပြီး ကုန်ဈေးနှုန်း ကျဆင်းမှုကို မလိုလားကြပေ။ မိမိတို့၏ အကျိုးစီးပွား တစ်ခုတည်း ကိုသာကြည့်သောအကျင့်ပျက် အာဏာပိုင်များကြောင့် ပြည်သူလူထုသည် ဆန်များပိုလျှံစွာထွက်သော်လည်း ဖောင်စီးရင်း ရေငတ် သကဲ့သို့၊ အထွက်များသော ဆန်ကို၊ ဖေါဖေါသီသီ စားသုံးခွင့်မရဘဲ ဒုက္ခကြုံ ခဲ့ရသည်။

အစိုးရစပါးအဝယ်ဒိုင်တာဝန်ခံများသည် ပြည်သူလူထုထံသို့ ဆန်များကို လုံလောက်အောင်ဖြန့်ဖြူးခြင်းမရှိကြ အမှန်စင်စစ်အားဖြင့်၊ မ-ဆ-လ မှုမကောင်းတာလား? လူ-မကောင်းတာလား? ဆိုတဲ့ အချက် ကို၊ လွတ်လပ်စွာ၊ ပြတ်သားမှု၊ ပြောခွင့်ရပါက လူလည်းမကောင်းဘူး။ မူလည်းမကောင်းဘူးဟုဖြေရပေမည်။

လူမကောင်းတာက၊ ထိပ်ပိုင်းတွင်ခေါင် ကမိုးယိုသကဲ့သို့ အောက်ခြေအဆင့်ဆင့်၊ ပါတီဝင်များ၊ ကောင်စီဝင်များ အတော် များများသည်၊ အကျင့်ပျက်များ။ အဂတိလိုက်စားသူများသာဖြစ်ကြ သည် ပုတ်ခတ်ရေး ခြင်းမဟုတ် မြန်မာ့သမိုင်းတွင် မှတ်တမ်းတင်ခဲ့ပြီး ဖြစ်သည်။ ကျွန်တော်တို့သည် ထိုကာလတွင် ကလေးငယ်များသာဖြစ်သည် လူကြီး မိဘများနှင့် ပတ်သက်ပြီး ဘာမှသေသေချာချာသိခဲ့သည် မဟုတ်။ ထို့ကြောင့် အရမ်းဝေဖန်ခြင်းမဟုတ် (၁၉၆၂)-တော်လှန်ရေးကောင်စီ အာဏာအသိမ်းမှီက ကုန်ဈေးနှုန်း နှင့် ယခုတွေ့ကြုံနေရသောကုန်ဈေးနှုန်း

မြန်မာ စာအုပ်များ



သည် အဆပေါင်းရာထောင်မကကွာခြားသွားသည်။ (၁၉၆၂) တော်လှန်ရေး ကောင်စီ အာဏာမသိမ်းမီ အာရှတွင် မြန်မာ့ပညာရေး၊ စီးပွားရေး၊ စက်မှုကုန်ထုတ်လုပ်မှုအင်အားများနှင့် ယခုအာဆီယံ မိသားစုတွင် အောက်တန်းအကျဆုံးအနေအထားတို့ကိုနှိုင်းယှဉ်ကြည့်ပါက- စေတနာဖြင့် ထူထောင်ခဲ့ခြင်းလား? ကိုယ်ကျိုးအတွက်အတွက် လုပ်ဆောင်ခဲ့ ခြင်းလား၊ ဆိုတာ -သမိုင်းကမှတ်တမ်း တင်ခဲ့ပြီး မြန်မာ့သမိုင်းတွင်- နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး၊ အားလုံး-နိမ့်ကျခဲ့သည်။ ဒေါ်လာသန်းပေါင်း ခြောက် ထောင်ကျော် အကြွေးတွေဘဲနောင်လာနောက်သားတို့ကို အမွေပေးနိုင် ခဲ့သည်။

(၁၉၇၃) ခုနှစ်တွင် -သွေးမြေကျအဓိကရုဏ်းများဖြစ်ခဲ့ သောကြောင့်၊ နိုင်ငံတော်သည်၊ ငွေကြေး၊ အကြပ်အတည်းကြုံ နေပါလျှက် ဆန်တန်ချိန် တစ်လလျှင်တန်တစ်ရာနှုန်းဖြင့်တွက်ပြီး ဝယ်ယူလိုက်သည်။ ထို့နောက်တစ်လတွင် ဆန်တန်ချိန်ထောင်ပေါင်းလေးဆယ် (Forty thousand tons) အထိတိုးပြီး ဝယ်ယူခဲ့သည်။ ဦးနေဝင်းသည် ဒေါသကြီးကြီး၊ အကြမ်းဖက်၍ဖြိုခွဲခြင်းကို၊ မှားယွင်းသည်ဟု -နောက်ပိုင်း၌ နောင်တရ လာခဲ့သည်။ အမှန်စင်စစ်အားဖြင့် အလုပ်သမားများအပြစ်မရှိပါ။ တိုက်တွေ ကားတွေ ဝယ်နိုင်ဖို့- လုပ်ခလစာတိုးပြီးတောင်းခြင်းမဟုတ်၊ ထမင်း လေးဝ၊ လင်လင်စားခွင့် ရဖို့အတွက်မျှသာ တောင်းဆိုခြင်း ဖြစ်လေရာ၊ လူသားတိုင်း တောင်းဆိုသင့်သော လူ့အခွင့်အရေးမျှသာဖြစ်သည်။

အမှန်တကယ် အပြစ်ရှိသူများသည် အလုပ်သမားများကို အုပ်ချုပ် သော -တာဝန်ခံများဖြစ်သည်။ သူတို့သည်တပ်မတော်မှ အငြိမ်းစားအရာရှိ ဟောင်းများ ဖြစ်ကြသောကြောင့်၊ တပ်မတော်မှရခဲ့သော အခွင့်အရေးများ၊ ယခုလက်ရှိရနေသောပင်စင်လစာ၊ ယခုတာဝန်ယူနေရသော စက်ရုံမှ အုပ်ချုပ်ရေးမှူးရာထူးလစာများ ရနေရာ သူတို့အတွက်အစစအရာရာ ဖူလုံသည်၊ ပြည့်စုံသည်။ သူတို့သည် အလုပ်ခွင်မှတက်လာသူများ မဟုတ်သောကြောင့်၊ အလုပ်ခွင်၌ကြုံတွေ့ရသောအခက်အခဲများအပေါ် စာနာမှုမရှိကြပေ။ ထို့ကြောင့်-အလုပ်သမားများကြုံတွေ့နေရသော

အငတ်ဘေးပြဿနာကို၊ သက်ဆိုင်ရာ နိုင်ငံတော်ကောင်စီ၊ သို့တင်ပြခြင်းများ မရှိခဲ့ပေ။

(၁၉၆၂) တပ်မတော်မှ အာဏာသိမ်းပြီးနောက်ပိုင်း မိမိတို့၏ စေတနာရှေ့ထားပြီး ကြိုးပမ်းမှုအားလုံးသည်၊ လုပ်ငန်းမကျွမ်းကျင်မှု၊ စီးပွားရေး လောကရဲ့ အထာ စီးပွားရေး အတတ်ပညာတတ်ကျွမ်း နားလည်မှုမရှိသော အားနည်းချက်များ ကြောင့်၊ အပြစ်မဲ့ပြည်သူလူထုသည် ဆိုရှယ်လစ်စနစ်၏ သားကောင်များ ဓါးစာခံများဖြစ်ခဲ့ကြသည်။

မိမိတို့မြေစမ်းခရမ်းပျိုးနေသောဆိုရှယ်လစ်စနစ်သည်၊ အောင်မြင် ဖို့မရှိကြောင်း ပါတီဥက္ကဋ္ဌကြီးသဘောပေါက်ခဲ့ပါသည်။

သို့သော်လူ့ဆိုသည်မှာ အသိခေါက်ခက်အဝင်နက်သူများ ဖြစ်လေ ရာ၊ ခုထိမအောင်မြင်သေးလဲ၊ ဇွဲမလျှော့ဘဲဆက်လက်ကြိုးစားပါက၊ အောင်မြင်မည်ဟုထင်ပြီး ရှေ့ဆက်ခဲ့ကြသည်။

ထိုအချိန်တွင် (၁၉၇၄)ခု ဒီဇင်ဘာလတွင် နောက်ထပ် အဓိက ရုဏ်းကြီးတစ်ခုထပ်ပြီး ပေါ်ပေါက်လာပြန်သည်။ ထိုအရေးအခင်းကြီးသည် နောင်ပေါ်ပေါက် လာမည့် ရှစ်လေးလုံး အရေးအခင်း၏ရှေ့ပြေးဖြစ်ခဲ့သည်။

မြန်မာနိုင်ငံသား၊ ကုလသမဂ္ဂအတွင်းရေးမှူးဟောင်းဦးသန့်သည်၊ (၁၉၇၄)ခု နိုဝင်ဘာလ(၂၅)ရက်တွင်ကွယ်လွန်သောအခါ ဈာပနကိစ္စအတွက် ဦးသန့်၏ရုပ်ကလာဒ်ကို၊ လေယာဉ်ပျံဖြင့် ပို့ပေးလိုက်သည်။ ဦးသန့်သည်၊ ဦးနေဝင်း၏ တစ်ယူသန်တစ်ဇောက်ကန်းဖြင့် နိုင်ငံတော် အာဏာသိမ်းမှုကို လုံးဝ ဆန့်ကျင်သည်။ အာဇာနည်ခေါင်းဆောင်ကြီးများ အမြော်အမြင် ကြီးမားစွာဖြင့်ရေးသားပြုစုခဲ့ကြသော ၁၉၄၇- ခုနှစ်ဖွဲ့စည်းပုံ ဥပဒေ အားဖျက်ဆီးခြင်းကိုလည်း ဦးသန့်ကဆန့်ကျင်သည်။

ရမ်းရမ်းကားကား နိုင်ငံပိုင်သိမ်းခြင်းကြောင့်၊ နိုင်ငံတကာ နယ်ပယ် တွင် ဦးသန့်မျက်နှာ ပျက်ရသည်၊ နိုင်ငံတကာမှ လက်ခံသော အနေအထား မှာ နိုင်ငံခြားသားပိုင်ပစ္စည်းများကို နိုင်ငံအတွင်းမှ ယူဆောင် သွားခွင့် ပြုရမည်။ သို့မဟုတ်ထိုက်သင့်သောလျော်ကြေးပေးပြီး ယူထားနိုင်သည်။ စစ်တပ်အင်အားဖြင့်၊ အကြမ်းဖက်လုယက်ခြင်းကို စတာလင် တို့ခေတ်က၊

မြန်မာ စာအုပ်များ



လုပ်ချင်တာလုပ်ခွင့်ရှိသည်။ ထိုခေတ်က ကမ္ဘာကြီးတွင် အမှန်တရားမရှိ ဖက်ဆစ်ခေတ်နယ်ချဲ့ကိုလိုနီခေတ်ဖြစ်သည်။ ယခုလို ယဉ်ကျေးနေသော လူ့အဖွဲ့အစည်း၊ ကမ္ဘာ့အသိုင်းအဝိုင်းကြီးတွင်၊ မြန်မာနိုင်ငံသားသည် ကမ္ဘာ့ကုလသမဂ္ဂအတွင်းရေးမှူးတာဝန်ကို ထမ်းဆောင်ပြီး၊ တတိယ ကမ္ဘာစစ်ကြီးကို၊ တားဆီးပေးခဲ့သည် ဗီယက်နမ်စစ်ကို၊ ကျယ်ပြန့်ခြင်း မရှိစေရန် အမေရိကန် နိုင်ငံကြီးကို၊ အမိန့်ပေးနိုင်ခဲ့သည်။ သို့သော် မြန်မာနိုင်ငံအတွင်း၊ ဥပဒေမဲ့၊ ရမ်းကားသောလုပ်ရပ်ဖြင့်၊ နိုင်ငံပိုင်သိမ်းယူခြင်းများသည် အလွန်ရက်စရာကောင်း သောလုပ်ငန်းဖြစ် သည်။ ထို့ကြောင့် ပြောဆိုဆုံးမ၍၊ လက်မခံသော ဦးနေဝင်းကို၊ အပေါင်း၊ အသင်းမလုပ်တော့ပေ။ ဆက်ဆံမှုလုံးဝမရှိသကဲ့သို့ ကုလသမဂ္ဂအတွင်းရေးမှူးရာထူးမှ အငြိမ်းစား ယူပြီးသောအခါ၊ မြန်မာနိုင်ငံ မပြန်တော့ဘဲ နယူးယောက်မြို့၌ ဆက်လက်နေထိုင်ခဲ့သည်။

ဦးနေဝင်းသည် အာဏာကိုအကြမ်းဖက်ပြီး၊ သိမ်းပိုက်ရယူထားသည် ဆိုသော်လည်း ဖွဲ့စည်းပုံအသစ်ကို အာဏာဖြင့်ရေးဆွဲပြီး၊ တရားဝင်အစိုးရ ပုံစံအဖြစ်ပြောင်းထားပြီးဖြစ်လေရာ အစိုးရတစ်ဦးအနေဖြင့်၊ သဘောထားကြီးကြီးထားရမည် ဖြစ်သော်လည်း၊ ဦးသန့်၏အခေါင်းကို လက်ခံယူရန်အတွက် အစိုးရကိုယ်စားလှယ်လွှတ်ပေးခြင်းမရှိပေ။ ဦးသန့်၏ ဈာပနကို၊ နိုင်ငံတော်ဈာပနအဖြစ်အသိအမှတ်မပြုဘဲ၊ သာမန်ခပ်ညံ့ညံ့ နိုင်ငံသားတစ်ဦးကဲ့သို့ကြဲ တောသုသာန်တွင်ဖြစ်သလို သဂြိုလ်ရန်ဦးနေဝင်းက အမိန့်ပေးထားသောကြောင့်၊ အစိုးရအဖွဲ့ဝင်များသည် မသင့်တော်ကြောင်း သိကြသော်လည်း စောဒကတက်ဝံ့သူမရှိကြပေ။

သို့သော်(၁၉၆၂) ခုနှစ်၊ တပ်မတော် အာဏာသိမ်းချိန် ကပြည်သူတစ်ရပ်လုံး ထိတ်လန့်ကြောက်ရွံ့ပြီး စောဒကတက်ဝံ့ခြင်းမရှိ သော်လည်း၊ ရန်ကုန်တက္ကသိုလ်ကျောင်းသားများက မဟုတ်မခံစိတ်ဓါတ်ဖြင့် ဆန့်ကျင်ခဲ့ကြသည်။ ထို့နောက်(၁၉၇၀) အရှေ့တောင်အာရှ ကျွန်းဆွယ်ပြိုင်ပွဲကိစ္စတွင်တစ်ခါပုန်ကန်ခဲ့ပြီး နောက်၊ ငြိမ်သက်နေသော ကျောင်းသားများသည်၊ (၁၉၇၄) ငွေနှင်လအရေးအခင်းကြီးကတည်းက၊ ရန်ကုန်တက္ကသိုလ်

မြန်မာ စာအုပ်များ



ကျောင်းသားများသည် အလုပ်သမားသပိတ်အစီကရဏ်း ကိုင်ဘွယ်နှ ကြမ်းတမ်းပုံကို အခဲမကြေ ဖြစ်နေစဉ်၊ ယခုတစ်ခါ၊ ဦးသန့်၏ ဈာပနကိစ္စသည် နိုင်ငံ့ဂုဏ်ဆောင်၊ ပုဂ္ဂိုလ်ကြီး၏ ဈာပနကို၊ နိုင်ငံတော် အခမ်းအနားဖြင့် ပြုလုပ်သင့်သော်လည်း၊ သာမန်ကဲ့သို့သဘောထားပြီး အကျဉ်းရုံး၊ သဂြိုလ်ခြင်းကို- ကျောင်းသားများ ကလက်မခံနိုင်ကြပေ။ ကျောင်းသားများ ထို့ကြောင့်ဆန့်ကျင်ဆန္ဒပြကြသည်။ ရဲရဲဝံ့ဝံ့လာရောက်ပူးပေါင်းကြသူ များမှာ ရဟန်းပျိုများ ဖြစ်ကြသည်၊ ရဟန်းပျိုများနှင့် ကျောင်းသားများသည် (၁၉၆၂) ခုနှစ်တော်လှန်ရေးကောင်စီ၊ အာဏာသိမ်းစဉ်အခါက၊ ဖောက်ခွဲ ဖျက်ဆီးခံ လိုက်ရသော ကျောင်းသားသမဂ္ဂအဆောက်အဦး အနီးမြေကွက် လပ်တွင်၊ ရဟန်းသံဃာများနှင့် ကျောင်းသားစုက စုပေါင်းပြီး ဈာပနအခမ်း အနားကို စည်ကားသိုက်မြိုက်စွာ ကျင်းပပြီး၊ သဂြိုလ်ခဲ့ကြ လေသည်။

နိုင်ငံတော်တွင်အစိုးရရှိပါလျှက်၊ အစိုးရ၏လုပ်ဆောင်မှုကို၊ ဘုန်းတော်ကြီးများနှင့် ကျောင်းသားများက၊ ဆန့်ကျင်ပြီးလုပ်ဆောင်ခြင်းသည်၊ နိုင်ငံတော်ကို ပုန်ကန်သည့် သဘောသက်ရောက်လေသည်။ ထို့ကြောင့် ဦးသန့်၏အခေါင်းကိုအုတ်ဂူဖျက်ပြီး ပြန်ယူ၍၊ ရွှေတိဂုံဘုရားခြေရင်း ဖက်တွင် မြှုပ်နှံပေးရန်၊ သမ္မတကြီး၊ ဥက္ကဋ္ဌကြီး ဦးနေဝင်းက အမိန့်ပေးလိုက် သည်။ ထို့ကြောင့် (၁၉၆၂) တုန်းကပုံစံအတိုင်း ရန်ကုန်တက္ကသိုလ်ကို တပ်မတော် ကဝင်ရောက်စီးနင်းတိုက်ခိုက်ပြီး ကျောင်းသားသမဂ္ဂအနီးမှ ဦးသန့်း ၏အုတ်ဂူကိုပြန်ဖေါက်ပြီး၊ အခေါင်းကို၊ ထုတ်ယူကာ၊ ရွှေတိဂုံဘုရား ခြေရင်းတွင်ကြိုတင်ပြုလုပ်ထားသောအုတ်ဂူ၌ သဂြိုလ်လိုက်သည်။ ထိုဖြစ်စဉ်တွင် ကျောင်းသားများနှင့် ရဟန်းတော်များက၊ အာဏာဖီဆန် ကြသောကြောင့်၊ ပစ်ခတ်၍လူစုခွဲရာ ကျောင်းသား(၁၆)ဦးသေဆုံးပြီး ရာပေါင်းများစွာ ဒဏ်ရာရခဲ့သည်။ ရဟန်းတော်များ၏ထိခိုက်ဒဏ်ရာ ရမှုသတင်းကို မှုအတိအကျမရရှိပေ။ ထိုဖြစ်စဉ်ကို နိုင်ငံတော်က- သတင်း အမှောင်ချထားသည်။ နိုင်ငံခြားသတင်းထောက်များ သတင်းယူခွင့်မရှိ။

ဒဏ်ရာပြင်းထန်သူများကို ဆေးရုံ၌ကုပေးသည် ဒဏ်ရာအနည်း ငယ်မျှသာရသူများကို အကျဉ်း စစ်ဆေးပြီး ထောင်ဒဏ်သုံးနှစ်စီအပြစ်ပေး

လိုက်သည်။ ကျောင်းသားခေါင်းဆောင်များကို မှုကြီးလေးသောအပြစ်ဒဏ် ပေးသည်။ ရဟန်းပျိုများကိုလည်း လူဝတ်လဲစေပြီး ထောင်ဒဏ်များအပြစ် ပေးလိုက်သည်။

ရန်ကုန် တက္ကသိုလ်အတွင်း ပစ်ခတ်မှုကြောင့်၊ ကျောင်းသူ ကျောင်းသားများစွာ သေးမြေကျသော သတင်းသည် မြို့အတွင်းသို့ရောက် သောအခါ၊ အနှစ်နှစ်အလလ၊ မြို့သိပ်ထားသော အမျက်ဒေါသများ အုံကြွပေါက်ကွဲပြီး အစိုးရဆိုင်များ ရုံးများကိုခဲဖြင့် ပစ်ပေါက်ဖျက်ဆီးကြသည်။ ကံအဆိုးဆုံးဖြစ်ခဲ့သည်မှာ- Royal Hotel နေရာတွင် တော်ဝင်ရုံနှင့် ယုဇနရုပ်ရှင်ရုံများရှိခဲ့သည်။ ရုပ်ရှင်ရုံနှင့် ဂုဏ်-ရုပ်ရှင်ရုံများ တွင်စစ်သားများ အစောင့်ချထားသောကြောင့်၊ အကာအကွယ်မဲ့ နေသည့်တော်ဝင် ရုပ်ရှင်ရုံ နှင့် ယုဇနရုပ်ရှင်ရုံတို့ကိုလူထုက မီးရှို့ဖျက်ဆီးခဲ့ကြ သည်။ ယခု(Royal Hotel) ရန်ကုန်တစ်မြို့လုံးနေရာအနှံ့ ဆူပူအုံကြွသောကြောင့်၊ ငြိမ်ဝပ်ပိပြားမှု အတွက် မာရှယ်လော(Martial Law) ထုတ်ခဲ့သည်။ ဖမ်းဆီးခံ အရေ အတွက်သည် လေးသောင်းငါးထောင်ကျော်ကျော်ရှိသည်။ သူတို့ကို အကျဉ်းရုံးစစ်ဆေးပြီး၊ ထောင်ဒဏ်သုံးနှစ်နှင့် အထက်အပြစ်ဒဏ်များ ချမှတ်ခဲ့သည်။ ဦးသန့်အရေးအခင်းသည် (၁၉၄၈) လွတ်လပ်ရေးရပြီး နောက်ပိုင်းကာလ၊ ရန်ကုန်မြို့တွင် အဆိုးဝါးဆုံးဖြစ်ခဲ့ သောလူထုအုံကြွလှုပ် ရှားမှုကြီးဖြစ်ခဲ့သည်။ ရှစ်လေးလုံးမတိုင်မီ(၁၄) နှစ်ခန့်စောသည်။ ထိုအချိန် က- နိုးဆိုး၊ လုယက်၊ တိုက်ခိုက်မှု၊ ဂိုဒေါင်ဖေါက်မှုများမရှိခဲ့ပေ တော်ဝင်နှင့် ယုဇနရုပ်ရှင်ရုံနှစ်ခု ဖျက်ဆီးခံရခြင်းသည် အဖျက်အမှောင့် လုပ်လို ၍ မဟုတ်ဘဲ၊ နှစ်ပေါင်းများစွာ အစိုးရအပေါ်နာကျည်းမှု မုန်းတီးမှုကို၊ ဒေါသဖြင့် ဖေါ်ပြခြင်း မျှသာဖြစ်သည်။ တော်ဝင်နှင့် ယုဇနရုပ်ရှင်ရုံများသည် (၁၉၇၄) မှ (၁၉၉၀) ပြည့်လွန်ကာလများအထိ အဆောက်အဦးပျက်ဖြစ် နေခဲ့ပြီးမှ (Trader Hotel) ကြီးမဆောက်မီ(၁၉၉၁)ခန့်တွင် တည်ဆောက်ပြီး စီးခဲ့သည်။ ထိုအချိန်က မြန်မာနိုင်ငံတွင် အကြီးမားဆုံး ဟိုတယ်ကြီးဖြစ်ခဲ့ ဘူးသည် (၁၉၉၅)တွင် (Trader) ဟိုတယ်ကြီးဆောက်လုပ်သောအခါ

(Royal Hotel) သည် အရွယ်အစားသေးငယ်သလိုဖြစ်သွားသည်။ မည်သို့ဆိုစေကာမူနောင်တွင် အစိုးရနှင့် ပြည်သူ၊ ရန်သူမဖြစ်ဘဲ အစိုးရတိုင်းသည် ပြည်သူကို မိဘမုန်းသိတတ်ကြဖို့လိုသည် သက်ဦးဆံပိုင်ဘုရင်ခေတ်တွင် ဘုရင်သည် သခင်ပြည်သူလူထုသည် ကျေးကျွန်များဖြစ်သည် အာဏာရှင်စနစ်များတွင်လည်း၊ အလားတူဖြစ်သည်ကျေးကျွန်များဖြစ်သည် သခင်နှင့်ကျွန်ဟူသည်ကမ္ဘာဦးမှ ယနေ့တိုင်၊ အကြောက်တရားဖြင့် ဆက်ဆံရခြင်းဖြစ်လေရာ၊ မလှုပ်ဝံ့အောင်ဖိနှိပ်ပါက၊ ငြိမ်ဝပ်ပိပြားမည်သာဖြစ်သည်။ တစ်ခုသေချာသည် ရက်စက်စွာ ဖိနှိပ်လွန်းသောအစိုးရကို မည်သည့်တိုင်းသူပြည်သားမျှ စေတနာရှိမည်မဟုတ်။ စေတနာမရှိသောပြည်သူများ၏ နိုင်ငံသည် မည်သည့်အခါမျှတိုးတက်ထွန်းကားလာမည်မဟုတ်။ ထို့ကြောင့် မေတ္တာတရားကို ရှေ့တန်း တင်သောစစ်မှန်သည့် ဒီမိုကရေစီ စနစ်သည် အုပ်ချုပ်သူနှင့် အုပ်ချုပ်ခံတို့အတွက် သဟာဇာတဖြစ်သောစနစ်ဖြစ်သည်။

စစ်မှန်သောဒီမိုကရေစီစနစ်တွင်အစိုးရသည်ပြည်သူလူထု၏ ရင်မှပေါက်ဖွားလာသော သားသမီးများဖြစ်လေရာ၊ သားသမီးများအတွက် မိဘတို့က၊ အရာရာကို စွန့်လွှတ်ပေးဆပ်ရန် အဆင်သင့်ပါ။

ဒီလိုပါဘဲ၊ အုပ်ချုပ်သူအစိုးရ၊ တပ်မတော်အပါအဝင်- အားလုံးသည်၊ မိဘနှင့် တူသောပြည်သူလူထုအပေါ် ရိုင်းရိုင်းစိုင်းစိုင်း၊ မောက်မောက်မာမာ ဆက်ဆံစရာအကြောင်းမရှိတော့ပေ။ သို့မှသာလောကပါလတရား ထွန်းကားပြီးသာယာဝပြောသော လူ့ဘောင်သို့ရောက်မည်ဖြစ်သည်။ (၁၉၅၂) မှ (၁၉၆၂) အထိ၊ ဒီမိုကရေစီရခဲ့ဖူးသော်လည်း ရာနှုန်းပြည့် စစ်မှန်သောစံချိန်မှီ ဒီမိုကရေစီတော့မဟုတ်ခဲ့ပေ။ မြေစမ်းခရမ်းပျိုးကာစ၊ ဒီမိုကရေစီလေးသည်၊ တပ်မတော်ခေါင်းဆောင်များ၏ တစ်ယူတန်တစ်ဇောက်ကန်းလုပ်ရပ်များကြောင့် ဒီမိုကရေစီ- ပျက်သုန်းခဲ့ရသည်။

(၂၀၁၀) ရွေးကောက်ပွဲဖြင့်တက်လာသော သမ္မတကြီး ဦးသိန်းစိန်သည် စစ်မှန်သောဒီမိုကရေစီကို အသစ်ပြန်၍ ပျိုးနေရသည်။ ဒီမိုကရေစီ၊ အပင်ပေါက်လေးရှင်သန်ကြီးထွားဖို့ပြည်သူတစ်ရပ်လုံးက၊ တာဝန်သိစွာ ဝိုင်းဝန်းကူညီကြဖို့လိုသည်။ ဓမ္မဝါဒီကို- ပြစ်များမိရင်တော့၊ အဓမ္မဝါဒီ

မြန်မာ စာအုပ်များ



တွေပေါ်လာဦးမှာဘဲ၊ နောက်ထပ် နှစ်ပေါင်းငါးဆယ်- အာဏာရှင်တွေ လက်ထဲမှဒုက္ခပင်လယ်ဝေကြရဦးမှာ ဖြစ်ပါတယ်။ ယခုအခါမင်းမဲ့စရိုက် အသိဉာဏ် ဆင်ခြင်တုံတရားနည်းပါးသော အပြုအမူများစွာ တွေ့မြင်ရသည်။ ကောင်းမွန်သောအစိုးရ၊ သန့်ရှင်းသော အစိုးရလက်ထက်တွင်၊ ဓမ္မစက်ဖြင့် မေတ္တာရပ်ခံ၍ မရသောအခါအာဏာစက်ကို သုံးရပေမည်။ ထိုအခါ အာဏာရှင်များ၏ ရက်စက်သော လုပ်ရပ်နှင့် နှိုင်းယှဉ်လေ့လာနိုင်ဖို့၊ သမိုင်း၏မြေပုံကွက်များကို ဖော်ပြခဲ့ခြင်းဖြစ်သည်။ လမိုက်ညနဲ့ကြုံဖူးမှ၊ လသာတဲ့ညကို တန်ဖိုးထားတတ်မှာပါ။ ဒုက္ခဆင်းရဲနဲ့ကြုံတွေ့ဖူးမှ သုခချမ်းသာရဲ့အရသာကိုခံစားတတ်မှာပါ။

ဦးသန့်အရေးအခင်းပြီး၊ (၁၉၇၅)ခု၊ ဇန်နဝါရီလ (၁)ရက်နေ့တွင် မြန်မာနိုင်ငံသားများ၏ ဒုက္ခအခက်အခဲကို ဗြိတိသျှသံအမတ်ကြီး (T.J.O' Brien) ရေးသားတင်ပြသော နှစ်သစ်ကူးအစီရင်ခံစာ၌ အောက်ပါ အတိုင်း ဖော်ပြထားသည်။

"ကမ္ဘာ့နိုင်ငံအသီးသီးမှာ နှစ်သစ်ကူးပွဲတော် (New Year's Eve) ကိုပျော်ရွှင်စွာကျင်းပနေကြမှာပါ ရန်ကုန်မြို့ ကြီးမှာတော့၊ ဦးနေဝင်းရဲ့ မာရယ်လောနဲ့ ကာဖျူးအမိန့် (The Curfew) အောက်မှာ မြို့သူမြို့သားတွေ၊ အသက်တောင်ပြင်းပြင်းရှူဝန့်မယ် မထင်ဘူး။ လမ်းမကြီးတွေသာမက၊ လူစည်ကားတဲ့ရပ်ကွက်တွေက လမ်းကျဉ်းလေးတွေထဲမှာ တောင်မှတင့်ကား တွေချထားတာ- ကျွန်တော်ကိုင်တိုင်တွေ့နေရတာပါ။ စုစုပေါင်းတင့်ကား အရေအတွက်တော့ ခန့်မှန်းလို့မရဘူး။ ဒါပေမဲ့အတော်များပါတယ်။ အမိကရဏ်းနိမ်နင်းတဲ့ပုံစံ၊ အဆင့်ထက်ကျော်ပါတယ်။ မြို့လူထုကို ပြားပြားဝပ်သွား အောင်ခြောက်လှန့်တယ်လို့ထင်ပါတယ်။ တင့်ကားကြီးတွေနဲ့ ပစ်ခတ်သံတော့မကြားပါဘူး၊ ဒါပေမယ့် သေနတ်သံတွေတော့ နေ့၊ ည၊ မပြတ်ကြားနေရပါတယ်။

ဖမ်းထားတဲ့အရေအတွက်က လေးသောင်းခွဲကျော်တယ် လို့သိရပါတယ်။ ရန်ကုန် ထောင်တစ်ခုထဲမှာ၊ အကျဉ်းသားခြောက် ထောင်ကျော်မှ ရှစ်ထောင်ကျော်ထပ်တိုးလာတယ်လို့ သိရပါတယ်။ အလုပ်သမားခေါင်းဆောင်တွေ၊ ကျောင်းသားခေါင်းဆောင် တွေကိုနယ်ဖက် ကထောင်တွေမှာ ပို့ထားဟန်ရှိပါတယ်။

မြန်မာ စာအုပ်များ





သခင်စိုး

မြန်မာနိုင်ငံမှာ တံခါးပိတ်ဝါဒကျင့်သုံးထားတဲ့အချိန်ကာလဆိုတော့ ကျွန်ုပ်အထင်၊ (၁၉၇၄)မှာ စစ်သားတွေ အရပ်ဝတ်လဲပြီး အုပ်ချုပ်ကြတော့၊ နိုင်ငံတကာဆက်ဆံရေးတွေတိုးမြှင့် လာပြီး၊ ကမ္ဘာနဲ့ဆက်ဆံမှုတွေ တိုးမြှင့်လုပ်ဆောင်လာကြမယ်လို့ ထင်ထားမိတယ်။ ခုတော့အခြေအနေတွေဟာ၊ ဆိုးဆိုးရွားရွားတွေဖြစ်နေ တယ်လို့ အစီရင်ခံ စာရေးသားခဲ့သည်။

မာရှယ်လောပြန်လည်ရုပ်သိမ်းပြီးနောက် (၁၉၇၅) ခုနှစ်လတွင်၊ အလုပ်သမားအရေးအခင်းနှစ်ပတ်လည်နေ့ရောက်လာ သောကြောင့်၊ အခဲမကျေသော ရန်ကုန်တက္ကသိုလ်ကျောင်းသားများက၊ ဦးဆောင်ပြီး၊ အလုပ်သမားများနှင့် ပူးပေါင်းပြီး၊ ငြိမ်သက်စွာထိုင်၍ဆန္ဒပြပွဲ (Sit-down Strikes) ပြုလုပ်ကြသည်။ ဦးသန့်အရေးအခင်းကာလအတွင်း၊ ကျောင်းသားများကို ရဟန်းပျိုများက လာရောက်ပူးပေါင်းကြသည်။ ထို့နောက် ရန်ကုန်မြို့သူမြို့သားများစွာ ပူးပေါင်းပါဝင် ဆန္ဒပြခဲ့ကြသည်။ ဒေါသအလျောက် ဖျက်ဆီးမှုရှိသောအခါ ပစ်ခတ်၊ သတ်ဖြတ်ခြင်း ခံကြရသည်။ လူများစွာ ဖမ်းဆီးခံရပြီး၊ ပျောက်ဆုံးနေသည်။ သေသည်၊ ရှင်သည်မသိရ၊ ထို့ကြောင့်၊ ပြည်သူလူထုသည် ဦးနေဝင်းအစိုးရအပေါ် လွန်စွာကြောက်ရွံ့ထိတ်လန့်သွားကြသည်။ ထို့ကြောင့် (၁၉၇၅)ခုနှစ်လတွင် အလုပ်သမားအရေးအခင်းနှစ်ပတ်လည် အတွက် ငြိမ်သက်စွာထိုင်ပြီး

မြန်မာ စာအုပ်များ



ဆန္ဒပြသောအခါ- ဝင်ရောက် ပူးပေါင်းခြင်း- မပြုဝံ့ကြပေ။

အဓိကတောင်းဆိုသောအချက်များမှာ၊ သတ်ဖြတ်ခဲ့သော အရေအတွက်ကိုစာရင်းအတိအကျထုတ်ပေးရန်၊ တာဝန်ရှိသူများ ကို၊ အရေးယူပေးရန်၊ မတရားဖမ်းဆီးပြီးမတရား အပြစ်ဒဏ်၊ ချမှတ်ထားသော အလုပ်သမားခေါင်းဆောင်များ၊ ကျောင်းသားခေါင်းဆောင်များနှင့် တကွအလုပ်သမား၊ ကျောင်းသားရဟန်းသံဃာနှင့် ပြည်သူလူထုအားလုံးကို လွှတ်ပေးရန်။

အလုပ်သမားများ၏ လူနေမှုဘဝအဆင့်အတန်း မြှင့်တင်ပေးရန် အလုပ်သမား ခံစားခွင့်များကို၊ ကမ္ဘာ့အလုပ်သမားအဖွဲ့ချုပ်က သတ်မှတ်ပေးထားသော အဆင့် အတန်းနှင့် အညီမြှင့်တင်ပေးရန်။ ဘွဲ့ရအလုပ်လက်မဲ့၊ လူငယ်ထောင်ပေါင်းများစွာအတွက် အလုပ်အကိုင်အခွင့်အလမ်း များဖန်တီးပေးရန် စသောတောင်းဆိုချက်များစွာ တောင်းဆိုခဲ့သည်။ အစိုးရသည်၊ ဘာတစ်ခုမျှ အပေးအယူ၊ အလျှော့အတင်းမလုပ်ပေ၊ ယခင်အခါများကဲ့သို့- ဒေါသရှေ့ထားပြီး၊ စစ်တပ်နှင့် ဖြိုခွင်းဖို့ကိစ္စသည်၊ နိုင်ငံတကာမှ၊ လုံးဝ- လက်သင့်မခံနိုင်သောရက်စက်ကြမ်းကြုတ်မှုဖြစ်သည်။ ကမ္ဘာပေါ်တွင် ရက်စက်ကြမ်းကြုတ်မှုကြောင့်၊ နိုင်ငံတကာအသိုင်း အဝန်းမှ ဖယ်ကျဉ်မှုခံရသော အရှေ့တောင်အာရှနိုင်ငံဟူ၍၊ ကမ္ဘောဒီးယားသည်လည်း၊ မြန်မာနိုင်ငံကဲ့သို့လက်နက်အားကိုးဖြင့်၊ အဓိကရုဏ်းနှိမ်နင်းသောကြောင့်၊ နိုင်ငံတကာ၏ ဝိုင်းပယ်မှုခံထားရသောအပယ်ခံနိုင်ငံဖြစ်သည်။ ယခုအချိန် အထိ၊ အာဆီယံတွင် အောက်ဆုံး၌ရှိသောနိုင်ငံမှာ ကမ္ဘောဒီးယားနဲ့ကျွန်တော်တို့နိုင်ငံဖြစ်သည်။

အစိုးရသည် တက္ကသိုလ်ကျောင်းများကို ရက်အကန့်အသတ်မရှိ ပိတ်ထားလိုက်သည်။ ထိုအခါ အဆောင်များပိတ်လိုက် သောကြောင့်၊ အဆောင်ကျောင်းသားများကနယ်သို့ပြန်ကြရလေတော့သည်၊ သပိတ်အဖွဲ့ကို အင်အားဖြည့်ပေးလာမည့် အမာခံ ကျောင်းသားများကိုဖယ်ရှားပြီးသောအခါ၊ မြို့သူ၊ မြို့သားအားလုံးသည် အလုပ်သမားခေါင်းဆောင်များနှင့် ကျောင်းသားခေါင်းဆောင် များအတွက် စိတ်မကောင်းကြပေ။ ဘယ်နေ့၊ ဘယ်အချိန်မှာ စတင်ပစ်ခတ်မှာလဲဟု၊ ရင်တထိတ်ထိတ်နှင့် သတင်းဆိုးကို

စောင့်နေကြသည်။ ကျောင်းသားများနှင့် အလုပ်သမားခေါင်းဆောင်များ ကလည်း မိဘနဲ့သားသမီးကဲ့သို့- အခွင့်အရေးတောင်းဆိုသမျှ ဘာတင်ခံမှ လိုက်လျောသည့်အစဉ်အလာမရှိခဲ့သော၊ အစိုးရကို အလျှော့ပေးနေပါက နိုင်ငံသားများအတွက် လူ့အခွင့်အရေးဆိုတာ လုံးဝကွယ်ပျောက် သွားတော့ မည်ဖြစ်လေရာ၊ အရှေ့မှနောင်တော်များ၊ စွန့်လွှတ်အနစ်နာခံခဲ့ကြသည်။

ထို့ကြောင့် နောင်တော်များ၏တာဝန်ကိုမိမိတို့က ပုခုံးပြောင်း ထမ်းဆောင်နေရသည်။ ဒါဟာသမိုင်းပေးတာဝန်ဘဲ။ ပြည်သူ့အတွက် အသက်စွန့်ကြ မည်ဟု သူ့ရဲကောင်း၊ အာဇာနည်စိတ်ဓါတ်ဖြင့်၊ အသတ်ခံ မည့်နေ့ကို၊ မတုန်မလှုပ်စောင့်မျှော်နေခဲ့ကြသည်။ သပိတ်လှန်ဖို့လုံး၀ စိတ်မကူးကြ (သေမြေကြီး၊ ရှင်ရွှေထီးတော့မဟုတ် သေမြေကြီး ရှင်ရင်ထောင် ဒဏ်တစ်သက်) ဒီအခွင့်အရေးအတွက်ကျောင်းသား အာဇာနည်ပုဂ္ဂိုလ်ကြီး များ၊ စွန့်လွှတ်၊ စွန့်စားခဲ့ကြသည်။

တပ်မတော်သားများရှေ့တန်းတွင် အသက်စွန့်ကြသည်များ လက်နက်ကိုယ်စီကိုင်ပြီး၊ ရင်ဆိုင်တိုက်ကြခြင်းဖြစ်သည်။ ခေတ် အဆက်ဆက်- ကျွန်တော်တို့ကျောင်းသားများဆန္ဒပြသောအခါ၊ အပ်ငြိမ်းရေး တစ်ချောင်းမျှပင်မကိုင်ကြပါ။ လွန်စွာသနား ဂရုဏာသက်ဖို့ကောင်းပါသည်။ တက္ကသိုလ်ကျောင်းသားများသည် အနာဂတ်နိုင်ငံတော်၏ ခေါင်းဆောင်များ ဖြစ်ကြသည်။ နိုင်ငံတိုင်း ကတက္ကသိုလ်ကျောင်းသားများကို လေးစားစွာ သည်ဂုဏ်ယူကြသည်။ ထိုခေတ်က တက္ကသိုလ်ကျောင်းသား များသည် သည်၊ လမ်းပေါ်မှ ကလေကချေများနှင့် ဘာမှမခြားပေ။ ကျောင်းပြီး ဘွဲ့ရတော့၊ ဘာလုပ်ရမှာလည်း။ နိုင်ငံတွင်းမှာ စက်ရုံအလုပ်ရုံတွေ၊ စီးပွားရေး လုပ်ငန်းကြီးတွေ၊လုံး၀-မရှိ။

ဗွာနဆိုင်ရာမှာအလုပ်ကောင်းကောင်းရဖို့၊ ပါတီ၊ ကောင်စီညွှန်မှူး ဒါတွေနဲ့အဆက်အသွယ်ရှိဖို့လိုသည်။ သာမန်လူများဘွဲ့ရ တော့၊ ဘာထူးသေး အလုပ်လက်မဲ့ဖြစ်တာပေါ့စနစ်ကမကောင်းဘူး ခေါင်မိုးကမိုးယိုနေတယ်။ ဘေးအကာတွေကပေါက်ပြဲနေတယ်၊ အခင်းကကြမ်းပေါက်တွေနဲ့၊ ဒီတော့၊ အောက်ခြေလူတန်းစားတွေရဲ့ဘ၀- တွေလို့သာကြည့်ကြပါတော့။

အာဏာရှင်တွေဆိုတာ၊ သူ့နည်းသူ့ဟန် သူ့စတိုင်နဲ့ သူ့ဆိုးခဲ့ကြ

တာဘဲ၊ ကောင်းတာလေးတွေမရှိဘူးလားဆိုတော့အာဏာ ရှင်လောက် မျိုးချစ်စိတ်ဓါတ်ရှိတာမျိုး ကမ္ဘာမှာမရှိဘူး။ တစ်မျိုးလုံးကို ခွင့်ထူးခံ စားခွင့်ပေးကြတာဘဲ၊ ပြည်သူလူထုမှခံရတာ၊ ပြည်သူလူထုကအမျိုးမှ မတော်တာ၊ အမျိုးတော်ရင်ချစ်မှာပေါ့။

ဒီလိုနဲ့ခေါင်းမာတဲ့ ကျောင်းသားတွေကို- ပစ်ခတ်ခြင်းမပြုတော့ဘဲ၊ အသာတကြည်ဖမ်းပြီး၊ ကျောင်းသား(၂၀၃)ယောက်ကို၊ ထောင်ဒဏ် လေးနှစ်မှ ကိုးနှစ်အထိ၊ အပြစ်ဒဏ်အသီးသီးပေးလိုက်ပါတယ်။ ဒီလိုနဲ့ဇူလိုင် လကုန်မှာ ကျောင်းသားဆန္ဒပြပွဲပြိုကွဲသွားပါတယ်။

## ရည်ညွှန်း

**New York Times, June 9,12,13, 1975**

**Straits Times( Singapore) July 17, 1975**

ရန်ကုန်တက္ကသိုလ်ကျောင်းသားများသည် (၁၉၇၆)ခုနှစ် မတ်လ(၆)ရက်တွင် ထပ်ပြီးဆူပူဆန္ဒပြကြသောကြောင့် တက္ကသိုလ်ကျောင်း များကို ထပ်၍ပိတ်လိုက်သည်။

၁၉၇၆ ဇူလိုင်လတွင် ကပ္ပတိန်အုန်းကျော်မြင့် (Captain Ohn Kyaw Myint) အပါအဝင် ကပ္ပတိန်(၁၁)ဦးနှင့် မေဂျာ(၃)ဦး ပါသော အဖွဲ့သည် နိုင်ငံတော်အားလက်ရှိပုံစံဖြင့်သွားနေပါက၊ မကြာခဏ ကျောင်းသား အဓိကရုဏ်းများဖြစ်ခြင်း၊ စီးပွားရေးချွတ်ခြုံ ကျပြီး၊ ပြည်သူ တစ်ရပ်လုံး ဒုက္ခဖြစ်တော့မည့်အရေးကို တွေးပြီး၊ နိုင်ငံတော်ကိုအချိန်မှီ ကယ်တင်ရန်၊ တပ်မတော်သားများလေးစား ကြသော၊ ကာကွယ်ရေးဝန်ကြီး ဗိုလ်ချုပ် တင်ဦးကို၊ အစိုးရအဖွဲ့ခေါင်းဆောင်အဖြစ်တာဝန်ပေးပြီး၊ လိုအပ် သောနိုင်ငံရေး၊ စီးပွားရေး ပြုပြင်ပြောင်းလဲမှုများကို အချိန်မှီပြုရန်အတွက်၊ ဗိုလ်ချုပ်တင်ဦး၏ တပည့်ရင်းများက အာဏာသိမ်းဖို့ စီစဉ်ကြသည်။

သို့သော်- တပ်မတော်ထောက်လှမ်းရေးအဖွဲ့မှ မျက်မှန်တင်ဦးက ကြိုတင်သိသွား သောကြောင့်၊ ဖမ်းဆီးခံရသည်။

မြန်မာ စာအုပ်များ



ပြစ်မှုထင်ရှားသောကြောင့်၊ (၁၉၇၇) ခုနှစ်[illegible] ရက်နေ့တွင် ခေါင်းဆောင်သူ ကပ္ပတိန်အုန်းကျော်မြင့်ကို [illegible] ပေးသည်။ ကျန်သောကပ္ပတိန် (၁၀)ဦးနှင့် မေဂျာသုံးဦးကို လည်း[illegible] အပြစ်ပေးခံရသည်။ ကာကွယ်ရေးဝန်ကြီး ဗိုလ်ချုပ်တင်ဦးသည်၊ နိုင်ငံ[illegible] လုပ်ကြံမှုကို ကြိုတင်သိထားသော်လည်း၊ ဦးနေဝင်းနှင့် ဦးစန်းယုအား အသိမပေးဘဲ ထိန်ချန်ထား သောကြောင့် ထောင်ဒဏ်(၇)နှစ် အပြစ်ပေးခံ ခဲ့ရသည်။

မည်သို့ဆိုစေကာမူ နိုင်ငံတော်လုပ်ကြံမှုကြီးအထ မမြောက်ခဲ့သော်လည်း၊ ဦးနေဝင်းနှင့် ဦးစန်းယုတို့၏ ဦးဆောင်မှုကို တပ်မတော်သားများ အတွင်း၌လည်းလက်ခံယုံကြည်သူနည်းနေပြီဟုသိလိုက်ရသည်။ အားကိုးစရာမှာ တပ်မတော်သာရှိသည်။ ပြည်သူလူထုသည်၊ အာဏာသိမ်းခဲ့သော (၁၉၆၂) စီးပွားပျက်ချိန်တွင် အစိုးရ၏ စီးပွားရေးစနစ်ကို ယုံကြည်မှုမရှိတော့ပေ။ ဒါကို အစိုးရအာဏာပိုင်များသိကြပါသည်။

သို့သော်ဆိုရှယ်လစ်စီးပွားရေးစနစ် မအောင်မြင်မှု အချိန်အနစ်နာခံကြသည်ဟု ဆိုရှယ်လစ်ကြီးများက လမ်းညွှန်ထားသော ကြောင့်၊ ဆိုရှယ်လစ်စနစ်ကြီးအောင်မြင်သည်အထိ၊ အားခဲပြီး ဆက်လက်ကြိုးပမ်းနေခြင်း ဖြစ်သည်။ သို့သော်တပ်မတော်သား နှင့် စီးပွားရေးလုပ်ငန်းဆိုသည်မှာ ဘယ်လိုမှအပ်စပ်မှုမရှိသောကြောင့်၊ ဘယ်လိုကြိုးစားပါစေ၊ ဘယ်လို မှအောင်မြင်မှုရှိမလာပေ။

ဘယ်လိုဖြစ်ဖြစ်၊ ဆိုရှယ်လစ်စနစ်ကြီးတွင် အားနည်းချက်များစွာရှိနေပြီဟု သိရသောကြောင့်လိုအပ်သလိုပြုပြင်သွားဖို့ လိုသည်ဟု သဘောပေါက်ကြသည်။ (၁၉၇၆) ခု နိဝင်ဘာလတွင် ပါတီအထူးကွန်ဂရက်ကျင်းပခဲ့သည်။

ပါတီအတွင်းရေးမှူး ဗိုလ်ချုပ်စန်းယုသည် (၁၉၇၄) ၌ရေးဆွဲခဲ့ကြသော ဆိုရှယ်လစ်စီးပွားရေးစီမံကိန်းများ အားလုံးချွတ်ချော် တိမ်းစောင်းနေသည်ဟု ဝန်ခံလိုက်လေသည်။ “ထို့ကြောင့် စီမံကိန်းအသစ် ရေးဆွဲရမည်ဖြစ်သည်” ဟုရှင်းပြခဲ့သည်။ မိမိတို့ ခေါင်းဆောင်များအားလုံး မှားခဲ့ကြသလို၊ ပါတီဝင်များလည်း၊ မှားယွင်းချွတ်ချော်ခဲ့ကြသည်ဟု စွပ်စွဲပြီး/ ဝန်ခံခဲ့သည်။ ထိုအချိန်က ဗဟိုကော်မတီအဖွဲ့ဝင် ငါးသောင်း လေးထောင်

မြန်မာ စာအုပ်များ



တစ်ရာကိုးဆယ်သုံးယောက် (54193) ရှိသည်။ ချွတ်ယွင်းချက်ကို ပြည်သူလူထုအား အသိမပေးခဲ့ပေ။

၁၉၇၇- ခုနှစ်ဖေဖော်ဝါရီလတွင် ကျင်းပသော မြန်မာဆိုရှယ်လစ်လမ်းစဉ်ပါတီ- ၏ တတိယအကြိမ်ပါတီကွန်ဂရက်ကို၊ ဗဟိုနိုင်ငံရေးသိပ္ပံ၌ကျင်းပသောအခါ၊ ကိုယ်စားလှယ် တစ်ထောင့်သုံးရာဆယ့်တစ်ယောက်(1311) မျှသာသက်ရောက်သည်။

## ရည်ညွှန်း

" Mothly Political Supplement" Asia Research Buletin (Sing a pare) (February 28, 1977

M.C. Tun'Diversion on the Road to Socialism,' FarEastern Economic Review, December 3, 1979 Page 18)

ကွန်ဂရက်တွင် အဓိကအချက်နှစ်ခုကို အဓိကထားပြီး ဆွေးနွေးခဲ့ကြသည်။ ပထမအချက်မှာ နာမည်ပျက်ရှိသာ ဗဟိုပါတီဝင် ဟောင်းများလက်မှတ်ထိုးပြီး နုတ်ထွက်ပေးသောအခါ၊ သင့်တော်သည့် ပါတီဝင်အသစ်များနှင့် အစားထိုးရန် ဒုတိယအချက်မှာ အားနည်းချက်များကိုရှာဖွေပြုပြင်ကြရန်ဆွေးနွေးတိုင်ပင်ကြသည်။ နုတ်ထွက်ရသော် ဗဟိုကော်မတီဝင်(၅၅%) ငါးဆယ်ငါးရာ နှုန်းတွင် ပါတီဝင်အသစ်များကိုခန့်ထားလိုက်သည်။

ဗဟိုကော်မတီဝင်များမှာ -

( ၁ ) ဝန်ကြီးချုပ် ဦးစိန်ဝင်း
( ၂ ) ဘဏ္ဍာရေး ဝန်ကြီးဦးလွင်၊
( ၃ ) ပြည်ထဲရေး ဝန်ကြီးဦးကိုကို၊
( ၄ ) ဆိုရှယ်လစ် အကြံပေးဦးဘငြိမ်းတို့ကို ရွေးချယ်ခဲ့ကြသည်။

ဗဟိုကော်မတီအသစ်ရွေးချယ်ပြီးသောအခါ အစဉ်အလာအတိုင်း ဦးနေဝင်း ပါတီ၏ဥက္ကဋ္ဌ ရာထူးနေရာအတွက် ရွေးချယ်ပေးကြသည်။ ဦးစန်းယုသည် အတွင်းရေးမှူးဖြစ်လာသည်။

☆ ☆ ☆

တန်ထာထုစာ၀၀

မြန်မာ စာအုပ်များ



# အခန်း(၄)

## တော်လှန်ရေးကောင်စီမတတ်မီမြန်မာ့စီးပွားရေးနှင့် တော်လှန်ရေးကောင်စီတတ်လာပြီး နိုဝ်ဝရေးနှင့် စီးပွားရေးဝေါဝ်းစဝ်ရာမှ ကြုံတွေ့ရသောအခြေအနေများ

## The Economy bdfore and after the coup and Some Political Imapilcations

တော်လှန်ရေးကောင်စီဝင်များသည် အမှန်စင်စစ်ကွန်မြူနစ်များသာဖြစ်ကြသည်။ ကိုလိုနီခေတ်တွင်ဗြိတိသျှကို အကြမ်းနည်းဖြင့် တော်လှန်ရန်ကြိုးပမ်းအားထုတ်ကြသူများသည် ဘာသာရေး၊ လူမျိုးရေး ကွဲပြားသော်လည်း အားလုံးသည် ကွန်မြူနစ်ဝါဒီများသာ ဖြစ်ကြသည်။ အဘယ်ကြောင့်ဆိုသော်လူထုတော်လှန်ရေး ဆင်နွှဲနိုင်သော သတ္တိမျိုးသည် ကွန်မြူနစ်များ၌သာရှိသည်။ သခင် အောင်ဆန်းနှင့် သခင်လတို့သည်လည်း ကွန်မြူနစ်များသာဖြစ်ခဲ့ကြသည်။ သို့သော်စစ်သားဘဝမှ အရပ်သားအဖြစ်ပြောင်းပြီး နိုင်ငံရေးကို ဇောက်ချလုပ်ဆောင်ချိန်ရောက်သောအခါ၊ ဗိုလ်ချုပ်အောင်ဆန်းသည် ကွန်မြူနစ်မဟုတ်တော့ပေ။ အမျိုးသားရေးဝါဒီဖြစ်လာသည်။

ကွန်မြူနစ်များသည် တစ်ယူသန် တစ်ဇောက်ကန်းတိုက်ပွဲဝင်ဖို့သာ စိတ်ထက်သန်ကြသည်။ ဗိုလ်ချုပ်အောင်ဆန်းသည် စစ်ပြီးခေတ် နိုင်ငံတော်ထူထောင်ရေးကို ထူထောင်မည် ပညာရှင်များကပို၍အရေး ပါကြောင်း သိခဲ့သည်။ ထို့ကြောင့် နယူးဗားမား အာမီ (New Burma Army) အဖြစ်ပြန်ဖွဲ့ချိန်တွင်၊ ခေတ်ပညာတတ်များ၊ ပညာရေးအတွက် တက္ကသိုလ်ကျောင်းသားများ ပညာတစ်ပိုင်းတစ်စဖြင့် စစ်ထဲဝင်ခဲ့ကြသည်။ ယခုလွတ်လပ်ရေးကိုတစ်နှစ်အတွင်းပေးတော့မည်ဖြစ်ရာ၊ ဗမာ့ကာကွယ်ရေးတပ်သို့ ကျောင်းပညာတစ်ပိုင်းတစ်စဖြစ်နေသူများကို၊ ဝင်ခွင့်မပေးခဲ့ပေ။

မြန်မာ စာအုပ်များ



ကျောင်းတက်ပြီးပညာသင်စေသည်။ လွတ်လပ်ရေးနှင့် ပေါက်ဖွား လာသော ပြည်တွင်း စစ်ပွဲများကာလအတွင်း ဝန်ကြီးချုပ်ဦးနုသည် ဆိုရှယ်လစ်စနစ်ထူထောင်ဖို့ကြိုးစားခဲ့ကြောင်းရှေ့တွင် ဖော်ပြခဲ့ပြီးဖြစ်သည်။ ပြည်သူ့ပိုင်သိမ်းလိုက်ပါက နိုင်ငံတော်၏ စီးပွားရေးဘုံးသုံးလဲသွားမည်ဟု သိမြင်လာသောကြောင့်၊ ပါလီမန် ဒီမိုကရေစီခေတ်တွင် တောင်သူလယ်သမား၊ အလုပ်သမားပါတီများက တောင်းဆိုလာသမျှသော အခွင့်အရေးများကို လိုက်လျောပေးခြင်းဖြင့်၊ ဒီမိုကရေစီစနစ်ကြီးတဖြည်းဖြည်းခြေကျလာသည်။

(၁၉၄၇) တွင် မြန်မာခေါင်းဆောင်ကြီးများသည် စီးပွားရေးတိုးတက်စေရန်အတွက် နှစ်နှစ်စီးပွားရေးစီမံကိန်းကို စတင် ရေးဆွဲခဲ့ကြသည်။ ၁၉၅၀ ခုနှစ်တွင် (ဖ-ဆ-ပ-လ) အစိုးရသည် နိုင်ငံခြားသား စီးပွားရေးပါရဂူကြီးများခေါ်ပြီး၊ စီးပွားရေးတိုး တက်မှု ရှစ်နှစ်စီမံကိန်းကြီးကို ရေးဆွဲခဲ့သည်။

၁၉၅၃ ခုတွင် စီးပွားရေးလုပ်ငန်းကြီးများ တိုးတက်ရေးစီမံကိန်းများသည် မည်သည့်ခေတ်အခါများတွင်မှ မရှိခဲ့။ တော်လှန်ရေးကောင်စီသိမ်းပြီးနောက် နှစ်ပေါင်းငါးဆယ်ကာလအထိ၊ ထိုစီမံကိန်းမျိုးရေးဆွဲနိုင်ခြင်း မရှိတော့ပေ။ ထိုစီမံကိန်းသည် အင်ဂျင်နီယာလုပ်ငန်းများ တိုးတက်ဖွံ့ဖြိုးရေး စီမံကိန်းဖြစ်သည်။ ထိုခေတ်ကအရှေ့တောင်အာရှတွင် မြန်မာသည် ထိပ်တန်းနိုင်ငံ ကြီးဖြစ်သည်။ စက်မှုထွန်းကားသည် (BPI) ဆေးဝါးစက်ရုံကြီးသည် ထိုခေတ်က အရှေ့တောင်အာရှတွင် အကြီးဆုံးဆေးဝါးစက်ရုံကြီးဖြစ်သည်။ အုတ်ကျင်းအထည် စက်ရုံကြီးများသည်လည်း အရှေ့တောင်အာရှ၌ အကြီးဆုံးဖြစ်သည်။ အရှေ့တောင်အာရှတွင် အကြီးဆုံးစက်ရုံကြီးများဖြစ်သည်။ (၁၉၅၁) မှ (၁၉၆၂)ကြားကာလသည် အရှေ့တောင်အာရှတွင် စီးပွားရေးတိုးတက်မှု၊ စက်မှုလုပ်ငန်းတိုးတက်မှုတွင် ထိပ်တန်းဖြစ်သော ရွှေရောင်လွှမ်းသည့် အချိန်ကာလများဖြစ်ခဲ့သည်။ ထိုရွှေရောင်လွှမ်းသောအချိန်ကာလများကို ဖျက်ဆီးခဲ့သူသည် တော်လှန်ရေးကောင်စီဥက္ကဋ္ဌကြီးဖြစ်သည်ကိုသမိုင်းတွင် မှတ်တမ်းတင်ခဲ့ပြီးဖြစ်သည်။

ဝန်ကြီးချုပ် ဦးနုသည် ပျော့ညံ့သူဟုဆိုနိုင်သော်လည်း ပညာတတ်ဖြစ်သောကြောင့်၊ နိုင်ငံတော်ကိုထူထောင်နိုင်စွမ်း ရှိသည်။ ဦးနေဝင်းထက်၊ ပညာများစွာပိုတတ်သောဦးနုသည် စီးပွားရေးစီမံကိန်း၊ အင်ဂျင်နီယာ

လုပ်ငန်းစီမံကိန်းများရေးဆွဲသော အခါတိုင်းတွင် အမေရိကန် ကျွမ်းကျင်ပညာရှင်များပါရဂူများကို ခေါ်ယူပြီး စီမံကိန်းများရေးဆွဲစေသည်။

ဦးနေဝင်းသည် အထက်တန်းအောင်ရုံမျှသာစာတတ်သည်။ တော်လှန်ရေးကောင်စီတွင် ခေတ်ပညာတတ်များတစ်ယောက် မျှမပါ။ ထို့ကြောင့် တော်လှန်ရေးကောင်စီဝင်များကြိုးပမ်းတည်ဆောက်သော စီးပွားရေးစီမံကိန်းအားလုံးချွတ်ယွင်းချက် ပျက်ဆီးမှု များနှင့် ဘာတစ်ခုမျှ အောင်မြင်မှုမရှိခြင်းသည်၊ မြန်မာ့နည်း မြန်မာ့ဟန်ဖြင့်၊ မြန်မာ့ဆိုရှယ်လစ်စီးပွားရေး ထူထောင်ရာတွင်၊ ၎င်းစီးပွားရေးပညာရှင်များ။ အင်ဂျင်နီယာ ပါရဂူကြီးများတစ်ဦးမျှမပါဘဲနှင့် ဘာမျှမတတ်သူများက၊ ရေးဆွဲကြသော စီမံကိန်းများ၊ ယောင်ချာချာနှင့်ပျက်ဆီးခဲ့တာ ဘာမျှအဆန်းမဟုတ်ပေ။ တပ်မတော်သား၏အတတ်ပညာသည် တိုက်ခိုက်ရေး၊ အတတ်ပညာမျှသာဖြစ်သည်။ အုပ်ချုပ်ရေးအတတ်ပညာကိုလည်း တတ်ကျွမ်းပါမည်။ သို့သော် စီးပွားရေးလုပ်ငန်း၊ စီမံခန့်ခွဲမှုလုပ်ငန်း၊ အင်ဂျင်နီယာ လုပ်ငန်းများတွင်၊ နကန်း၊ တစ်လုံးမျှ နားမလည်ဘဲ စီမံကိန်းကြီးတွေရေးဆွဲကြတာ အံ့ဩဖို့တော့ ကောင်းပါတယ်။ ကိုယ်တွေ့ အဖြစ်အပျက်လေးတစ်ခုကို ကြုံလို့ပြန်ပြောချင်ပါတယ်။ ဘယ်သူ့ကိုမျှ ပုတ်ခတ်ခြင်းမဟုတ်။ နာမည်မထည့်ပါ။ လိုရင်းတိုရှင်း ရေးပါမည်။

(၁၉၇၆)ခုနှစ် (၁၉၇၇)ခုနှစ်ခန့်ဖြစ်ပါသည်။ ကျွန်တော် ဘွဲ့လွန်တက်နေစဉ်ကာလ၊ ကျွန်တော့်အစ်ကိုက မီးရထားလမ်း အင်ဂျင်နီယာတစ်ဦးပါ။ သူ့မိတ်ဆွေ အထက်အရာရှိက ဆောက်လုပ်ရေး အင်ဂျင်နီယာဖြစ်ပါသည်။ သူသည် မော်လမြိုင်မြို့ မီးရထားစက်ခေါင်းရုံ တည်ဆောက်ရေးတာဝန်ယူထားရပါတယ်။ သူတို့စကားဝိုင်းမှာ ကျွန်တော်လည်း ထိုင်နေပါတယ်။ အဲဒီမှာ သူပြောတဲ့စကားလေးတွေ မှတ်သားဖို့ ကောင်းတဲ့အတွက် နှစ်ပေါင်းသုံးဆယ် ခန့်ကြာပေမယ့် မှတ်မိနေခဲ့တယ်။

"သူ့အထက်အရာရှိက၊ စက်ခေါင်းရုံပြီးစီးမှု အခြေအနေကို လာစစ်ပါတယ်။ အင်ဂျင်နီယာချုပ်ဟာ တပ်မတော်မှ အငြိမ်းစားယူပြီး ဌာနပြောင်းလာသူဖြစ်ပါသည်။ (မ-ဆ-လ) ခေတ်က ထိပ်တန်း ရာထူးကြီးတွေကို၊ အရပ်သားတွေရလေ့မရှိဘူး။ ဒု-ဝန်ကြီးပဲရကြပါတယ်။ ဥပမာ ကျောင်းဆရာဘဝမှ ကျောင်းအုပ်ဘဝကို အဆင့်ဆင့်ဖြတ်သန်းရတဲ့

ဦးမောင်ဒီဟာ ဒု-ပညာရေးဝန်ကြီးအဆင့်ဘဲရပါတယ်။ ပညာရေးဝန်ထမ်း မဟုတ်ဘဲ၊ ဌာနပြောင်းပြီး တပ်မတော်မှလာတဲ့ ဦးကျော်ငြိမ်းက ပထမ ဝန်ကြီးဖြစ်လာပါတယ်။ ဒီတော့ ဘာတွေဖြစ်လဲဆိုရင် ပညာရေး၊ လောကသားတွေရဲ့ ခံစားမှုကို ဦးကျော်ငြိမ်းက၊ ဘာမှမသိဘူး။ အခြေ အနေမှန်ကို သိတဲ့ ဒု-ဝန်ကြီးဦးမောင်ဒီကလည်း အထက်ကိုဘာမှအကောင်း အဆိုးတင်ပြရဲတဲ့ သတ္တိမရှိဘူးဖြစ်နေခဲ့တယ်။ စောစောက စကားပြန် ဆက်ရရင် တပ်မတော်သား အထက်အရာရှိဟာ စက်ခေါင်းရုံကို လာစစ် တော့ဆောက်လုပ်ရေး အင်ဂျင်နီယာကို ဘယ်လောက်ပြီးပြီလဲ လို့မေးပါတယ်။

အင်ဂျင်နီယာက (၇၀%) ခနစ်ဆယ်ရာနှုန်းပြီးပါပြီလို့ ဆိုတယ်။ ဒီတော့ အထက်အရာရှိကဆဲဆိုပါတယ်။ ဘာပြီးလို့လဲ ? လို့ဆိုပါတယ်။

အင်ဂျင်နီယာက - စက်ခေါင်းရုံမှာ အောက်ခံအုတ်မြစ်နဲ့ ကြမ်းခင်း ကအရေးအကြီးဆုံးပါ။ ခေါင်မိုးနဲ့ အကာတွေကို ခုတပ်စုပြီးပါ တယ်လို့ ဆိုတော့ အထက်အရာရှိက လက်မခံဘူး။ စီမံကိန်းအတွက် သတ်မှတ်ချိန် ကုန်တော့မယ်လို့ ဆိုပါတယ်။ တာဝန်ခံဆောက်လုပ်ရေး အင်ဂျင်နီယာက ရှေ့လပြီးမယ်လို့၊ အာမခံလိုက်တယ်။ အရာရှိလာစစ်တော့ အားလုံးပြီးနေပြီ၊ အရာရှိက အံ့ဩသွားတယ်။ ကျွန်တော် ဆိုလိုတာက၊ ကျွမ်းကျင်သူကို သာထိပ်ပိုင်းအရာရှိတွေ ခန့်ထားသင့်တယ် ဆိုတဲ့အချက် ဘဲဖြစ်ပါတယ်။ တပ်မတော် အရာရှိတွေကို၊ ဦးစားပေးတဲ့ ပုံစံနဲ့ အရေးပါတဲ့ဌာနတွေ စီးပွားရေးလုပ်ငန်း၊ အင်ဂျင်နီယာလုပ်ငန်း၊ ကုန်ထုတ်လုပ်ငန်းတွေမှာ ခန့်ထားရင်၊ ပညာရှင်တွေက၊ အခြေအတင်စကားမပြောဘဲ၊ ဘာမှမသိတဲ့ အထက်အရာရှိ ကို ပညာပြပါတယ်။ ဒီတော့ နိုင်ငံတော်မှာနစ်နာရပါတယ်။

အကောင်းဆုံးကတော့၊ နိုင်ငံသားအချင်းချင်း စိတ်ဝမ်းမကွဲကြဖို့၊ တစ်ဦးအပေါ်တစ်ဦးလေးစားကြဖို့၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီး၊ ကမ္ဘာတည်သရွေ့စည်းလုံးချစ်ခင်ကြဖို့အရေးအကြီးဆုံးအချက်မှာ

- အခွင့်ထူးခံလူတန်းစားများလုံးဝမရှိစေရ။ ဥပမာ တော်လှန်ရေး ကောင်စီခေတ်မှစပြီး၊ တပ်မတော်အရာရှိကြီး များကိုအထူး အခွင့်အရေး ပေးမှုသည် နိုင်ငံအတွင်း စိတ်ဝမ်းကွဲပြားမှုဖြစ်ပေါ်စေသည်။

- အာဏာရှိသူများနှင့် အဆင်ပြေသင့်မြတ်မှုကြောင့် နိုင်ငံသားအားလုံး၊ အေးအတူ၊ ပူအမျှခံစား စံစား ကြရမည့် အခွင့်အရေးများ

မြန်မာ စာအုပ်များ



ကို မိမိတို့ တစ်ဦးတည်းရယူခံစားကြသော ခရိနီလူတန်းစား ကျယ်ပြောက် ဖို့လိုသည်။

- ဆင်းရဲ၊ ချမ်းသာ၊ ဆူကြံ၊ နိမ့်မြင့် ကွာခြားလွန်းပါက နိုင်ငံရေးစနစ်ကြီးများကို တပ်မတော်ဖြင့်ကာကွယ်ထားသော်လည်း လက်နက်မဲ့ ပြည်သူတို့က ဖြိုဖျက်ကြမည်သာဖြစ်သည်။ ဥပမာ - တိုင်းပြည်က လွန်စွာဆင်းရဲသည် လယ်သမား၊ အလုပ်သမား ပျံကျဈေးသည်နှင့် ဘွဲ့ရအလုပ်လက်မဲ့များ၊ စားရမဲ့၊ သောက်ရမဲ့ ဖြစ်နေချိန် တွင်၊ ဒေသကောင်စီ များ၊ ပါတီဝင်ကြီး များ၊ တပ်မတော်အရာရှိကြီးများသည် နန်းတော်ကဲ့သို့ ကြီးမားသောတိုက် အိမ်မှာနေ၊ မာဆီဒီးကားကိုစီး (မ-ဆ-လ) မှ ထုတ်တဲ့ ရေခဲသေတ္တာ၊ လေအေးပေးစက်၊ ရုပ်မြင်သံကြားနဲ့ ဇိမ်ခံနေစဉ်၊ ငွေကြေး အတော်အသင့်ရှိသူများက၊ ထိုင်းနိုင်ငံမှ လာသော ရုပ်မြင်သံကြားစက်များ မှောင်ခိုပစ္စည်းများ သုံးနိုင်ခဲ့သည်။ ထိုကဲ့သို့ ဆူကြံနိမ့်မြင့် ကွာခြားလွန်းသော အခါ၊ ပြည်သူလူထုကို လက်နက်ဖြင့် ထိန်းချုပ်လို့ ရချင်ရမည်။ ရဟန်း၊ သံဃာနှင့် ဖြူစင်ရိုးသားလွန်းသော ကျောင်းသားလူငယ်များကိုမည်သည့် လက်နက်ဖြင့် ခြိမ်းခြောက်ပါရ စေမည်မဟုတ်။ ကျောင်းသားနှင့် ရဟန်းသံဃာများ၊ သွေးမြေကျရင်၊ ပဋိပက္ခတွေ ဟာကြီးထွား လာစမြဲ။ အကောင်းဆုံးမှာ ယနေ့ နိုင်ငံတော် သမ္မတကြီးကဲ့သို့ ရိုးသားပွင့်လင်းခြင်း တရားမျှတခြင်းရှိဖို့လိုသည်။ အစိုးရအဖွဲ့ တွင် ကာကွယ်ရေးနှင့် ပြည်ထဲရေး မှလွဲပြီး အခြားဌာနများတွင် တပ်မတော် အရာရှိဟောင်းများ၊ ခန့်အပ်ရန် မသင့်တော်ပါ။ သက်ဆိုင်ရာလုပ်ငန်းတွင် အတွေ့အကြုံရှိခဲ့သော နောက်ကြောင်းရာဇဝင်ကောင်းသောသူသာဖြစ်ရမည်၊ အတိတ်မကောင်းသူကို ယုံကြည်၍မရပေ။ အတိတ်ကောင်းခဲ့သူ၊ ကိုယုံကြည်ပါက ဖြစ်နိုင်သည်။ အတိတ်ကကောင်းခဲ့သော ဂုဏ်သိက္ခာကို ဆက်လက်ပြီး ထိန်းသိမ်းဖို့ လိုသောကြောင့်ဖြစ်သည်။

အတိတ်က၊ ဆိုးတာလည်းမလုပ်ခဲ့သလို၊ ကောင်းတာလည်းဘာမှ မလုပ်ခဲ့ဘူး။ ပညာအရည် အချင်းကလည်း နိမ့်တယ်ဆိုရင် အနာဂတ်မှာ သိမ်မယုံရဘူး၊ ဘာကြောင့်လဲဆိုတော့ - ဒီလူအရောင်မဲ့ (Colour Less) ဖြစ်တယ်။ အဖြူထည်မဟုတ်ဘူး။ အဖြူရောင်ဆိုးလို့လည်းရသလို ပေါက်ကရ၊ အရောင်စုံဆိုး လို့လည်းရတယ်။ ဒီလူမျိုးမှာ ကိုယ့်ကျင့်သိက္ခာကို

အသက်နဲ့လဲမယ်။ ပြည်သူလူထုအတွက် ဘဝကိုစွန့်လွှတ်မယ်ဆိုတဲ့ မွန်မြတ်သော စိတ်ဓါတ်မျိုး မရှိနိုင်ဘူး။

ဖ-ဆ-ပ-လ ခေတ်တွင် တောင်သူလယ်သမားများ၏ လူနေမှု ဘဝတိုးတက်ရေးအတွက်၊ အစွမ်းကုန် အရေးပေး ဆောင်ရွက်ခဲ့သော်လည်း၊ ထိုအချိန်က တောင်သူလယ်သမားများသည် နိုင်ငံခြားပညာရှင်များ အကြံပြု သကဲ့သို့၊ မျိုးကောင်းမျိုးသန့် စိုက်ပျိုးခြင်း၊ သဘာဝမြေဩဇာအစား၊ သီးနှံအထွက် တိုးသော ဓါတ်မြေဩဇာများ အသုံးပြုရေးခေတ်မှီ စက်မှု လယ်ယာသုံး လက်တွန်း ထွန်စက်လေးများနှင့်အခြားသော စက်မျိုးစုံ အသုံးပြုကြဖို့ အကြံပြုခဲ့ကြသော်လည်း၊ အကောင်အထည် ဖော်သည့် အဖွဲ့များတွင် အားနည်းချက် ချွတ်ယွင်းချက်များစွာရှိခဲ့ကြသည်။ တောင်သူ လယ်သမားများကလည်း အတွေးအခေါ် နိမ့်ခြင်း၊ ပညာအရည်အချင်း နည်းပါးခြင်းတို့ကြောင့် စက်မှုလယ်ယာထူထောင်ရေး ရည်မှန်းချက်များ အကောင်အထည်မပေါ် ခဲ့ပေ။ ဘင်္ဂလားဒေ့(ရှ်)ဖိလစ်ပိုင်၊ ထိုင်း၊ ဗီယက်နမ် စသောနိုင်ငံများသည် ဒုတိယကမ္ဘာစစ်ကြီးမတိုင်မီက ဆန်အထွက်နည်းခဲ့ကြ သည်။ အဘယ်ကြောင့်ဆိုသော် လယ်စိုက်ဧက နည်းသောကြောင့်ဖြစ်သည်။ မြန်မာနိုင်ငံတွင် ဒုတိယကမ္ဘာစစ်ကြီးအတွင်း ဂျပန်အဝင် စစ်ပွဲကြီး တစ်ကြိမ် ဂျပန်အထွက်တွင် စစ်ပွဲကြီးတစ်ကြိမ်ကြုံခဲ့ရသောကြောင့်၊ စိုက်ပျိုးရေးလုပ်ငန်း ပျက်ဆီးခဲ့သလို၊ လွတ်လပ်ရေးရပြီးနောက်၊ နိုင်ငံတော်ကို ပြန်လည် ထူထောင်ရေးလုပ်ရမည့် ကာလတွင် အတွေးအခေါ် အသိဉာဏ်၊ ဆင်ခြင်တုံ တရားကင်းမဲ့သော လူကြီးများသည် ဂျပန်ခေတ်တုန်းက ဂျပန်ကို ကြောက်ခဲ့သမျှ၊ ကိုယ့်အမျိုးသားချင်း အစွမ်းပြရမ်းကားပြီး၊ ပြည်တွင်း စစ်ဖြင့် တိုင်းပြည်ကို ဖျက်ဆီးသော ကာလတွင်၊ လယ်ယာစိုက်ပျိုး ရေးလုပ်ငန်းများစွာ အထိနာသည်။ အဆိုးဆုံးမှာ ဘာတစ်ခုမျှတတ်၊ သိ၊ နားလည်ခြင်းမရှိသော ကျေးလက်လူထုကို ခုတုံးလုပ်သော ကွန်မြူနစ် များဖြစ်ကြသည်။

နိဂုံးချုပ်သော် (ဖ-ဆ-ပ-လ)၏ စက်မှုလက်ယာစနစ်ထူထောင်ရေး မအောင်မြင်ခဲ့ပေ။ စပါးအထွက်နှုန်းမှာ တစ်ကေလျှင် တင်းသုံးဆယ်နှုန်း (Thirty braskets per acre) မျှသာရှိခဲ့သည်။ ဆန်စပါး၏ အရည်အသွေး မှာလည်း၊ နိုင်ငံတကာ စံချိန်နှင့် တိုက်ကြည့်ပါက အရည်အသွေးစံချိန်မမှီပေ။

မြန်မာ စာအုပ်များ



သို့သော်လည်း အစိုးရ၏ (SAMB, the state Agriculturel Marketing Board) သည် တောင်သူလယ်သမားတို့၏ စပါးကို အရည်အသွေးဖြင့် ဈေးနှုန်းကွာခြားမှု မပြုဘဲ၊ ဝယ်ယူပြီး ကမ္ဘာ့ ဈေးကွက်သို့ ထိုက်တန်သော ဈေးနှုန်းဖြင့်ရောင်းချနိုင်စွမ်းရှိသောကြောင့် တောင်သူလယ်သမားများ၊ မချမ်းသာကြသော်လည်း ကောင်းကောင်းမွန်မွန် စားသောက်နေထိုင်၊ လှူဒါန်းနိုင်သောအနေအထားရှိခဲ့သည်။

၁၉၅၀ မှ ၁၉၅၄အတွင်း အစိုးရသည် နိုင်ငံတော် ရေရှည်တိုးတက်ထွန်းကားစေရန်အတွက် စက်မှုကုန်ထုတ်လုပ်ငန်း ကို ဦးစားပေးပြီး ရင်းနှီးမြုပ်နှံသောကြောင့် လယ်ယာကဏ္ဍအတွက် ထောက်ပံ့မှုနည်းပါးခဲ့သည်။

၁၉၄၅ခုနှစ်မှ (၁၉၅၃)အထိ၊ ရှစ်နှစ်တိုင်တိုင်ဖြစ်ခဲ့သော ကိုရီးယားစစ်ပွဲအတွင်း၌ ဆန်စပါးဈေးကောင်းခဲ့သည်။ ဝယ်လိုအား အလွန်ကောင်းသည်။ ထိုအချိန်တွင် လိုအပ်ချက်များလွန်းသောကြောင့် ဆန်စပါးအရည်အသွေးမှာ သိးနှံအားလုံးဈေးကောင်း ရသော ခေတ်ကာလဖြစ်ခဲ့သည်။

သို့သော် (၁၉၅၄)ခုနှစ်၊ ကုန်ပိုင်းတွင်၊ ဆန်စပါးဝယ်လို အားကျဆင်းလာသောကြောင့်၊ ဈေးနှုန်းကျဆင်းရုံမျှမက၊ ဆန်သား၊ အရည်အသွေးကိုအလေးထားလာကြသည်။ အပြိုင်အဆိုင်ရောင်းချသော နိုင်ငံများသည် ထိုကဲ့သို့ စပါးဝယ်လိုအား ကျဆင်းချိန်တွင်၊ ဆန်စက်ညံ့များမှ ကြိတ်ခွဲသော ဆန်ညံ့များသည် ကမ္ဘာ့ဈေးကွက်၌ ဈေးကောင်းမရတော့ပေ။ ခေတ်နှင့်အညီ ပြောင်းလဲမှု မလုပ်ခဲ့သောကြောင့် ဖြစ်သည်။

ထိုအချိန်က မြို့နေလူတန်းစားတွင် ကမ္ဘာ့အဆင့်မီဆရာဝန်ကြီးများ၊ အင်ဂျင်နီယာကြီးများ၊ ရှေ့နေကြီးများ ယခင်ခေတ်ကာလများနှင့်မတူ၊ အရေအတွက် လွန်စွာများပြားလာခဲ့သည်။ သို့သော် စီးပွားရေးနှင့်နိုင်ငံခြားသွင်းကုန်၊ ထုတ်ကုန် လုပ်ငန်းများကိုမူ၊ အိန္ဒိယသားများ၊ ကပြားများနှင့် နိုင်ငံခြားသား (ဥရောပသား)များက သာဦးစီးနေကြသည်။ ထို့ကြောင့် ဦးနုသည် တိုင်းရင်းသား စီးပွားရေးသမားများကို၊ ဦးစားပေးပြီး၊ သွင်းကုန်ထုတ်ကုန်လိုင်စင်များချပေးပြီး တိုင်းပြည်၏ အနာဂတ် ကိုမြန်မာနိုင်ငံသားများလက်ထဲကို ထည့်ပေးဖို့ ကြိုးစားသည်။ ထိုအခါ ကြုံတွေ့ရသော အခက်အခဲမှာ ဥရောပနိုင်ငံခြားသားများ၊ အိန္ဒိယသားများနှင့် ကပြားများထက်၊

မြန်မာစီးပွားရေးသမားများက နိုင်ငံကိုပိုပြီး၊ ဒုက္ခပေးတတ်ကြောင်း။ အထူး စုံစမ်းရေးအဖွဲ့ များ၏ အစီရင်ခံစာ အရတွေ့ရသည်။ ထို့ကြောင့် အကျင့်ပျက် ခြစားမှု၊ အဂတိလိုက်စားမှုကို ထိရောက်စွာ ကိုင်တွယ်သောအခါ တိုင်းရင်း သားစီးပွားရေးလုပ်ငန်းရှင်ကြီးများ၏ ထောက်ပံ့ငွေကို စားသောက်နေကြ သော၊ နိုင်ငံသားများနှင့် ပြဿနာ အကြီးအကျယ် တက်တော့သည်။ ဦးနုသည် အမှန်စင်စစ်အားဖြင့် ဗမာအမျိုးသားရေးဝါဒီဖြစ်သော်လည်း၊ အမှန်တရားအတွက်၊ အမျိုးသားချင်း မညှာခဲ့ပေ။ အကျင့်ပျက်သူ၊ အဂတိလိုက်စားသူများကို ထိရောက်စွာအပြစ်ပေးခဲ့သောကြောင့် နိုင်ငံရေး သမားများ နှင့် အကြီးအကျယ်ပြဿနာဖြစ်ရလေတော့သည်။

၁၉၅၄-တွင်စီးပွားရေးမကျဖို့ အစွမ်းကုန် ကာကွယ်ကြိုးစားနေပါ လျက်၊ စီးပွားရေးကျဆင်းခဲ့ရခြင်းကို ပြစ်ချက်ရှာဖွေ သောအခါ နိုင်ငံတော်၏ (SAMB) ထဲတွင် ကိုယ့်ကျင့်တရားဖောက်ပြန်သူ၊ ကိုယ်ကျိုးရှာသူများစွာ တွေ့ရသောကြောင့်၊ နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ မျက်နှာကလွဲပြီး ဘယ်သူ ကိုမှ မျက်နှာမထောက်ဘဲ၊ ပြတ်ပြတ်သားသား အရေးယူခဲ့သည်။ အချို့ သူများသည်ကိုယ် ကျိုးရှာသူများမဟုတ်။ သို့သော် နီးစပ်ရာဆွဲ ခန့်ထား သောကြောင့်၊ အရည်အချင်းမရှိသူများဖြစ်သည်။ ထိုသူများတွင် အပြစ်မရှိ သော်လည်း ကိုယ်နဲ့ ထိုက်တန်သော အဆင့်အထိ၊ ရာထူးချလိုက်သည်။

ဆန်စပါး ဝယ်သူသည် ဆန်စပါး၏ အနံ၊ အရင့်၊ ရေငွေ့ ပါဝင်မှုအနေအထားကို ခန့်မှန်းတတ်ရမည်။ ပြီးနောက်နိုင်ငံတကာ စံချိန်၊ စံညွှန်းနှင့်အညီသိုလှောင်ခြင်း ပြုလုပ်ရသည်။ ဖြစ်သလို၊ သိုလှောင် ထား၍မရပေ။ စပါးများ ပျက်ဆီးပြီး၊ ဆန်အရည်အသွေး ကျဆင်းနိုင်သော ကြောင့်ဖြစ်သည်။ ဆန်စပါးကို စနစ်တကျသိုလှောင်နိုင်သောသူများ အစိုးရဝန်ထမ်း (SAMB) အဖွဲ့ ၌ မရှိကြောင်းသိရသောအခါပြင်ပမှ ပညာရှင်များကို ခေါ်ယူပြီး အကြံဉာဏ်နှင့်အကူအညီတောင်းသည်။ ဆိုရှယ် လစ်ခေတ်တွင် လုပ်ငန်းစီမံကိန်းများ တလွဲတချော်ဖြစ်လေ၊ ပြည်သူလူထုနှင့် ပြင်ပလူများမသိရအောင် ဖုံးဖိလေဖြစ်သည်။ ဖုံးရင်း ဖိရင်း လူထု သည်ဖွတ်ကျော်ပြာစု၊ ဆင်းရဲမွဲတေ ဖွတ်ဘိုးအောဘဝကြောင့်၊ ဆူပူအုံကြွရာမှ ရှစ်လေးလုံး အရေးတော်ပုံကြီးပေါ်ပေါက် လာပြီး၊ ကမ္ဘာပေါ်တွင် ပထမဆုံးသော ဆိုရှယ်လစ်တို့ကျဆုံးခြင်းကို၊ စံပြဖြစ်စေခဲ့သည်။ (၁၉၅၅)နှင့်

မြန်မာ စာအုပ်များ



(၁၉၆၀)တွင် မြန်မာနိုင်ငံသည်၊ ပါလီမန် ဒီမိုကရေစီစနစ် ကျင့်သုံးခဲ့သောကြောင့် နိုင်ငံတော် အတွင်းစီးပွားရေး လွတ်လပ်ခွင့်ရှိခဲ့သော်လည်း။ နိုင်ငံတော်၏ အစိုးရပိုင်းမှ စီးပွားရေးလုပ်ဆောင်ပုံများသည်၊ ဆိုရှယ်လစ်အုပ်စုကြီး ဆိုးမှုကြောင့် ဆိုရှယ်လစ်ဆန်သော ပုံစံရှိခဲ့သည်။ ဥပမာ ဆန်များ အိန္ဒိယ၊ ဥရောပနိုင်ငံများနှင့် ဂျပန်နိုင်ငံသို့ပို့သောအခါ လက်ငင်းငွေသားရသော်လည်း ဆိုရှယ်လစ်နိုင်ငံအချင်းချင်းရောင်းဝယ်ကြသောအခါ ငွေသားမရပေ။ ပစ္စည်းချင်းဖလှယ်သောပုံစံ များသာဖြစ်သည်။

## ရည်ညွှန်း

Robert L. Allen. " Burmans" (Learing Accounts Agreements" . Pacific Affairs 31, No. 2 (June 1958), 147-164, for a Comprehemsive analysis of the trade during this period between Burma, the Soviet Union, the People's Republic of China, and the East Eurepean states.

ဦးနုခေတ်နှောင်းပိုင်း (၁၉၅၆)မှ (၁၉၅၉)အတွင်း မြန်မာ့ဆန်ကို၊ တရုတ် သို့ပို့ရာတွင် ငွေသားမရဘဲ၊ ရာဘာထွက်ကုန် ပစ္စည်းများနှင့်အခြားသော ကုန်ပစ္စည်းများနှင့်လဲလှယ်ခဲ့ရသည်။ ၁၉၆၂ ခုစက်တင်ဘာလတွင် တော်လှန်ရေးကောင်စီခေတ် မြန်မာ့ဆန်များကို ယူဂိုစလားဗီးယားသို့ တင်ပို့ရာတွင် အဆင်မပြေဖြစ်ခဲ့သောကြောင့် စင်္ကာပူဆိပ်ကမ်းတွင် ပြန်ချပြီး ရသည့် ဈေး(အောက်ဈေး)နှင့်အနိမ့်ခံပြီးရောင်းချခဲ့ရသည်။

## ရည်ညွှန်း

on the several occasions between 1956 and 1959, it was reported tat the Chinese baartered the rice they obtained from Burma for rubber and other productes offered by formeer rice customers of the Bumese. On September 18, 1962, the Nation reported that a ship-load of rice purchased by Yugoslavia was unleaded in Singapore and resold at a considerable in Singapore and resold at a considerable profit.

(၁၉၅၆)ခုနှစ်တွင် မြန်မာအစိုးရသည် အမေရိကန်မှ နို့မှုန့်များ၊ ဝါဂွမ်းနှင့် ဆေးရွက်ကြီးများဝယ်လိုသည်။ သို့သော် ပေးချေရန် ငွေမရှိသောကြောင့်၊ အမေရိကန်အစိုးရ၏ ထောက်ပံ့မှုပုံစံဖြင့် ဖြည့်ဆည်းပေးခဲ့သည်။

အမေရိကန်အစိုးရသည် လွတ်လပ်ရေးရပြီးနောက်တက်လာသော (ဖ-ဆ-ပ-လ)အစိုးရတော်လှန်ရေးကော်စီအစိုးရ တို့အား၊ အကြိမ်ကြိမ် အကူအညီပေးခဲ့ဘူးသည်။ သို့သော် ဦးနုနှင့် ဦးနေဝင်းတို့သည် ဆိုရှယ်လစ်များဖြစ်ကြသောကြောင့် အမေရိကန်၏ အကူအညီကို၊ အလိုအပ်ဆုံးအချိန်တွင် အကန့်အသတ်ဖြင့် ယူကြသည်မှအပ၊ အမေရိကန်နိုင်ငံနှင့် နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်မှုမရှိခဲ့ပေ။

အမေရိကန်ပညာရှင်များက၊ သယံဇာတပေါကြွယ်ဝသော မြန်မာနိုင်ငံနေဖြင့် စက်မှုလက်မှုထူထောင်မှုကို ဦးစားပေး သင့်သည်ဟု အကြံပြုကြသော်လည်း၊ တရုတ်ဖြူအတွက်၊ စစ်အခြေစိုက်စခန်းတောင်းလာသောအခါ၊ မြန်မာ့အချုပ်အခြာ အာဏာကို ထိပါးလာမည်ဟု ဦးနုက စိုးရိမ်ခဲ့သည်။

(KMT) စစ်စခန်းအစား၊ အမေရိကန်စစ်စခန်းပုံစံမျိုးငှားရမ်းဖို့ကိစ္စကလည်းမဖြစ်နိုင်၊ အစဉ်အလာအားဖြင့်၊ ပုဂံခေတ်ကတည်း၊ တရုတ်ကိုကြောက်ရသော အစဉ်အလာရှိနေသည်။ အလွန်ဘေး ကြပ်နံ့ကြပ် အနေအထားဖြစ်လေရာ၊ ဦးနုကိုမှားသည်ဟုမဆိုသာပေ။ သို့သော် ဆန်စပါးကို အခြေခံသောကြောင့် (၁၉၅၄)ခုစပါး ဈေးနှုန်းထိုးကျ သွားသောအခါ၊ အမေရိကန်ချေး ငွေများဖြင့်ပြုလုပ်ခဲ့သော စီမံကိန်းများ အတွက် ချေးငွေပြန်ဆပ်နိုင် စွမ်းမရှိ ဖြစ်ခဲ့ရသည်။

## ရည်ညွှန်း

* U Nu, Premier's Report to the People on Law and order, National Solidarity, Social Welfare, National Economy, and Foreign Affairs. (Rangoon;, Director of Information.)

☆ ☆ ☆

မြန်မာ စာအုပ်များ



# အခန်း(၅)

## တပ်မတော် မှ အာဏာမသိမ်းမီနှင့် အာဏာသိမ်းပြီးနောက် ဖြစ်ပေါ်ခဲ့သော စီးပွားရေး အခြေအနေများ

## The Economy before and after the Coup and Some Political Implications.

နိုင်ငံရေးစနစ်တစ်ခု၏ အောင်မြင်မှုကို စီးပွားရေးဖြင့်ဆုံးဖြတ်ရလေသည်။နိုင်ငံရေးစနစ်မည်မျှကောင်းပါစေ။ပြည်သူတစ် ရပ်လုံး စားဝတ်နေရေး၊ဘဝရေရှည်ရေး၊ပညာရေး၊လူနေမှု အဆင့်အတန်းအားလုံးချွတ်ခြုံကျပြီး ငတ်မွတ်ခြင်း၊ဘဝ တွင်မျှော်လင့် ချက်ရောင်ခြည်ကင်းမဲ့ခြင်း တို့ကြောင့် (၂၆)နှစ်တိုင်တိုင်၊နိုင်ငံရေးခံယူချက်သဘောတရားကျမ်းကြီးများစွာ ရေးသားပြီးအဆင့်ဆင့်ပို့ချခဲ့သောနိုင်ငံရေးစနစ်ကြီးသည် ဘုံးဘုံးပြိုလဲ ခဲ့ရသည်။၁၉၆၄ ခုနှစ်တွင် နိုင်ငံခြားသားများ၊ကပြား များနှင့်နိုင်ငံသားများ ပိုင်သော စက်ရုံ၊အလုပ်ရုံ၊ကုန်တိုက်၊ကုမ္ပဏီ၊ဂိုဒေါင်၊စတိုး ဆိုင် စသည်ဖြင့် လည်ပတ်နေသောစီးပွားရေး ယန္တယားကြီး တစ်ခုလုံးကိုနိုင်ငံပိုင်သိမ်းယူလိုက်သည်။

ထိုမျှမက ၁၉၆၄ ခုနှစ်မေလ(၁၇)ရက်နေ့တွင် နိုင်ငံအတွင်း သုံးစွဲနေကြသော ၅၀ကျပ်တန်များနှင့် ၁၀၀ကျပ်တန်များ ကိုတရားမဝင် တန်ဖိုးမဲ့အဖြစ်ကြေညာလိုက်သည်။ထိုလုပ်ရပ်သည် လွန်စွာမိုက်မဲသော လုပ်ရပ်များ ဖြစ်သည်။အကြံပေးအဖွဲ့တွင် တာဝန်ရှိသည်။ဒါတွေကို ဒီလိုလျှောက်လုပ်ရင် တပ်မတော်ရဲ့စေတနာဟာ ပြည်သူလူထု အတွက် ဝေဒနာသာဖြစ်မည်ဟု သိထားသင့်သည်။တော်လှန်ရေးကောင်စီသည် ပြည်သူပိုင်သိမ်းခြင်းကို မှန်မြတ်သော စိတ်စေတနာဖြင့် ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ထိုကဲ့သို့ချမ်းသာသူများထံမှ နိုင်ငံပိုင်အဖြစ်သိမ်း ယူလိုက်ခြင်းဖြင့် နိုင်ငံတော် သည်ပို၍ ကြွယ်ဝချမ်းသာလာမည်။ နိုင်ငံသားများ အချင်းချင်း။

မြန်မာ စာအုပ်များ



ဆင်းရဲချမ်းသာ ကွာဟမှုရှိတော့မည်မဟုတ်။

ထိုအခါ မိမိ၏ကာယဉာဏစွမ်းအား အလိုက်သင့်တော်သည့်လုပ်ခလစာကိုသာရမည်။ထိုအခါ လူ့တန်း စားပြဿနာ သည်မည်သည့် အခါမျှ ပေါ်ပေါက်တော့မည် မဟုတ်ပေ။နိုင်ငံတော်၏အကြီးအကဲများက ထိုကဲ့သို့ယုံကြည် မျှော်လင့်ထား ကြသော်လည်း လက်တွေ့ နှင့်ဆိုတာများ တတ်တဲ့သူတွေဘဲဖြစ်တယ်(To Err is human)စစ်သားဆိုတော့ ပညာရှိကြီးတွေထက် ပိုပြီးမှားတတ်ကြပါတယ်။ဒါက အပြစ်တင်တာမဟုတ်ပါဘူး။ စစ်သားရဲ့မူလဘာဝကိုက ရှေ့တန်းစစ်မျက်နှာမြေမှာဒုက္ခ ဆင်းရဲများစွာခံ၊ကြမ်းကြမ်း တမ်းတမ်း၊သွားလာနေထိုင်၊စားသောက်၊ရန်သူရဲ့ပိုင်းရံမှုကို ခံရတဲ့အခါထမင်းလည်းငတ်၊ ရေလည်းငတ်ပြီး ရက်ပေါင်းများစွာ နေရတတ်ပါတယ်။ရန်သူ့ကျည်ဆံထိတော့လည်း အသက် သေရင်သေ၊မသေရင်လည်းကျိုးမယ်။ ကန်းမယ်။ ပြတ်မယ်ပေါ့။ဒီဒုက္ခတွေ မွန်ပြည်နယ်သားကျွန်တော်တို့အသိဆုံးပါ။

မဲသဝေါမှာ တိုက်ပွဲတွေဖြစ်တော့၊ဒဏ်ရာရထားတဲ့စစ်သားတွေ မိုင်းထိထားလို့၊ ဒူးပြတ်နေတာတွေ စောင်စုတ်နဲ့ပတ်ပြီး သွေးတစိုစိုနဲ့ သထုံဘူတာကြမ်းပြင်ပေါ်မှာ အဖွဲ့လိုက်အဖွဲ့လိုက်လဲနေတာတွေ မျက်လုံးထဲကမထွက်ပါဘူး။ တစ်ဖက်ကကြည့်ရင် ကရင်တပ်သားတွေလည်း ဒီလိုဘဲ ဒုက္ခရောက်ရမှာဘဲ။ဒီ့အတွက် ဘယ်သူ့မှအပြစ်မတင် ပါဘူး။ဂျွန်းဦးစောကိုဘဲ အပြစ်တင်ရမှာ ဒီလိုပြဿနာတွေဟာလွတ်လပ်ရေးရပြီး ဆယ်နှစ်ခန့် ဖိလ်ချုပ်အောင်ဆန်းနဲ့ အာဇာနည်ခေါင်းဆောင်တွေ၊ တိုင်းရင်းသား ကိုယ်စားလှယ်ကြီးတွေ စုပေါင်းပြီးအဖြေရှာလိုက်ရင် ဖြေရှင်းနိုင်တဲ့အနေအထားပါ။ ခုတော့ သစ္စာသမာဓိရှိပြီး ပြည်ထောင်စုသား အားလုံး ချစ်ခင်လေးစား ယုံကြည်တဲ့ ခေါင်းဆောင်ကောင်းကို လုပ်ကြံလိုက်တာ ဗိုလ်ချုပ်ကိုသတ်တာ မဟုတ်ဘဲ ပြည်ထောင် စုကြီးတစ်ခုလုံးကို သွေးချောင်းစီးအောင် လုပ်လိုက်တာ နဲ့အတူတူပါပဲ။ ဒီတော့ကျွန်တော်ဆိုလိုတာက တပ်မတော်သားတွေ ညံ့တယ်လို့ မဆိုလိုဘူး။လုပ်ငန်းသဘော၊သဘာဝ ချင်းလုံးဝ မတူဘူး။ လောကကြီးမှာ မညီမျှမှုတွေရှိတာလောကရဲ့အလှပါ။

**တန်ထာဆုစာပေ**

ဝိသမလောဘနဲ့ ဂုတ်သွေးစုပ်တာမျိုးကိုတော့ ခွင့်မပြုသင့်ဘူးပေါ့။ ရိုးသားကြိုးစားပြီး ချမ်းသာလာသူကို ချမ်းသာ ခွင့်ပေးရမယ်။ဒါမှဆင်းရဲသား တွေ အားကျပြီးကြိုးစားလာမှာပေါ့။လူမညီရင် ဓါးနဲ့ညှိမယ်ဆိုတာကွန်မြူနစ်ရဲ့ လက်သုံးစကားပါ။လူ့ဘောင်လောကမှာ အသုံးဝင်တဲ့အသုံး တည့်တဲ့စကားပုံ မဟုတ်ပါဘူး။ဆောင်ပုဒ်မဟုတ်ပါဘူး။အကောင်းဆုံးက ကျောင်းစာသင် တဲ့အလုပ်ကို ကျောင်းဆရာလုပ်ပါစေ။ငါးဖမ်းတဲ့အလုပ်ကို တံငါသည်လုပ် ပါစေ။ အမဲလိုက်တဲ့အလုပ်ကို မုဆိုးလုပ်ပါစေ။နိုင်ငံရေးအလုပ်ကို နိုင်ငံရေး သမားလုပ်ပါစေ။စစ်သားအလုပ်ကို စစ်သားလုပ်ပါ။

ဒါဆို အားလုံးအဆင်ပြေနိုင်ပါတယ်။ဖက်ဒရယ်မှုကြောင့် ပြည်ထောင်စုကြီး ပြိုကွဲမည့်အရေးကို ကာကွယ်ရန် အတွက်တပ်မတော်မှ အာဏာသိမ်းခြင်းကို လက်ခံနိုင်ပါတယ်။ပြီးနောက် ၁၉၄၇ခုနှစ်အခြေခံ ဥပဒေမှ ဖက်ဒရယ်မှုနှင့်ဆိုင်သော အစိတ်အပိုင်းများ ကိုပယ်ဖျက်ပြီး ပြည်သူ့ဆန္ဒခံယူစေရင်ဖြစ်ပါတယ်။ဆိုရှယ်လစ်ဥပဒေရေးဆွဲပြီး ဆိုရှယ်လစ် စနစ်ကိုငွတ်အတင်း ထူထောင်ခြင်းကြောင့် မကျွမ်းကျင်တဲ့အလုပ်ကိုလုပ်ရ တော့ အဖက်ဖက်ကယိုယွင်းဆုံးရှုံးတာ ပေါ့။လူမှန်နေရာမှန် မရှိတဲ့အတွက် နိုင်ငံတော်ကိုဘယ်လိုမှထူထောင်လို့မရတော့ပါဘူး။နောက်တစ်ချက်က ငွေရှင်ကြေး ရှင်တွေရဲ့ ပိုင်ဆိုင်မှုတွေကိုဖျက်သိမ်းလိုက်တဲ့အခါ အကြီးစား လုပ်ငန်းရှင်များက နိုင်ငံခြားပြန်သွားကြပါတယ်။အလယ်အလတ် လုပ်ငန်းရှင် များက ကျန်ခဲ့ကြပါတယ်။အဲဒီလူတွေ ဆင်းရဲသွားကြပါ တယ်။

ဒါပေမယ့် အာဏာရှိတဲ့လူတွေက အခွင့်ထူးခံရတော့အာဏာ အလွဲသုံးပြီးကြွယ်ဝချမ်းသာပေမယ့် မည်သည့်ကုန်ထုတ်လုပ်ငန်း ကိုမျှ လုပ်ကိုင်ခြင်းမရှိတော့ပေ။ မူလကတည်းက ကုန်ထုတ်လုပ်မှု မကျွမ်းကျင် သောကြောင့် အလုပ်မလုပ်ကြလေရာ၊ အလုပ်လက်မဲ့များကို အထောက် အကူမပြုနိုင်ပေ။မြန်မာနိုင်ငံသည် မြေရှင်ပဒေသရာင်ခေတ်ကာလက တည်းက ဆန်စပါးစိုက်ပျိုးရေးကို အခြေခံသောနိုင်ငံဖြစ်သည်။အေဒီ(၁၀၄၄) မှ အေဒီ(၁၃၆၈)တွင်မြန်မာလူမျိုး တို့၏ စီးပွားရေးစနစ်သည် ဖွံ့ဖြိုးတိုးတက် ခြင်းမရှိသေးပေ။ထို့ကြောင့် ကုန်ပစ္စည်းခြင်းဖလှယ် သောပုံစံမျိုး သာရှိခဲ့

သည်။ ထိုခေတ်ကာလများတွင် အိမ်နီးချင်းနိုင်ငံများဖြစ်ကြသော အိန္ဒိယနိုင်ငံ၊သီဟိုဠ်(သီရိလင်္ကာ)နိုင်ငံတို့နှင့်ဆက်သွယ်ခဲ့ သော်လည်း သာသနာရေးအတွက် ဆက်သွယ်ခြင်းမျှသာရှိသည်။ထိုခေတ်က ကုန်သွယ်ရောင်းဝယ်ခြင်းမရှိခဲ့ပေ။

အေဒီ ၁၃၂၂ မှအေဒီ ၁၃၆၀ အချိန်ကာလများတွင်အိန္ဒိယနိုင်ငံ၊ တရုတ်နိုင်ငံတို့နှင့်ကုန်သွယ်မှုဆက်ဆံရေးအတော်လေးကျယ်ပြန့်လာလေသည်။ထိုခေတ်ကို မြင်စိုင်းခေတ်ဟုခေါ်သည်။ပင်းယခေတ်နှင့်စစ်ကိုင်းခေတ်(အေဒီ(၁၃))ခု နှစ်မှ ၁၃၆၄တွင် မြန်မာ့စီးပွားရေးဘဝပီပြင်နေပြီဖြစ်သောကြောင့် ပြည်သူများအနေဖြင့် ပြည်ပတိုင်းပြည်များနှင့် ကုန်စည်ကူးသန်းရောင်းဝယ်ခွင့်နှင့်တင်ပို့ရောင်းချခွင့်တော့ မရှိပေ။အင်းဝခေတ်(အေဒီ ၁၃၆၄မှ၁၅၅၅)နှစ်အတွင်းမြန်မာနိုင်ငံသို့ ဥရောပသား ကုန်သည်များဖြစ်ကြသော ပေါ်တူဂီဒတ်(ချ်)၊အင်္ဂလိပ်နှင့်ပြင်သစ်တို့လာရောက်ပြီး ကုန်ကူးသန်း လေသည်။ထိုခေတ်ကာလတွင် အခြေခံထုတ်လုပ် ကုန်များမှာ ဆန်းစပါးများသာဖြစ်ပြီး နိုင်ငံခြားသားများနှင့် ကုန်စည် များသာဖြစ်ပြီးနိုင်ငံခြားသားများနှင့်ကုန်စည်ရောင်းဝယ်ထွန်းကားခဲ့ပါသည်။အိမ်နီးချင်း တရုတ်နိုင်ငံနှင့် ကုန်သွယ်ရာတွင် ဗန်းမော်၊ကျိုင်းတုံကောင်းစင် ဒေသများတွင် ဖလှယ်ခဲ့ကြသည်။အဓိကကျသော ရေကြောင်းလမ်းများမှတစ်ဆင့် နိုင်ငံခြားကုန်သွယ်ရေးပြုလုပ်ခဲ့ကြလေသည်။

ဟံသာဝတီခေတ်(အေဒီ ၁၂၈၇)မှ ၁၅၃၉ တွင်အမျိုးသားစည်းလုံးညီညွတ်မှုနည်းပြီး အချင်းချင်းစစ်တိုက်နေကြသော ကြောင့် စီးပွားရေးကျဆင်းခဲ့ရသည်။သို့သော် ဟံသာဝတီခေတ်နှောင်းပိုင်း(AD-1486)မှ(AD-1599)အတွင်း မြန်မာမင်းများလက် ထက်တွင် ဘုရင်၏အာဏာဖြင့်ခန့်အပ်သော ပွဲစားကြီးများ သည်ကုန်စည် ကူးသန်းရောင်းဝယ်ရေးကို အပြင်းအထန်ကြိုးစားကြ သောကြောင့်ကုန်သွယ်မှုစီးပွား တိုးတက်လာခြင်းဖြစ်သည်။ထိုခေတ် ကာလတွင်အကောက်ခွန်အကောက်ရုံးများ ထူထောင်လျက် ကုန်စည်အကောက်နှုန်းများကို စနစ်တကျသတ်မှတ်စည်းကြပ်ပေးနိုင်ခဲ့သည်။ဗဟိုဦးစီးစနစ်ကောင်းစွာ အထိုင်ကျနေပြီဖြစ်သည်။

၁၆ ရာစုမှ ၁၉ ရာစုနှစ်များအတွင်းမြန်မာစီးပွားရေးမှာသည် ဥရောပ၌ထွန်းကားခဲ့သော မာကင်တိုင်လစ်(Mercantili sm) စနစ်မျိုးဖြစ်သည်။ကုန်းဘောင်ခေတ်(AD-1452,1885)တွင်ထွန်းကားခဲ့သော စီးပွားရေးစံနစ်သည် ပဒေသရာဇ်စီးပွားရေးစနစ် ဖြစ်သည်။ သို့သော် ကုန်ထုတ်လုပ်ရာတွင်ပြည်ပကူးသန်းရောင်းဝယ်ရေးအတွက် ရည်မှန်းချက်ဖြင့်ထုတ်လုပ်ခြင်းမရှိပေ။ အင်္ဂလိပ် မြန်မာ ပထမစစ်ပွဲနှင့် ဒုတိယစစ်ပွဲများအပြီးတွင် အောက်မြန်မာနိုင်ငံတစ်ခုလုံးသည် နယ်ချဲ့အင်္ဂလိပ်တို့၏ လက်အောက်သို့ကျရောက်သောအခါ အင်္ဂလိပ်တို့သည်ဆန်စပါးထုတ်လုပ်ရေးကို စီးပွားရေးဆန်ဆန်လုပ်ကိုင်ခဲ့ကြသည်။သစ်ထုတ်လုပ်ငန်းသည် လည်းပြည်ပသို့တင်ပို့ရောင်းချရေးဦးတည်ချက်ဖြင့် ထုတ်လုပ်ခြင်းဖြစ်သည်။နယ်ချဲ့ဗြိတိသျှတို့သည်ရလေလေ၊လိုလေ ဒိုတဏှာဖြစ်ပြီး အထက်မြန်မာပြည် ကိုပါသိမ်းပိုက်လိုက်လေသည်။

## လေစေဖဲယား ပေါ်လစီ

## (Laissyz Faire Policy)

နယ်ချဲ့ကိုလိုနီဘဝတွင် ဗြိတိသျှတို့၏စီးပွားရေးပေါ်လစီသည် လေစေဖဲယားပေါ်လစီဖြစ်သည်။ထိုပေါ်လစီ၏ကောင်း ကွက်မှာ ကုန်ပစ္စည်းမျိုးစုံထုတ်လုပ်ရေးနှင့်ကုန်သွယ်ရေးတို့ကို ပုဂ္ဂလိက လုပ်ငန်းရှင်တို့ ထံအပ်နှံထားသည်။အစိုးရ၏ချုပ်ကိုင်မှုမှာ အလွန်အားနည်းသည်။

ကိုလိုနီခေတ်တွင် မြန်မာ့ဆန်စပါးကြိတ်ခွဲမှုနှင့်နိုင်ငံခြားသို့တင်ပို့ရောင်းချမှုများကို ဥရောပနိုင်ငံသားများပိုင်ဆိုင်ကြ သောကုမ္ပဏီကြီးများဖြစ်ကြသောစတီးဘရားသားကုမ္ပဏီ(Steel Brother Co.)၊ဘူးလော့(က်)ဘရားသားကုပမ္ပဏီ(Bullock)၊ အယ်(လ်)လာပင်းအာရကန် ဆန်ရောင်းဝယ်ရေးကုမ္ပဏီ(Ellerman Arakan Rice Trading)၊အင်ဂလိုဘားမားဆန်ရောင်းဝယ်ရေး ကုမ္ပဏီ(Anglo Burma Rice Trading Co.)၊ဖဲယားဝဲသားရစ်ချက်စ်ကုမ္ပဏီ(Fair Weather Richards Co.)နှင့်အရှေ့တောင်အာရှကုမ္ပဏီ(East Asiatic Co.)တို့က လက်ဝါးကြီးအုပ်ချုပ်ကိုင်ထားသည်။

ထို့နောက် ကုမ္ပဏီအချင်းချင်းစုပေါင်းပြီး ဘူလင်ဂျ်ပူးလ်Bullinger Pod ကိုစုပေါင်းဆန်စပါးရောင်းဝယ်ရေး အသင်းကြီးကို ၁၉၂၁ ခုနှစ်၌ ထူထောင်ခဲ့ကြသည်။ထိုအသင်းကြီးကသာလျှင် မြန်မာနိုင်ငံ မှထွက်သော ဆန်စပါးများကို လက်ဝါးကြီးအုပ်ပြီး ရောင်းချနိုင်သောအခါ အဖွဲ့မှသတ်မှတ်ပေးသောဈေးနှုန်းများဖြင့်သာ ဆန်ကုမ္ပဏီကြီးများက ဝယ်ယူသောကြောင့် တောင်သူလယ်သမားများသည် စပါးဈေးကောင်းမရတော့ပေ။ဘူလင်ဂျာပူး မှတဆင့် လန်ဒန်မြို့ရှိဆန်ပွဲစားအဆင့် သို့ဆန်များအားလုံး ပို့ပြီးစိတ်ကြိုက်ဈေးဖြင့်ရောင်းချသောကြောင့် စပါးစိုက်သော တောင်သူလယ်သမားများသည် ဈေးကောင်းကောင်းပေးသောကုမ္ပဏီထံရောင်း ချခွင့်မရှိတော့ပေ။ ဘူလင်ဂျာပူး(လ်)အဖွဲ့သည် ပင်လယ်ကူးသင်္ဘောကိုယ်စားလှယ်ဖြစ်သောကြောင့် ပြည်ပကုန်သွယ်ရေးလမ်း ကြောင်းများကို အုပ်စိုးထားနိုင်စွမ်းရှိသည်။

ကိုလိုနီခေတ်သို့ကျရောက်ခဲ့ခြင်းသည် မြန်မာ့ကျွန်းသစ်ကို မက်မောခြင်းကြောင့်ဖြစ်သည် ဟုလည်းဆိုနိုင်ပါသည်။မြန်မာဘုရင်ထံမှ ကျွန်းသစ်များဝယ်သောအခါ ဈေးကြီးကြီးပေးရသည်။ကိုလိုနီခေတ်တွင် ကိုလိုနီအစိုးရသည်ကျွန်းသစ်ရောင်း ဝယ်ရေးကို ဘုံဘေဘားမားသစ်ကုမ္ပဏီ (Bom Burma Trading Co.)ကိုအခွင့်အရေးလုပ်ပိုင်ခွင့်အားလုံး ပေးထားသည်။ မြန်မာနိုင်ငံမှ ထွက်သောရေနံများကို ဘီအိုစီကုမ္ပဏီ(Burma Oil Company) ၊အိုင်ဘီပီကုမ္ပဏီ(Indo Burma Petroleaum Co.) တို့ကို အပိုင်စားပေးထားသည်။

မြန်မာ့တွင်းထွက်ဓါတ်သတ္တုပြားတူးဖေါ်ထုတ်လုပ် ရောင်းချရေးအတွက် ဘားမားဘော်တွင်းလီမိတက်(Burma Bawdwim )မော်ချီးသတ္တုတွင်း လီမိတက်(Mawchi Mines Ltd )နှင့်မိုးကုတ်ပတ္တမြား တွင်းထွက်လီမိတက်(Mogok Ruby Mines Ltd) တို့ကိုအပိုင်စားပေးထားခဲ့သည်။ ထိုကုမ္ပဏီများ အလွန်အမင်းချမ်းသာခဲ့ပြီး ပြည်သူလူထုဆင်းရဲတွင်းနက်ခဲ့သည်။ထိုကဲ့သို့ လူထုမှ လက်စားစနစ်အောက်တွင်ရသမျှလက်ဖြန့်စားသောက်ရပြီးနိုင်ငံခြားသားများသာ ကြီးပွားသောကြောင့် လွတ်လပ်ရေးတိုက်ပွဲဝင် တို့ဗမာအစည်းအရုံးမှသခင် အားလုံးသည်နယ်ချဲ့အရင်းရှင်စနစ်ကို

မြန်မာ စာအုပ်များ



မှန်းတီးသောကြောင့် ကွန်မြူနစ် အတွေး အခေါ်ကွန်မြူနစ်ဝါဒလွှမ်းမိုးခဲ့သည်။ထိုစိတ်ဓါတ်ကို နိုင်ငံခြားအတွေ့အကြုံ ကောင်းစွာရှိသော ဗိုလ်ချုပ်အောင်ဆန်းက သိနားလည်သောကြောင့် သီးခံခွင့်လွှတ်ပြီး အရင်းရှင် များ၏လုပ်ငန်းများ ကို တဖြေးဖြေးပြန်လည်ဝါးမြိုမည့် အစီစဉ်ကို အမြော်အမြင်ကြီးစွာ ကြိုးပမ်းခဲ့ကြသည်။ဦးစောတို့အုပ်စုက နယ်ချဲ့ ဖြိတိသျှလက်ကိုင် ဒုတ်ဖြစ် သောကြောင့် ဓနရှင်ပါလီမန်ဒီမိုကရေစီကို နိုင်ငံခြားမှဆရာ သခင်ကြီးများ အလိုကျတသွေမတိမ်းလိုက်နာ ဆောင်ရွက်ကြမည်ဖြစ်သည်။

ကွန်မြူနစ်များနှင့် ဆိုရှယ်လစ်များက ဓနရှင်တို့ကိုဖ-ဆ-ပ-လကဲ့သို့တဖြေးဖြေးဝါးမြိုသည့်နည်းမျိုးမသုံးပဲ၊အကြမ်းဖက် ၍နိုင်ငံပိုင်သိမ်းမည့်လမ်းကိုရွေးချယ်ခဲ့ကြသည်။ကွန်မြူနစ်အုပ်စုသည် တောထဲတွင်ကျဆုံးခဲ့ကြသော်လည်း ဆိုရှယ်လစ်ဝါဒီ တပ်မတော်ခေါင်းဆောင်များသည် ဖက်ဒရယ်မှုကို အကြောင်းပြ၍အာဏာသိမ်းပြီးနောက်ပိုင်းကာလတွင် သင့်တော်သည့်အချိန်၌ သန့်ရှင်းမျှတသော ရွေးကောက်ပွဲဖြင့်ပြည်သူ့အာဏာကို ပြည်သူ့ထံပြန်ပေးသော်လည်း အာဏာသိမ်းပြီးနောက် အနှစ်နှစ်အလလ ကရည်မှန်းခဲ့ကြသော ဆိုရှယ်လစ်စနစ်ကို ထူထောင်ခဲ့ကြသည်။

တော်လှန်ရေးကောင်စီ၏ သဘောထားမှာ ပါလီမန်ဒီမိုကရေစီခေတ်၏ စီးပွားရေးလုပ်ငန်းများသည် ပြည်ပကုန်သွယ်ရေး ၌နိုင်ငံခြားထွက်ကုန်များအပေါ်ကြီးမားစွာ မှီခိုနေခြင်းကြောင့်စီးပွားရေးအရ နိုင်ငံခြားလက်အောက်မှလွတ်မြောက်မှုမရှိသေးဟု ယူဆကြသည်။လွတ်လပ်သောမြန်မာနိုင်ငံတွင်စက်မှုလုပ်ငန်းများကို ရှရှားပုံစံထူထောင်ရမည့်အစားပြည်ပနိုင်ငံများမှအထွေထွေ စားသောက်ကုန်နှင့် လူသုံးအိမ်သုံးပစ္စည်းများကိုသာ တင်သွင်းခဲ့သည် ဟုစွပ်စွဲကြသည်။ပြည်တော်သာ စီမံကိန်းသည် စက်မှုလုပ်ငန်းထူထောင်ရေးကို အခြေခံသောစီမံကိန်းမဟုတ်ဘဲ လက်တလောကာလကို ပြေလည်ရေးကိုသာ အခြေခံသည်ဟု ဆိုရှယ်လစ်ဝါဒီတို့က စွပ်စွဲကြသည်။ထို့အပြင် ဖ-ဆ-ပ-လအစိုးရ၏ ကြားဖြတ်စီးပွားရေးပေါ်လစီသည်လည်း အလုပ်မဖြစ်ဟု ဆိုရှယ်လစ်တို့က ဝေဖန်ခဲ့ကြသည်။

ဖ-ဆ-ပ-လ အစိုးရ၏ကြားဖြတ်စီးပွားရေးပေါ်လစီမှာ အစိုးရနှင့်ပုဂ္ဂလိကတို့၏ ·ရင်းနှီးမြှုပ်နှံမှုပမာဏကို သတ်မှတ်ပေးရေး၊ တိုင်းရင်းသားအရင်းရှင်လုပ်ငန်းများထူထောင်နိုင်ရန်အတွက် လိုအပ်သော ငွေကြေးအရင်းအနှီးကို အတိုးနှုန်းအနည်းဆုံးဖြင့် နိုင်ငံတော်မှ ငွေကြေးချေးငှားရေးအစိုးရသည် တိုင်းရင်းသားပုဂ္ဂလိ ကလုပ်ငန်းရှင်များနှင့် လည်းကောင်း နိုင်ငံခြားအရင်းရှင်များနှင့် လည်းကောင်း နိုင်ငံခြားသားများနှင့် မြန်မာတိုင်းရင်းသားများဖက်စပ်ပါဝင်သည်။လီမိတက်ကုမ္ပဏီများ နှင့်လည်းကောင်း စသောလုပ်ဆောင်ချက်များကို အကောင်အထည်ဖော်ရန် ဖြစ်သည်။

ထိုပြင် စက်မှုထူထောင်မှုဆိုသည်မှာ ခရေတွင်းတူး၊ ခရေကြည် သောက်လုပ်ငန်းမျိုးမဟုတ်ပေ။အချိန်ကာလ အတိုင်းအတာတစ်ခု အထိငွေကြေး ရင်းနှီးမြှုပ်နှံပြီးစက်ရုံများ တည်ဆောက်နေ သောကာလတွင် ကုန်ချောများချက်ချင်းလက်ငင်းထွက်ပေါ်လာသည် မဟုတ်ပေ။ပြည်သူလူထု အမှန်တကယ်လိုအပ်နေသော လူသုံးအိမ်သုံးကုန်ပစ္စည်းများကို ပြည်တွင်း၌ ထုတ်လုပ်ရန်အ တွက်အချိန်ယူကြိုပမ်းနေသောကာလတွင် ပြည်သူလူထု လတ်တလောအသုံးပြုနေကြသော ကုန်ပစ္စည်းများကို နိုင်ငံခြားမှတင် သွင်းခွင့်ပြုမည်။သို့မှသာ ကြားခံပွဲစားအရေအတွက်နည်း လေကုန်ဈေးနှုန်း ကျဆင်းလေဖြစ်မည်။

ထိုကဲ့သို့ စီမံခြင်းကို နောက်တွင်မ-ဆ-လမှထိုအစီအစဉ်များသည် ဘက်လိုက်သောအစီအစဉ်မျိုးဖြစ်သည် ဟုဝေဖန်ကြ သည်။ကျွန်တော်တို့ ကိုယ်တွေ့ ကြုံခဲ့ရသည်။(၁၉၈၈)ဒီမိုကရေစီ အရေးတော်ပုံကြီးကို တပ်မ တော်မှအင်အားသုံးပြီး ဖြိုခွင်းရာတွင် အင်အားကို အလွန်အကျွံ အသုံးပြု သည်။လူ့အခွင့်အရေးချိုးဖောက်သည်ဟု အနောက်အုပ်စုက စွပ်စွဲကြသည်။ ထို့ကြောင့် န-ဝ-တ ကိုစီးပွားရေးပိတ်ဆို့ခဲ့ကြသည်။ထိုကာလတွင် မြန်မာ့မှန်စပါးကျွန်းသစ်မှအစ သဘာဝတွင်းထွက်များ ကုန်ကြမ်းများကို အမှတ်တတကယ်ဝယ်ယူမည့်နိုင်ငံများသို့ တိုက်ရိုက် ရောင်းချခွင့်မရပေ။ ထိုအခါ ပွဲစားနိုင်ငံများဖြစ်ကြသော ထိုင်းနိုင်ငံနှင့်စင်္ကာပူနိုင်ငံ ရှိ ကုမ္ပဏီကြီး

မြန်မာ စာအုပ်များ



များမှတဆင့်ရောင်းချရသည်။ထို့ကြောင့် (၁၀၀)နှုန်းမပြည့်တော့ဘဲ အများဆုံး(၅၀%)မှ(၃၀%)မျှသာရလေသည်။ထို့ကြောင့်အရင်းမစိုက်ရသော ပွဲစားနိုင်ငံများအကြီးအကျယ်ချမ်းသာလေ ကျွန်တော်တို့ဆင်းရဲလေဖြစ်သည်။

ထိုအချိန်တွင် ဒေါ်လာငွေနှင့် မြန်မာ့ငွေကြေးဈေးနှုန်းကွာခြားမှုမှာ ရက်ရက်စက်စက်ကွာခြားခဲ့သည်။ တရားဝင်ငွေလဲနှုန်းမှာ တစ်ဒေါ်လာ (၆)ကျပ်ဖြစ်သည်။ (၁၉၈၈)တပ်မတော်မှ နိုင်ငံတော်အာဏာကိုလွှဲပြောင်းယူစကာလတွင် တစ်ဒေါ်လာ(၂၅)ကျပ်မျှရှိသော်လည်း (၁၉၉၄)တွင် တစ်ဒေါ်လာ ကျပ်တစ်ရာ (၁၀၀)ဖြစ်လာသည်။ ထိုမှအဆင့်ဆင့် တက်လာပြီး (၁၄၀၀)ကျပ်အထိတက်ခဲ့သည်။ သွင်းကုန်ကဏ္ဍကိုကြည့်သောအခါ ကျွန်တော်တို့နိုင်ငံသည် ယခုအချိန်ထိခေတ်အဆက်ဆက်မှ စက်မှုထူထောင်ခဲ့ မှုများသည် ဘာတစ်ခုမျှအောင်မြင်မှုမရှိသေးသောကြောင့် အစစအရာရာ နိုင်ငံခြား သွင်းကုန်များအပေါ်မှီခိုရသည်။ထိုအခါ အရည်အသွေးနိမ့်ကျသော ကုန်ပစ္စည်းများကို ဈေးနှုန်းအမြင့်ဆုံးတင်ပြီးရောင်းချခဲ့သည်မှာ နှစ်ပေါင်းငါးဆယ်ကျော်ကျော်လူ့လိမ်ခံ စားရပြီး ဖြစ်သည်။ ထို့ကြောင့် ဖ-ဆ-ပ-လအစိုးရ၏ ပြည်တော်သာစီမံကိန်းနှင့်ကြားဖြတ်စီးပွားရေးပေါ်လစီများသည် အမြော်အမြင်ရှိသော စီမံမှုဖြစ်သည်။ထိုအချိန်က ဝန်ကြီးချုပ်ဦးနုသည် သူ့အခြေအနေကို သူနားလည်သည်။သူသည်နိုင်ငံရေးသမားမဟုတ်။ စီးပွားရေးစီမံကိန်းကြီးတွေသူ့အနေဖြင့် ရေးဆွဲနိုင်သောအင်အား မရှိအစွမ်းအစမရှိ ဒါကိုသူနားလည်သည်။ဝန်ခံသည်။ကျွမ်းကျင်အမေရိကန်ပညာရှင်များ၏ အကူအညီကိုယူသည်။

မ-ဆ-လ တွင်စစ်သားများသာပါသည်။အရပ်သား ဒေါက်တာမောင်မောင်သည် အရင်းရှင်နိုင်ငံဖြစ်သောအင်္ဂလန်၌ ဥပဒေပါရဂူဘွဲ့ရခဲ့သည်။မှန်သော်လည်း သူလျှောက်သောလမ်းမှာ မူလပညာသင်ခဲ့သောလမ်းကြောင်း ဖြစ်လေရာဥပဒေရှုထောင့် အရလည်း အံဝင်ခွင်ကျမရှိ စီးပွားရေး စီမံကိန်းတွေရေးဆွဲဖို့ကတော့ လုံးဝမဖြစ်နိုင်။ဖြစ်အောင်ရေးလို့ဆိုရင်ရေးလို့ရသည်။သို့သော် မှဆိုးကို ပင်လယ်ပြင်ထွက်ပြီး ငါးဖမ်းခိုင်းသလိုဖြစ်နေသည်။

မ-ဆ-လသည် ၂၆ နှစ်လုံးလုံး၊စည်းရုံးရေးသဘောတရားအရ

မြန်မာ စာအုပ်များ



ကျစ်လစ်ခိုင်မာသော နိုင်ငံရေးသည် ယနေ့ကာလအထိ တ-စ-ည ပါတီအဖြစ်ခိုင်မြဲစွာ ရပ်တည်နိုင်ခြင်းဖြစ်သည်။နိုင်ငံရေးစနစ်ကောင်းမှ စီးပွားရေးစနစ်ကောင်းမည် ဟုအချို့သူများ ဆိုကြသည်။မှန်သင့်သလောက်မှန်ပါသည်။(၅၀%)မှန်ပါသည်။နိုင်ငံရေးစနစ်လည်းကောင်းရမည်။ စီးပွားရေး စနစ်လည်းကောင်း ရမည်။စီးပွားရေးစနစ် ကောင်းမည်။ တစ်ခုနှင့်တစ်ခု အပြန်အလှန် ထိန်းဖို့၊အပြန်အလှန်အထောက်အကူပြုဖို့ လိုပါသည်။နိုင်ငံတစ်နိုင်ငံ မပြောနဲ့ အိမ်ထောင်စုလေးတစ်ခုတောင်မှ ချစ်လို့ယူပြီးအတူပေါင်းလာတဲ့ လင်မယားတွေတောင်မှ စီးပွားရေးမကောင်းရင် ဆူညံပူညံဖြစ်လာမယ်။အိမ်ထောင်ရေးပြိုကွဲလာတဲ့လမ်းပေါ်ရောက်သွားမှာဖြစ်ပါတယ်။ဒီတော့ နိုင်ငံရေးမှာအခွင့်ထူးခံလူတန်းစား ရှိဖို့မလိုသကဲ့သို့စီးပွားရေးမှာလည်း အခွင့်ထူးခံလူတန်းစားမရှိသင့်ဘူး။ အခွင့်ထူးခံလူတန်းစား တွေရှိရင် စည်းလုံးညီညွတ်မှုပျက်ပြားတယ်။ဒါကြောင့် အခွင့်ထူးခံ လူတန်းစားကို နိုင်ငံရေးစီးပွားရေးလူမှုရေးနယ်ပယ်အားလုံးကနေ အမြစ်ပြတ်ထုတ်ဖယ်ရှားဖို့သင့်ပါတယ်။ ၁၉၄၇ ခုနှစ်တွင် လွတ်လပ်ရေးရခဲ့သည့်မြန်မာနိုင်ငံအတွက် မြန်မာ့ခေါင်းဆောင်များသည် မြန်မာ့ စီးပွားရေးဦးမော့စေရန်နှစ် နှစ်စီမံကိန်းရေးဆွဲခဲ့ကြသည်။ ၁၉၅၀ တွင်ဖ-ဆ-ပ-လ အစိုးရသည်မြန်မာ့စီးပွားရေးတိုးတက်စေ ရန်အတွက် ၈ နှစ်စီမံကိန်းကို နိုင်ငံခြားသားစီးပွားရေးကျွမ်းကျင်ပညာရှင်များနှင့် ရေးဆွဲခဲ့သည်။ ၁၉၅၆ တွင်မြန်မာ့စီးပွားရေးအတွက် လေးနှစ်စီမံကိန်း တစ်ခုထပ်ပြီးရေးဆွဲအကောင်အထည်ဖေါ်ခဲ့သည်။ ဖ-ဆ-ပ-လအစိုးရသည် ဗိုလ်ချုပ်အောင်ဆန်းရည်မှန်း ခဲ့သည့်အတိုင်း နိုင်ငံတော်ကိုခေတ်မီစက်မှု နိုင်ငံတော် အဖြစ်ရည်မှန်းပြီးဖြစ်နိုင်ချေရှိသော ဆန်စပါးကိုအခြေခံပြီး နိုင်ငံခြားငွေရှာ မည်။ ရရှိလာသော နိုင်ငံခြားငွေဖြင့် စက်မှုထူထောင်မည်ဟု အဆင့်ဆင့်ကြိုးပမ်းခဲ့သည်။

ထို့အပြင် လက်မှုလက်ယာမှစက်မှုလယ်ယာ ပြောင်းလဲရေးအတွက် ကြိုးပမ်းခဲ့သော်လည်း အောင်မြင်မှုမရပေ။သဘာဝသြဇာကိုသာ အသုံးပြုနေသောကြောင့် စပါးအထွက်နည်းလေသည်။ပြုပြင်ရန်အတွက်

မြန်မာ စာအုပ်များ



ဓါတ်မြေသြဇာများ၊နိုင်ငံခြားမှတင် သွင်းပြီးတောင်သူ လယ်သမားများကို ဖြန့်ဖြူးပေးခဲ့သည်။ဖ-ဆ-ပ-လ အစိုးရသည် တောင်သူလယ်သမားအတွက် စေတနာထား ပြီးအကောင်းဆုံးကြိုးစားပေးနေချိန်တွင် စိုက်ပျိုးရေးဟူသည် ရေရှည်အားကိုး၍ဖြစ်သည်။ ကမ္ဘာ့ဆန်ဈေး၊အတက်အကျ ပြောင်းလဲသော အခါတိုင်းတွင် နိုင်ငံတော်၏အခြေအနေသည် ပေါ်လိုက်မြုပ်လိုက်ဖြစ်နေမည်။ထို့ကြောင့် စိုက်ပျိုးရေးထွက်ကုန်အခြေခံသောစက်မှုလုပ်ငန်းများ ထူထောင်ရန် အတွက်၁၉၅၀ မှ ၁၉၅၄ အထိအပြင်းအထန်ကြိုးစားခဲ့ရသောကြောင့် လယ်ယာစိုက်ပျိုးရေးကဏ္ဍ တွင်အားနည်းခဲ့ပြန်သည်။

၁၉၅၀ မှ ၁၉၅၃ အထိကိုရီးယားစစ်ပွဲကာလ ဖြစ်သောကြောင့် မြန်မာ့ဆန်စပါးလုပ်ငန်းသည် အခြေအလွန်ကောင်းခဲ့ သည်။သို့သော် ၁၉၅၄ ခုနှစ်ကိုရီးယားစစ်ပွဲပြီးကာလတွင် မြန်မာ့ဆန်၏ အရည်အသွေးသည် ဗီယက်နမ်၊ထိုင်းနှင့်ဖိလစ်ပိုင် အပြင်း အထန်ယှဉ်ပြိုင်ရသောအနေအထားနှင့် ကြုံတွေ့ရသည်။ထိုနိုင်ငံများတွင် သိပ္ပံနည်းကျစိုက်ပျိုးရေးအတတ်ပညာ ထွန်းကားနေပြီဖြစ်သောကြောင့် အရည်အသွေးကောင်းသောဆန်များ အတွက်နှုန်းကောင်းလာသည်။အိမ်နီးချင်းနိုင်ငံများကို ယှဉ်ပြိုင်နိုင်စေရန်အတွက် နိုင်ငံတော်ဘဏ္ဍာမခွင့်ပြုနိုင်သမျှ အတိုင်းအတာအထိ ထောက်ပံ့ခဲ့သည်။ ဖ-ဆ-ပ-လ အစိုးရ၏ စေတနာမှန်ကန်သော်လည်း မြန်မာတို့သည် အကျင့်စရိုက်ကောင်းသူရှားလာသည်။ခေတ်တိုင်း၊စနစ်တိုင်းတွင် အဂတိလိုက်စားသူ၊ ကိုယ်ကျိုးရှာသူ၊အတ္တဝါဒီက အများစုဖြစ်လေရာ ပြည်သူလူထု ကောင်းစားရေးအတွက် နိုင်ငံ့ခေါင်းဆောင်များအနေဖြင့်မည်မျှ ကြိုးပမ်းသော်လည်း အရာမထင်ဖြစ်တတ်သည်။ဖ-ဆ-ပ-လ ခေတ်မှဗျူရိုကရက်များသည် မ-ဆ-လ ခေတ်မှပါတီ ကောင်စီလူ ကြီးများကဲ့သို့ပင် ကိုယ်ကျိုးရှာသော အတ္တဝါဒီများ ရာထူးအာဏာကို အလွဲသုံးကြသူများဖြစ်သည်။

မ-ဆ-လ အစိုးရသည် အခက်အခဲမျိုးစုံကြားမှအထည် အလိပ်စက်ရုံကြီးများကို ရအောင်တည်ဆောက်ခဲ့လေသည်။ရေနံရှာဖွေမှုကို ဦးစားပေးခဲ့သည်။ရေနံတွင်း အသစ်များထပ်တူးသည်။ရေနံချက်စက်ရုံများ ထပ်တည်ဆောက်ခဲ့သည်၊သစ်ခွဲစက်ကြီးများကိုလည်း တည်ဆောက်ခဲ့သည်။

ပြီးနောက်သစ်အချောထည်စက်ရုံများလည်း တည်ဆောက်ခဲ့သည်။သို့သော် နိုင်ငံတော်အစိုးရ၏ စေတနာများသည် ခေတ်ကာလအခြေအနေနှင့် ရာနှုန်းပြည့်ကိုက်ညီသည်တော့မဟုတ်သေးပေ။ မြန်မာနိုင်ငံတွင် ကျွမ်းကျင် အင်ဂျင်နီယာများအလွန်ရှားခဲ့သည်။ထို့မျှမက စက်မှုလုပ်ငန်းကြီးများ၊ စက်ရုံကြီးများ၏လည်ပတ်လုပ်ဆောင်မှုကို ထိန်းချုပ်ပေးနိုင်သော စီမံ ကျွမ်းကျင် မန်နေဂျာများမရှိသေးပေ။ထို့ကြောင့် အောင်မြင်မှုမရခဲ့ပေ။ ထို့အပြင် စက်မှုလုပ်ငန်းများလည်ပတ်လုပ်ဆောင်နိုင်ရန်အတွက် လျှပ်စစ်ဓါတ် အားလည်းလုံလောက်မှုမရှိခဲ့ပေ။ပညာရေး ကဏ္ဍတွင်လည်း ဖ-ဆ-ပ-လ၏ကြိုးပမ်းမှုများအောင်မြင်ခြင်း မရှိခဲ့ပေ။သောင်းကျန်းမှု အန္တရာယ်ကြောင့် နယ်စွန်နယ်ဖျား ဒေသများတွင် စာသင်ကျောင်းများ တည်ဆောက်ခြင်း မပြုနိုင်သကဲ့သို့ မြို့ ကြီးများတွင်အရည်အချင်းနည်း နေသောကြောင့် အောင်မြင်မှု မရပေ။ထို့ကြောင့် ရန်ကုန်မန္တလေး‌မော်လမြိုင် စသောမြို့ကြီးများရှိ နာမည်ကြီးကျောင်းများမှ ကမ္ဘာ့အဆင့်မီပညာတတ်များ ပေါ်ထွက် ကြသော်လည်း‌တော ကျောင်းများတွင် အရည်အချင်းပြည့်ဝသူများ ကို မွေးထုတ်ပေးနိုင်စွမ်းမရှိခဲ့ပေ။ပြည်တွင်း ဆူပူသောင်းကျန်းမှုများ ကြောင့် အဖက်ဖက် မှအခက်အခဲကြုံတွေ့နေသော ဖ-ဆ-ပ-လအစိုးရအား အမေရိကန်အစိုးရသည် စီးပွားရေးအကူအညီများစွာပေးအပ်ခဲ့သည်။ အမေရိကန်ကျွမ်းကျင်အင်ဂျင်နီယာများသည် နိုင်ငံအတွင်းစီမံကိန်း များအကောင်အထည်မဖေါ်မီဒေသတွင်း နေရာအနှံ့သွားလာပြီး အသေးစိတ် အချက်အလက်များကို တိုင်းတာကြသည်။အမေရိကန်စီးပွားရေး ပညာရှင်များသည် ယိုင်လဲလုနီးပါးဖြစ်နေသော ကြောင့် ထွက်ကုန်တန်ဖိုး သည်နှစ်စဉ်လေးရာနှုန်းကျော်တိုးတက်လာခဲ့သည်။ ၁၉၅၁ မှ ၁၉၅၆ အတွင်းလယ်ယာစိုက်ပျိုးရေးနှင့် ရေသွင်းရေးစီမံကိန်းများစွာ အကောင် အထည်ဖေါ်ပေးခဲ့သည်။တိုးတက်မှုသည် နှစ်ဆယ်ရာနှုန်း (Zopercent) ရှိလာသည်။

ဆန်စပါးရောင်းရငွေကို အခြေခံပြီး၊စီမံကိန်းများကို အကောင် အထည်ဖေါ်ရာတွင် ဆန်စပါးဈေးကျချိန်နှင့်ကြုံခဲ့သော ကြောင့်အောင်မြင်

မှုသိပ်မရခဲ့ပေ။ထိုအခါ ကိုလိုနီခေတ်အတွေးအခေါ်မရှိသော သူများက မြန်မာနိုင်ငံအတွက် အကောင်းဆုံးသော ပန်းတိုင်သာဖြစ်သည်ဟု ပြတ်ပြတ်သားသား ဆိုကြလေတော့သည်။ KTA စီမံကိန်းများသည် အားနည်းချက်များကြောင့် အောင်မြင်မှုမရပါဟု ဖ-ဆ-ပ-လ ဝန်ကြီးချုပ် ဦးနုသည် ၁၉၅၇ ခုနှစ်ဇွန်လ ၈ ရက်နေ့တွင် ဝန်ခံခဲ့သည်။ KTA စီမံ ကိန်းအသစ်တစ်ခုထပ်ပြီးရေးဆွဲခဲ့ကြသည်။သို့သော် တစ်နှစ်မျှသာဆောင်ရွက် ရသေးသည်။ အစိုးရအဖွဲ့တစ်ခုတည်း အနေဖြင့်စီမံ ကိန်းအောင်မြင်သည် အထိဆောင်ရွက်ဖို့ မဖြစ်နိုင်မှန်းသိလာသည်။ထို့ကြောင့် ပုဂ္ဂလိကကော်ပိုရေးရှင်းများကို ဖိတ်ခေါ်ပြီး အကျိုးတူပူးပေါင်းပြီး ဆောင်ရွက်ခဲ့ကြသည်။

ပထမလေးနှစ်တွင် စီမံကိန်းကို ၁၉၅၇တွင်စတင်ပြီး ၁၉၆၁ တွင်ပြီးဆုံးမည်ဖြစ်သည်။ယခုအကြိမ်တွင် သူပုန်များက အမျိုးစုံ နှောင့်ယှက်ဖျက်ဆီးကြသော်လည်း နှစ်ဆတိုးပြီးအောင်မြင်ခဲ့သည်။၁၉၅၈ မှ၁၉၆၀ တွင်အိမ်စောင့်အစိုးရ (The Caretaker govnment )လက်ထက်တွင်ဗိုလ်ချုပ်နေဝင်းသည် အာဏာကိုအခြေခံပြီး စစ်ဖက်နှင့်နီးစပ်သော အင်တာပရိုက်များကိုကြီးထွား အောင်ကြိုးစားခဲ့သည်။ပုဂ္ဂလိက နှင့်နိုင်ငံခြားသားအရင်းရှင်များကို ဖိနှိပ်ပြီးစစ်တပ်အခြေခံစီးပွားရေးကို နိုင်မြဲအောင်ထူထောင်ခဲ့သည်။စီးပွားရေးလောကကြီးတစ်ခုလုံးကို ဒီအက်(စ်)အိုင်(DSI,The Defemse Sevices Institute )ကလက်ဝါးကြီးအုပ်ထားသည်။ပုဂ္ဂလိကအင်တာပရိုက်(စ်) ၁၄ခုကိုစစ်တပ်အင်တာပရိုက်(စ်)ထဲသို့ သိမ်းသွင်းနိုင်ခဲ့သည်။ကြယ်ငါးပွင့်သင်္ဘောမှတ်ဝေလုပ်ငန်းနှင့် ဘဏ်လုပ်ငန်းများကို ထိန်းချုပ်နိုင်ခဲ့ရုံမျှမက ရောင်းဝယ်ရေးလုပ်ငန်းအားလုံးကိုလည်းထိန်းချုပ်နိုင်ခဲ့သည်။နိုင်ငံခြားသားနှင့်ကပြားမန်နေဂျာများနေရာတွင် မြန်မာစစ်စစ်မန်နေဂျာများကို အစားထိုးခန့်ခဲ့လေသည်။

အာဏာရယူစဉ်အခါက ဦးနေဝင်းသည်အာဏာ ကိုလက်ခံရန်တာဝန်ကြီးလေးသည်ဟု တောင်းပန်ခဲ့သည်။သို့သော် အာဏာရချိန်တွင် နိုင်ငံတော်ကို အလွယ်တကူအုပ်ချုပ်နိုင်ကြောင်း သိခွင့်ရသောအခါ စီးပွားရေးနယ်ပယ်တွင်သူ၏ တပည့်သား ရင်းများကိုစစ်တပ်မှ အငြိမ်းစားယူ၍ဖြစ်စေ

တပ်မတော်တာဝန်နှင့်တွဲလျက်ဖြစ်စေ တာဝန်ပေးခဲ့သည်။အဖြစ်အပျက် အစမှ ဖဆပလ အထွေထွေအတွင်းရေးမှူး ရွေးချယ်ရေးကိစ္စမှ ပြဿနာ ပေါ်ပေါက်လာခဲ့ခြင်းဖြစ်သည်။အထွေထွေအတွင်းရေးမှူးအတွက်ဦးနု သည်သခင်ကျော်ထွန်း နေရာ၌ဦးဗဆွေကို အစားထိုးခန့်အပ်လိုသော ဆန္ဒရှိကြသည်။ထိုကိစ္စလေးကို အကြောင်းခံပြီး တစ်သက်လုံး ရင်းနှီး ခဲ့ကြသော ဦးနုနှင့်ဦးကျော်ငြိမ်းတို့သည်မိတ်ဆွေကောင်းမပီသခဲ့ကြပေ။ မိမိတို့သည် သာမန်လူများမဟုတ်ပေ။ သန်းပေါင်းများစွာသော ပြည်သူလူထု ကို ဦးဆောင်နေကြသူများဖြစ်သည် ဟုသဘောမထားဘဲ အုပ်စုကြီးနှစ်စု အဖြစ် ကွဲထွက်သွားသည်။နု-တင်အုပ်စုကို သန့်ရှင်း ဖ-ဆ-ပ-လ ဟုခေါ်ပြီး ဦးကျော်ငြိမ်း၊ဦးဗဆွေအုပ်စုကို တည်မြဲ ဖ-ဆ-ပ-လ ဟုကြေငြာခဲ့သည်။ ထို့နောက် အုပ်စုကွဲနှစ်ခုအချင်းချင်း အပြန်အလှန်အပုပ်ချ တိုက်ခိုက်ခဲ့ကြ သည်။

ထိုအချိန်တွင် ပမညတ အဖွဲ့သည်နု-တင်အုပ်စုကို ထောက်ခံ ကြောင်းကြေညာလိုက်သည်။

## နု-တင်အုပ်စု အနိုင်ရခြင်း

အုပ်စုနှစ်ခု ကွဲသွားပြီးအားပြိုင်နေချိန်တွင် ၁၉၅၈ခုနှစ် ဇွန်လ ၉ရက်နေ့တွင် ပြုလုပ်သောပါလီမန်၌ မဲခွဲဆုံးဖြတ်သော အခါ နုတင်အုပ်စု သည် ရှစ်မဲအသာဖြင့်အနိုင်ရလေသည်။၁၉၅၈ ခုနှစ်ဩဂုတ်လလယ်တွင် ဘတ်ဂျက်အစည်းအဝေးတွင် ဆွေ-ငြိမ်းအုပ်စုက အပြင်းအထန် ကန့်ကွက် ကြဖို့ အစီအစဉ်ရှိနေသည်။ဘတ်ဂျက်အစည်းအဝေးကို အနိုင်ရမှသာနု- တင်အုပ်စု အတွက်အာဏာခိုင်မြဲမည်ဖြစ်သည်။အကယ်၍ ဘတ်ဂျက် အစည်းအဝေး၌အရေးနိမ့်သွားပါက အခြေယိုင်လဲသွားမည်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံရေးပရိယာယ်ကြွယ်ဝသော ဦးနုသည်ဘတ်ဂျက် အစည်း အဝေးကို ဖျက်သိမ်းကြောင်းပါလီမန်၌ဘတ်ဂျက်အစည်း အဝေးခေါ်ယူခြင်းကို ပယ်ဖျက်သည်ဟုသတင်းစာရှင်းလင်းပွဲ၌ ကြေညာခဲ့သည်။

မြန်မာ စာအုပ်များ



ထို့နောက် န-တ-ခ အစိုးရသည်ပါလီမန်ကို စက်တင်ဘာ ၂၉ ရက်နေ့တွင်ဖျက်သိမ်းပြီးဘတ်ဂျက်အသစ်ကိုသမ္မတ အမိန့်ဖြင့် စက်တင်ဘာလ ၃၀ ရက်နေ့တွင်ပြဋ္ဌာန်းပြီး အထွေထွေရွေးကောက်ပွဲကို လာမည့်နိုဝင်ဘာလအတွင်းကျင်းပပေးမည် ဟုစက်တင်ဘာလ ၂၂ ရက်နေ့တွင်ဆုံးဖြတ်ခဲ့သည်။ ၁-၈-၅၈ ရက်နေ့တွင်န-တ-ခ အစိုးရသည် အထွေထွေလွတ်ငြိမ်းချမ်းသာခွင့် အမိန့်ကို ထုတ်ပြန်ကြေညာခဲ့သည်။ထိုအမိန့်အရ မည်သည့်သူပုန်ဖြစ်စေ စတင်တော်နိုချိန်မှ ၁၉၅၈ ခုနှစ်ဇူလိုင်လ ၃ ရက်နေ့ ညသန်းကောင်ယံအထိ ကျူးလွန်ခဲ့သမျှသောရာဇဝတ်မှုများကို အပြစ်မှကင်းလွတ်ခွင့် ပေးလေသည်။ ထို့အပြင် တရားမဝင် အမိန့်ထုတ်ပြီး တားမြစ်ထားသော တရားမဝင်နိုင်ငံရေးပါတီအားလုံးကို တရားဝင်အဖြစ်ပြန်လည်ခွင့်ပြုခဲ့သည်။

ထို့ကဲ့သို့န-တ-ခ အုပ်စုလွတ်ငြိမ်းချမ်းသာခွင့် ပေးခြင်းသည် တောထဲမှကွန်မြူနစ်များ မြို့ပေါ်တက်ပြီး နိုင်ငံရေးအာဏာ ရရှိစေရန်အတွက်အလွန်အမင်းလျှော့ပေးထားပြီးလမ်းစထွင်ခြင်းမျှသာ ဖြစ်သည်ဟု တပ်မတော်ခေါင်းဆောင်များကသံသယရှိ လာသည်။သကာ်မကင်း ဖြစ်လာကြသည်။အလားတူန-တ-ခ ခေါင်းဆောင်များကလည်း တပ်မတော်ခေါင်းဆောင်များသည် ဆွေငြိမ်းအုပ်စုအား အကူအညီပေးကြမည်ဟုသံသယရှိကြလေသည်။၁၉၅၈ ခုနှစ်ဩဂုတ်လ ၃ ရက်နေ့တွင် မြန်မာနိုင်ငံလုံးဆိုင်ရာ န-တ-ခ အုပ်စု၏ဖဆပလ ညီလာခံကိုဝန်ကြီးချုပ်ဦးနု၏အိမ်၌ ကျင်းပခဲ့သည်။ထိုညီလာခံတွင် ဟံသာဝတီမှကိုယ်စားလှယ်က တပ်မတော်သည် ပြည်သူတို့၏ အမှတ် ၁ ရန်သူဖြစ်သည်ဟု ကြေညာသည်။

ဆွေငြိမ်းအုပ်စုကို လိုလားနေကြသော မြို့ ပြဝန်ထမ်းများသည် ပြည်သူ့ရန်သူအမှတ် ၂ ဖြစ်သည်ဟုကြေညာသည်။အစိုးရအားလက်နက်စွဲကိုင်ပြီး တော်လှန်ပုန်ကန်ခဲ့ကြသော သူပုန်သောင်းကျန်းသူများကို ပြည်သူ၏ရန်သူအမှတ် ၃ ဖြစ်သည် ဟုသတ်မှတ်ကြောင်း ကြေညာစွပ်စွဲပြောဆိုခဲ့သည်။၁၉၅၈ စက်တင်ဘာ ၃ရက်နေ့တွင် တပ်မတော်ခေါင်းဆောင်အချို့

သည် ဝန်ကြီးချုပ်ဦးနုထံသွားပြီး ဦးနု၏အဖွဲ့ကတပ်မတော်၏ဂုဏ်သိက္ခာကို ညှိုးနွမ်းစေသော စွပ်စွဲချက်များထုတ်ဖော်ပြောဆိုသောကြောင့် ဆက်ဆံရေး ဆိုးရွားစေကြောင်း တိုင်တန်းခဲ့သည်။ထိုမျှမက မမှန်မကန်စွပ်စွဲခြင်းခံရသော တပ်မတော်အရာရှိများသည် တစ်ဦးချင်းအလိုက် ဥပဒေကြောင်းအရတရားစွဲ ဆိုခွင့်ပြုရန် ဝန်ကြီးချုပ်ထံတင်ပြခဲ့ကြသည်။ထိုအခါ ဝန်ကြီးချုပ်ဦးနုက ထိုကဲ့သို့ စွပ်စွဲပြောဆိုမှုများကို မိမိမသိကြောင်းငြင်းပယ်ခဲ့လေသည်။

## ပဋိပက္ခများပြင်းထန်လာခြင်း

နတင်အုပ်စုသည် အခြေအနေတင်းမာနေချိန်၌ စစ်တပ်ရင်း နှစ်ရင်းခွဲခန့်ကို မန္တလေး၌စုဆောင်းလိုက်ကြသည်။ထို့နောက် အောက်တို ဘာလပထမပတ်အတွင်း ရန်ကုန်မြို့သို့အုပ်စုခွဲပြီးစေလွှတ်ရန်စီစဉ် ခဲ့ကြ သည်။ထိုမျှမက ဖဆပလ၏ ကာကွယ်ရေး တပ်များကိုလည်း ရန်ကုန်သို့ ခေါ်ယူထားသည်။

ရန်ကုန်မြို့တွင်း အခြေအနေသည်တင်းမာရှုပ်ထွေး ပဋိပက္ခများ ပြင်းထန်လာလေသည်။ထို့နောက် ပြည်တွင်းစစ်တပ်ကိုဦး တည်မည့်အလား အလာရှိလာနိုင်သောကြောင့် ၁၉၅၈ ခုနှစ်စက်တင်ဘာလ ၂၆ ရက်နေ့တွင် ဝန်ကြီးချုပ်ဦးနုသည် လက်ရှိနိုင်ငံ ရေးအကြပ်အတည်းကို ဖြေရှင်းနိုင်စွမ်းမရှိ သောကြောင့် တိုင်းပြည်သို့အသံလွှင့် မိန့်ခွန်းတစ်ရပ်လွှင့်ထုတ်ခဲ့သည်။ ထို့အပြင် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးနေဝင်းအား ဝန်ကြီးချုပ်အဖြစ် ယာယီလွှဲပြောင်းတာဝန်ယူ၍ အိမ်စောင့်အစိုးရဖွဲ့ပြီး တရားမျှတသော ရွေးကောက်ပွဲ ကျင်းပပေးရန် အတွက်စာရေးသားပြီး အကူအညီ တောင်းခဲ့ သည်။ ၁၉၅၈ စက်တင်ဘာလ ၂၆ ရက်နိုင်ငံတော် ဝန်ကြီးချုပ်ဦးနု၏ ပြည်သူ့အပေါင်းသို့ အသံလွှင့်ပြောကြားချက်မှာ-

ပြည်ထောင်စုသူ၊ပြည်ထောင်စုသားအပေါင်းတို့ခင်ဗျာ အရေးကြီးတဲ့စကား၊ တစ်ခွန်းနှစ်ခွန်းလောက်ကို ကျွန်တော်ပြောချင်ပါတယ်။အထွေထွေ

မြန်မာ စာအုပ်များ



ရွေးကောက်ပွဲကြီးကို ဒီနှစ်နိဝင်ဘာလထဲမှာကျင်းပ ပေးဖို့ကျွန်တော်စိတ်ကူး ထားပါတယ်။ ဒါပေမယ့်တစ်နိုင်ငံလုံးမှာဖြစ် ပျက်နေတဲ့လက်ရှိ အခြေအနေ အရကျင်းပမယ့်ရွေးကောက်ပွဲကြီးဟာ ဘယ်နည်းနဲ့မှလွတ်လပ်ပြီး တရားမျှတ တဲ့ရွေးကောက်ပွဲမဖြစ်နိုင်ဘူးဆိုတာကို တစ်နေ့ထက်တစ်နေ့တိုးပြီး ကျွန်တော်သဘောပေါက်ပါတယ်။တစ်နိုင်ငံလုံးမှာ ပြည်သူလူထုတစ်ရပ် လုံးကမိမိ တို့ကြိုက်နှစ်သက်တဲ့ အစိုးရအဖွဲ့ကိုအနှောင့်အယှက်၊ အဖျက် အဆီး၊အဖိအနှိပ်၊အချုပ် အချယ်၊အခြိမ်းအခြောက်မရှိဘဲ လွတ်လွတ် လပ်လပ် ရွေးကောက်တင်မြှောက်ခြင်း မပြုလုပ်သရွေ့ ကာလပတ်လုံး အဲဒီနိုင်ငံမှာ ဒီမိုကရေစီဆိတ်သုဉ်းနေတယ်ဆိုတာကို ဘယ်သူမှမ ငြင်းနိုင်ပါဘူး။

အဲဒါကြောင့် ဒီမိုကရေစီကို ချစ်မြတ်နိုးတဲ့လူတိုင်းအတွက် လွတ်လပ်ပြီး တရားမျှတတဲ့ရွေးကောက်ပွဲတစ်ခုကို ခြောက်လအတွင်း ဖြစ်မြောက်နိုင်အောင် လိုအပ်တဲ့အစီအစဉ်များကို ပြုလုပ်ပေးဖို့အတွက် ဗိုလ်ချုပ်နေဝင်းကို ကျွန်တော်ဖိတ် ကြားခဲ့ပါတယ်။ဗိုလ်ချုပ်နေဝင်းကလည်း ကျွန်တော့်ရဲ့ဖိတ်ကြားချက်ကို လက်ခံလိုက်တဲ့အတွက် ကျွန်တော်အထူးဝမ်း သာပါတယ်။ဒီမိုကရေစီ တည်တံ့ခိုင်မြဲရေးအတွက် လွတ်လပ်ပြီးတရားမျှတ တဲ့ရွေးကောက်ပွဲကြီးကို ၁၉၅၉ ခုဧပြီလမကုန်မီကျင်းပနိုင်အောင် ပြည်သူလူထုကြီးတစ်ရပ်လုံးက ကျွန်တော့်ကိုထောက်ခံအားပေးသလို ဗိုလ်ချုပ်နေဝင်းကိုလည်းထောက်ခံအားပေးသလို ဗိုလ်ချုပ်အားပေးကြဖို့ ကျွန်တော်မေတ္တာရပ်ခံပါတယ်။ယခုဆက်လက်၍ ဗိုလ်ချုပ်ကြီးနေဝင်း ထံသို့ဝန်ကြီးချုပ်ဦးနုရေးသားပေး ပို့ခဲ့သောစာကို ဖော်ပြပါမည်။

ပြည်ထောင်စု မြန်မာနိုင်ငံတော်ဝန်ကြီးချုပ်နေ့စွဲ ၁၉၅၈ ခုစက်တင်ဘာလ ၂၆ရက်စာရေးလိုက်ပါသည်။ဗိုလ်ချုပ်နေဝင်း -

( ၁ ) ဗိုလ်ချုပ်နေဝင်း ကိုယ်တိုင်ဝန်ကြီးချုပ်အဖြစ်ဖြင့် အစိုးရအဖွဲ့သစ် တစ်ဖွဲ့ ပြီးလျှင် ၁၉၅၉ ခုဧပြီမကုန်မီအတွင်း လွတ်လပ်၍

မြန်မာ စာအုပ်များ



တရားမျှတသော ရွေးကောက်ပွဲကြီးကျင်းပနိုင်အောင် လိုအပ်သည့် အစီအစဉ်များကို ဆောင်ရွက်ပေးရန်ဖ-ဆ-ပ-လ (သန့်ရှင်း) ဗဟိုကော်မတီက အထူးလိုလားလျက်ရှိပါသည်။

( ၂ ) ဤလိုလားချက်အတိုင်း ဗိုလ်ချုပ်နေဝင်းက ဝန်ကြီးချုပ်ရာထူးကို လက်ခံနိုင်မည်ဆိုပါက အောက်ပါအစီအစဉ်များကို စီစဉ်ပေးလိုပါသည်။

(က) ၁၉၅၈ ခုအောက်တိုဘာလ ၂၈ ရက်အင်္ဂါနေ့တွင် ပြည်သူ့လွှတ်တော်နှင့်လူမျိုးစုလွှတ်တော်တို့ကို ဆင့်ခေါ်ရန်နိုင်ငံတော် သမ္မတအားဖွဲ့စည်း အုပ်ချုပ်ပုံအခြေခံ ဥပဒေပုဒ်မ ၅၇ အရကျွန်တော် အကြံပေးမည်။

(ခ) ပြည်သူ့လွှတ်တော် စတင်ကျင်းပမည့်နေ့တွင် ကျွန်တော်သည် ဝန်ကြီးချုပ်ရာထူးက နှုတ်ထွက်မည်။

(ဂ) ဤသို့ နှုတ်ထွက်ပြီးသည့်နောက် ဗိုလ်ချုပ်နေဝင်းကို ဝန်ကြီးချုပ်အဖြစ် ပြည်သူ့လွှတ်တော်က ရွေးကောက်တင်မြှောက်ရန် ကျွန်တော် အဆိုတင်သွင်းမည်။

( ၃ ) ဗိုလ်ချုပ်နေဝင်း၏ အစိုးရအဖွဲ့တွင် ဖ-ဆ-ပ-လ (သန့်ရှင်း) အဖွဲ့ဝင်များကို ထည့်ပေးရန်မလိုပါ။

( ၄ ) ဗိုလ်ချုပ်နေဝင်း ဦးစီး၍ကျင်းပပေးရမည့်၊အထွေထွေ ရွေးကောက်ပွဲကြီးကို လွတ်လပ်၍တရားမျှတသောအထွေထွေရွေး ကောက်ပွဲကြီးဖြစ်လာစေရန်အတွက် အမှုထမ်း၊အရာထမ်းများအားလည်းကောင်း၊လက်နက်ကိုင်အဖွဲ့အစည်းများအားလည်း ကောင်း၊ မိမိတို့၏ တာဝန်ဝတ္တရားများကို ဆောင်ရွက်ခြင်းမှအပ နိုင်ငံရေး

မြန်မာ စာအုပ်များ



နယ်ပယ် အတွင်းသို့ ကျူးကျော်ဝင်ရောက်မှုများအလျင်း မရှိရလေအောင် အထူးထိန်းသိမ်းစောင့်ရှောက်ပေးစေလိုပါသည်။

( ၅ ) လက်နက်ကိုင်အဖွဲ့အစည်းများသည် များသောအားဖြင့် စည်းကမ်း သေဝပ်မှုရှိကြသော အဖွဲ့အစည်းများဖြစ်သည်ကို ကျွန်တော် ယုံကြည်ပါသည်။မကြာသေးမီက ခရီးထွက်စဉ်လက်နက် ကိုင်အဖွဲ့အစည်း အချို့၏ဖိနှိပ်ချုပ်ချယ်မှုများ ရက်စက်ကြမ်း ကြုတ်မှုများနှင့် သတ်ဖြတ်မှုများကိုနေရာတော်တော် များများတွင် ခံရသော ကာယကံရှင်များကိုယ်တိုင် ဒဏ်ရာများကိုပြ၍တစ် ဖုံ၊မျက်ရည်စက်လက်ဖြင့်တစ်မျိုး ဝမ်းနည်းကြေကွဲဖွယ် ရာတိုင် တန်းကြပါသည်။ ဤအဓမ္မမှုများကို ဗိုလ်ချုပ်နေဝင်း၏ အစိုးရ အဖွဲ့က အထူးဦးစားပေး၍နှိပ်ကွပ်ပေးစေလိုပါသည်။

( ၆ ) မုဒိမ်းမှု၊လုယက်မှု၊ဓါးပြမှု၊ပြန်ပေးမှု၊လူသတ်မှုများဖြစ်ကြသော ရာဇဝတ်မှုများကိုလည်း ဗိုလ်ချုပ်နေဝင်း၏အစိုးရအဖွဲ့က အထူး ဦးစားပေး၍ နှိပ်ကွပ်စေလိုပါသည်။

( ၇ ) ကမ္ဘာဦးသူ သားတို့ကနေလ နှစ်ပါးကိုမျှော်လင့်တောင့်တ ဘိသကဲ့သို့ပြည်ထောင်စုသူ၊ပြည်ထောင်စုသားအားလုံးတို့သည် ပြည်တွင်း ငြိမ်းချမ်းရေးအား အထူးမျှော်လင့်တောင့်တ လျက်ရှိ သည်ကို ဗိုလ်ချုပ်နေဝင်းကိုယ်တိုင် ကောင်းစွာသိရှိပြီးဖြစ် သဖြင့် ဤကိစ္စနှင့်ပတ်သတ်ပြီး ကျွန်တော်အကျယ်ချဲ့ပြောစရာ မလို ထို့ကြောင့် ဗိုလ်ချုပ်နေဝင်းခေါင်းဆောင်သောအစိုးရ လက်ထက် တွင်ဤငြိမ်းချမ်းရေးအောင်ပန်းကို ရာခိုင်နှုန်းအပြည့် ဆွတ်ခူးပေး ရန်ကျွန်တော်မေတ္တာရပ်ခံပါတယ်။

( ၈ ) နိုင်ငံခြားရေးတွင်လည်း ဗိုလ်ချုပ်နေဝင်းခေါင်းဆောင်သည့် အစိုးရလက်ထက်တွင် အစိုးရအဖွဲ့သည်တည့်မတ်စွာကြားနေဝါဒ ကိုဆက်လက်၍ ကျင့်သုံးနိုင်ရန် ကျွန်တော်အထူးတိုက် တွန်းလို သည်။

တန်ထာထုစာ၀၀

မြန်မာ စာအုပ်များ



ကိုယ်စိတ်နှစ်ဖြာ
ကျန်းမာချမ်းသာပါစေ။
ပုံ(ဦးနု) ဝန်ကြီးချုပ်။

ဝန်ကြီးချုပ်ဦးနု၏ ပေးစာကိုလက်ခံရရှိသောအခါ ဗိုလ်ချုပ်ကြီးနေဝင်းသည် ကြီးလေးသောတာဝန်ဝတ္တရားကိုဆောင်ရွက်ရန်အခက်အခဲရှိသော်လည်း ကြိုးစားမည်ဟုအောက်ပါအတိုင်း စာပြန်ခဲ့သည်။

ကာကွယ်ရေးဝန်ကြီးဌာန
ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)
နေ့စွဲ-၁၉၅၈ခု၊စက်တင်ဘာ(၂၆)ရက်။

လေးစားစွာ အစီရင်ခံအပ်ပါသည်။ ဝန်ကြီးချုပ်ခင်ဗျာ

( ၁ ) ကျွန်ုပ်သည် ဤမျှကြီးလေးသော တာဝန်ကြီးကိုထမ်းဆောင်ရန်များစွာ ဦးလေးပါသည် ခင်ဗျား။သို့သော် ဝန်ကြီးချုပ်စေတနာကိုလေးစား ပါသောကြောင့် ဝန်ကြီးချုပ်ကလိုအပ်၍ ဤတာဝန်ကို ထမ်းဆောင် မှသင့်တော်မည်ဆိုလျှင် ကျွန်တော်အစွမ်းကုန်ကြိုးစား၍ နိုင်ငံတော်ကို ထိန်းသိမ်းပါမည်။သို့သော် လုပ်ကိုင်ခဲ့ဖူးခြင်း။ လုပ်ကိုင်မည်ဟုလည်း မည်သည့် အခါကမှ မစဉ်းစားခဲ့ ဘူးပါသဖြင့် ကျွန်တော်သည် ရိုးသား ဖြူစင်စွာဖြင့် ဤ တာဝန်ကြီးကို ထမ်းဆောင်ရာတွင် ချို့ယွင်း ချက်များပါရှိလျှင် ခွင့်လွှတ်နိုင်ပါလိမ့်မည်ဟု ယူဆပါသည်။ခွင့်လွှတ်ပါရန်လည်းတောင်းပန်ပါသည်။

ကတိပြု

( ၂ ) ပြည်သူ့လွှတ်တော်က ကျွန်တော့်အားဝန်ကြီးချုပ်အဖြစ် ရွေးကောက်တင်မြှောက်ပါလျှင် (၁၉၅၉)ခုပြေလကုန်မှီ

လွတ်လပ်၍ တရားမျှတသော အထွေထွေရွေး ကောက်ပွဲကြီး ကို ကျင်းပနိုင်ရန်အတွက် လိုအပ်သော အစီအစဉ်များကို အစွမ်းကုန်ဆောင်ရွက်ပေးပါမည်။

## ထည့်သွင်းမည်မဟုတ်

( ၃ ) ကျွန်တော် အစိုးရအဖွဲ့သစ်ကို ဖွဲ့စည်းရလျှင်ငင်း အဖွဲ့အသစ် တွင်ပြည်နယ်များနှင့် ချင်းအထူးဝိသေသ တိုင်းတို့သင့်လျော်မည့် ကိုယ်စားလှယ်များမှတစ်ပါး ပြည်မတွင်ရှိသောနိုင်ငံရေးအဖွဲ့ အစည်းများထဲက မည်သည့်ကိုယ်စားလှယ်ကိုမျှ ထည့်သွင်း မည်မဟုတ်ကြောင်း ကတိပြုပါသည်။

## အထူးပလိုလားကြောင်း

( ၄ ) အမှုထမ်းအရာထမ်းများနှင့် လက်နက်ကိုင် အဖွဲ့အာ စည်းများ၏ နိုင်ငံရေးနယ်နိမိတ် အတွင်းသို့ ကျူးကျော် မှုများကို ကျွန်တော် ကိုယ်တိုင်လည်း အထူးမလိုလား ကြောင်းကို ဝန်ကြီးချုပ် ကိုယ်တိုင် သိပြီး ဖြစ်ပါသည်။ထို့ကြောင့် ဤကျူးကျော်မှုများ မဖြစ်ပွားရလေအောင် ကျွန်တော် အထူးထိန်းသိမ်းစောင့် ရှောက်ပါမည် ဟုကတိပြုပါသည်။

( ၅ ) လက်နက်ကိုင် အဖွဲ့အစည်းဝင်အချို့၏အဝမ္မမှုများကို ကျွန်တော် ကိုယ်တိုင်လည်းမကြာခဏ ကြားသိရ၍ များစွာ စိတ်မချမ်းမ သာဖြစ်ရပါသည်။ထို့ကြောင့် ဤအဓမ္မမှုများ ကို အထူးဦးစားပေး ၍ နှိပ်ကွပ်ပစ်ရန်ကျွန်တော် ကတိပြု ပါသည်။

( ၆ ) ရာဇဝတ်မှုများကိုလည်း တတ်နိုင်သလောက်ပပျောက်သွား အောင် အထူးဦးစားပေး၍ ဆောင်ရွက်ရန်ကျွန်တော် ကတိပြုပါ သည်။

မြန်မာ စာအုပ်များ



## ဦးလည်မသုံ့ယုံကြည်ပါ

( ၇ ) ပြည်ထောင်စုကြီး၏ တည်တံ့ခိုင်မြဲရေးတိုးတက် စည်ပင်သာယာဝပြောရေးတို့သည် ငြိမ်းချမ်းရေး အပေါ်တွင်များစွာ တည်ရှိနေ တတ်သည်ကို ကျွန်တော်သည်ဦးလည်မသုံ့ယုံ ကြည်သူတစ်ဦး ဖြစ်ပါသည်။ထို့ကြောင့်ပြည်တွင်း ငြိမ်းချမ်းရေး ရအောင် အစွမ်းကုန်ကြိုးစားအားထုတ်ပါမည်ဟု ကျွန်တော် ကတိပြုပါသည်။

( ၈ ) နိုင်ငံခြားရေးတွင် တည့်မတ်စွာကြားနေရေးဝါဒသည် ကျွန်တော် တို့ပြည်ထောင်စု မြန်မာနိုင်ငံတော်နှင့်တကွ ကမ္ဘာ့ငြိမ်းချမ်းရေးအတွက် အကျိုးအရှိဆုံးဝါဒဖြစ် သောကြောင့် ကျွန်တော်ခေါင်း ဆောင်မည့် အဖွဲ့သည် ဤတည့်မတ်စွာကြားနေဝါဒက မည်သည့် နည်းနှင့်မျှ စွန့်လွှတ်မည်မဟုတ်ကြောင်း ဂတိပြုပါ သည်။

*(ပုံ)ဗိုလ်ချုပ်နေဝင်း*

ထို့အပြင် ဗိုလ်ချုပ်နေဝင်း၏ ၁၉၅၉ ခုနှစ်ဖေဖေါ်ဝါရီလ ၁၆ ရက်နေ့တွင်ကျင်းပသော ပြည်သူ့လွှတ်တော်အစည်းအဝေး တွင် ဗိုလ်ချုပ်ကြီး နေဝင်းပြောဆိုခဲ့သော မိန့်ခွန်းများမှ ကောက်နုတ်ချက်အချို့ကို ဖေါ်ပြလို ပါသည်။

"ကျွန်တော်နှင့် တကွတပ်မတော်ဟာ ကျွန်တော်တို့ မူအရလုပ် နေရပါတယ်။ကျွန်တော်တို့ မူတွေကဘာလဲဆိုရင် အခြေခံအုပ်ချုပ် ပုံဥပဒေကို လေးစားမည်အခြေခံဥပဒေကို ရှိသေမည်။အခြေခံ ဥပဒေ ကို တည်တံ့ခိုင် မြဲအောင် ကိုင်ထားပါမည်။

*ပါလီမန်ဒီမိုကရေစီကို ကျွန်တော်တို့ထောက်ခံပါသည်။

မြန်မာ စာအုပ်များ



"ပါလီမန် ဒီမိုကရေစီကို တည်တံ့အောင်လုပ်ပါမည်။"

အရှေ့ရဲ့နောက်လိုက်လဲမလုပ်ဘူး အနောက်ရဲ့နောက်လိုက်လဲ မလုပ်ဘူး။ဗမာလူမျိုးတစ်မျိုးလုံးကောင်းစားမည့်အလုပ်ကို လုပ်လိုလျှင် တစ်မျိုးလုံးကောင်းစားအောင်လုပ်ပါမည်။တစ်မျိုးလုံးမကောင်းစားဘူး။ အများကောင်းစားမည် ဆိုပါကအများကောင်း စားအောင်မှုနှင့် လုပ်နေပါ သည် ဟုရှင်းပြခဲ့သည်။သို့သော် ဖက်ဒရယ်မှုကို အကြောင်းခံပြီး အာဏာ သိမ်းခဲ့သည်။ အခြေခံဥပဒေ ကြီးတစ်ခုလုံးကို ပြင်ပါက လုံလောက်ပါသည်။

အာဏာပြန်အပ်ခြင်း မပြုတော့ဘဲဆိုရှယ်လစ်စနစ် ကိုဇွတ်အတင်း ထူထောင်ခြင်းကြောင့် နိုင်ငံတော်သည်စီးပွားရေး ကျဆင်းသောဒဏ်ကို ခံစားပြီးနောက်ဆုံးတွင်ကမ္ဘာ့ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံအဖြစ် (၁၉၈၇) ခုနှစ်ဒီဇင်ဘာတွင် နိမ့်ကျခဲ့သည်။ထို့ကြောင့် ငွေစက္ကူများတရားမဝင် ကြေညာခြင်းဖြင့်ငွေကြေးဖောင်းပွမှုမှ သက်သာစေရန်ကြိုးစားရာတွင် တက္ကသိုလ်ကျောင်းသားများ၏ ဆူပူအုံကြွမှုနှင့် ရင်ဆိုင်ခဲ့သည်။ထိုအခါ ပညာရေးဝန်ကြီးဦးမောင်ဒိက စက်တင်ဘာတွင်သိတင်းကျွတ်ကျောင်းပိတ် ရက်ကြေညာပြီး ကျောင်းများပိတ်ချလိုက်သည်။

ဒီဇင်ဘာလကုန်မှ သိတင်းကျွတ်ကျောင်းပိတ်ရက်ပြီး ဆုံးသော ကြောင့် တက္ကသိုလ်ကျောင်းများပြန်ဖွင့် လေတော့သည်။၁၉၈၈ ခုနှစ်မတ်လ ၁၂ ရက်နေ့တွင်ရန်ကုန်စက်မှုတက္ကသိုလ် ကျောင်းသားများသည် အင်းစိန်ရှိ စန္ဒာဝင်းလက်ဖက်ရည်ဆိုင်တွင် လက်ဖက်ရည်သောက်နေစဉ်ဆိုင်မှ ဖွင့်သောသီချင်း ခွေအစားသူတို့ယူလာသော သီချင်းခွေကိုဖွင့်ပေးဖို့ပြောရာ အင်စိန်ကြို့ကုန်းရှိ ပြည်သူ့ ကောင်စီဥက္ကဋ္ဌသားသည်မ-ဆ-လခေတ်တွင် ရေပေါ်စီလူတန်းစား သားသမီးပီပီလူပါးဝရာမှ ရန်ဖြစ်ကြသည်။ထိုအခါ ရိုက်ပွဲကြီး မားသော ကြောင့်ရဲကဖမ်းချုပ်သည်။သို့သော် ဥက္ကဋ္ဌသားကို ပြန်လွှတ်ပေးရာမှ ပြဿနာကြီးထွားလာသည်။ ကျောင်းသားများသည် အချုပ်ခန်းမှလွတ်လာသည်နှင့် စက်မှုတက္ကသိုလ်(RIT)သို့သွားပြီး ရဲစခန်းကမတရားလုပ်ပုံကို ရှင်းပြ သောအခါ ကျောင်းသားများသွေး ဆူလာပြီး ကြို့ကုန်းကောင်စီကိုခေါ်ချရာ ထွက်မလာဘဲပုန်းနေသောကြောင့်

ခဲဖြင့်ဝိုင်းပေါက်ကြသည်။ထိုအခါ ကြိုးကုန်းကောင်စီ ဥက္ကဋ္ဌ၏သားငမွှေးသည် ကြိုးကုန်းကလေကချေ လူမိုက်ဓါး သမားများ ခေါ်လာပြီးကျောင်းသားများကို ဓါးဖြင့်ခုတ်ကြသည်။ ကျောင်းသား ဝင်းမြင့်၏ ဓါးဒဏ်ရာမှာအတော်ပြင်းထန်သည်။ကျောင်းသားအချို့က အကူအညီတောင်းသောအခါ(RIT) ကျောင်းသားနှစ်ရာကျော် သုံးရာခန့်ရောက်လာပြီး ကောင်စီရုံးကို တိုက်ခိုက်စဉ် လုံထိန်းငါးရာခန့်ရောက်လာပြီး မီးသတ်ပိုက်ဖြင့်ထိုး ပြီးလူစုခွဲသည်။ ပြီးနောက် ဒိုင်းများဖြင့် လာပြီးနံပါတ်ဒုတ် ကြိမ်းများဖြင့် ဝင်၍ရက်ရက်စက်စက်ရိုက်ကြလေသည်။

ထို့နောက် သေနတ်ဖြင့်ထပ်ပြီးပစ်ခတ်ရာ စက်မှုတက္ကသိုလ်ကျောင်းသား အတော်များများဒဏ်ရာရခဲ့သည်။ အသက် ၂၃ နှစ်အရွယ်ရှိ လမ်းစဉ်လူငယ်ခေါင်းဆောင် မောင်ဖုန်းမော်ကျဆုံးခဲ့လေသည်။ဒဏ်ရာရပြီး ထွက်မပြေးနိုင်သူများကို လက်ထိပ် ခတ်ပြီး ရန်ကုန်ဆေးရုံကြီးသို့ခေါ်သွားသည်။ထိုအထဲမှ နောက်ထပ်သေဆုံးသူရှိသည်ဟု ကျောင်းသားအချို့ကပြောဆိုကြသည်။အစိုးရသတင်းစာမှာဖေါ်ပြရာတွင် အဖြစ်မှန်ကိုဖေါ်ပြခြင်း မပြုသောကြောင့် အမျက်ဒေါသထွက်ပြီးရန်ကုန်တက္ကသိုလ်တွင်စတင် ဆူပူမှုဖြစ်လာသည်။ဗုဒ္ဓဟူးနေ့မတ်လ(၁၆)ရက်နေ့တွင် အင်းယားကန်စောင်း၌ ကျောင်းသားများစုရုံးပြီး ဦးနေဝင်းဆင်းပေးရန် ဒီမိုကရေစီပေးရန်တောင်းဆိုကြသည်။

"Down with Newin "

"We want democracy"ဟုအော်ဟစ်နေကြသည်။ မတ်လ ၁၆ ရက်နေ့ ညနေစောင်းတွင်(RIT)အထိချီတက် ဆန္ဒပြပြီးအာ(ရ်)အိုင် တီကျောင်းသားများဖက်မှ ထောက်ခံကြောင်းဖေါ်ထုတ်ရန် ချီတက်လာခဲ့ကြသည်။ ကျောင်းသားခေါင်းဆောင် ပေါ်ဦးထွန်းခေါ် မင်းကိုနိုင်(Conqueror of Kings) ကဦးဆောင်သည်။သို့သော် ဝေးဝေးချီတက်ခွင့်မရပါ။ (၁၉၆၂)ခုနှစ်ဇူလိုင်လ (၇)ရက်တွင်ရန်ကုန် တက္ကသိုလ် ကျောင်းသားသမဂ္ဂကို ရက်စက်စွာ နှိမ်နင်းမှုဖြင့် ထင်ရှားခဲ့သောနိုင်ငံတော်ကောင်စီဥက္ကဋ္ဌ ဦးစိန်လွင်၏

မြန်မာ စာအုပ်များ



လုံထိန်းအဖွဲ့က လမ်းမှဆီးကြိုရိုက်နှက်ပစ်ခတ် ရာမှ တံတားဖြူ(White Bridge)သည် ကျောင်းသားများ၏တံတားနီ(Red Bidge) ဖြစ်ခဲ့သည်။

မတ်လ၁၆ ရက်တံတားဖြူလူသတ်မှု(With Bridge massacure)ကို မတ်လ ၁၇ ရက်နေ့ထုတ်သတင်းစာ၌ဆင်ဆာခွင့်ပြုချက် အတိုင်းအတာရှိသမျှ ဖော်ပြသောကြောင့် ရန်ကုန်တက္ကသိုလ်ကျောင်းသားများက ကျောင်းဝင်း အတွင်းမှ ဆန္ဒပြကြသည်။ထို့နောက် ကျောင်းသားသမဂ္ဂ ကိုပြန်လည် ဖွဲ့စည်းပြီး မင်းကိုနိုင်အားကျောင်းသားသမဂ္ဂဥက္ကဋ္ဌ အဖြစ်ခန့်လေ သည်။ ထိုအချိန်တွင် လုံထိန်းများရောက်လာပြီး မျက်ရည်ယိုဗုံးများ ဖြင့်ပစ်ခတ်ပြီး လူစုခွဲသည်။ ဂိတ်ဝမှ ထွက်လာသူများကိုစစ်ကားကြီးများ ပေါ်ဖမ်းခေါ် သွားသည်။ အတော်များများ ဒဏ်ရာရသည်။အသက်ဆုံးရှုံးမှုရှိသည်။

လုံထိန်းများ၏ ရက်စက်မှုများကို မကျေနပ်သောကြောင့် မတ်လ (၁၈)ရက်နေ့တွင် အစိုးရပိုင်မော်တော်ကားများကို ဖျက်ဆီးကြသည်။ ဓါတ်တိုင်များ အချက်ပြမီးပွိုင့်များကို ဖျက်ဆီးကြသည်။ဆူးလေအထိ ရောက်သောအခါ အရပ်သားများစွာထွက် လာပြီးကျောင်းသားများနှင့် ပူးပေါင်းကြသည်။ အရပ်သားအချို့သည် ဘဝဒုက္ခအခက်အခဲကြောင့် မကျေနပ်သူများဖြစ်ပြီးအချို့က အရပ်သားများသည် ထောက်လှမ်းရေး မှလွှတ်ထားသူများ ငွေပေးနိုင်းထားသော လုပ်အားပေးများဖြစ်သည်။ သူတို့သည် သေနတ်ဖြင့်ပစ်ခတ်ရန်အတွက် လုံလောက်သောအနေ အထားကို ဖန်တီးပေးကြသည်။ပစ်ခတ်မှုကြောင့် အတော်များများ သေဆုံးကြသည်။အများအပြား အဖမ်းခံရသည်။တက္ကသိုလ်ကျောင်းများကို ပြန်ပိတ်လိုက်ရသည်။

ဇွန်လတွင် ကျောင်းများပြန်ဖွင့်သည်။ထိုအခါ ကွဲနေသူများပြန်တွေ့ ကြသည်။ နောက်ဆုံး နေ့တွေကရက်ရက်စက်စက် ခံစားရခဲ့ရတာတွေ ပြန်ပြောကြသည်။နာကျည်းစိတ်ကြွတက်လာသည်။နားကျည်းစိတ်တွေ ကြွတက်လာသည်။ပျောက်ဆုံးသွား သော သူငယ်ချင်းတွေ အကြောင်း မေးကြသည်။သေကုန်ပြီးလား၊ အင်းစိန်ထောင်မှာလား၊ စခန်းမှာလား၊ စိတ်ပူကြ ဒေါသဖြစ်ကြနှင့် လမ်းပေါ်ရောက်လာတော့ သည်။မည်သည့်

မြန်မာ စာအုပ်များ



(ဗ-က-ပ)၏ဩဇာခံမျှမဟုတ်။ကိုယ်တွေ့မျက်မြင် မတရားခံစားရသောကြောင့် နာကျည်းစိတ်ဖြင့် ပွင့်အံထွက်လာခြင်းမျှသာဖြစ်သည်။ ၁၉၈၈ ခုနှစ်ငွန်(၁၄)ရက်နေ့တွင် ရန်ကုန်တက္ကသိုလ်ကျောင်းသားသပိတ်အဖွဲ့ကို အထည်စက်ရုံအလုပ်သမားများနှင့် ဘုန်းတော်ကြီးများလာရောက် ပူးပေါင်းကြသည်။ ငွန်လ(၂၁)ရက်တွင် ဆေးတက္ကသိုလ်၁၌ ပစ်ခတ်ရာ ဆေးကျောင်း သားအတော်များများ သေဆုံးကြလေသည်။ ငွန်လ ၂၁ ရက်နေ့တွင်အသေ အပျောက်များခဲ့သောကြောင့် စစ်ဥပဒေ(Strict Curfew)ထုတ်ပြန်ခဲ့ရသည်။ရန်ကုန်ကို တင်းကျပ်စွာဖိနှိပ်ထားချိန်တွင် မော်လမြိုင်မန္တလေးပြည် နှင့် ဦးနေဝင်း၏ ဇာတိပေါင်းတည်မြို့များအထိ အဓိကရုဏ်းများ ပြန့်နှံ့သွား သည်။ထိုအခါ ထောက်လှမ်းရေးမှတန်ပြန်ချေဖျက်မှုပြုလုပ်ခဲ့သည်။ဘာသာရေး အဓိကရုဏ်းများလည်း ဖန်တီးခဲ့ရာ တောင်ကြီးတွင် ဗမာ-မွတ်ဆလင်အဓိကရုဏ်းပေါ်ပေါက်လာခဲ့ သည်။ နိုင်ငံရေးကို ဘာသာရေးပုံစံ - ပြောင်းဖို့ ထောက်လှမ်းရေးမှ ကြိုးစားသော်လည်း၊ အောင်မြင်မှုမရခဲ့ပေ။

အကျိုးဆက်မှာ ဇူလိုင်တွင်စီးပွားပျက်နေပြီဖြစ်သည်။၁၉၆၄ နိုင်ငံပိုင်သိမ်းစဉ်ကယိမ်းယိုင်ခဲ့သော စီးပွားရေးသည်။ယခုအချိန်တွင် လုံးဝပြိုလဲတော့မည် ဖြစ်သည်။ငွေကြေးဖေါင်းပွခြင်း၊အစားအစာ ရှားပါးခြင်း၊ ကုန်ဈေးနှုန်းမြင့်မားခြင်းတို့ကြောင့် ဆိုရှယ်လစ် စနစ်သည် လုံးဝပြိုလဲတော့မည် အနေအထားရှိလာသည်။၁၉၈၈ ခုနှစ်ဇူလိုင်လ(၂၃)ရက်နေ့တွင် ရန်ကုန်မြို့ ကျိုက္ကဆံကွင်းခန်းမတွင် (မ-ဆ-လ)အရေးပေါ်အစည်းအဝေးပြုလုပ်ပြီး ဦးနေဝင်းသည်ရာထူးမှအငြိမ်းစားယူခဲ့ လေတော့သည်။

ထိုအခါ ပြည်သူ့ကောင်စီဥက္ကဋ္ဌဦးစိန်လွင်အား မ-ဆ-လပါတီဥက္ကဋ္ဌရာထူး နှင့်နိုင်ငံတော်သမ္မတရာထူးများကို ပူးတွဲပြီးပေးလိုက်ရလေသည်။ ၁၉၈၈ ခုနှစ်ဇူလိုင်လ(၂၅)ရက်နေ့တွင် သမ္မတရာထူးကို လက်ခံဆောင်ရွက်ရလေသည်။ဦးစိန်လွင်ကို (၁၉၂၄)ခုနှစ်၊ဇန်နဝါရီလ(၂၇)ရက် နေ့တနင်္ဂနွေတွင် မွန်ပြည်နယ်၊ပေါင်မြို့၌ မွေးဖွားခဲ့လေသည်။မိဘများမှာဦးရွှေ ရင်နှင့် ဒေါ်မမကြီးတို့ဖြစ်ကြသည်။၁၉၄၂ ခုနှစ်အသက်(၁၈)နှစ်တွင်(BIA)

မြန်မာ စာအုပ်များ



တပ်ကြီးဝင်လာသောအခါ(BIA)ထဲသို့ ဝင်ခဲ့သည်။၁၉၄၃ ခုနှစ်တွင် ဗမာ့ကာကွယ်ရေးတပ်မတော် တပ်ရင်း(၁)တွင် အရာရှိအဖြစ်တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၄၈ ခုနှစ်တွင်ပြန် တမ်းဝင်အရာရှိဖြစ်လေသည်။ စစ်မှုထမ်းကာလအတွင်း ကရင်သူပုန်ခေါင်းဆောင်စောဘဦးကို အသေဖမ်းနိုင်သောကြောင့် ရာထူးတိုးခဲ့သည်။၁၉၆၂ ဇူလိုင်(၇)အရေးအခင်းဖြိုခွင်းရာတွင် ပါဝင်ခြင်းနှင့်၁၉၈၈မတ်လ (၁၆)ရက်တံတားဖြူသတ်ဖြတ်မှုကို ဦးဆောင်ခဲ့သောကြောင့် ကျောင်းသားအားလုံးနှင့် ပြည်သူလူထု၏ မုန်းတီးမှုခံရသောကြောင့် သမ္မတဖြစ်ပြီး(၁၄)ရက်အကြာတွင် ကမ္ဘာကျော်ရှစ်လေးလုံးအရေးအခင်းကြီးပေါ်ပေါက်လာခဲ့ရာ ဒေါသကြီးသူဗိုဗို အကြမ်းဖက်ဖြိုခွင်းရာ ထိန်းနိုင်သိမ်းမရဖြစ်ပြီးဩဂုတ်လ(၁၂)ရက်နေ့တွင် ရာထူးမှဆင်းပြီး ဒေါက်တာမောင်မောင်တက်လာသည်။ထိုအချိန်တွင် ထိန်းမို့ခက်ခဲသောကြောင့် ၁၇-၉-၈၈ တွင် ဗိုလ်ချုပ်စောမောင်ဦးစီးသော (န-ဝ-တ)အဖွဲ့ မှအာဏာကို လွှဲပြောင်းယူလိုက်သည်။ (မ-ဆ-လ) စနစ်နိဂုံးချုပ် လေသည်။

☆ ☆ ☆

အနှစ်ချုပ်ဆိုရသော် လွတ်လပ်ရေးရကာနီး အာဇာနည်ခေါင်းဆောင်ကြီးများကျဆုံးခဲ့သည်။ ဦးနုသည် ဗိုလ်ချုပ်ခေါင်ဆောင်ဆန်းပြီးလျှင် ဒုတိယ၊ အတော်ဆုံးခေါင်းဆောင်ဖြစ်သည်။ သို့သော် ဗမာလူမျိုးကြီးဝါဒလက်ကိုင်ထားသူဖြစ်သည်။ မိမိကိုယ်ကို အထင်ကြီးလွန်းသည်။ အဓိကအမှားအယွင်းနှစ်ခုပြုလုပ်ခဲ့သည်။ ပထမအမှားအယွင်းသည်၊ ပြည်တွင်းစစ်ကာလအတွင်း ရှိသင့်သောအတိုင်းအတာထက် အင်အားကြီး လာသောတပ်မတော်သည် ပါလီမန်ဒီမိုကရေစီစနစ်အတွက် အန္တရာယ် ဖြစ်လာသောကြောင့် သတိမမူခဲ့ပေ။ နိုင်ငံရေးမှာ အကွဲအပြဲများဖြင့် အင်အားနည်းခြင်းသည်၊ ပါလီမန်ဒီမိုကရေစီစနစ်စတင်ချိန်ကတည်းကဖြစ် သည်။ (၁၉၅၈)တွင် အဆိုးဝါးဆုံးဖြစ်ခဲ့သည်။ ထို့ကြောင့် တပ်မတော်၏ အာဏာသိမ်းမှုကိုဟန့်တားရန်အတွက် တပ်မတော်ဦးစီးချုပ်ကို၊ နိုင်ငံရေးထဲ ထည့်ထားပြီး တပ်မတော် ဦးစီးချုပ်ရာထူးနေရာကို၊ မကြာခဏလူလဲပေးသင့်သည်။ ခေါင်းဆောင်အဖွဲ့ကိုစုစည်းထားပြီး အလှည့်ကျတာဝန်ပေးထားပါက တပ်မတော်သည်၊ မကြာခဏခေါင်းဆောင်ပြောင်းနေသောကြောင့်၊ သဘောထားအမြင်ကျယ်လာမည်ဖြစ်သည်။ တစ်ဦးတည်း၏ လက်အောက်တွင်ပုံသေထားသောကြောင့်၊ စုစည်းကျစ်လစ်စွာဖြင့်၊ အာဏာသိမ်းနိုင်ခဲ့ခြင်း ဖြစ်သည်။ ဦးနေဝင်းသည် အာဏာသိမ်းပြီးနောက် (၁၉၄၇)အခြေခံဥပဒေမှ ပြင်ဆင်သင့်သော အချက်များသာ၊ ပြင်ဆင်ပြီး၊ စစ်မှန်သောရွေးကောက်ပွဲဖြင့် ပြည်သူလူထုထံ၊ ဒီမိုကရေစီနည်းဖြင့် အာဏာပြန်လွှဲပေးပါက အာဏာသိမ်းခြင်းကြောင့်၊ နိုင်ငံတော် ဆင်းရဲချို့တဲ့ခြင်း၊ ပညာရေးအဆင့်အတန်းနိမ့်ကျခြင်းများကို ကာကွယ်နိုင်မည်ဖြစ်သည်။ ထိုင်းနိုင်ငံတွင် ယနေ့ထိစစ်တပ်အာဏာသိမ်းခြင်းကို အကြိမ်ပေါင်း (၂၁)ကြိမ်တိတိပြုလုပ်ခဲ့သော်လည်း၊ စီးပွားရေး၊ ပညာရေး၊ နယ်ပယ်ကိုဝင်ရောက်စွက်ဖက်မှု မလုပ်ခဲ့သောကြောင့် တိုင်းပြည်၏ဖွံ့ ဖြိုးတိုးတက်မှုအခြေမပျက်ခဲ့ပေ။

☆ ☆ ☆